
www.burmeseclassic.com

တက္ကသိုလ်
# တင်မြိုင့်



# ဒုစရိုက်မှတ်တမ်းကြီး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ဒုစရိုက်မှတ်တမ်းကြီး


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၂၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၄၀၀၆၀၇

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှဲ့စာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)


# တက္ကသိုလ်တင်မြင့်

## ဒုစရိုက်မှတ်တမ်းကြီး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




ဤဒုစရိုက်မှတ်တမ်းကြီး ဝတ္ထုသည်
အတိတ်ကာလ နှောင်းတစ်ခေတ်
နိုင်ငံရေးခေတ်က ဇာတ်လမ်း
တစ်ပုဒ်သာလျှင် ဖြစ်ပါကြောင်း...

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com







## ( ၁ )

၁၉၅၈ ခုနှစ်။

စက်တင်ဘာလ၏ ညတစ်ည။

ယခုအတောအတွင်း 'မြိုင်မြို့သစ်'တွင် လူတေလေ ကြောင်တေလေ၊ ခွေးတေလေတွေ အလွန်များပြားလာသည်။

နေမင်းထွန်းသည် သူ၏ရုံးခန်းတံခါးကို ဖွင့်လိုက်သည်နှင့် လှစ်ခနဲ ထွက်ပြေးသွားသော သက်ရှိတစ်ယောက်၏ လှုပ်ရှားမှုအသံတစ်ခုကို ကြားလိုက်ရပါ၏။

ရုံးခန်းမီး မဖွင့်ရသေးသောကြောင့် လှစ်ခနဲ အသံကိုသာ ကြားရပြီး ထွက်ပြေးသွားသော သတ္တဝါကိုတော့ မမြင်လိုက်မိပေ။

ကြောင်တေလေတစ်ကောင် မိမိရုံးခန်းထဲ ဝင်ရောက်ပြီး မိမိတံခါးဖွင့်သံ ကြားသည်နှင့် လှစ်ခနဲထွက်ပြေးခြင်းဖြစ်သည်။

နေမင်းထွန်း၏ လက်ထောက်ခန့်ထားသော ပီအေ

www.burmeseclassic.com

www.burmeseclassic.com



မလေး ကေသီစိုးသည် နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ပုံမှန်ရုံးထိုင်ပေသည်။

အကယ်၍ နေမင်းထွန်းကိုယ်တိုင် ညနေ (၅)နာရီတွင် အလုပ်မသိမ်းဘဲ ဆက်လုပ်နေလျှင်တော့ ကေသီစိုးလည်း ရုံးမဆင်းဘဲ နေမင်းထွန်းအား ထိုင်စောင့်နေပေးတတ်သည်။

'နေမင်းထွန်း'

'ဆောက်လုပ်ရေးကန်ထရိုက်တာ'

ဟု ရုံးမျက်နှာစာတွင် ဆိုင်းဘုတ်ရေးဆွဲထားပါ၏။

ယခုမူ ညပိုင်း မိုးချုပ်ချိန်မို့ ကေသီစိုးလည်း ရုံးခန်းတွင် ရှိမနေဘဲ ရုံးဆင်းသွားပေပြီ။ မိမိက အပြင်သွားနေပြီး မိုးချုပ်မှ ရုံးခန်းသို့ ပြန်လာသည်ဖြစ်သောကြောင့် ညနေ(၅)နာရီကပင် ကေသီစိုး ရုံးဆင်းသွားခြင်း ဖြစ်မည်။

နေမင်းထွန်းသည် တံခါးသော့ဖွင့် အထဲဝင်ရောက်ပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။

မီးလင်းသွားသည်နှင့် မိမိ ရုံးခန်းထဲရှိ ပြတင်းပေါက်တစ်ပေါက် ပွင့်နေသည်ကို နေမင်းထွန်း မြင်လိုက်ရသည်။

မိမိ အပြင်ထွက်စဉ်က ဤပြတင်းပေါက်ကို ပိတ်ခဲ့မိလေသလား၊ မပိတ်ခဲ့မိလေသလား မသေချာ။

မည်သို့ဆိုစေ မိမိ မပိတ်ခဲ့မိလျှင် ကေသီစိုးက ညနေ ရုံးမဆင်းမီ ဝင်ပိတ်သွားမည်ဟု ယုံကြည်သည်။

ပွင့်နေသော ပြတင်းပေါက်ကို သွားမကြည့်သေးဘဲ မိမိရုံးခန်းထဲမှ မည်သည့်ပစ္စည်းတွေ ပျောက်ဆုံးသလဲဟု စစ်ဆေး



ကြည့်သည်။

အနေအထားတော့ ဘာမှုမပျက်။

သံမဏိဗီရိုနှင့်လည်း သော့ပိတ်လျက်ပင်။

အလုပ်စားပွဲပေါ်ရှိ စာဝင်စာထွက်ခြင်း နှစ်ခြင်းမှာလည်း မူလကပတိအတိုင်း လက်ရာမပျက် ရှိမြဲရှိနေသည်။

မိမိအလုပ်စားပွဲတွင် ထိုင်သော သားရေဖုံး ဆုံလည်ကုလားထိုင်သည်ပင် မိမိလှည့်ထွက်သွားစဉ်က ပုံစံအတိုင်း ရှိနေပေသည်။

နေမင်းထွန်းသည် ပွင့်နေသော ပြတင်းပေါက်ဆီသွားပြီး သေချာစစ်ဆေးကြည့်သည်။

အင်း ... ကြောင်တစ်ကောင်မဟုတ်မှန်း သေချာသည်။ ပြတင်းတံခါးသည် နံရံကပ်သည်အထိ ပွင့်နေသည်။

ဒါဆို လူတောလေလား။

လူတောလေ ရုံးခန်းထဲဝင်ပြီး ခိုးဝှက်မည်ပြုစဉ် မိမိတံခါးဖွင့်သံကြားသဖြင့် သူတစ်ကိုယ်လုံး ပြတင်းပေါက်မှ ထွက်သွားခြင်းပေလား။

ပို၍ သေချာသည်က မှန်ပြတင်းပေါက်၏ ကလန့်ထိုးနေရာ အပေါ်ကလန့် အောက်ကလန့်နေရာတို့တွင် လက်ဝင်သာအောင် စိန်နှင့်ဖြတ် စက္ကူကော်ကပ်ပြီး ဖောက်သွားသည့် အပိုင်းနှစ်ပိုင်း တွေ့ရသည်။

ဤမျှ စနစ်တကျ မှန်တံခါးပေါက်ကို ဖောက်ပြီး ကလန့်ဖြုတ် ပြတင်းပေါက်မှ ဝင်သည်ကို ကြည့်မြင်ပြီး ဤသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



မည်သူ့လက်ချက်ဖြစ်ကြောင်း နေမင်းထွန်း ဒက်ခနဲ သိလိုက်ပါ၏

ဦးလှိုင်မင်းနှင့် ကိုဝေလွင်၏ လက်ချက်မှလွဲ၍ တခြား မည်သူ့လက်ချက်မှ မဖြစ်နိုင်။

ချက်ချင်းပင် ... နေမင်းထွန်းသည် ရုံးခန်းထဲ မီး သေတ္တာကို ကြည့်လိုက်သည်။

မီးခံသေတ္တာသည် လုံးဝပွင့်ခြင်းမရှိ ... နဂိုပကတ အတိုင်း ပိတ်လျက်သား ရှိနေသည်ကို တွေ့လေမှ စိတ်အေးသွား သည်။

သို့တိုင်အောင် မီးခံသေတ္တာဘေးတွင် ငါးမူးလုံးခ ရှိပြီး ခြောက်လက်မခန့်ရှည်သော ဒိုင်းနမိုက်အသေးစားနှစ်ခု တွေ့ ရသည်။

ဤမီးခံသေတ္တာမျိုးသည် သော့တူနှင့်ဖွင့်၍မရ၊ မီး သေတ္တာတံခါးတွင် တပ်ဆင်ထားသော ခလုတ်ပိုင်းတွင် အောဘီ စသည့် အက္ခရာများ၊ ဝမ်းတူးသင်္ကေတ စသည့်ဂဏန်းများ ပါရှိသည်

ပိုင်ရှင်က ... သူ့သင်္ကေတနှင့်သူ ဂဏန်းကွက်နှ အက္ခရာကွက်ကို လိုသလိုထားပြီး ပိတ်ထားလိုက်လျှင် ထိုဂဏ အတိုင်း ထိုအက္ခရာအတိုင်း ပြန်လှည့်မှ မီးခံသေတ္တာကို ဖွင့်၍ မည်။ နေ့စဉ် ကိုယ်ပိုင်သင်္ကေတဖြင့် ပိုင်ရှင်က ထားနိုင်သည်။

ဒါဆိုလျှင် ပိုင်ရှင် နေမင်းထွန်းမှလွဲပြီး အခြားမည်သ က မီးခံသေတ္တာကို ဖွင့်၍ရနိုင်ပါအံ့နည်း။

ထို့ကြောင့်လည်း မီးခံသေတ္တာကို ဒိုင်းနမိုက်ဖြင့် ဖောက်ရန် ကြံစည်ခြင်းဖြစ်ပါလေ၏။ နေမင်းထွန်း တစ်ပတ်ကျေ



ရုံးခန်းသို့ ပြန်လာသောကြောင့် လူလွတ် ပြတင်းပေါက်မှ ခုန်ချ ထွက်ပြေးခြင်း ဖြစ်တော့သည်။

နေမင်းထွန်းရင်တွင် ခံပြင်းလှန်းရပါ၏။

ဦးလှိုင်မင်းနှင့် ကိုဝေလွင်တို့သည် မိမိအပေါ် လုပ် ဆောင်ချက် ပြင်းထန်လာသည်ထက် ပိုမိုပြင်းထန်လာလေပြီ။

ပထမပိုင်းတွင် မိမိကို ခြိမ်းခြောက်သည့်အနေဖြင့် မိမိ၏ ဘိလပ်မြေကား၊ အုတ်ကား၊ သဲကား၊ ကျောက်စရစ်ကားများ ကို အနှောင့်အယှက်ပေးသည်။ မိမိပိုင် ဘူး(လ်)ဒိုဇာကားကြီးကို ဖျက်ဆီးရန် အားထုတ်ကြသည်။

မိမိ၏လုပ်ငန်းတွင် အထစ်အငေါ့ဖြစ်အောင် အဆုံး အရှုံးဖြစ်အောင် အဖျက်လုပ်ငန်းကို တိတ်တခိုး လုပ်ကြသည်။

သို့တစေ ဘယ်တော့မှ လက်သည်မပေါ်ပေ။

မြို့မြို့သစ် တစ်ခုလုံးကို ဦးလှိုင်မင်းနှင့် ကိုဝေလွင် က ခါးစောင်းတင်ထားနိုင်သူနှစ်ဦး ဖြစ်ကြပါ၏။

နေမင်းထွန်း စိတ်ဓာတ်ကျ စိတ်ပျက်ပြီး သူတို့နှင့် အပေးအယူတစ်ခု လုပ်စေချင်သည်ကို နေမင်းထွန်းက ငြင်းဆန် သောကြောင့် ... ဤပုံစံဖြင့် သူတို့က နေမင်းထွန်းအား အနှောင့် အယှက်ပေးခြင်း ဖြစ်ပေသည်။

ခက်သည်က ...

နေမင်းထွန်း၏ မွေးဇီဇကိုက ခြောက်မကြောက် မြှောက်မထိ အလွန်ခေါင်းမာပြီး အလွန်သတ္တိကောင်းသူ ဖြစ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထွန်းသည် မည်သူ့ကိုမျှ မတရားမလုပ်၊ ကိုယ့် အား မတရားလုပ်လာလျှင်လည်း ခေါင်းငုံ့မခံ။

သို့သော် ...

မြိုင်မြို့သစ်တွင် ဦးလှိုင်မင်းနှင့် ကိုဝေလွင်ကို မည်သူတစ်ဦးတစ်ယောက်က ဘက်ပြိုင်အံတုရဲပေသနည်း။

သူတို့နှစ်ဦးသည် နေမင်းထွန်းအား အခြောက်အလှန့်ဖြင့် စေ့စပ်သိမ်းသွင်း၍ မရသောအခါ နေမင်းထွန်း၏ ရုံးခန်းထဲသို့ မီးခံသေတ္တာကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲမျက်ဆီးရန် ကြိုးစားလာသည်အထိ ဖြစ်လာသည်။

နေမင်းထွန်း၏ ဤရုံးခန်း မီးခံသေတ္တာထဲတွင် ဦးလှိုင်မင်းနှင့် ကိုဝေလွင်တို့ အငမ်းမရ လိုချင်နေသော မှတ်တမ်းစာအုပ်တစ်အုပ် ရှိနေသောကြောင့် ဖြစ်တော့သည်။

ပြီး ... နေမင်းထွန်း၏ အဆောက်အဦနှင့် ပတ်သက်သော အရေးကြီးသည့် စာချုပ်တွေ၊ စာရွက်စာတမ်းဖိုင်တွဲတွေ ရှိနေသည်။

မီးခံသေတ္တာသာလျှင် မီးလောင်ပေါက်ကွဲပြီး အထဲရှိ မှတ်တမ်းစာအုပ်၊ စာချုပ်ဖိုင်တွဲနှင့် ထားရှိသော ငွေကြေးတွေသာ မီးလောင်သွားပါက နေမင်းထွန်း ဘဝပျက်သွားမည်။

နေမင်းထွန်း ဘဝပျက်စေချင်သောကြောင့်လည်း ဤသို့ ကြံစည်ခြင်း ဖြစ်ပါ၏။

တကယ်တော့ ...



သူတို့သည် နေမင်းထွန်း၏ မဟုတ်မခံစိတ်ဓာတ်ကို နားမလည်ကြ။ နေမင်းထွန်း အဘယ်မျှလောက် အစွမ်းထက်မြက်သည်ကိုလည်း မသိကြ။ နေမင်းထွန်း အဘယ်မျှ သတ္တိကောင်းပြီး ခေါင်းမာသည်ဆိုသည်ကိုလည်း သူတို့မသိသေး။

နေမင်းထွန်းသည် မြိုင်မြို့သစ်ဇာတိသားမဟုတ်။ လွန်ခဲ့သော (၃)နှစ်လောက်က မြိုင်မြို့သစ်သို့ ရောက်လာပြီး ရုံးခန်းဖွင့် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း လုပ်နေသူ ဖြစ်သည်။

မြိုင်မြို့သစ်ဇာတိသား မဟုတ်သော နေမင်းထွန်းကို ဦးလှိုင်မင်းနှင့် ကိုဝေလွင်က သူတို့ထံ ခေါင်းငုံ့ဝင်စေလိုသည်။ သူတို့အား အောက်ကျို့ခံ ချဉ်းကပ်စေလိုသည်။ အခြားအခြားသော လုပ်ငန်းရှင်အားလုံးသည် ဦးလှိုင်မင်းနှင့် ကိုဝေလွင်တို့၏ ဩဇာခံတွေချည်းသာဖြစ်သည်။ ထိုသူများကဲ့သို့ နေမင်းထွန်းကလည်း သူတို့ဩဇာခံ ဖြစ်ရပေမည်ဟု သူတို့ သတ်မှတ်ပေသည်။

ဝေးသေး ... ။

မြိုင်မြို့သစ်သို့ နေမင်းထွန်း ရောက်လာပုံကိုပင် ကြည့်ဦး။

နေမင်းထွန်းသည် တက္ကသိုလ်မှ ဘီအက်(စ်)စီ အင်ဂျင်နီယာဘွဲ့ ရခဲ့သည်။

မိဘ ချမ်းသာ၍မဟုတ်၊ နေမင်းထွန်းတွင် ငယ်စဉ်ကပင် မိဘများ သေဆုံးခဲ့သဖြင့် ဦးလေးလုပ်သူက ကျောင်းဆက်ထားခဲ့သည်။

ဘီအက်(စ်)စီ အင်ဂျင်နီယာဘွဲ့နှင့်အောင်ပြီး မကြာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မီ ဦးလေး သေဆုံးသွားပြန်သည်။ ဦးလေးလူပျိုကြီး၏ အမွေရော မိဘအမွေရော နေမင်းထွန်း ဆက်ခံရသည်။

သို့သော် ... နေမင်းထွန်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။

တစ်နေ့ ... တာဒါဘားတွင် နေမင်းထွန်း သောက်နေစဉ် သူငယ်ချင်းဖြစ်သူ ကိုလင်းနှင့် အမှတ်မထင် တွေ့ဆုံသည်။

ဘာရယ်မဟုတ် ... သူငယ်ချင်းချင်း ရောက်တတ်ရာရာ ပြောကြစဉ် ကိုလင်းက သူ့အကြောင်းပြောပြသည်။

ကိုလင်းသည် မြိုင်မြို့သစ်တွင် အဆောက်အဦ ကန်ထရိုက်အလုပ် လုပ်နေသည်။ လုပ်ငန်းအနေနှင့် ကောင်းသော်လည်း မြိုင်မြို့သစ်တွင် သိပ်တွင်ကျယ်နေသော ဦးလှိုင်မင်းဆိုသူနှင့် ကိုလွင်ဆိုသူ၏ ဖိအားတွေ ပေးလွန်းမှုကြောင့် ထိုမြို့တွင် ဆက်မနေချင်၊ ဆက်မလုပ်ချင်တော့ကြောင်း မိမိ၏ မြိုင်မြို့သစ်လုပ်ငန်းကြီးတစ်ခုလုံးကို ဝယ်မည့်သူရှိက လျှော့ဈေးနှင့် အပြတ်ရောင်းလိုကြောင်း ပြောပြသည်။

နေမင်းထွန်းက ကိုယ်တိုင် အင်ဂျင်နီယာဘွဲ့ရထားသူမို့ အဆောက်အဦလုပ်ငန်းကို လုပ်တတ်သည်။ ကိုလင်း အပြတ်ရောင်းချင်သည့် ဆောက်လုပ်ရေးပစ္စည်းအားလုံး လုပ်ငန်းအားလုံး၏ တန်ဖိုးကို နေမင်းထွန်း တန်ဖိုးဖြတ်နိုင်သည်။

လုပ်ငန်းတွင် စိတ်ပျက်နေသော ကိုလင်းက တန်ကြေးထက် ထက်ဝက်လျှော့ရောင်းမည်။ သူ့အနေနှင့် မြိုင်မြို့သစ်က ထွက်ခွာရလျှင်ပြီးရောဆိုသည့်သဘော ဖြစ်နေသောကြောင့် ...



မြိုင်မြို့သစ် အဆောက်အဦလုပ်ငန်းကိုရော ပစ္စည်းတွေကိုရော နေမင်းထွန်းက လျှော့ဈေးဖြင့် ဝယ်ယူကာ မြိုင်မြို့သစ်တွင်

'နေမင်းထွန်း'

'ဆောက်လုပ်ရေးကန်ထရိုက်တာ'

ဆိုင်းဘုတ်တင်ကာ ၁၉၅၅ ခုနှစ်ကပင် စတင်လုပ်ဆောင်ခြင်း ဖြစ်ပါ၏။

နေမင်းထွန်းသည် မိမိ ဝယ်ယူလိုက်သော လုပ်ငန်းမြိုင်မြို့သစ်တွင် စတင်လုပ်ပြီဆိုကတည်းက ကိုလင်း သိပ်ကြောက်ခဲ့သော ဦးလှိုင်မင်းနှင့် ကိုဝေလွင်အကြောင်းကို အသေးစိတ်သိလာတော့သည်။ သူတို့နှစ်ယောက်နှင့် ပတ်သက်သမျှ လုပ်သင့်လုပ်ထိုက်သည်များကို နေမင်းထွန်း လုပ်ဆောင်ထားသည်။

တကယ်တော့ ... မြိုင်မြို့သစ်တွင် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း အလွန်ကောင်းပါ၏။

မြိုင်မြို့သစ်သို့ နေမင်းထွန်း စတင်လုပ်ခဲ့သည်မှ ယနေ့ထိ (၃)နှစ်အတွင်း မြောက်မြားစွာ အကျိုးအမြတ် ဖြစ်ထွန်းခဲ့၏။

နေမင်းထွန်းသည် ... မဖောက်ခွဲရသေးသော မီးခံသေတ္တာဘေးမှ ဒိုင်းနမိုက်များကို ကောက်ယူကာ မိမိအလုပ်စားပွဲအံဆွဲထဲတွင် သိမ်းထားလိုက်သည်။

ဝီစကီပုလင်းကို ထုတ်ယူကာ ရေပုလင်းနှင့်ဖန်ခွက်ယူပြီး စားပွဲတွင်ထိုင်၍ သောက်တော့သည်။ ဖန်ခွက်တွင် အရက်ငှဲ့ ရေရောပြီး ပြတင်းပေါက်ဆီမှ ဖန်ခွက်ကိုင်ရင်း မြိုင်မြို့သစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ညရှုခင်းကို လှမ်းကြည့်လိုက်သည်။

လမ်းမီးများ လင်းလက်နေပါ၏။

မြိုင်မြို့သစ်တွင် ကောင်းရောင်းကောင်းဝယ်ဖြင့်လုပ်ကိုင်စားသောက်သူများ၊ ဝန်ထမ်းများ၊ အရပ်သူအရပ်သားများ၏ အိမ်တွေသည် မီးပိတ်ပြီး အိပ်ရာဝင်ကြလေပြီ။

သို့သော် ...

မြို့ပြဘက်ကျသော အဝေးနေရာတွေ၌ မီးရောင်တို့သည် သီတင်းကျွတ်၊ တန်ဆောင်မုန်း မီးထွန်းပွဲတော်အလား ထိန်ထိန်ငြီးနေသည်ကို လှမ်းမြင်တွေ့ရပေသည်။

မိုးလင်းပေါက် ဖွင့်ထားသော ညကလပ်များနှင့် ဟိုတယ်များ၏ မီးရောင်တွေပါပေ။

နေမင်းထွန်းက ရေနံ့သာဟိုတယ် တည်ရှိရာနေရာသို့ မှန်းဆပြီး လှမ်းကြည့်သည်။

ရင်းရေနံ့သာဟိုတယ်သည် မြိုင်မြို့သစ်၏အနောက်ဘက် ကမ်းနားအစွန်တွင် ဖွင့်လှစ်ထားသည်။ ထိုရေနံ့သာဟိုတယ်နှင့် မလှမ်းမကမ်း ဆိပ်ခံနေရာတံတားတွင် 'ဗေဒါ'ဟု အမည်ပေးထားသော မိမိ၏ ကိုယ်ပိုင်မော်တော် ထားရှိပေသည်။

'ဗေဒါ' မော်တော်သည် နေမင်းထွန်း၏ ယာယီအိပ်ဆောင်ဟုခေါ်ဆိုလျှင် မမှားပေ။ ဗေဒါသည် အင်ဂျင်စက်အား သိပ်ကောင်းသည်။ လူပျိုကိုယ်ဖြစ်သော နေမင်းထွန်း အိပ်စက်နားနေဖို့ သီးသန့်အခန်းလည်း ပါရှိပေသည်။

ဗေဒါ မော်တော်လေးကို နေမင်းထွန်း ချစ်သည်။



ကိုလင်း လက်မှ ပစ္စည်းများ တန်ဖိုးထားပေးဝယ်ယူရာတွင် ဗေဒါမော်တော်လည်း ပါရှိခဲ့ခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ ရေလမ်းဖြင့် သယ်ယူလာသော အုတ်သဲကျောက် သမ္ဘန်များကို ဗေဒါမော်တော်နှင့် ဆွဲယူရသည်များ ရှိပါ၏။

ဗေဒါသည် နေမင်းထွန်း၏ လူပျိုဆောင်ဟု ခေါ်နိုင်လောက်သည်။

ထို့မျှသာမက မြိုင်မြို့သစ်သို့ နေမင်းထွန်း ရောက်ရှိလာပြီး မြို့ပြင်ယွန်းယွန်းတွင် ဈေးပေါပေါဖြင့် မြေတစ်ကွက်ဝယ်ကာ တစ်ထပ်တိုက်အိမ်လေး ဆောက်ထားသေးသည်။

ထိုတစ်ထပ်တိုက်အိမ်လှလှလေး ဆောက်စဉ်တုန်းကတော့ မြိုင်မြို့သစ်ရောက်မှ ချစ်ခင်ရသည့် ချစ်သူ ခင်မိမိနှင့် လက်ထပ်ပြီးလျှင် အဆင်သင့်နေရန်အတွက် တစ်ထပ်တိုက်လေး ဆောက်လုပ်ခဲ့ခြင်းပင်။

သို့သော် ... ခင်မိမိသည် ...

ထိုအကြောင်းကို ပြန်တွေးနေစဉ်မှာပင် အလုပ်စားပွဲမှ တယ်လီဖုန်း ကလင် ... ကလင် အော်မြည်သံကြောင့် အတွေးပြတ်ခါ တယ်လီဖုန်းဆီသွားကာ ကောက်ယူနားထောင်ပြီး အသံပြန်ပေးလိုက်သည်။

နေမင်းထွန်း အံ့သြသည်။

ဒီအချိန် မိမိရုံးခန်းပိတ်ချိန်ဖြစ်သည်။ လုပ်ငန်းလည်ချိန်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူသည် မည်သည့်အကြောင်းကြောင့် ညကြီးမိုးချုပ်ကျမှ မိမိရုံးခန်းကို ဖုန်းဆက်ပေသနည်း။

၀၀၀ ၀၀၀



( ၂ )

"ဟုတ်ကဲ့ အမိန့်ရှိပါ ... အခု ကျွန်တော် အဆောက်အဦကန်ထရိုက်တာ နေမင်းထွန်း ပြောတာပါ ... "

"ကျုပ်က လှိုင်နန္ဒာ စားတော်ဆက်က ဦးကြွယ်ဟိုးပါ"

"ဟုတ်ကဲ့ ... လှိုင်နန္ဒာ စားတော်ဆက်ကို ကျွန်တော် ကောင်းကောင်းသိပါတယ် ... ဦးကြွယ်ဟိုးကိုလည်း လှိုင်နန္ဒာပိုင်ရှင်အဖြစ် ကျွန်တော် သိပါတယ် ... အခု ဦးကြွယ်ဟိုးကို ကျွန်တော် ဘာအကူအညီပေးရမလဲဗျာ ... "

"ကျုပ်ဆိုင်မှာ အမျိုးသမီးတစ်ယောက် လာပြီးစားသောက်တယ် ... နောက်ပြီး ကျုပ်ဆိုင်ကဖုန်းနဲ့ ကိုနေမင်းထွန်းဆီ ဆက်တယ် ... ဆက်လို့မရဘူး ... "

ဟုတ်ပေမည်။ နေမင်းထွန်း ညနေပိုင်းက ရုံးခန်းတွင် မရှိ။ မိမိ ရုံးသို့တစ်ပတ်ကျော် ပြန်မလာသေးခင်က ဖုန်းဆက်လျှင် ကိုင်မည့်သူ မရှိနိုင်ပေ။

"အဲဒီတော့ ... ကိုနေမင်းထွန်းကပဲ အဲဒီအမျိုးသမီး စား

www.burmeseclassic.com

www.burmeseclassic.com



သောက်ကုန်ကျတဲ့ငွေကို လာပေးပါ ... ကျုပ် ဆိုင်ပိတ်ချင်ပြီ ... ကိုနေမင်းထွန်း ဒီအမျိုးသမီးကို လာပြန်ခေါ်ပေါ့ဗျာ"

"ကျွန်တော်နဲ့ ... မဆိုင်ဘူးထင်တယ် ဦးကြွယ်ဟိုး ... ကျွန်တော့်မှာ အဲဒီအမျိုးသမီးနဲ့ ပတ်သက်တာ ရှိမှမရှိတာ အဲဒီအမျိုးသမီး နာမည်က ဘယ်သူတဲ့လဲဗျာ ..."

"ဇာခြည်မြင့်တဲ့ ..."

"ဩော် ... ဩော် ... ဇာခြည်မြင့်တဲ့လား ..."

ဇာခြည်မြင့်ကိုတော့ နေမင်းထွန်း သိထားပါ၏။ မိမိအပေါ်တွင် သစ္စာဖောက်သွားသော တပည့်ဟောင်း ရှိန်းမောင်၏ ဇနီးအဖြစ် သိထားခြင်းဖြစ်ပေသည်။

ယခု တပည့်ဟောင်း ရှိန်းမောင်သည် လုပ်ငန်းတွင် မိမိအပေါ် သစ္စာဖောက်သွားသူ ဖြစ်နေပါ၏။

စားသောက်ဆိုင်ပိုင်ရှင် ဦးကြွယ်ဟိုးအနေနှင့် ယခု ဇာခြည်မြင့်က မိမိထံ ဖုန်းဆက်သည်မို့ ဦးကြွယ်ဟိုးက မိမိထံ ထပ်ဖုန်းဆက်သည့်သဘောပင် ဖြစ်မည်။

"ဟုတ်ပြီ ဦးကြွယ်ဟိုး ... အဲဒီ ဇာခြည်မြင့်ဆိုတဲ့ အမျိုးသမီးကို အမူးပြေအောင် ကော်ဖီခါးခါး နို့ဆီမထည့်ဘဲ တိုက်ထားပေးပါ ... သူ့ရဲ့ ကျသင့်ငွေတွေလည်း ကျုပ်ပေးပါ့မယ် ... အခုပဲ ကျုပ် လာခဲ့ပါ့မယ် ..."

နေမင်းထွန်း စဉ်းစားသည်။

ဇာခြည်မြင့်သည် မိမိနှင့် တစ်ခါမျှ တိုက်ရိုက်မပတ်သက်ဘူးခဲ့။ သူမအား သစ္စာဖောက် တပည့်ဟောင်း ရှိန်းမောင်၏



ဇနီးဟူသာ ယေဘုယျအသိနှင့် သိခဲ့သည်။

ထိုသို့သော ဇာခြည်မြင့်က မိမိထံ ဖုန်းဆက်သည်ဆိုခြင်းမှာ ထူးခြားသော ကိစ္စတစ်ခုခု ရှိသောကြောင့်သာ ဖြစ်ရမည်။

မြိုင်မြို့သစ်တွင် နေမင်းထွန်းအဖို့ ဘာသတင်းကိုမဆို ရယူရမည်။

နေမင်းထွန်း ရုံးပြတင်းပေါက်ပြန်ပိတ်သည်။ တံခါးဟူသရွေ့ အားလုံးပိတ်ပြီး သူ၏လင်းရိုဗာကားဖြင့် ဦးကြွယ်ဟိုးပိုင် လိုင်နန္ဒာ စားသောက်ဆိုင်သို့ ဦးတည်မောင်းလာသည်။

မြိုင်မြို့သစ်တွင် လိုင်နန္ဒာစားတော်ဆက်မှာ အပေါ်စား၊ အနိမ့်စား ဆိုင်တစ်ဆိုင်သာ ဖြစ်ပါ၏။ သို့တစေ ဤမြို့တွင် ဘယ်စားသောက်ဆိုင်မဆို အရက်ရောင်းသည်။

တကယ်ဆိုမူ ... ဇာခြည်မြင့်ကို ဖြစ်ဖြစ် သူမ၏ ယောကျ်ား ရှိန်းမောင်ကိုဖြစ်ဖြစ် နေမင်းထွန်းအနေနှင့် ပြန်ကြည့်စရာ လုံးဝမလိုတော့ပေ။

မိမိလက်အောက်တွင် ရှိန်းမောင် အလုပ်လုပ်စဉ်က အကျင့်စာရိတ္တ မကောင်းရုံမက အရက်အလွန်အကျွံ သောက်သည်ကိုပင် နေမင်းထွန်း သက်ညှာခဲ့သည်။

နောက်ဆုံး ရှိန်းမောင်သည် မိမိ အလုပ်စားပွဲမှ ငွေတစ်သောင်း ခိုးယူထွက်ပြေးသွားသည်။

နေမင်းထွန်းက ငွေကို အဆုံးခံကာ အမှုမတိုင်ကြားဘဲ နေခဲ့သည်။ အကယ်၍ အမှုဖွင့်လည်း ငွေတစ်သောင်း ပြန်ရမည်မဟုတ်။ ရဲနှင့် ရုံးတွင် မိမိအတွက် အလုပ်ရှုပ်မည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာခြည်မြင့်က မိမိကို ဖုန်းဆက်သည်ဆိုခြင်းကြောင့် သူတို့လင်မယား မြိုင်မြို့သစ်သို့ ပြန်ရောက်နေကြောင်း သိရသည်။

အဘယ်ကြောင့် ရှိန်းမောင်၏ဇနီး ဓာခြည်မြင့်သည် မိမိကို ဖုန်းဆက်ပေသနည်း။ သူတို့လင်မယားနှင့် မိမိသည် မိမိပိုက်ဆံ ခိုးယူသွားကတည်းက ပြတ်သွားပြီ။

ခိုးယူသွားသော ငွေတစ်သောင်း ပြန်ပေးပါမည်။ သူမ၏ယောကျ်ား ရှိန်းမောင်ကို အလုပ်ပြန်ခန့်ပါဟုများ ပြောချင်ပေသလား။

မှန်တာပြောရလျှင် ဓာခြည်မြင့်ခများကိုတော့ နေမင်းထွန်း သနားမိသည်။ ကောင်မလေးသည် ရုပ်ရည်လေး သနားကမားနှင့် ငါးရံ့ကိုယ်လုံးလေးရှိကာ ကြည့်ပျော်ရှုပျော် ရှိသည့် မိန်းကလေးဖြစ်ပါ၏။ ရှိန်းမောင်လို ကောင်ကို ယူမိသောကြောင့် ကောင်မလေး နွံနစ်သွားသည်။ ဓာခြည်မြင့်သည် အဆိုအတီး ဝါသနာပါပြီး အဆိုကျော်တစ်ယောက် ဖြစ်ချင်နေသူဖြစ်သည်။ ရှိန်းမောင်လိုကောင်ကို လက်ထပ်ပြီးမှ မှားမှန်း သိရှာသည်။

နောက်တစ်ချက် စဉ်းစားစရာ ရှိပြန်သည်။

ယနေ့ည မိမိရုံးခန်းမှ မီးခံသေတ္တာကို ဒိုင်းနမိုက်ဖြင့် ခွဲဖောက်မှု မအောင်မြင်သောကြောင့် ဦးလှိုင်မင်းနှင့် ကိုဝေလွင်က ဓာခြည်မြင့်ကို အကြောင်းပြုကာ မိမိကို လှိုင်နန္ဒာစားတော်ဆက်သို့ မျှားခေါ်ခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်မည်။

ဒါဆိုလည်း နေမင်းထွန်းက ဂရုမစိုက်။

ဦးလှိုင်မင်းနှင့် ကိုဝေလွင်တို့ ကျူးလွန်ထားသည့်



ကို အနိုင်အမာ ပြုစုထားသော မှတ်တမ်းစာအုပ်ကြီး မိမိလက်ထဲတွင် ရှိနေသရွေ့ မိမိက သူတို့နှစ်ဦးကို အနိုင်ရထားပြီးသား ဖြစ်ပါ၏။

ယင်း ... သူတို့၏ ဒုစရိုက်မှတ်တမ်းစာအုပ်ကြီးကို သူတို့နှစ်ယောက်စလုံးသည် အသေအလဲ လိုချင်နေကြသည်။ ရယူနိုင်ဖို့ နည်းအမျိုးမျိုးနှင့်လည်း ကြိုးစားကြသည်။

ယခု ဓာခြည်မြင့်က မိမိကို ခေါ်ယူသည်မှာ သူတို့၏ လှည့်ကွက်တစ်ကွက် ဖြစ်ကောင်းဖြစ်နိုင်သည်။

လှိုင်နန္ဒာစားတော်ဆက်ဟု ဆိုင်းဘုတ်ဟင် မီးထွန်းထားသည့် အောက်တည့်တည့်တွင် နေမင်းကျန်း သူ၏လင်းရှိဗာကားကို ရပ်လိုက်သည်။

ဘာအကြောက်အလန့်မှမရှိဘဲ နေမင်းထွန်းသည် ဆင်နားရွက်တံခါးကို တွန်းဖွင့်ကာ ဆိုင်ထဲသို့ ဝင်လိုက်သည်။

တွေ့ပါ၏။

စားပွဲတစ်လုံးတွင် လက်နှစ်ဖက် စားပွဲတွင် ထောက်တင်ကာ လက်ပေါ်ခေါင်းတင်ထားသော ဓာခြည်မြင့်ကို နေမင်းထွန်း တွေ့ပါ၏။

မနီးမဝေး စားပွဲတစ်လုံးတွင် လူသုံးယောက် ထိုင်နေပြီး အရက်ကို စိမ်ပြေနပြေ သောက်နေသည်ကိုလည်း တွေ့ပါ၏။

ထိုသုံးဦးအနက် ဝဖိုင့်ထိပ်ပြောင်နှင့် အသက်(၅၀) ခန့်လူသည် ဆိုင်ပိုင်ရှင် ဦးကြွယ်ဟိုး ဖြစ်ပေသည်။

နေမင်းထွန်း ဝင်လာသည်ကို သုံးယောက်စလုံးက

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။

ဝဖိုင့်ထိပ်ပြောင်ဦးကြွယ်ဟိုးက ထိုင်ရာမှထပြီး နေမင်းထံ လာရောက်ကာ ပြောလိုက်သည်။

"အား ... ကိုနေမင်းထွန်းကို ကျုပ်က အဝေးကနေ မြင်ဖူးရုံ မြင်ဖူးခဲ့တာ ... အခု အနီးကပ်မြင်ရမှ အသက်လည်းငယ်သေးတယ် ... လူလုံးလူဖန်ကလည်း တောင့်တင်းကြံ့ခိုင်ပြီး ရုပ်ကလည်း တကယ်ကြည့်ကောင်းတာပဲ ..."

"ဟုတ်လား ... ကျွန်တော်က ဦးကြွယ်ဟိုးလို ပုအိုင့်အိုင့် ထိပ်ပြောင်ပြောင်နဲ့ ဘဲဥပုံမျိုးကိုမှ နှစ်သက်တာဗျ ..."

ဦးကြွယ်ဟိုး ပါးစပ်ကြီး ပြဲသွားပါ၏။

အသက်ကြီးသော ဦးကြွယ်ဟိုးအား နေမင်းထွန်းက နှိမ်ပြောချင်သောစိတ်နှင့် ပြောလိုက်ခြင်း မဟုတ်ပေ။

ဦးကြွယ်ဟိုးနှင့် အတူထိုင်နေသော လူနှစ်ယောက်ကို တမင် ဘုကလန့်စကားမျိုး ကြားစေချင်သောကြောင့် နေမင်းထွန်းက တမင်ပြောလိုက်ခြင်းသာ ဖြစ်သည်။

စားပွဲက လူနှစ်ယောက်ဆိုသည်မှာ ကိုဝေလွင်နှင့် သူ၏တပည့်ကြီး ဆင်ပေါက်ဟူစိန်တို့ ဖြစ်ကြပေသည်။

နေမင်းထွန်းအပေါ်တွင် ကိုဝေလွင်သည် အမြဲ မလိုတမာ ဖြစ်နေတတ်သည်မို့ သူတို့ရှေ့မှာပင် သူတို့ကြားလောက်အောင် သူတို့လူ ဦးကြွယ်ဟိုးအား တမင်အောက်ကလိအာ ပြောလိုက်ခြင်း ဖြစ်သည်။

ကိုဝေလွင်ကို ကြည့်ရသည်မှာ သူ့တပည့် ဆင်



ပေါက်ဟူစိန် အားကိုးဖြင့် ရောက်လာခြင်းဖြစ်သည်။

ဆင်ပေါက်ဟု နာမဝိသေသ ပေးရလောက်အောင် ဟူစိန်သည် မဲမဲသဲသဲနှင့် အလွန်ကြီးထွားသော ခန္ဓာကိုယ်ကြီး ရှိပေသည်။ ကိုဝေလွင်ဆီသို့ ဆင်ပေါက်ဟူစိန် မရောက်မီ တပည့်မခံမီက လူမိုက်အားကိုးဖြင့် ဓားပြတိုက်စားနေသည် ဖြစ်သည်။

ကိုဝေလွင်က ဆင်ပေါက်ကို တပည့်မွေးပြီးနောက် ဆင်ပေါက်ဟူစိန် ကျူးလွန်သမျှ အမှုတွေကို ကာကွယ်ပေးထားသည်။

ဆင်ပေါက်ဟူစိန်သည် ကိုဝေလွင်၏ ဘော်ဒီဂတ် ဖြစ်နေသည်။

"ကဲ ... ပြော ဦးကြွယ်ဟိုး ... စာခြည်မြင့် စားသောက်ထားတာ အားလုံးဘယ်လောက်လဲ ..."

"သုံးရာပဲပေးပါ ... အစွန်းထွက်ကိုတော့ ကျုပ် မယူပါဘူး"

နေမင်းထွန်းက တစ်ရာတန်သုံးရွက် ထုတ်ပေးလိုက်သည်။

ဦးကြွယ်ဟိုးက လှမ်းယူပါ၏။

ထိုအခါကျမှ ကိုဝေလွင် ထိုင်ရာမှ ထလာသည်။ ဦးကြွယ်ဟိုး လက်ခံယူထားသော တစ်ရာတန်သုံးရွက်ကို ကိုဝေလွင်က ဖြတ်ခနဲ ယူလိုက်ပြီး ရာတန်သုံးရွက်ကို ဖြန့်ကိုင်ကာ ယပ်ခတ်ဆောင်ခတ်လိုက်သည်။

"ကျွန်တော်နဲ့ ခင်ဗျား မတွေ့ကြတာ အတော်ကြာသွားပြီနော် ကိုနေမင်းထွန်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ ကိုဝေလွင် … ကျွန်တော်ကတော့ အမှတ်တမဲ့ပဲ … မတွေ့တာ ကြာမှန်းမကြာမှန်း သိပ်သတိမထားမိဘူး … "

ကိုဝေလွင်က မဲ့ပြုံး ပြုံးလိုက်သည်။ မထေမဲ့မြင် မထီလေးစား အပြုံးဟု ခေါ်နိုင်သည်။

ကိုဝေလွင်နှင့် နေမင်းထွန်းသည် အသက်ရွယ်တူခန့်ရှိကြမည်။ အသက်နှစ်ဆယ့်ငါးမှ နှစ်ဆယ့်ရှစ် ကြားလောက်ပေါ့။

သို့သော် …

ကိုဝေလွင်သည် ရုပ်ချော ရုပ်လှဖြစ်သည်။ အသားဖြူသည်။ အရပ်ငါးပေ ခြောက်လက်မခန့်ရှိပြီး သူ့ခန္ဓာကိုယ်နှင့် သူ့ခြေတံလက်တံတို့သည် လိုက်ဖက်သော ခန္ဓာကိုယ်ရှိသည်။ ကြည့်ရှုတင့်တယ်ပါ၏။

ခြုံ၍ပြောရလျှင် ဆံပင်အတွန့်အကွေးလေးတွေမှအစ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတွေ သူ့နေရာနှင့်သူ လှပပြီး မိန်းမချော ချောသော ကိုဝေလွင် ဖြစ်ပါ၏။

အဝတ်အစားဝတ်ရာ၌လည်း အဖိုးတန်ပေ ကောင်းပေ့ဆိုသည့် အဝတ်အထည်ကိုသာဝတ်သည်။ ဘယ်တော့ကြည့်ကြည့် ကိုဝေလွင်သည် သပ်ရပ်ချောမောသူဖြစ်သည်။ လက်ချောင်းသွယ်သွယ်လေးတွင် စိန်လက်စွပ်၊ နဝရတ်ကိုးသွယ်လက်စွပ် ဝတ်ထားပြီး၊ ရိုးလက်(စ်)နာရီကို သီးသန့်ပန်းတိမ်အပ် ရွှေလက်ပတ်ကြိုးဖြင့် ပတ်ဝတ်သည်။



ကိုဝေလွင်လိုလူအား အမျိုးသမီးများက မက်မောကြသည်။

နေမင်းထွန်းကို ကြည့်ပါ။

ဘယ်တော့မှ ဘီးမဖြီးသော ဦးခေါင်း၊ ဆံပင်ဘုတ်သိုက်နှင့်ဖြစ်သည်။ ဝတ်ရုံဖြူကြီး ဝတ်ထားပြီး လည်ကုပ်မှ ကြိုးစည်းကာ ဆံပင်ညှပ်ခံရသောအလုပ်ကို ရွံမုန်းသည်။ ငြီးငွေ့သည်။

မလွဲသာလွန်းမှ သုံးလေးလတစ်ကြိမ် ဆံပင်ညှပ်သည်။ ဆံပင်ကို ကြည့်ကောင်းအောင် ဖြီးခြင်း လုံးဝမရှိ။ လက်ဖဝါးနှစ်ဖက် ရေဆွတ်ကာ သူ့ဆံပင်ကို လက်ဝါးနှစ်ဖက်ဖြင့် နောက်ပြန်ဖိပွတ်လိုက်ခြင်းသည်ပင် ဆံပင်ဖြီးခြင်း ဖြစ်ပါ၏။

အဝတ်အစားတွင်လည်း ရွေးချယ်ဝတ်ဆင်သည်မျိုး မရှိ။ ဗီရိုဖွင့်ပြီး အပေါ်ဆုံးတွင်ရှိနေသော အထည်ကိုသာ ယူဝတ်လိုက်သည်။

နေမင်းထွန်း မညည်းမညူ အမြဲဝတ်သည်ကတော့ အမည်းရောင် သားရေအပျော့စား ဂျာကင်သာ ဖြစ်ပါ၏။

ပသိုင်းမွေး၊ မုတ်ဆိတ်မွေးရိတ်သည်ပင် မှန်ကြည့်ပြီး မရိတ်ဘဲ လက်ချောင်းထိပ်များဖြင့် စမ်းကာ ရိတ်သည်။

ယင်းသို့ မုတ်ဆိတ်၊ ပသိုင်းမွေးရိတ်သည်ပင်လျှင် မိမိသဘောနှင့် မိမိရိတ်သည်မဟုတ်။

ခင်မိမိက ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတွေနှင့် ဆိုလျှင် အကပ်မခံသောကြောင့် ချစ်သူ ခင်မိမိအကြိုက် ဖြစ်အောင် ရိတ်ရခြင်းဖြစ်သည်။

www.burmeseclassic.com



ထားပါ ... ။

ဒါတွေ ဖော်ပြနေခြင်းသည် ကိုဝေလွင်နှင့် နေမင်းထွန်းနှစ်ယောက်၏ နှိုင်းယှဉ်ချက်သာ ဖြစ်သည်။

လူနုနှင့် လူကြမ်း ပုံပန်းခြင်း ကွာပုံကို ဖော်ပြခြင်းသာ ဖြစ်သည်။

တကယ့်အကြောင်းရင်းမှာ ...

ယခု ဦးကြွယ်ဟိုးပိုင် လှိုင်နန္ဒာစားတော်ဆက်တွင် ကိုဝေလွင်နှင့် နေမင်းထွန်း တွေ့ဆုံခြင်းမှာ တိုက်ဆိုင်မှုလေလား၊ တမင်တကာလား ဆိုသည်က စဉ်းစားဖွယ်ပင်။

ကိုဝေလွင်လို ငွေကြေးကို အထပ်လိုက် သုံးစွဲနေသော လူမျိုးက ဦးကြွယ်ဟိုး၏ အပေါစား လှိုင်နန္ဒာတွင် အရက်လာသောက်သည်က လုပ်နေကျမဟုတ်သော အလုပ်တစ်ခုကို တမင်တကာ လုပ်ဆောင်ခြင်းဟု တွေးတောနိုင်သည်။

ဒါကို ကိုဝေလွင်ကပင် ရှင်းပြစကား ဆိုပါ၏။

"ဟောဒီ ဦးကြွယ်ဟိုးကြီးပေါ့ဗျာ ... သူ့ဆိုင်မှာ ဇာခြည်မြင့် လာစားသောက်ပြီး ပိုက်ဆံကျသင့်တာကို မပေးတာကိုများ ကိုနေမင်းထွန်းဆီ ဖုန်းဆက်ခေါ်ယူသေးသတဲ့လားဗျာ ... တကယ်ဆို ကျွန်တော့်ဆီ လှမ်းဆက်ရင် ပြီးတာပဲဟာ ... အခုတော့ အားလုံးအဆင်ပြေသွားပါပြီ ... ကိုနေမင်းထွန်း တကူးတက လိုက်လာရတာ အားနာစရာ ..."

"ဘယ်လို ... အခုတော့ အဆင်ပြေသွားတာလဲ ကိုဝေလွင်"

ကိုဝေလွင်က စားပွဲရှိ ဇာခြည်မြင့်ကို မေးဆတ်ပြ



ရင်း ဆက်ပြောသည်။

"သူတို့လင်မယား ရှိန်းမောင်ရောပေါ့ဗျာ ... မြိုင်မြို့သစ်ကို ပြန်ရောက်လာကတည်းက ကျွန်တော့်ကို အပူကပ်ကြတယ်လေ ... သူတို့လင်မယားမှာ ချွတ်ခြုံကျပြီး တစ်ပြားမှ မရှိတော့ဘူး ... ဒါကြောင့် ကျွန်တော်ကပဲ သူတို့လင်မယားကို တာဝန်ယူထားလိုက်ပါတယ် ... ကဲ ... ရော့ ကိုနေမင်းထွန်း ငွေသုံးရာကို ပြန်ယူပါ ... ဇာခြည်မြင့် တာဝန်ဟာ ကျွန်တော့်တာဝန်ပေါ့ ... ကျွန်တော်ကပဲ ဇာခြည်မြင့် စားသောက်တာတွေကို ပေးရမှာပါ ..."

နေမင်းထွန်း၏ ဦးနှောက်ထဲတွင် ချက်ချင်းအဆက်အစပ်တစ်ခုကို တွေးလိုက်မိသည်။ ရှိန်းမောင်သည် မိမိငွေတစ်သောင်းကို သုံးပြေးသည်။ ငွေတစ်သောင်း သုံးဖြုန်းကုန်မှ အခါ မြိုင်မြို့သစ်သို့ ပြန်လာသည်။ မိမိထံသို့ ရှိန်းမောင် ပြန်မလာခဲ့။ ထို့ကြောင့် ကိုဝေလွင့်ထံ ကပ်သည်။

ဒါမှမဟုတ် ...

ကိုဝေလွင်က ပြန်လာသော ရှိန်းမောင်ကို ကောက်ကင်ကာ တပည့်မွေးလိုက်ခြင်း ဖြစ်မည်။ ရှိန်းမောင်သည် မိမိလက်အောက် အလုပ်သမားဘဝတွင် လုပ်ဆောင်ခဲ့သူမို့ မိမိလုပ်ငန်းတွေကို သိသင့်သလောက် သိထားသူဖြစ်သည်။

ထို့ကြောင့် ကိုဝေလွင်က ရှိန်းမောင်ကို ကောက်ကင်ကာ တပည့်မွေးလိုက်ခြင်း ဖြစ်ရမည်။ မြိုင်မြို့သစ်တွင် ကိုဝေလွင်နှင့် မိမိ နေမင်းထွန်းသည် လုပ်ငန်းပြိုင်ဘက် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။

မိမိ၏ မီးခံသေတ္တာကို ဒိုင်းနမိုက်ခွဲပြီးဖွင့်ရန် ကြံစည်သူမှာ ကိုဝေလွင် ဖြစ်ပြီး ရှိန်းမောင်ကို စေခိုင်းခြင်းဖြစ်မည်။

အဆက်အစပ် ရှိနေပါ၏။

ရှိန်းမောင်သည် မိမိ၏အလုပ်သမားဟောင်း ဖြစ်ခဲ့ဖူးသဖြင့် မိမိ၏ရုံးခန်းတွင်း၌ ဘာဆို ဘယ်လိုဆိုသည်များကို ကျွမ်းကျင်ပြီးသားဖြစ်သည်။

မီးခံသေတ္တာကို ဖောက်ခွဲရန် အသုံးပြု ဒိုင်းနမိုက်များသည် မိမိ၏ လုပ်ငန်း၌ ကျောက်တောင်ကို ခွဲရာတွင် အသုံးပြုသော ဒိုင်းနမိုက်မျိုး ဖြစ်နေသည်။

ရှိန်းမောင်သည် မိမိ ဒိုင်းနမိုက်များ ထားရှိသော ဂိုထောင်မှ ဒိုင်းနမိုက်ကို ခိုးယူလာခြင်း ဖြစ်မည်။

ဇာခြည်မြင့်သည် သူမ၏ယောကျ်ား ရှိန်းမောင် ဤသို့ လုပ်ဆောင်မည်ကို နှစ်သက်ဟန်မတူပါလေ။ ထို့ကြောင့် မိမိကို ဇာခြည်မြင့် တစ်စုံတစ်ခု ပြောချင်သောကြောင့် ဖုန်းဆက်ခြင်း ဖြစ်မည်။

ရှိန်းမောင်က မိမိအပေါ် ကလီကမာတွေ လုပ်သော်လည်း ဇာခြည်မြင့်က မိမိကို လေးစားသူဖြစ်သည်။ ဇာခြည်မြင့်သည် စိတ်ဓာတ်ကောင်းပြီး ဖြောင့်မှန်သည့် အမျိုးသမီးဖြစ်သည်။

ဒါကို ရိပ်မိသော ကိုဝေလွင်သည် ဇာခြည်မြင့် ပျောက်သွားသည်နှင့် လိုက်ရှာရင်း လှိုင်နန္ဒာစားသောက်ဆိုင်၌ ဇာခြည်မြင့်ကို ပြန်လည်တွေ့ရှိချိန်မှာပင် မိမိ ရောက်လာခြင်း ဖြစ်ပေသည်။



နေမင်းထွန်းသည် ကိုဝေလွင် ပြန်ပေးသော ငွေသုံးရာကို ပြန်မယူဘဲ ခေါင်းခါပြလိုက်သည်။

"ရှိန်းမောင်ဟာ ... ကျွန်တော့်အလုပ်သမားဟောင်းတစ်ယောက်ပါ ... ဒီကောင် ကျွန်တော့်ငွေတွေ သုံးသွားပေမဲ့ ကျွန်တော် ရဲမတိုင် အမှုမဖွင့်ခဲ့ဘူး ... ဒါဟာ ကျွန်တော်နဲ့ ရှိန်းမောင် အလုပ်မပြတ်စဲသေးကြောင်း ထင်ရှားနေတာပဲ ... ရှိန်းမောင်နဲ့ပတ်သက်ပြီး ကျွန်တော့်မှာ တာဝန်ရှိနေသေးတယ် ... ဒီတော့ ရှိန်းမောင်ရဲ့ မိန်းမ ဇာခြည်မြင့်တာဝန်ဟာလည်း ကျွန်တော့်တာဝန်ပဲပေါ့ ... ကျွန်တော်ပဲ ဇာခြည်မြင့်ကို ခေါ်သွားပြီး ရှိန်းမောင်ဆီ ပြန်ပို့ပေးမယ် ကိုဝေလွင်"

"ဘာလို့ အပိုဒုက္ခတွေ ယူနေမလဲ ကိုနေမင်းထွန်း ... စိတ်အေးအေးထားပြီး ပြန်ပါ ... ကျွန်တော် ဇာခြည်မြင့်ကို တာဝန်ယူပြီး ရှိန်းမောင်ဆီ ပြန်ပို့ပေးမှာပါ ... "

နေမင်းထွန်း ခေါင်းခါသည်။

"ဇာခြည်မြင့်ကို ကျွန်တော်ပဲ ခေါ်သွားမယ် ကိုဝေလွင် ... ဘာလို့လဲဆိုတော့ ဇာခြည်မြင့် ကျွန်တော့်ဆီ ဖုန်းဆက်တာဟာ ကျွန်တော့်ကို ပြောစရာတစ်ခုခု ရှိလို့ပဲ ... ကျွန်တော်ကိုယ်တိုင်ကလည်း ရှိန်းမောင်နဲ့ ပတ်သက်ပြီး ဇာခြည်မြင့်ကို မေးချင်တာတွေ ရှိနေတယ် ... "

"ဘာတွေများ ကိုနေမင်းထွန်းက ဇာခြည်မြင့်ကို မေးချင်

www.burmeseclassic.com

www.burmeseclassic.com



တာတွေ ရှိနေလို့ဗျာ ... ”

ရေမွှေးနံ့သင်းသော လက်ကိုင်ပဝါကို ထုတ်ယူပြီး သူ့မျက်နှာကို ပွတ်သပ်ရင်း ကိုဝေလွင်က ပြန်မေးသည်။

“ရှိန်းမောင်ဟာ ကျွန်တော့်ရုံးခန်းထဲ နိုးဝင်ပြီး ကျွန်တော့် မီးခံသေတ္တာကို ဖောက်ထွင်းဖို့ ကြိုးစားခဲ့တယ် ... ဒီကိစ္စကို ကျွန်တော်က လွယ်လွယ်လေး ခေါင်းငုံ့သွားမယ်လို့ ကိုဝေလွင် ထင်သလား ... ”

“ဒါဆိုလည်းဗျာ ... ရဲစခန်းမှာ အမှုဖွင့်လိုက်ပေါ့ ကိုနေမင်းထွန်း ... ”

ကိုဝေလွင်ပြောပုံမှာ ထေ့ငေါ့ငေါ့မထီလေးစား အပြုံးမျိုးနဲ့ ထပ်မံပြောခြင်းအတွက် နေမင်းထွန်းရင်ထဲတွင် ခံပြင်းလှပါ၏။

“မဟုတ်တာဘဲဗျာ ... မြို့ပြသစ်မှာ တရားဥပဒေ စိုးမိုးရေးဟာ အပြည့်အဝ ရှိနေသားပဲ ... အဲ ... ဒါပေမဲ့ ကိုနေမင်းထွန်း တိုင်ကြားတဲ့ အမှုဟာ အမှုမှားပြီးဖြစ်နေရင်တော့ ဘယ်လိုရဲကဖြစ်ဖြစ် အရေးယူဆောင်ရွက်နိုင်မှာတဲ့လဲဗျာ”

“အမှုမှား ဟုတ်လား ... ”

“ဒါပေါ့ဗျာ ... ခင်ဗျားက ရှိန်းမောင် ဖြစ်တယ်လို့ ဇွတ်ကြီးစွပ်စွဲနေပေမဲ့ ... လက်ပူးလက်ကြပ် မိတာလည်း မဟုတ် သက်သေသက္ခရလည်း မရှိနဲ့ ပြောနေတာပဲ ... နောက်တစ်ခု ပြောချင်တာကတော့ ခင်ဗျားကို အားတော့နာပါရဲ့ဗျာ ... မြို့ပြသစ်မှာ ခင်ဗျားဟာ လူချစ်လူခင် ပေါတဲ့လူ မှမဟုတ်တာ ... ရှိန်းမောင် မဟုတ်ဘဲ ခင်ဗျားကို မချစ်ခင် မနှစ်သက်တဲ့ အခြားတစ်ယောက်ယောက်က ကြံစည်တာကော မဖြစ်နိုင်ဘူးလားဗျာ ... ”



နေမင်းထွန်းသည် ကိုဝေလွင်အား စကားဆက်မပြောလိုတော့ပေ။ ဆက်ပြောလျှင် ကိုယ့်ဒေါသကိုယ် မထိန်းနိုင်သည့် အခြေအနေ ရောက်တော့မည်။

ယခုပုံစံမှာ ကိုဝေလွင်သည် အကောင်ကြီးမား ထွားကျိုင်းသော ဆင်ပေါက်အမည်ခံ ဟူစိန်ကို ခေါ်လာပြီး တမင် ရန်စသည့်ပုံစံ ဖြစ်နေသည်။

သူနှင့် ဆင်ပေါက်ဟူစိန်သည် မိမိထက် အရှိန်စောပြီး ရောက်နေကြသည်မို့ ဇာခြည်မြင့်ကို ခေါ်သွားမည်ဆိုလျှင် ခေါ်သွားချိန်ရသည်။ မခေါ်ဘဲလျက် မိမိ လာသည်အထိ စောင့်နေခြင်းကပင်လျှင် မူမမှန်ခြင်း ဖြစ်နေသည်။

ဆိုင်ရှင် ဦးကြွယ်ဟိုးသည် မိမိနှင့် ဝေလွင် အခြေအနေ တင်းမာလာပြီမို့ မသိမသာ ဘေးသို့ရှောင်ဖယ်သွားသည်။

မည်သို့ဖြစ်စေ ကိုဝေလွင်နှင့် မိမိ တစ်ခုခုဖြစ်ပြီဆိုလျှင် ... ဦးကြွယ်ဟိုးသည် ကိုဝေလွင်ဘက်မှသာ ရပ်တည်မည်ဟု တော့ သေချာသည်။

“ဒီမယ် ကိုနေမင်းထွန်း ... ခင်ဗျားရုံးခန်းက မီးခံသေတ္တာဟာ ဘာမှဖြစ်သွားတာမှ မဟုတ်တာ ... ဒီကိစ္စ ခဏဘေးဖယ်ထားဗျာ ... အဲ ... ဦးလှိုင်မင်းက ကိုနေမင်းထွန်းကို ကြည်စေအေးစေ မေတ္တာရပ်ခံပြီး စေ့စပ်ရေးလုပ်တယ်ဆို၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စမှာ ခင်ဗျားက လက်ခံလိုက်လျှောလိုက်ရင် ကိစ္စအားလုံး ပြီးသွားပြီပေါ့ဗျာ … မြိုင်မြို့သစ်မှာ ခင်ဗျားလည်း လုပ်ငန်းတွေမှာ အကျိုးအမြတ် ရှိနေတာပဲ … ကြည်စေအေးစေ လိုက်လျှောပြီး ခင်ဗျားလုပ်ငန်းတွေ ဆက်လုပ်ပေါ့ အဲဒီလိုမှ မဟုတ်ရင်တော့ ကိုနေမင်းထွန်းအတွက် …"

ကိုဝေလွင်က စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်သည်။

"ဆက်ပြောပါ … ကျုပ်အတွက် ဘာဖြစ်လဲ ကိုဝေလွင်"

"ဟဲ … ဟဲ … ကိုနေမင်းထွန်းအတွက် စိတ်ဆင်းရဲစရာတွေ အခုထက် အများကြီး ပိုဖြစ်လာနိုင်တယ်ပေါ့ဗျာ …"

"ချော့လို့ မပျော့တာမို့ ခြောက်တာလား ကိုဝေလွင် …"

ကိုဝေလွင်က မရယ်လိုပါဘဲလျက် အသက်မဝင်သော တဟဲဟဲ ရယ်သံပြုလိုက်သေးသည်။

"မြိုင်မြို့သစ်မှာ ဦးလှိုင်မင်း ဖြစ်ဖြစ် … ကျွန်တော် ဝေလွင်ပဲဖြစ်ဖြစ် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မခြိမ်းခြောက်ခဲ့ပါဘူး ကိုနေမင်းထွန်း … ဘာလို့လဲဆိုတော့ ခြိမ်းခြောက်ဖို့ မလိုဘဲ အရာရာဟာ ပြီးမြောက်သွားခဲ့တာချည်းကိုး … အခု ကိုနေမင်းထွန်းကို ကျွန်တော် ပြောနေတာကလည်း ဒီလို ကျေအေးရင် ဒီလိုပြီးသွားနိုင်တယ်ဆိုတာကိုသာ ပြောပြတာပါ … ပညာရှိပေမဲ့ သတိဖြစ်ခဲဆိုတာမျိုး ကိုနေမင်းထွန်းမှာ ဖြစ်နေရင်ပေါ့ဗျာ …"

"မြိုင်မြို့သစ်က … ဒေသခံတွေအပေါ်မှာတော့ ခင်ဗျား



ဦးလှိုင်မင်း ခြိမ်းခြောက်ဖို့ မလိုဘဲ ပြီးသွားနိုင်မှာပေါ့ဗျာ"

"အင်းလေ … အဲဒါကိုပဲ ပြောတာ …"

"ဒီမယ် ကိုဝေလွင် … ကျုပ်က မြိုင်မြို့သစ်သားဇာတိလည်း မဟုတ်ဘူး … မြိုင်မြို့သစ် ဒေသခံလည်း မဟုတ်ဘူး … ရန်ကုန်က လာလုပ်တဲ့ တစ်နယ်သားဗျ … အဲဒီလိုရော ကိုဝေလွင်နဲ့ ဦးလှိုင်မင်းတို့ စဉ်းစားမိကြရဲ့လားဗျာ … အဲဒီတော့ …"

"ဆက်ပြောပါ ကိုနေမင်းထွန်း … အဲဒီတော့ ဘာဖြစ်လဲ"

"ဆက်ပြောရရင် … ကျွန်တော် ဒီမြိုင်မြို့သစ်ကို ထောင့်ကိုးရာငါးဆယ်သုံးခုနှစ်က ရောက်လာခဲ့တယ် … ကျွန်တော် ရောက်လာတဲ့အချိန်ကစပြီး အခု ထောင့်ကိုးရာငါးဆယ့်ရှစ်ခုနှစ်ဆိုတော့ … ငါးနှစ်တိုင်တိုင်ပေါ့ဗျာ … ပြုစုထားတဲ့ မှတ်တမ်းကြီး ရှိထားတယ် … အဲဒီ မှတ်တမ်းစာအုပ်ကြီးကို ဦးလှိုင်မင်းတို့ ကိုဝေလွင်တို့ ဘယ်လို ပရိယာယ်တွေသုံးပြီး ချော့ချော့ … ဘယ်လို အကြမ်းနည်းတွေသုံးပြီး ဘယ်လိုကြမ်းကြမ်း … ခင်ဗျားတို့ ဒီမှတ်တမ်းကြီးကို မရနိုင်ဘူးဆိုတာ သေချာ စွဲစွဲမြဲမြဲမှတ်ထားပါ … မီးခံသေတ္တာကို ဖောက်ခွဲရုံမကလို့ ကျုပ်ရုံးခန်းကို ဖြိုချချ … အဲဒီမှတ်တမ်းကြီး ခင်ဗျားတို့ မရစေရဘူး … ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားပါ …"

ကိုဝေလွင်၏ သကာရည်လောင်းထားသော မျက်နှာ ချက်ချင်း ငပုတ်ဖမ်းသွားပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမာလှချည်လား ကိုနေမင်းထွန်း ..."

"နဂိုက ကျွန်တော် ခေါင်းမမာတတ်ပါဘူး ကိုဝေလွင် ... အခုလို ကျွန်တော် ခေါင်းမာလာတတ်အောင် ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကပဲ သင်ပေးတာပါ ... ဒါကြောင့်လည်း ဒီငါးနှစ်တိုင်အောင် ပြုစုထားတဲ့ မှတ်တမ်းကြီးကို ကျွန်တော်က ကျွန်တော့်အန္တရာယ်ကာကွယ်ဖို့အတွက် အသေးစိတ် ပြုစုထားတာပါ ... တချို့ကိစ္စတွေမှာ မှတ်တမ်းဓာတ်ပုံတွေတောင် ထည့်ထားပါသေးတယ် ..."

"ခင်ဗျားနဲ့ ဦးလှိုင်မင်းက မြိုင်မြို့သစ်ရဲ့ ပါလီမန် အမတ်ကြီးစေတစ်လုံးပိုင်ရှင် ဆရာဦးဘစိမ်းကို ခင်ဗျားတို့ ဒိုင်းတစ်ခု အကာအကွယ်ယူထားတယ် မဟုတ်လား ... ကျွန်တော်က ဒီမြို့ဇာတိသား မဟုတ်တော့ ကျွန်တော့်ဘက်က ကာကွယ်ပေးမဲ့သူ မရှိဘူး ... အခု ပြုစုထားတဲ့ မှတ်တမ်းကြီးကသာ ကျွန်တော့်ကို အန္တရာယ်အသွယ်သွယ်က ကာကွယ်ပေးမှာ ... ဒိုင်းလို ကာကွယ်ပေးမှာ ... ကျွန်တော့်အရင် လုပ်ငန်းလုပ်သွားတဲ့ ကိုလင်းဟာ ကျုပ်လို အကာအကွယ် မှတ်တမ်းမျိုး ရှိမထားလို့ ရေရေလည်လည် ခံသွားရတယ် မဟုတ်လား ... သူ့လုပ်ငန်းတွေရော အဆောက်အအုံတွေရော ပစ္စည်းဂိုထောင်မှာရော မော်တော်ဘုတ်ပါမကျန် ဈေးပေါပေါနှင့် ရောင်းရပြီးရောဆိုပြီး ရောင်းပြေးသွားတာကို ကျုပ်က သင်ခန်းစာ ယူတယ်လေ ... ဒါကြောင့် ဒီမှတ်တမ်းကြီးကို ငါးနှစ်တိုင်အောင် ပြုစုခဲ့တယ် ... ဆက်လက်ပြုစု



ဆဲလည်း ဖြစ်တယ် ... မြိုင်မြို့သစ်မှာတော့ ခင်ဗျားတို့နှစ်ဦးကို အရေးယူနိုင်သူ မရှိဘူးပေါ့လေ ... အဲ ... လိုအပ်လာတဲ့အခါ ကျွန်တော်က ဒီမှတ်တမ်းကြီးကို တိုင်းအထိ ဗဟိုအထိရောက်အောင် တင်လိုက်မှာပဲ ကိုဝေလွင်"

အသားဖြူဝင်းသော ကိုဝေလွင်၏မျက်နှာမှာ နေမင်းထွန်း၏ စကားကြောင့် နီရဲလာသည်။

ကိုဝေလွင်သည် နောက်ထပ် ဘာတစ်ခွန်းမျှ မပြောတော့ဘဲ ချာခနဲလှည့်ကာ ဆင်ပေါက်ဟူစိန်အား လက်ဖျောက်တစ်ချက်တီးပြီး မေးဆတ်အချက်ပြလိုက်သည်။

ထိုအခါကျမှ ဆင်ပေါက်ဟု ခေါ်တွင်သော ဟူစိန်ကို နေမင်းထွန်း ကရုတစိုက် ကြည့်ရှုလိုက်သည်။ ဆင်ပေါက်ကြီး၏ ခန္ဓာကိုယ်ကြီးမှာ ယောကျ်ားဆောင်းထီး ဆောင်းသည်ပင် မလုံနိုင်အောင် ကြီးထွားလှပါ၏။ ပါးမြိုင်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ အပြိုင်းသားနှင့် တကယ့် တောရိုင်းတိရစ္ဆာန်ကြီးတစ်ကောင်သဖွယ် ရှိနေသည်။

ဆင်ပေါက်ကို မြင်ရုံနှင့် မြင်သူ ကြောက်လန့်စေထောက်ပါပေ၏။ ရင်ဘတ်နှင့် လက်ဖျံတို့တွင် ပေါက်နေသော အမွေးအမျှင်များကလည်း လူဝံကြီးတစ်ကောင်လား ထင်မှတ်ရသည်။

ဆင်ပေါက်ဟူစိန်သည် သူ့ဆရာ ကိုဝေလွင်၏ အမိန့်အတိုင်း ဓာခြည်မြင့်ကို ပွေ့ခေါ်ရန် ဟန်ပြင်လိုက်သည်။

"ဟေ့ ... ဓာခြည်မြင့်ကို ခေါ်မသွားနဲ့ ... ဆင်ပေါက်ဟူစိန်"

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထွန်းက ပြတ်သားသော အသံဖြင့် ဟန့်တားလိုက်သည်။

ဇာခြည်မြင့်ကိုသာ သူတို့ ခေါ်သွားနိုင်ပါက ဒီပွဲသည် နေမင်းထွန်း၏ အရှုံးပွဲ ဖြစ်သွားမည်။ အကြောင်းမူ ဇာခြည်မြင့်က မိမိကိုသာ ဖုန်းဆက်ခေါ်သူ မဟုတ်လား။

ပြီး ... ရှိန်းမောင်နှင့် ကိုဝေလွင် ပူးပေါင်းသည့်ကိစ္စ၊ မိမိ မီးခံသေတ္တာကို ဖောက်ခွဲရန် ကြံစည်သည့်ကိစ္စတွေကို နေမင်းထွန်းက ဇာခြည်မြင့်ကို ခိုမေးချင်စရာတွေ ရှိနေသည်။

နေမင်းထွန်း၏ ဟန့်တားချက်ကို ဆင်ပေါက်ကြီးက ဘယ်လိုလဲဟူသော အကြည့်ဖြင့် ကိုဝေလွင်ကို လှည့်ကြည့်ပြီး ထပ်ဆင့် အမိန့်တောင်းခံလိုက်သည်။

"ချတော့ကွာ ..." ဟု အမိပ္ပာယ် သက်ရောက်သည့် ကိုဝေလွင်က ဆင်ပေါက်ကြီးကို ခေါင်းညိတ်ပြလိုက်သည်။

ဆင်ပေါက်ကြီးသည် တကယ့်ဆင်ရိုင်းတစ်ကောင်၏ ခြေလှမ်းမျိုးဖြင့် လက်ကြီးနှစ်ဖက် ကားပြီး ရင်အုပ်ကြီးရှေ့မောက်ကာ နေမင်းထွန်းထံသို့ တစ်လှမ်းချင်း တိုးလာသည်။

ဆင်ပေါက်ကြီးက မိမိကို တိုက်ခိုက်တော့မည်မှာ သေချာသွားပါ၏။

ဆင်ပေါက်ကြီး၏ ထုထည်ကြီးမှာ မျက်စိအမြင် ဖြစ်သည်။ ဒီသတ္တဝါကြီးတွင် သက်ရည်ပုတ်ရည် တိုက်ခိုက်ရည် မည်မျှကျွမ်းသည်ကိုတော့ နေမင်းထွန်း မသိသေး။

လက်ရည်တူလျှင် နေမင်းထွန်း ခံသွားရမည်။



နေမင်းထွန်း အံ့ဩက တွက်ကိန်းထားလိုက်သည်မှာ မိမိကို ဆင်ပေါက်ကြီးက မချုပ်ကိုင်မိဖို့ အဓိက ဖြစ်သည်။ နပန်းချုပ်မျိုးသာ မိမိကို ဆင်ပေါက်ကြီး ချုပ်ကိုင်မိသွားပါက သူ၏ အင်အားဗလကြီးဖြင့် မိမိကို အရိုးတွေ ကျိုးသွားအောင် ဖျစ်ညှစ်နိုင်ပေမည်။

ဆင်ပေါက်ကြီး ဖမ်းချုပ်ခြင်းမှ လွတ်အောင် နေမင်းထွန်းက ဘေးရှေ့ကွက် နောက်ဆုတ်ကွက်တို့ဖြင့် ရှောင်သည်။

ဖမ်းချုပ်ရန် မလွယ်သောအခါ ဆင်ပေါက်ကြီးသည် သူ၏ ညာဝိုက်လက်သီးဖြင့် လက်တစ်ကမ်းအကွာမှ နေမင်းထွန်းကို ဝိုက်လက်သီး ထိုးလိုက်သည်။

မှားသွားပြီ ဆင်ပေါက်ကြီး။

ဤမျှဆိုလျှင် ဆင်ပေါက်ကြီး၏ အရည်အချင်းကို နေမင်းထွန်း သိပေပြီ။ ဆင်ပေါက်ကြီးသည် အပင်ကြီးသော်လည်း အသီးသေးသည့် ညောင်ပင်သာ ဖြစ်ပါ၏။

ဆင်ပေါက်ကြီး၏ ဝိုက်လက်သီးကို နောက်တစ်လှမ်းဆုတ်၊ ဘေးတစ်လှမ်းရွှေ့ ခြေကွက်ဖြင့် နေမင်းထွန်း ရှောင်လိုက်သည်။

ဆင်ပေါက်ကြီး၏ လက်သီးမှာ လူကို မထိုးမိဘဲ လေကိုသာ ထိုးမိပြီး အရှိန်အားကြီးသည်မို့ ဝုံးခနဲ အသံပင်ထွက်သွားပါ၏။

ဆင်ပေါက်ကြီးမှာ သူ့လက်သီးအရှိန်နှင့် သူ့ဘာသာ ယိုင်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ဆင်ပေါက်ကြီး၏ လက်သီးချက် မိသွားလျှင် ပွဲသိမ်းသွားပြီး နေမင်းထွန်းကို နီးရာဆေးခန်း ဆေးရုံသို့ အမြန်ပို့ရပေမည်။

နေမင်းထွန်းသည် ဆင်ပေါက်ကြီးနှင့် မျက်နှာချင်းဆိုင် ပြန်၍ရပ်လိုက်သည်။

ဆင်ပေါက်ကြီးသည် သူ၏လက်သီးချက်ကို နေမင်းထွန်းက ကျင်လည်စွာ ရှောင်တိမ်းနိုင်မှန်း သဘောပေါက်သွားပြီး လက်သီးနှင့် ထပ်မထိုးတော့ဘဲ လက်ကြီးနှစ်ဖက် ရှေ့သို့တန်းကာ ကြက်ဖမ်းသလို လည်ပင်းကိုညှစ်ရန် ရှေ့သို့ အလောတကြီး တိုးလာသည်။ ခံလိုက်ပေတော့ ဆင်ပေါက်ကြီး။

နေမင်းထွန်းက လက်ကြီးနှစ်ဖက် ဆန့်တန်းလာသည့်ကို နေမင်းထွန်း ဒူးကွေးကာ ငုံ့ရှောင်ပြီး ကွေးထားသော ဒူးအစုံသည် စက်ပလိန်တွန်းကန်သလို ပြန်အထမှာပင် နေမင်းထွန်း၏ ညာဘက်ဒူးဆစ်အုံသည် ဆင်ပေါက်ကြီး ပေါင်နှစ်ဖက်ကြား ဗွန်းသို့ပင် ဝင်ဆောင့်ထည့်လိုက်သည်။

"အင့် ... အား ..."

ဆင်ပေါက်ကြီး ပါးစပ်မှ ငြီးသံထွက်လာသည်။ အကောင်ကြီး ကြီးမားသလောက် အသံကျယ်စွာ မရှိမဆန့် အသံကြီး ဖြစ်တော့သည်။ သူ့လက်ဝါးကြီးနှစ်ဖက်ဖြင့် ပေါင်ဂွဆုံကို အုပ်ကာ တအင်းအင်း ငြီးတွားကုန်းကွကွကြီး ဖြစ်နေသည်တွင် နေမင်းထွန်းက ဆင်ပေါက်ကြီး လည်ကုပ်ကို လက်ဝါးစောင်း ခုတ်ချလိုက်သည်။



ဖွဲ့အိတ်ကြီး ပစ်ချလိုက်သလို ဆင်ပေါက်ကြီးမှာ အိခနဲ ကြမ်းပြင်ပေါ်သို့ မှောက်လျက်သားကြီး ကျသွားပေတော့သည်။ ကြမ်းပြင်တွင် လက်တစ်ဖက်က ပေါင်ဂွဆုံကိုအုပ်ပြီး ကျန်တစ်ဖက်က သူ့လည်ကုပ်ကို ကိုင်ရင်း လူးလိမ့်နေတော့သည်။

ဝေလွင်သည် အလွန်တရာ အံ့သြစွာဖြင့် ခံလိုက်ရသော ဆင်ပေါက်ကြီးကို ငုံ့ကြည့်နေစဉ်မှာပင် နေမင်းထွန်းက စာခြည်မြင့်ကို ထမ်းပိုးလိုက်သည်။

အံ့အားသင့် ငေးကြည့်နေသည့် ကိုဝေလွင်ကို ဖြတ်လျှောက်ရင်း ...

"ဒီမယ် ကိုဝေလွင် ... ခင်ဗျားတပည့်ကြီးကို အမြန်ဆုံး ဆရာဝန်ဆီ ခေါ်သွားတော့ ... ပိုဟာတက်သွားရင် သေတတ်တယ် ... နောက်ပြီး ခင်ဗျားကောင်ကြီးကို ဆရာကောင်းနဲ့ ဆက်သင်ပေးလိုက်ဦး ... အသတ်အပုတ်မှာ အကောင်ကြီးတာ အဓိကမဟုတ်ဘူး ... ခင်ဗျားကောင်ကြီး ပညာ သိပ်နုသေးတယ် ..."

ထွီခနဲ တံတွေးမပါဘဲ ဝေလွင် အသံထွက် ထွေးလိုက်သည်။

နေမင်းထွန်းက စာခြည်မြင့်ကို လင်းရှိဗာကားရှေ့ခန်းတွင် အထိုင်ပုံစံ တင်ထားလိုက်ပြီး ကားတက်မောင်းထွက်သွားခဲ့တော့သည်။

ooo ◫ ooo

www.burmeseclassic.com

www.burmeseclassic.com



## ( ၃ )

အတော်အတန် မောင်းလာခဲ့ပြီးမှ နေမင်းထွန်း သည် ကားကို လမ်းဘေးတွင် ရပ်သည်။

ဇာခြည်မြင့်အား လှုပ်ပြီးနှိုးသည်။

"ထစမ်း ... ဇာခြည်မြင့် ထစမ်း ..."

တအင်းအင်း တအဲအဲဖြင့် ဇာခြည်မြင့် မျက်လုံး နှင့် မျက်စိပွင့်လာသည်။

"ဒီမှာ ဇာခြည်မြင့် ... စောစောက လှိုင်နန္ဒာစားသော ဆိုင်ကနေပြီး ငါ့ကို ဖုန်းဆက်တယ်ဆို ... အဲဒါကို နင် မှတ်မိလား ..."

"သြော် ... ကိုနေမင်းထွန်းပါလား ... ဇာခြည်မြင့် ကိုနေ ထွန်းဆီ ဖုန်းဆက်တာကို မှတ်မိပါတယ် ..."

"ဘာလို့ ငါ့ကို ဖုန်းဆက်တာလဲ ..."

"ကိုရှိန်းမောင်က ပြောတယ် ... ဇာခြည်တို့ မြိုင်မြို့သစ် ပြန်သွားရင် ပိုက်ဆံအများကြီး ရမယ်တဲ့ ..."



"ငါ့ဆီက ရမယ်လို့ ပြောတာလား ..."

"ဟင့်အင်း ... သူ ပိုက်ဆံတွေ အများကြီးရမယ်ဆိုတာက ကိုဝေလွင့်ဆီက ..."

ဇာခြည်မြင့် မျက်လုံးပြန်မှေးပြီး အိပ်သွားပြန်သည်။

နေမင်းထွန်းက ပြန်လှုပ်နှိုးသော်လည်း ဇာခြည်မြင့် မနိုးပေ။

ခဏလေးနိုးပြီး ပြန်အိပ်သွားသော ဇာခြည်မြင့် ပြောသည့်စကားအရ ရှိန်းမောင် မြိုင်မြို့သစ်သို့ ပြန်လာခြင်းသည် ကိုဝေလွင့်နှင့် ပူးပေါင်းရန်ဟုတော့ နေမင်းထွန်း သိလိုက်ရသည်။

ကိုဝေလွင့်အပေါ် အခဲမကျေဘဲ နေမင်းထွန်း လက်သီးဆုပ် အံကြိတ်မိသည်။

ကိုဝေလွင်သည် မြိုင်မြို့သစ်တွင် မိမိကို စိတ်ဆင်းရဲစရာ အသေးအဖွဲမှစပြီး အကြီးအမားကြီးတွေအထိ လုပ်ဆောင်ချက်ပြင်းထန်ပေသည်။

မိမိ အလွန်ချစ်မြတ်နိုးသော ချစ်သူ ခင်မိမိကို မိမိလက်မှ ကိုဝေလွင် အရယူသွားသည်။

ကားမောင်းနေရင်းပင် နေမင်းထွန်းသည် တစ်ချိန်က နှလုံးသားမေတ္တာဖြင့် သိပ်ချစ်ခဲ့သည့် ချစ်သူဟောင်း ခင်မိမိကို မျက်စိထဲ အလိုလိုမြင်လာသည်။

ယခုမူ ခင်မိမိသည် မြိုင်မြို့သစ်၏ ထိပ်တန်းလူချမ်းသာ ကိုဝေလွင်၏ ဇနီးမယား ဖြစ်နေပေပြီ။

မြိုင်မြို့သစ်သို့ နေမင်းထွန်း ရောက်လာပြီး ပထမ

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်အတွင်းမှာပင် ခင်မိမိနှင့် မိမိ နေမင်းထွန်းတို့ ချစ်သူဘဝ ရောက်သွားသည်။

ထိုစဉ်က နေမင်းထွန်းသည် ပျော်လိုက်သည့်ဖြစ်ခြင်း၊ ခင်မိမိနှင့် တစ်ပူးတွဲတွဲရှိခဲ့သည်။ သွားအတူ စားအတူ ဖြစ်ခဲ့သော်လည်း အိပ်အတူထိတော့ မဖြစ်။ နေမင်းထွန်း စည်းစောင့်သိက္ခာစောင့်ခဲ့သည်။

နေမင်းထွန်းပိုင် ဗေဒါ မော်တော်လေးဖြင့် ကျွန်းသာယာသို့ ရေကူးဖို့ ပျော်ပွဲစား သွားခဲ့သည်လည်း အခေါက်ပေါင်းများစွာ၊ ခင်မိမိနှင့် ကျွန်းသာယာသို့ သွားပါက ခင်မိမိဝတ်ဖို့ ရေကူးဝတ်စုံ အထပ်လိုက်ဝယ်ထားပြီး ဗေဒါပေါ်တွင် ထားရှိသည်။

ခင်မိမိနှင့် လက်ထပ်ပြီးလျှင် အတူနေဖို့ ... မြို့အနောက်ဖျားပိုင်းတွင် မြေကွက်ဝယ်ပြီး တစ်ထပ်တိုက်လေး တည်ဆောက်ထားသည်။

သို့သော် ...

ခင်မိမိသည် တစ်ဆိတ် လောဘကြီးလွန်းသည်။ နေမင်းထွန်းက မြိုင်မြို့သစ်တွင် အဆောက်အဦကန်ထရိုက်အလုပ်ဖြင့် အထိုက်အလျောက် အကျိုးအမြတ်ရှိပြီး ငွေကြေးပြည့်စုံပါသည် ဆိုသော်လည်း နေမင်းထွန်း၏ ပြည့်စုံမှုသည် ကိုဝေလွှင်၏ ချမ်းသာကြွယ်ဝမှု ပမာဏနှင့် နှိုင်းစာလျှင် ခင်မိမိအဖို့ မက်မောစရာ မရှိပါလေ။

ပြီး ... မြိုင်မြို့သစ်တွင် ကိုဝေလွှင်က ငွေကြေးချမ်းသာရုံမက တစ်မြို့လုံးအပေါ်တွင် သြဇာတိက္ကမ ရှိလွန်းသည်။ ဝေလွှင်သည် မြိုင်မြို့သစ်ဓာတ်သားလည်း ဖြစ်သည်။



နေမင်းထွန်းက တခြားမှ ရောက်လာသူ အရည်အချင်းအားဖြင့် အဘက်ဘက်က ပြည့်စုံသည်။ လူတော်လူကောင်းတစ်ဦးမို့ စီးပွားရေးတွင် တိုးတက်အောင်မြင်သော်လည်း မြိုင်မြို့သစ်တွင် နေမင်းထွန်း သြဇာတိက္ကမ မရှိ။

နောက်ဆုံး ... ရုပ်ချောသော၊ ချမ်းသာလွန်းသော သြဇာတိက္ကမရှိသော ကိုဝေလွှင်ကို ခင်မိမိက လက်ထပ်လိုက်ပေသည်။

နေမင်းထွန်း အသည်းဟက်တက်ကွဲသည်။ ရင်ထဲတွင် ဆတ်ဆတ်ခါ နာကြည်းသည်။

ကိုဝေလွှင်သည် ခင်မိမိကို အမှန်တကယ် ချစ်ခင်မြတ်နိုးသောကြောင့် လက်ထပ်ခြင်းပေလော။

သို့မဟုတ် ... နေမင်းထွန်းလိုကောင် ‡မင်းခံပေတော့ဟု အနိုင်ယူလိုသောစိတ်ကြောင့် ခင်မိမိကို လက်ထပ်ခြင်းပေလော။

ကိုဝေလွှင်သည် နေမင်းထွန်းအား အသည်းကွဲစေခဲ့သည်သာမက ထမင်းအိုးကွဲစေရန်အထိ ကြံစည်လုပ်ဆောင်နေပြန်သည်။

ယခုလည်း မိမိနှင့် မကျေမလည် ဖြစ်သွားသော ရှိန်းမောင်အား ကိုဝေလွှင်က ငွေကြေးဆိုသော ပိုက်ကွန်ဖြင့် အမိဖမ်းလိုက်ပြန်ပြီ။

ထိုမျှသာမက ယခုညတွင် ဆင်ပေါက်ကြီးလို သတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြင့် မိမိကို ရင်ဆိုင်စေပြီး ကိစ္စပြီး လုပ်ကြလိုက်သည်အထိ ကိုဝေလွင်ဘက်မှ ကြံစည်မှု ကြမ်းလာပေပြီ။

"အစ်ကို နေမင်းထွန်း ... ဓာခြည့်ကို သဟာယ တည်းခို ဆောင်ကို ပြန်ပို့ပေးပါ ... အဲဒီမှာ ဓာခြည် တည်းခိုနေတာ ပါ ... "

ဓာခြည်မြင့်သည် တစ်ပတ်ကျော့ ပြန်နိုးလာပြီး အမူးပြေသွားသည့်အသံဖြင့် ပြောလိုက်သည်ကို ကြားရသည်။

သဟာယ တည်းခိုဆောင်သည် မြိုင်မြို့သစ်တွင် အပေါစားတည်းခိုဆောင်တစ်ခုသာ ဖြစ်သည်မှန်း နေမင်းထွန်း သိထားပါ၏။

သဟာယ တည်းခိုဆောင်ရှိရာသို့ နေမင်းထွန်း ဆက်မောင်းလာသည်။

ညတာဝန်ကျ သဟာယ ဆောင်စာရေးသည် နေမင်းထွန်းက ဓာခြည်မြင့်ကို ပခုံးဖက် တွဲခေါ်ဝင်ရောက်လာသည်ကို မျက်လုံးမျက်ဆံပြူး အံ့အားသင့်စွာ ကြည့်နေသည်။

"ဒီအမျိုးသမီးကို မင်း သိတယ်မှတ်လား ... "

"သိသားပဲ ... ဒီမှာတည်းတာ သုံးရက်ရှိနေပြီ ... "

"သူ့ယောက်ျား ရှိန်းမောင်ရော သူ့အခန်းမှာ ရှိနေလား"

"မရှိဘူး ... အပြင်ထွက်သွားတာ ကြာပြီ ... "

"ဒါဆို ... သူတို့အခန်းသော့ ပေးစမ်းကွာ ... ဒီအမျိုးသမီးကို သူ့အခန်းပို့ပေးရမယ် ... "

စာရေးက အင်တင်တင်လုပ်နေပါ၏။



ဤတည်းခိုဆောင်သည် မြိုင်မြို့သစ်၏ ဘုရင်တွေ ဖြစ်နေသော ဦးလှိုင်မင်းနှင့် ကိုဝေလွင်၏ လောင်းရိပ်ထဲ ပါဝင်နေကြသည်ပင် ဖြစ်သည်။

"ဘယ်လိုလဲကွ ... အခန်းသော့ မပေးဘူးလား ... ဒါဆို လည်း ရတယ် ... သူ့အခန်းကို ငါ ခြေနဲ့ဆောင့်ကန်ဖွင့်မယ်၊ မင်းတို့တည်းခိုခန်းတွေက အခိုင်အမာမှမဟုတ်တာ ... "

နေမင်းထွန်း တကယ်ကြမ်းတော့မည်မှန်း အကဲ ခတ်မိသဖြင့် စာရေးက ဓာခြည်မြင့်၏ အခန်းသော့ကို ထုတ်ပေး လာသည်။

ဓာခြည်မြင့်၏ အခန်းထဲအထိ နေမင်းထွန်းက လိုက်ပို့ပြီး အိပ်ရာထက်တွင် ဓာခြည်မြင့်ကို လဲလျောင်းထားလိုက် သည်။

အိပ်ခန်းမီး မဖွင့်ရသေး။

နောက်မှ စာရေးလိုက်လာသည်။

"ဒီမှာဗျ ... ဒီအစ်မကို ပို့ပြီးပြီ ... ခင်ဗျား ပြန်တော့ ... တော်ကြာ သူ့ယောက်ျားကိုရှိန်းမောင် ပြန်လာလို့ တွေ့ သွားရင် ပြဿနာဖြစ်ကုန်မယ် ... "

"မင်းပါးစပ် ပိတ်ထား ... ဒီအခန်းမီးခလုတ်ကိုသာဖွင့်"

"ခင်ဗျား ပြန်ထွက်သွားဖို့ ကျုပ် ပြောနေတာဗျ ... "

နေမင်းထွန်း စိတ်မရှည်တော့။ စာရေးလေး၏ နား ရွက်ကိုဆွဲကာ တံခါးဝမှ အခန်းထဲသို့ ဆွဲသွင်းလိုက်သည်။

အသက်နှစ်ဆယ်သာသာခန့်သာ ရှိသေးသော

www.burmeseclassic.com



စာရေးလေးသည် နားရွက်ဆွဲခံထားရသည့်ကြားပင် နေမင်းထွန်းကို ပြန်ထိုးနေရာ နေမင်းထွန်းက မထိအောင် ရှောင်တိမ်းရင်း နားရွက်ကို ဝိုရ်၍ ဆွဲလိမ်ပစ်လိုက်သည်။

"အား ... အား ... နာတယ်ဗျ ... "

"မီးခလုတ်ဖွင့်စမ်း ... "

ချာတိတ်သည် နာခံမှုလေး ရှိသွားပါ၏။ မီးခလုတ်ကို သွားဖွင့်ပေးသည်။

"ကဲ ... မင်းသွားတော့ ... မင်း ထပ်ပြီး အရစ်ရှည်ချင်သေးရင် မင်းဆရာတွေဆီဖြစ်ဖြစ် ... ရဲစခန်းကိုဖြစ်ဖြစ် ဖုန်းဆက်တိုင်လိုက်ကွာ ... "

ပြောပြောဆိုဆိုပင် နေမင်းထွန်းက ချာတိတ်စာရေးကို အခန်းအပြင်သို့ တွန်းပို့လိုက်ရာ ချာတိတ်စာရေးသည် စောင်းငန်းစောင်းငန်းဖြင့် ထွက်သွားသည်။

နေမင်းထွန်း ဓာခြည်မြင့် ရှိရာသို့ ပြန်လာသည်။

ဓာခြည်မြင့် အမူးအတော်ပြေသွားပြီ ဖြစ်ပုံရသည်။ ပက်လက်အနေအထား မဟုတ်တော့ဘဲ ခုတင်အိပ်ရာပေါ်တွင် ထိုင်လျက်သားရှိနေသည်။ ယောကျ်ားသားတစ်ဦးရှေ့တွင် တုံးလုံးပက်လက် မနေသင့်ဟု မိန်းမသားတစ်ယောက်၏ ဆင်ခြင်ဖွယ်အသိကို ဓာခြည်မြင့် သိပေသည်။

မိန်းမကောင်းလေးပါပေ။

"ကိုနေမင်းထွန်းကို ဓာခြည် ကျေးဇူးသိပ်တင်ပါတယ် ... ဒီကို ပြန်ပို့ပေးတာရော ... ဓာခြည် စားသောက်ထားတဲ့



ငွေတွေ ရှင်းပေးခဲ့တာရောအတွက်လေ ... "

နေမင်းထွန်း ဘာမျှပြန်မပြော ကုလားထိုင်ဆွဲယူကာ ခုတင်ဘေးတွင် ထိုင်သည်။

"ဓာခြည်တော့ ... ကိုရှိန်းမောင်ကို တကယ်စိတ်ကုန်သွားပြီ ... ကိုယ့်ဟာကိုယ် အဆိုတော်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ကိုယ့်ဝမ်းကိုယ်ရှာစားတော့မယ် ... "

"ဒီမြိုင်မြို့သစ်မှာပဲလား ... "

"ဒီမှာတော့ ဘယ်ဟုတ်မလဲ ... ဒီမှာနေသရွေ့ ကိုရှိန်းမောင်ရဲ့ရန်ရော ကိုဝေလွင်တို့ရဲ့ အလွှမ်းအမိုးရော ဘယ်အေးမလဲ ... နောက်ပြီး ဒီမြို့မှာ ဓာခြည်ဟာ ကိုရှိန်းမောင်ရဲ့ ဇနီးတစ်ယောက်အနေနဲ့ လူတွေရဲ့ အထင်သေးအမြင်သေးတွေ ရှိနေပြီ ... ဒီမြို့မှာ အဆိုတော်လုပ်လို့ ဘယ်အောင်မြင်ပါ့မလဲ ... ဓာခြည် ရန်ကုန်ကို သွားချင်တယ် ... ဒါပေမဲ့ ဓာခြည့်မှာ ရန်ကုန်သွားဖို့ ခရီးစရိတ်တောင် မရှိဘူး ... ဒါကြောင့် ကိုနေမင်းထွန်းဆီ အကူအညီတောင်းချင်လို့ လှိုင်နန္ဒစားသောက်ဆိုင်ကနေ ဖုန်းဆက်တာ ... "

"နင် ရန်ကုန်ဆင်းပြီး အဆိုတော်ဖြစ်ဖို့ ကြိုးစားတာတော့ ဟုတ်ပြီထား ... ရန်ကုန် ဂီတလောကမှာ နင် အဆက်အသွယ် ရှိနေလို့လား ... "

"ရှိသင့်သလောက် ရှိပါတယ် ... "

ဓာခြည်မြင့်သည် ရှိန်းမောင်နှင့် မယူမီကတည်းက [illegible]ဘဝကတည်းက မြိုင်မြို့သစ်၏ ညကလပ်နှင့် ဟိုတယ်တို့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဖျော်ဖြေတီးဝိုင်းများတွင် ဝင်ရောက်သီဆိုခဲ့သည်ကို နေမင်းထွန်း သိထားသည်။

ကောင်မလေးသည် ရုပ်လေးလည်းရှိ သီဆိုခြင်း အသံလည်းမဆိုး၊ အလားအလာ ရှိပေသည်။ ဒီကြားထဲက ရုပ်ချော အပြောကောင်း ရှိန်းမောင်ကို အထင်ကြီးပြီး လက်ထပ်ခဲ့ခြင်းဖြစ်သည်။

နေမင်းထွန်း အိတ်ထဲမှ ငွေနှစ်ထောင် ထုတ်ယူလိုက်သည်။ သူမဘေးတွင် ချပေးလိုက်ပါ၏။

"နက်ဖြန် လေယာဉ်ရှိတယ် ... အဲဒီလေယာဉ်နဲ့ ရန်ကုန်ကို လိုက်သွား ... လေယာဉ်ခအပြင် အလုပ်ရှာနေတုန်း သုံးဖို့ပါ ငွေနှစ်ထောင်ဆို လောက်တယ် ..."

"ကပ်ပြီးမှ လေယာဉ်လက်မှတ် ဝယ်လို့ရပါ့မလား ကိုနေမင်းထွန်း ..."

"ရတယ် ... ငါနဲ့ ဒီမြို့က ယူဘီအေ ကိုယ်စားလှယ် ကိုတိုးနဲ့ ခင်တယ် ... ဒီက ပြန်သွားတာနဲ့ ကိုတိုးဆီပါ ဖုန်းဆက်ပြီး နင့်အတွက် လေယာဉ်လက်မှတ် ရအောင်လုပ်ပေးပါလို့ ပြောလိုက်မယ် ... နင် ဆက်ဆက်ရန်ကုန်ကိုသွား ... နင့်ရုပ် နင့်အသံနဲ့ အဆိုတော်အဖြစ် အောင်မြင်နိုင်တယ် ... နင် အောင်မြင်ပြီး အခြေခိုင်မှ နင့်ယောကျ်ား ရှိန်းမောင်ကို ခေါ်ချင်ခေါ်ပေါ့ ... ဒါလည်း နင် ရှိန်းမောင်အပေါ် စိတ်မကုန်ရင် ပြောတာပါ ... ဒီကောင့်အတွက် ဒီမြို့မှာအန္တရာယ်တွေ ရှိလာနိုင်တယ် ..."



"အို ... သူ့ကိုခေါ်ဖို့ ဇာခြည် လုံးဝစိတ်မကူးဘူး ... သူ့ကို အရမ်းစိတ်ပျက်ရုံမက စိတ်ကုန်သွားပြီ ..."

"ဒါတော့ နင့်ကိစ္စ နင့်သဘောပဲ ... နင် ငါ့ဆီကို ဖုန်းဆက်တာ ... ရန်ကုန်သွားချင်လို့ ငွေလိုတာ သက်သက်အတွက် ဆက်တာလား ဇာခြည် ... တခြားအကြောင်း ရှိသေးလား"

ဇာခြည်မြင့်က ဖြည်းလေးစွာ ပြန်ဖြေပါ၏။

"ကိုရှိန်းမောင်က ဇာခြည် သူ့လက်က ထွက်ပြေးမှာစိုးရိမ်ပြီး ဇာခြည့်ကို ပိုက်ဆံလုံးဝမပေးဘူး ... ဒီတော့ ဇာခြည့် စိတ်ထဲမှာ ရန်ကုန်သွားဖို့ စားစရိတ်အတွက် ကိုနေမင်းထွန်းဆီကသာ ရနိုင်မယ် ... ကိုရှိန်းမောင်က ကိုနေမင်းထွန်း ငွေတစ်သောင်း သုံးပြေးထားတဲ့ လူဆိုတော့ ဇာခြည် တောင်းတဲ့ငွေကို အလွယ်ထုတ်ပေးမှာမဟုတ်ဘူး ... ဒီတော့ ဇာခြည်က ကိုနေမင်းထွန်းဆီ သတင်းရောင်းပြီး ပိုက်ဆံတောင်းမယ်ဆိုပြီး ဖုန်းဆက်တာ ... အခုတော့ ကိုနေမင်းထွန်းက စေတနာကောင်းပြီး ငွေနှစ်ထောင် ထုတ်ပေးတော့ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ပဲ သတင်းပြောပါ့မယ် ..."

"ဘာလဲ ... နင့်သတင်းက ဘာသတင်းမို့လဲ ... ငါ့ရုံးခန်းထဲက မီးခံသေတ္တာကို ရှိန်းမောင်က ဒိုင်းနမိုက်နဲ့ လာခွဲလိမ့်မယ်ဆိုတဲ့သတင်းလား ဇာခြည် ..."

"အဲ ... ဟုတ်ပါ့ ... ကိုနေမင်းထွန်းက ဇာခြည် မပြောဘဲတောင် သိနေတာပဲ ... ဒါဆို ဒီငွေနှစ်ထောင်ကို ကိုနေမင်း

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဆီက ဇာခြည်ရဲ့ ချေးငွေလို့ပဲ သဘောထားလိုက်ပ
ဇာခြည် အလုပ် အဆင်ပြေတာနဲ့ ကိုနေမင်းထွန်းရဲ့ ငွေ
ပြန်ဆပ်မှာပါ ... "

"မလိုပါဘူး ... ငါက နင့်အခက်အခဲကို ကူညီတာပဲဟာ"

"ကျေးဇူးတင်တယ် ကိုနေမင်းထွန်း ... ဇာခြည် ပြော
တာကတော့ ကိုနေမင်းထွန်း အမြဲသတိထားနေပါ ...
ဦးလှိုင်မင်းနဲ့ ကိုဝေလွင်က ကိုနေမင်းထွန်းကို အပြတ်
အပြတ်ခေါ်ဖို့ တိုင်ပင်နေတာတွေ ဇာခြည် ကြားတယ်"

နေမင်းထွန်း ဘာမှမပြောတော့ဘဲ ... ဇာခြည်၏
တည်းခိုခန်းထဲမှ ထွက်လာသည်။

တကယ်တော့ ဇာခြည်ပြောသော သတင်းမှာ မိမိ
က မှန်းဆယူဆထားပြီးသော သတင်းဖြစ်နေသည်။

သို့သော် ဇာခြည်မြင့် ပြောပြခြင်းအားဖြင့် မိမိ၏
မှန်းဆယူဆသတင်းမှာ မှန်ကန်ကြောင်းတော့ သေချာသွားသည်။

နေမင်းထွန်းသည် ဦးလှိုင်မင်းကိုရော ကိုဝေလွင်
ပါ မမှုပေ။ သူတို့နှစ်ယောက်ကို မဆိုထားလင့် သူတို့ရှေ့မှ မားမား
ကြီး ရပ်ပြီး အကာအကွယ်ပေးနေသည့် မြိုင်မြို့သစ်၏ ပါလီမ
အမတ် ဦးဘစိမ်းကိုပင် နေမင်းထွန်းက မမှုပေ။

သူတို့သည် ဆင်တွေဖြစ်ပါက မိမိက ကျားဖြစ်ပေ
မည်။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသည်ပဲပေါ့။

ooo ◻ ooo



( ၄ )

မြိုင်မြို့သစ်တွင် ပါလီမန်အမတ်ဦးဘစိမ်း၏ရှေ့မှ
မားမားကြီး အကာအကွယ်ရပ်တည်ပေးထား ပြီး သူတို့တွင် ငွေနှင့်
အာဏာရှိသလို ... မိမိတွင်လည်း သူတို့အားလုံး၏ 'ဒုစရိုက်မှတ်
တမ်းကြီး' နေ့စွဲ ရက်စွဲ အတိအကျနှင့် တချို့ကိစ္စတွင် ဓာတ်ပုံ
အထောက်အထားပင် အခိုင်အမာ မှတ်တမ်းကြီး လက်ဝယ်ရှိထား
သည်ပဲ။

ဇာခြည်မြင့် တည်းခိုခန်းမှ နေမင်းထွန်း ထွက်လာ
ပြီး မိမိရင်ထဲတွင် အလွန်တင်းကျပ်မှုမျိုး ခံစားနေရသည်။

ယင်းသို့ ရင်ထဲတွင် လွန်မင်းစွာ တင်းကျပ်မှုခံစား
နေရသည်ကို ယုံကြည်စိတ်ချရသည့်သူတစ်ဦးအား ဖွင့်ဟပြောချ
လိုက်ရလျှင် သို့မဟုတ် အန်ထုတ်လိုက်ရလျှင် မိမိရင် ပေါ့သွားပေ
မည်။ ကောင်းပြီ ... မိမိ နေမင်းထွန်းအတွက် မြိုင်မြို့သစ်တွင် စိတ်
ချယုံကြည်ရသူ မိမိအပေါ် စေတနာတကယ်ထားသူ အဘယ်သူ
ရှိသနည်း။

www.burmeseclassic.com



ဝတ်လုံတော်ရကြီး ဦးမိုးဝင်း။

အင်း ... ဝတ်လုံတော်ရ ဦးမိုးဝင်းကတော့ ယုံကြည် စိတ်ချရပြီး မိမိအား စေတနာထားသူဟု ယူဆနိုင်သည်။

ဦးမိုးဝင်းသည် အမြဲတစေ တရားရုံးတွင် အမှန်ဘက် မှ အမှုမျိုးဘက်ကသာ ရပ်တည်ပြီး အမှုလိုက်လေ့ရှိသည်။

အထူးသဖြင့် ဦးလှိုင်မင်းနှင့် ကိုဝေလွင်နှင့် ပါလီမ[…] အမတ် ဦးဘစိမ်းတို့အား ဦးမိုးဝင်းက အောက်ကျို့ခံလေ့မရှိ။

အမတ်မင်း ဦးဘစိမ်းသည် အမတ်မဖြစ်မီ ကျောင်း[…] ဆရာဘဝကတည်းက ဝတ်လုံတော်ရ ဦးမိုးဝင်းနှင့် ကျေးရှိသေ […] ရှိသေပုံစံနှင့်သာ ဆက်ဆံသည်။

အကယ်၍ ဦးလှိုင်မင်းနှင့် ကိုဝေလွင်တို့၏ တ[…] ဘက်တော်သားတစ်စု ရိုက်မှု ခုတ်မှု လုယက်မှု တစ်ခုခု ကျူး[…] သည် ဆိုကြပါစို့။

ခံလိုက်ရသည့် တရားလိုကလည်း ဝတ်လုံတော်[…] ဦးမိုးဝင်းကို ငှားသည်ဆိုကြပါစို့။

ဦးမိုးဝင်းသည် ဦးလှိုင်မင်း ကိုဝေလွင် အမတ်[…] ဦးဘစိမ်းတို့အား မျက်နှာမထောက် ဂရုမထားဘဲ ခံရသော[…] လိုဘက်မှ လိုက်ပါဆောင်ရွက်သည်။ ဦးလှိုင်မင်း ကိုဝေလွင်[…] တပည့်တရားခံကို ခံထိုက်သော အပြစ်ဒဏ် စီရင်ချက် ချ[…] အထိ ဦးမိုးဝင်းက ဆောင်ရွက်သည်။

သို့တိုင်အောင် အမတ်မင်း ဦးဘစိမ်းသည်[…] ကောင်း၊ ဦးလှိုင်မင်းနှင့် ကိုဝေလွင်သည်လည်းကောင်း ဦး[…]



ထို တုံ့ပြန်မှုမရှိပေ။

သူတို့ အုပ်ချုပ်ကြီးကိုင်ထားသော မြို့မြို့သစ်တွင် သူတို့တပည့်တစ်ယောက်နှစ်ယောက် ထောင်ကျချင် ကျပစေ ဦးဘမိုးလို မှန်ကန်တည်ကြည်သော အကျိုးဆောင် ဝတ်လုံတော်ရ ပုဂ္ဂိုလ်မျိုး ရှိနေပါသည်ဟု ဝန်းကျင်လူတွေကရော တိုင်းဗဟိုကရော သိစေမြင်စေချင်သောကြောင့် ဖြစ်ပါ၏။

တကယ်တော့ ... ဦးလှိုင်မင်း ကိုဝေလွင်တို့၏ ပရိယာယ်တစ်ပါးပေ။

ထို့ကြောင့်လည်း နေမင်းထွန်းက ရင်တွင်း တင်းကျပ်မှုကို သက်သာသွားစေရန် ဦးမိုးဝင်းထံသွားပြီး အန်ချဖို့ စိတ်ထူးလိုက်ခြင်းဖြစ်သည်။

သို့သော် အချိန်မှာ ညကြီးအချိန်မတော် ဖြစ်နေသည်။ ဤအချိန်မတော်ကြီးတွင် လူကြီးလူကောင်း ဦးမိုးဝင်းလို ပုဂ္ဂိုလ်ကြီးအား တံခါးခေါက် အိပ်ရာမှနိုးရန် မသင့်တော်ပေ။

ဒါဆို မည်သူ့ဆီကို သွား၍ အန်ချမည်နည်း။

"အဲ ... ကေသီစိုး ..."

ဟုတ်ပြီ ... ကေသီစိုးဆီ သွားလျှင်ကောင်းမည်။ ကေသီစိုးသည် နေမင်းထွန်း၏ လုပ်ငန်းတွင် ခန့်အပ်ထားသော နေမင်းထွန်း၏ လက်ထောက်၊ သို့မဟုတ် နေမင်းထွန်း၏ ပီအေမလေးဖြစ်သည်။

ပထမတုန်းက ကေသီစိုးသည် အလယ်တန်းပြ သာမန်ကျောင်းဆရာမလေးတစ်ဦးသာ ဖြစ်သည်။ ဆရာမ၏ လစာ

www.burmeseclassic.com

www.burmeseclassic.com



ငွေမှာ နည်းသဖြင့် နေမင်းထွန်းထံတွင် အလုပ်လျှောက်သည်။

မိမရှိ ဘမရှိ တစ်ကောင်ကြွက် ကျောင်းဆရာမ ကေသီစိုးကို တစ်လလျှင် လစာငွေ လေးရာပေးပြီး နေမင်းထွန်းက လက်ထောက်ပီအေ ခန့်ခဲ့သည်။

ရုပ်ချောသည်၊ စကားပြောလျှင် နွဲ့နွဲ့လေး ပြောတတ်သည်။ လုပ်ငန်းလုပ်ဆောင်ရာတွင် အကွက်မြင်သည်။ ထက်မြက်သည်။ ပီအေတစ်ယောက်၏ အရည်အချင်း ပြည့်ဝစွာရှိသည်။

မိမိကလည်း လူပျို၊ ကေသီစိုးကလည်း အပျိုမို့ ကေသီစိုးနှင့် မိမိကို ဘာလိုလိုတွေတော့ ပြောသည်ပဲပေါ့။

ကေသီစိုးကိုယ်တိုင်ကလည်း မိမိအပေါ် ယိမ်းယိုင်တိမ်းညွတ်သော အရိပ်အငွေ့တွေ ပြသည်။

သို့သော် နေမင်းထွန်း၏ရင်ထဲတွင် အစွဲအလမ်းကြီးလွန်းသည်က ခက်နေသည်။

ခင်မိမိကို နေမင်းထွန်း အချစ်ကြီးချစ်ခဲ့ရာမှ ခွဲခွာသွားသည့်တိုင်အောင် နောက်ထပ် ခင်မိမိကိုချစ်သော အချစ်မျိုးဖြင့် မည်သည့်မိန်းကလေးတစ်ဦးကိုမှ ချစ်၍မရခြင်းကြောင့် ကေသီစိုးအား ညီမလေးသဖွယ်သာ သဘောထားရှိသည်။

ယနေ့ဖြစ်ပျက်သော အဖြစ်က ရင်ကို တင်းကျပ်လွန်းသောကြောင့် ဖွင့်အန်ချင်စိတ် ထက်သန်လွန်းနေ၍သာ ကေသီစိုးထံ ဖွင့်အန်ချတော့မည်ဟု စိတ်ကူးမိသောကြောင့် ကေသီစိုးတစ်ယောက်တည်း နေထိုင်ရာ မြို့ပတ်လမ်းတိုက်ခန်းသို့ မောင်းလာခြင်းဖြစ်သည်။



အခြား အနီးအနားတိုက်ခန်းများသည် တံခါးပိတ်အိပ်နေကြပြီ။

ကေသီစိုး၏ တိုက်ခန်းတွင် သံဘာဂျာတံခါးကို ပိတ်ထားသော်လည်း အတွင်းမှ ကျွန်းသားတံခါး မပိတ်သေးပေ။

ကေသီစိုးတိုက်ခန်းတွင် ဝပ်အား ‌ နည်းသော အစိမ်းရောင် ဖိုက်ဝပ်မီးလေးသာ ထွန်းထားသည်။

"ခေါက် ... ခေါက် ... ကေသီစိုး ... "

သံဘာဂျာတံခါးကို ကျောက်ခဲနှင့် ခေါက်ပြီး နှုတ်မှလည်း ကေသီစိုးအမည်ကို အော်ခေါ်သည်။

အိမ်ထဲမှ တုတ်တုတ်လှုပ်သံမကြားရ။

အိမ်ထဲတွင် ကေသီစိုး ရှိမှ ရှိပါလေစ။ ကေသီစိုးရှိနေလျှင် မိမိအသံကြားသည်နှင့် ပျာပျာသလဲ တံခါးလာဖွင့်မည်သာ။ နောက်ဖေးပေါက်မှ အပြင်သို့ ထွက်သွားခြင်းပေလား။

မြို့မြို့သစ်ရှိ ရုပ်ရှင်ရုံသည် လူအဝင်စောင့်ပြီး ညရှစ်နာရီမှ စတင်ပြသည်။ တစ်ခါတစ်ရံ ညကိုးနာရီထိုးမှပင် ပြသည်များလည်း ရှိသည်။

ညဆယ့်တစ်နာရီကျော် ဆယ်နှစ်နာရီခန့်မှ ရုပ်ရှင်ပြီးသည်။ ကေသီစိုး နောက်ဖေးပေါက်မှထွက်ပြီး ရုပ်ရှင်သွားကြည့်လေသလား။

နေမင်းထွန်းသည် ခေါ်မရ အော်မရ တံခါးခေါက်ရသဖြင့် ပြန်မည်ဟု မိမိကားရပ်ထားရာသို့ ပြန်လာသည်။

မိမိကား၏ ဟိုမှာဘက် ကေသီစိုးတိုက်ခန်းအောင်

www.burmeseclassic.com



တည့်တည့်တွင် ရပ်ထားသော ကားကို ယခုမှ နေမင်းထွန်း မြင်မိသည်။

ကားလိုင်စင်နံပါတ်ပင် မတပ်ရသေးသော အဖွေ့နံပါတ်ဖြင့် ကားအသစ်စက်စက်ကို တွေ့ရခြင်းပါပေ။

ကားအမျိုးအစားမှာ ဖီးယက်ဝမ်းတူးဖိုး အနီရောင်လေးဖြစ်သည်။ စောစောက ကေသီစိုးနှင့်တွေ့ရန် ဆန္ဒစောနေသောကြောင့် ထိုကားသစ် လမ်းဟိုဘက် ကေသီစိုးတိုက်ခန်းရှေ့တည့်တည့်တွင် ရပ်ထားသည်ကို မမြင်မိခြင်း ဖြစ်မည်။

ကားမှာ အသစ်စက်စက် အင်ပို့လိုင်စင်ဖြင့် တိုက်ရိုက်မှာယူလိုက်သော ကားဖြစ်နေပါ၏။

မည်သူ၏ ကားပေနည်း။

မည်သည့်တိုက်ခန်းသို့လာသော ကားပေနည်း။

အကယ်၍ ကားသစ်ပိုင်ရှင်သည် ကေသီစိုးတိုက်ခန်းသို့ လာရောက်သူဖြစ်ပါက ကေသီစိုးသည် ထိုကားပိုင်ရှင် ရှိနေသောကြောင့် တံခါးလာမဖွင့်ခြင်းပေလား။

"ငါနဲ့ ဘာဆိုင်လဲ" ဟု စိတ်ထဲက ရေရွတ်ရင်း မိမိလင်းရိဗာကားပေါ် ပြန်တက် စက်နှိုးမောင်းထွက်လာခဲ့သည်။

ဘယ်ကိုမှ ထပ်၍မသွားတော့ဘဲ ကမ်းနားလမ်းရှိ မိမိ၏ ဗေဒါမော်တော်ဘုတ်လေးရှိရာသို့ မောင်းခဲ့သည်။ ဗေဒါလေးသည် မိမိ၏ လူပျိုဆောင်တစ်ခုပင် မဟုတ်လား။

ooo ◻ ooo



( ၅ )

ဗေဒါလေးရှိရာ ကမ်းနားလမ်းအတိုင်း မောင်းလာခဲ့ရာမှ ကမ်းနားလမ်းရှိ ကမ်းရိပ်ငြိမ်စားတော်ဆက်သို့ ဝင်ရောက်ပြီး ဝီစကီနှစ်ပတ်သောက် ညစာစားသည်။

ထိုစားတော်ဆက်ရှိ တယ်လီဖုန်းဖြင့်ပင် ယူဘီအေကိုယ်စားလှယ် ကိုတိုးထံ ဖုန်းဆက်သည်။

အိပ်ပျော်နေရာမှ ထလာပြီး ... ဖုန်းကိုင်ရသောကြောင့် ကိုတိုးသည် ရင်းနှီးသူ သူငယ်ချင်းမို့ လက်ခံပြောသော်လည်း ဒီအချိန် မိုးကြီးချုပ်မှ ဖုန်းဆက်ရသလားဟု နေမင်းထွန်းကို ယယ်ပယ်နယ်နယ် ကျိန်ဆဲပါ၏။ ကိုတိုး ကျိန်ဆဲသည်ကို ပြီးသည်အထိ နားထောင်ပြီးမှ နက်ဖြန် လေယာဉ်အတွက် ဇာခြည်မြင့်ကို လေယာဉ်လက်မှတ် မဖြစ်မနေ ရောင်းပေးရန် ဆောင်ရွက်ပေးဖို့ ပြောကြားသည်။

ကိုတိုးက ဆိုဆိုဆဲဆဲနှင့်ပင် ဇာခြည်မြင့် လေယာဉ်လက်မှတ် ရစေမည်ဟု အာမခံတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျသင့်ငွေအားလုံးရှင်းပြီး နေမင်းထွန်း ဗေဒါလေး ဆိုက်ကပ်ထားရာ ဆိပ်ကမ်းတံတားသို့ မောင်းလာခဲ့သည်။

ဗေဒါနှင့် ကမ်းကို ဆက်ထားသည့် ကုန်းဘောင် ပြားကိုနင်းကာ ဗေဒါထဲသို့ ရောက်သည်နှင့် မီးခလုတ်ဖွင့်ရန် လက်လှမ်းလိုက်သည်။

"မီးမဖွင့်ပါနဲ့ ကိုထွန်း ... "

"အဲ ... ခင်မိမိ အသံပါလား ... "

ဤမြို့သစ်တွင် မိမိအား ကိုထွန်းဟုခေါ်သူမှာ ခင်မိမိတစ်ဦးသာ ရှိပါ၏။ ချစ်ကြစဉ်က ချစ်သူဆို ချစ်စနိုး ကိုထွန်းဟု ခေါ်ပြီး နေမင်းထွန်းကလည်း ခင်မိမိကို 'မိမိ'ဟု ပြန်လည်ကာ ချစ်စနိုးခေါ်ခဲ့ကြပါ၏။

"ဩော် ... ဒေါ်ခင်မိမိပါလား ... "

"ဟုတ်ပါတယ် ကိုထွန်း ... မိမိပါ ... ကိုထွန်းရဲ့ မိမိရယ်ပါ"

"ဘယ်က ကျုပ်မိမိ ဟုတ်ရမှာလဲ ... ခင်ဗျားဟာ ကျုပ်ရဲ့ မိမိ မဟုတ်တော့တာ ကြာပြီပဲ ... ဒေါ်ခင်မိမိ ကျုပ်ဆီကို မလာသင့်ဘူး ... ကိုဝေလွင်ရဲ့ ဒေါ်ခင်မိမိ ဖြစ်သွားချိန်ကစပြီး နောက်ထပ် ကျုပ်ဆီကို ဘယ်တော့မှ မလာသင့်တော့တာပဲဟာ ... "

"အဲဒီလောက် စိမ်းစိမ်းကားကားကြီး မပြောပါနဲ့ ကိုထွန်းရယ် ... လူဆိုတာ အမှားတစ်ခုခုလောက်တော့ ကျူးလွန်မိတတ်ကြတတ်ပါတယ်နော် ... "

"ဩော် ... ဩော် ... ဒေါ်ခင်မိမိက အမှားလုပ်မိခဲ့ပါတယ်



ဆိုတာကို အခုမှ လာပြောတာလား ... "

"မခနဲ့ပါနဲ့ ကိုထွန်းရယ် ... မိမိကို ကိုထွန်း မကျေမနပ် ဖြစ်နေမှန်း မိမိ သိပါတယ် ... အခု ကိုထွန်းဆီ မိမိ လာခဲ့တာဟာလည်း အကြောင်းနှစ်ချက် ပြောစရာရှိလို့ လာတာပါ ... "

"နှစ်ချက်ကြီးတောင်ဆိုတော့ အကြောင်းအချက်တွေ များသားပဲ ... ကဲ ... ဆိုပါ ... ဘယ်လိုအကြောင်းနှစ်ချက်ကြီးလဲ ... "

"ပထမအချက်ကတော့ မိမိ ကိုထွန်းကို နှုတ်ဆက်ပြီးမှ သွားချင်လို့ တမင် ဗေဒါပေါ်က ကိုထွန်း မလာမချင်း စောင့်နေတာပါ ကိုထွန်း ... "

နေမင်းထွန်း၏ ရင်ထဲတွင် ပိုမိုတင်းကျပ်မှု တိုး၍ ခံစားရပါ၏။

မိမိ၏ မီးခံသေတ္တာကို ဖောက်ခွဲရန် ကြံစည်ကြိုးစားခဲ့မှု၊ ဓာခြည်မြင့်နှင့် ပတ်သက်ပြီး လှိုင်နန္ဒာစားတော်ဆက်တွင် ကိုဝေလွင်နှင့် ပွဲကြီးပွဲကောင်း ဖိုက်ခဲ့ရမှုတွေကြောင့် တင်းကျပ်နေသောရင်မှာ ယခု ခင်မိမိကြောင့် ပို၍ပင်လျှင် တင်းကျပ်ရပါ၏။

ခင်မိမိကို နေမင်းထွန်း သိပ်ချစ်ခဲ့ပါ၏။

ယနေ့တိုင်ထိလည်း မမေ့သေးပါ။

သို့သော် နေမင်းထွန်းသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည်နှင့်အညီ ဒု–သ–န–သောကြီးကို ကြောက်သည်။ ခင်မိမိနှင့် နေမင်းထွန်းကြားတွင် ဒု–သ–န–သောကြီးက ဆီးကာထား

www.burmeseclassic.com

www.burmeseclassic.com



ပေပြီ။ လုံးဝမဖြစ်နိုင်ပါလေတော့။

ခင်မိမိကို အပိုင်သိမ်းယူသွားခဲ့ပြီး မိမိအပေါ် ကိုဝေလွင် အနိုင်ယူသည်မှစ၍ တစ်ဦးနှင့်တစ်ဦးအတွင်း ကြိတ်မကျေသည့် ကိုဝေလွင်နှင့် မိမိသည် ယနေ့ည ဖြောင်ကျကျကြီး ပင် သတ်ပုတ်ပွဲကြီး နွှဲခဲ့ရပေပြီ။

"မိမိ ... ကိုဝေလွင်ကို ဘာမှ မမက်မောတော့ဘူး ကိုထွန်း အားလုံး အပြီးအပိုင် စွန့်ခွာပြီး ထွက်လာခဲ့တာ ... တကယ့် အစစ်အမှန်ကို မိမိ နားလည်သွားပြီလေ ... မိမိ တခြား တစ်နေရာကို လစ်တော့မှာပါ ... အဲဒါ ကိုထွန်းကို နောက်ဆုံးနှုတ်ဆက်ချင်လို့ ဗေဒါထဲမှာ တိတ်တိတ်လေး ဝင်စောင့် နေတာ ..."

နေမင်းထွန်း အင်းမလှုပ် အဲမလှုပ်။

"ဒုတိယအချက်ကတော့ ... ကိုဝေလွင်တို့ လူသိုက်ဟာ ကိုထွန်းကို မကောင်းကြံစည်နေတာ ... ကိုထွန်းသိအောင် ပြောပြချင်လို့ပါ ..."

"အဲဒါကို ကျုပ် သိသားပဲ ဒေါ်ခင်မိမိ ... ကိုဝေလွင်ဟာ အစကတည်းက ကျုပ်ကို လွှမ်းမိုးသိမ်းသွင်းတာမရလို့ ... ကျုပ် အသည်းကွဲအောင် ဒေါ်ခင်မိမိကို အရယူပြီး အောင် ခံသွားတယ်လေ ... ဒါတွေ ထားလိုက်ပါ ... တကယ်လို့ ဒေါ်ခင်မိမိ ကျုပ်ကို နှုတ်ဆက်ချင်တယ်ဆိုရင် တယ်လီဖုန်း ဆက်ပြီး နှုတ်ဆက်လည်း ရသားပဲ ... ဗေဒါထဲ တိတ်တိတ် လေးဝင်ပြီးမှ နှုတ်ဆက်ဖို့ မလိုတော့တာ ..."



"ပြောပါ ... ကိုထွန်း ကြိုက်သလိုသာ မိမိကို ပြောပေတော့၊ ဒီညအဖို့ ကိုထွန်း ဘာပြောပြော ... ပြောရုံမကလို့ မိမိကို ကိုထွန်း ပါးရိုက်လည်း ... ခံမည်ဆိုတဲ့ ဆုံးဖြတ်ချက်ထားပြီးမှ လာနှုတ်ဆက်တာ ... ကိုထွန်းတစ်ယောက်ကိုပဲ မိမိ တစ်သက်မှာ တစ်ခါ အချစ်ကြီး ချစ်ဖူးခဲ့တာပါ ..."

"အင်း ... ဒဏ္ဍာရီပုံပြင်လေးက နားထောင်လို့တော့ ... အကောင်းသား ..."

"ထားပါ ... ဖြစ်ခဲ့သမျှတွေဟာ ဒဏ္ဍာရီပုံပြင်လို့ပဲ ထားလိုက်ပါ ... ဒီကြားထဲကပဲ ထပ်ပြီး ကိုထွန်းကို မိမိ တစ်ခု ထပ်ပြောဦးမယ် ... ကိုဝေလွင်ဟာ ရှိန်းမောင်နဲ့ပေါင်းပြီး ကိုထွန်းကို မကောင်းကြံနေတယ် ..."

"အဲဒါ ကျုပ် သိပြီးပြီလေ ... ကျုပ် မီးခံသေတ္တာကို ရှိန်းမောင်က ဖုံးခွဲပြီး ဖွင့်ဖို့ကြိုးစားတယ် ... ကျုပ် အရောက် စောသွားလို့ ဒီကောင် ရှိန်းမောင် ထွက်ပြေးသွားတာ"

"ဒါဝေမဲ့ ... ကိုရှိန်းမောင်ဟာ ဦးလှိုင်မင်းနဲ့ သွားတွေ့တဲ့ အထိ သူတို့မှာ နောက်ထပ် အကြံအစည်ရှိသေးတယ် ... သူတို့ ပြောနေတာတွေ မိမိ နားစွန်နားဖျားကြားသလောက် ဆိုရင် ... ကိုထွန်း အသက်ရှင်သရွေ့ သူတို့ဟာ တစ်နေ့နေ့ မှာ ဒုက္ခရောက်တော့မယ်တဲ့ ... ဒါကြောင့် ကိုထွန်းကို အရှင်မထားတော့ဘဲ နှုတ်ပိတ်ပစ်ရမယ်လို့ ပြောသကြား တယ် ..."

ဒါကိုလည်း နေမင်းထွန်းက ရိပ်မိပြီးသား ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ခင်မိမိက တိတိကျကျ ပြောလာသည်မို့ ပိုမိုနိုင်မာသွားပေသည်။

"ကိုထွန်း အမှောင်ကို မနှစ်သက်မှန်း မိမိ သိတယ် ... မီးဖွင့်ချင် ဖွင့်တော့လေ ကိုကျန်း ... မိမိအနေနဲ့ မသွားခင် ကိုထွန်းရဲ့ မျက်နှာကို မြင်မြင်ထင်ထင် ကြည့်သွားချင်ပါတယ် ကိုထွန်း ..."

သို့စေကာမူ နေမင်းထွန်း မော်တော်မီးကို မဖွင့်ပေ။ ဖွင့်လိုက်လျှင် ပတ်ဝန်းကျင်အမှောင်ထဲတွင် ထင်းခနဲ ဖြစ်သွားပြီး တစ်ယောက်ယောက်က ခင်မိမိနှင့် နှစ်ယောက်တည်း ဗေဒါပေါ်တွင် ရှိနေသည်ကို မြင်သွားနိုင်သည်။

ခင်မိမိနှင့် နေမင်းထွန်း ညကြီးမင်းကြီး နှစ်ယောက်တည်း မော်တော်ပေါ်တွင် ရှိနေခြင်းသည် လူမြင်ကောင်းသော အမြင်မဟုတ်ပေ။

နေမင်းထွန်းက စီးကရက်တစ်လိပ် ထုတ်ယူပြီး ညှိလိုက်သော မီးရောင်ဖြင့် ခင်မိမိကို မြင်ရပေသည်။ ခင်မိမိကလည်း ချစ်သူဟောင်း နေမင်းထွန်းကို မြင်ရပါ၏။

ခင်မိမိသည် ယခင်ကအတိုင်း လှပချောမောနေဆဲ ဖြစ်သည်။ သားသမီး မထွန်းကားသောကြောင့် ရုပ်ကျသွားခြင်း မရှိပေ။

"ကိုဝေလွင်ဟာ ရုပ်ရော ငွေရော ပြည့်စုံနေကဲ့လှပဲ ... ဘာလို့ ဒေါ်ခင်မိမိ က ကိုဝေလွင့်ကို ခွာချင်တာလဲ ..."

"အဲဒီ ကိုဝေလွင် ငွေကြေးချမ်းသာကြွယ်ဝတာကို အမိက



ထားပြီး သူ့ကိုယူခဲ့မိတာ အမှန်ပဲ ကိုထွန်း ... တကယ်တမ်း ပေါင်းသင်းလာကြတဲ့ အခါမှာတော့ ငွေကြေးချမ်းသာမှုဟာ အဓိက မဟုတ်ဘဲ ရင်ထဲနှလုံးထဲက ချစ်ခြင်းမေတ္တာသာ အဓိကဆိုတာ ခင်မိမိ သဘောပေါက်လာတယ် ... နောက်ပြီး ကိုဝေလွင် ကြွယ်ဝချမ်းသာမှု မှန်သရွေ့ သမာအာဇီဝ ကောင်းရောင်းကောင်းဝယ်နဲ့ ရတာတွေ မဟုတ်ဘဲ ... မကောင်းမှု ဒုစရိုက်နဲ့ ရတဲ့ငွေတွေမို့ သူ့ချမ်းသာမှုကို ခင်မိမိ စက်ဆုပ်လာတယ် ..."

"အခု ဒေါ်ခင်မိမိ ဘယ်ကိုသွားဖို့ ရည်ရွယ်ထားသလဲ ..."

"ပြောပုံတွေ စိမ်းလှချည်လား ကိုထွန်းရယ် ... အခု ခင်မိမိ လာတာ ကိုထွန်းကို ပြန်တွယ်ကပ်ချင်လို့ လာတာမဟုတ်ဘူး ... အဲဒီလို လုံးဝမထင်လိုက်ပါနဲ့ ... ကိုထွန်းက ခင်မိမိကို အတင်းခေါ်ထားတောင် ခင်မိမိ မနေဘူး ... ကိုထွန်းနဲ့ ပြန်နေလေ ... ကိုဝေလွင်က ကိုထွန်းကို ရန်လုပ်လေ ... အန္တရာယ်ပြုလေ ဖြစ်မှာမျိုး ခင်မိမိ လုံးဝမလိုလားဘူး ... ပြီးတော့ ခင်မိမိ ခန္ဓာကိုယ်ဟာ ကိုဝေလွင်နဲ့ ညားထားပြီးသားမို့ မသန့်ရှင်းတော့ဘူး ... မသန့်ရှင်းတော့တဲ့ ခင်မိမိရဲ့ ခန္ဓာကိုယ်ကို ကိုထွန်းကို မပေးရက်ဘူး ... အခုလာတာက ကိုထွန်းကို နှုတ်ဆက်ချင်တာ သက်သက်ရယ် ... ကိုထွန်းအပေါ် နှုတ်ပိတ်သတ်ပစ်ဖို့ သူတို့ ကြံစည်နေတာရယ်ကို ပြောပြချင်လို့ လာတာပါ ကိုထွန်း ..."

"ဒေါ်ခင်မိမိ ထွက်ပြေးတော့ကော သူတို့လက်က လွတ်

www.burmeseclassic.com

www.burmeseclassic.com



မတဲ့လား … မြို့ငြိမ်သစ်မှာ ကိုဝေလွင်ဟာ ကောက်ရိုးပုံထဲက အပ်ကိုတောင် တွေ့အောင်ရှာနိုင်တဲ့ လူပဲဟာ”

“မြို့ငြိမ်သစ်မှာ ခင်မိမိ ဘယ်ပုန်းမလဲ ကိုထွန်း … ဒီမြို့ရဲ့ အုပ်ချုပ်မှု ကင်းလွတ်တဲ့ တခြားတစ်နေရာကို ရောက်ပြီးမှ ကိုဝေလွင်နဲ့ တရားဝင် လက်ထပ်ရှင်းခွင့်ကို ကြိုးစားမယ် … ကိုထွန်းသာ မြို့ငြိမ်သစ်မှာ သတိဝီရိယနဲ့နေပါ … ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ဟာ ကိုထွန်းအပေါ်မှာ သဲသဲမဲမဲ ဖြစ်နေပြီ … ခင်မိမိ ပျောက်သွားရင် ကိုထွန်းကို သာပြီးတောင် မဲကြမှာ …”

“ကိုယ်က … သူတို့နှစ်ယောက်စလုံးကို တစ်စက်လေးမှ မကြောက်တာဘဲ ဒေါ်ခင်မိမိ …”

“သိတယ် … ကိုထွန်းရဲ့စိတ်ဓာတ်နဲ့ သတ္တိကို ခင်မိမိ ကောင်းကောင်းသိတာပေါ့ … သူတို့ကသာ ကိုထွန်းကို လန့်နေကြတာ … ကိုထွန်း ပြုစုထားတဲ့ မှတ်တမ်းကြီးသာ ကိုထွန်းက နိုင်ငံရာက ဖော်ထုတ်လိုက်ရင် ဆရာကြီး ဦး… စိမ်း ပါလီမန်အမတ်မင်းတောင် သူတို့ကို မကယ်နိုင်မှန်း သူတို့ သိထားပြီ … ကိုထွန်းကို သူတို့ အရမ်းလန့်ပြီး နှုတ်ပိတ်ဖို့ ကြိုးစားကြမှာ … ခင်မိမိကိုလည်း တခြားသူ သြဇာမရှိတဲ့ နေရာကနေပြီး သူတို့ရဲ့ ဒုစရိုက်လုပ်ငန်းတွေ ဖော်ထုတ်မှာကို သူတို့ စိုးရိမ်နေတယ် …”

“ဒေါ်ခင်မိမိကရော တခြားတစ်နေရာကနေပြီး သူတို့ ဒုစရိုက်လုပ်ငန်းတွေ ဖော်ထုတ်မယ်ဆိုတဲ့ စိတ်ကူး ရှိနေ…



လား ဒေါ်ခင်မိမိ …”

“ဟင့်အင်း … မရှိပါဘူး … မြို့ငြိမ်သစ်မှာတောင် ခင်မိမိကို လူတွေကြည့်တဲ့ မျက်လုံးက ဒုစရိုက်ကောင်ကြီးရဲ့ ဇနီးမယားဆိုတဲ့ မနှစ်သက်တဲ့ အကြည့်မျိုးတွေနဲ့ အကြည့်ခံနေရတာ … တခြားတစ်နေရာမှာ ကိုဝေလွင်ရဲ့ ဇနီးမယားမှန်း အသိမခံချင်ပါဘူး … သိသွားရင် … လူတွေက ဒီအကြည့်မျိုးနဲ့ပဲ အကြည့်ခံရဦးမှာပဲ … ဒါကြောင့် ဘာမှ မဖော်ဘူး … သူတို့လက်ကလွတ်ရင် တော်ပြီလို့ပဲထားတယ် …”

နေမင်းထွန်း ခင်မိမိနှင့် ပတ်သက်ပြီး ဘာပြောရမှန်း မသိတော့ပေ။ ပြောစရာစကားလည်း မရှိတော့ပြီကိုး။

ချစ်သူဘဝတုန်းကတော့ ချစ်ကြောင်း ခင်ကြောင်းတွေ ပြောမဆုံးပေါင်။ တောသုံးထောင်၊ နေ့ညမအိပ်တန်း နှစ်ဆယ့်လေးနာရီ ပြောမဆုံး ရှိခဲ့ပါ၏။

ယခုတော့ ပြောစရာ စကားရှာမတွေ့။

တိုသွားသော စီးကရက်ကို ရေပြင်ဆီသို့ တောက်ပြီး ချင့်ပစ်လိုက်သည်။

“ကဲ … ခင်မိမိ သွားတော့မယ် … အခုလောလောဆယ်မှာတော့ ဟန်မပျက် အိမ်ပြန်ရဦးမှာပဲ … အခြေအနေပေးတာနဲ့ ထွက်ပြေးနိုင်ဖို့ ကျိတ်ပြီး စီစဉ်ရမှာ … တကယ်လို့ ဖြုန်းစားကြီး ထွက်ပြေးရတဲ့အခါ ကိုထွန်းကို နှုတ်ဆက်တာရော ကိုထွန်းမှာ အသက်အန္တရာယ် ရှိနေပြီဆိုတာရော … အသိ

www.burmeseclassic.com

www.burmeseclassic.com



ပေးချင်လို့လာတာ ... အခု ကိုဝေလွင် အိမ်ပြန်မရောက်ခင်
ဟန်မပျက် ပြန်ရောက်နေမှ ကောင်းမယ် ... "

"နို့ ... အခု ကိုဝေလွင်က အိမ်မှာ မရှိဘူးလား ... မိုးချုပ်
ပြီပဲဟာ ... "

ညဦးပိုင်းက ကိုဝေလွင်အား လှိုင်နန္ဒာ စားတော်ဆက်တွင် ဆုံခဲ့သေးသည်။ ထိုမှတစ်ဆင့် ဆင်ပေါက်ကို ခေါ်ကာ ကိုဝေလွင် သူ့အိမ်သူ ပြန်လိမ့်မည်ဟု ထင်ခဲ့သည်။

သို့သော် ခင်မိမိ သူ့မအိမ်မှ ထွက်လာသည်အထိ ကိုဝေလွင် အိမ်ပြန်မရောက်သေးဆိုလျှင် ဒီလူ ဘယ်တွေ့သွားပြီး ညဏ်နီညဏ်နက်တွေဖြင့် ခြေများနေသနည်းဆိုလိုက်ခြင်း ဖြစ်၏။

ခင်မိမိက ပြန်ရန်နေရာမှ ထသည်။

"သူ ဆရာကြီး ဦးဘစိမ်း အိမ်ကို သွားမှာပေါ့ ... ဆရာကြီး
ဦးဘစိမ်းကတော့ ရှုကြီးမို့ အိပ်ရာဝင်လောက်ပါပြီ ...
ပေမဲ့ ဆရာကြီး ဦးဘစိမ်းရဲ့သမီးနဲ့ ကိုဝေလွင်က စကား
လက်ဆုံကျဖို့ ကြိုးစားနေမှာပေါ့ ... အဲဒီလို မိန်းမဝါသနာ
ပါပြီး စည်းမစောင့် သိက္ခာမစောင့်တာတွေကြောင့်လည်း
ကိုဝေလွင့်ကို ခင်မိမိ စိတ်ကုန်တာ ... "

"အမတ်မင်း ဦးဘစိမ်းမှာ သမီးရှိလို့လား ... တစ်ခါမှ မကြား
မိမကြားမိဘူး ... "

"ရှိတယ်လေ ... နာမည်က စိမ်းပပတဲ့ ... ဟိုက်ကျော
ကျောင်းသူဘဝကတည်းက ရန်ကုန်မှာ သွားနေတာ ...



ဆယ်တန်းအောင်ပြီး ဆီအေဆက်တက်တယ် ... ဘီအေပြီး
တော့ ဥပဒေတန်း ဆက်တက်တယ်ဆိုလားပဲ ... အခုတော့
ဥပဒေတန်းအောင်ပြီး ဘာမှ ဆက်မတက်တော့ဘဲ မြို့ငမြို့
သစ်မှာပဲ အမှုလိုက် ... အကျိုးဆောင်လုပ်မယ်ဆိုပြီး ပြန်
ရောက်နေတာ ... ဘာကြာသေးလို့လဲ ... "

"ဪ ... ဪ ... "

နေမင်းထွန်း ... ယခု ခင်မိမိ ပြောမှပင် ပါလီမန်အမတ်မင်း ဦးဘစိမ်းတွင် သမီးရှိမှန်း သိရပါ၏။

ဒါဆို စောစောက ကေသီစိုး တိုက်ခန်းရှေ့တွင် ရပ်ထားသော အဝေွဖွေါနံပါတ်ဖြင့် ဗီးယက်ကားသစ်မှာ အမတ်မင်းသမီး စိမ်းပပ၏ ကားပေလား။

သို့သော် ... စိမ်းပပက ကေသီစိုးနှင့် သူငယ်ချင်းမို့ လာလည်သည်ဆိုပါက မိန်းမချင်းချင်း တွေ့ဆုံပွဲတွင် မီးတွေပိတ်ပြီး ငါးတိုင်အား ဖိုက်ဝပ်မီးလေးသာလျှင် ထွန်းထားစရာအကြောင်းမရှိ။

ထို့ပြင် မိန်းမသားချင်း တွေ့ဆုံကြသည်ဆိုပါက နေမင်းထွန်း ရောက်သွားပြီး တံခါးခေါက်ရုံမက ကေသီစိုးနာမည်ကို အော်ခေါ်ပါလျက် အဘယ်ကြောင့် တံခါးဖွင့်မပေးဘဲ ငြိမ်နေကြပေသနည်း။

စဉ်းစားစရာပင်။

"ကိုထွန်း သိပ်ငိုင်တယ် ... နောက်ပြီး ခင်မိမိကိုလည်း သိပ်
မေ့သွားတယ် ... ခင်မိမိကတော့ မဖြစ်နိုင်တော့တဲ့ အခြေအနေမို့

www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာပေမဲ့ ခင်မိမိရင်ထဲမှာ ကိုထွန်းဟာ ကိုထွန်းအတိုင်းပဲရှိပါတယ်
မျက်ရည်စက်လက်ဖြင့်ပြောပြီး အဆုံးတွင် ခင်မိမိ
သည် ဗေဒါပေါ်မှဆင်းကာ ကမ်းပေါ်ပြန်တက်သွားပြီး ညအမှောင်
ထဲတွင် ပျောက်ကွယ်သွားသည်အထိ နေမင်းထွန်း ငေးကြည့်နေ
သည်။

နေမင်းထွန်း စိတ်မကောင်းစွာဖြင့် ကျန်ခဲ့ပါ၏။

နေမင်းထွန်းသည် ရဟန်းတစ်ပါးလိုတော့ သိက္ခာ
ကြီးတွေ မရှိပါ။ အရက်သောက်သည်။ သူ့ကို လာကိုက်သော
ကို လက်ဝါးနှင့် ပုတ်ပြီး သတ်သည်။ အဆိပ်ပြင်းသော မြွေ
မြွေဟောက်တွေ့လျှင် အသေသတ်ပစ်သည်။

သို့သော် ...

ယယ်စဉ်ကလေးဘဝကတည်းက လေးဥကိုင်သော်
လည်း စာလေးတွေ နံပြီစုတ်ငှက်ကလေးတွေကို ဘယ်တော့မှမပစ်
မသတ်ရက်။ ကျီးကန်းလိုအကောင် စွန်လိုအကောင်ကိုသာ ပစ်
သည်။

အလားတူပင်။

နေမင်းထွန်း လင်ရှိမယားကို မဆိုထားလင့်။ အရွယ်
ရောက်သည့် မည်သည့် မိန်းကလေးမဆို တကယ်ချစ်သည်မဟုတ်
ပါဘဲလျက် တကယ်လက်ထပ်ယူမည် မဟုတ်ပါဘဲလျက် ကျူးလွန်
ခြင်း မရှိ။

ကောသီစိုးလျှင် မိမိကို အခွင့်အရေးတွေ အများကြီး
ပေးပါ၏။ နေမင်းထွန်းက ကိုယ့်ညီမလေးလို ထိပ်ပုတ်ခေါင်းပုတ်



သည်က လွဲပြီး မိန်းကလေးနစ်နာသွားစေမည့်မျိုး မလုပ်ဘဲ ဆင်ခြင်
သေသည်။

ခင်မိမိနှင့် မေတ္တာမျှစဉ်ကလည်း ချစ်သူဘဝ အပေါ်
၌ အပယ်ကမကင်းသော်လည်း ခင်မိမိ လက်ထပ်သွားသည်အထိ
လွန်းကျူးမိရန် စောင့်စည်းသည်။

နေမင်းထွန်းသည် ဤသို့သော လူစားမျိုး ဖြစ်ပါ၏။

ဝဝဝ 📖 ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## ( ၆ )

ယနေ့ ကြာသပတေးနေ့။

အိပ်ရာမှ နိုးသည်နှင့် သူ ပြုစုထားသော မှတ်တမ်း ကြီးကို ရုံးခန်း မီးခံသေတ္တာထဲတွင် ဆက်လက်မထားသင့်တော့ နေရာရွှေ့ပြောင်းဝှက်ထားရန် ဦးစွာ နေမင်းထွန်း စဉ်းစားတော သည်။

ယင်းမှတ်တမ်းကြီး မီးခံသေတ္တာထဲတွင် ထားရှိမ ဦးလှိုင်မင်းနှင့် ကိုဝေလွင်တို့ သိသွားကြပြီမို့ မလုံခြုံတော့ပြီ။

သူတို့ဘက်က ပတ်ကြမ်းတိုက်လာပြီမို့ နေမင်းထွ အနေနှင့်လည်း ရှေ့လျှောက် ယိုးဒယားအကလေးနှင့် ကနေ မဖြစ်တော့။ ဗိန်းဖောင်းတိုက်ပြီး ဘီလူးထွက်ထွက်ရတော့မည်

ဖေဒါပေါ်မှာပင် ရေမိုးချိုး အဝတ်အစားလဲပြီး သ လင်ရှိဗာကားနှင့် ရုံးခန်းသို့ မောင်းလာခဲ့သည်။

ရုံးခန်းတွင် ကေသီစိုးက ရောက်နှင့်နေပေပြီ။

ကေသီစိုးကို နှုတ်မဆက်မိဘဲ ရုံးခန်းထဲသို့ တန်း



လာခဲ့သည်။

ကေသီစိုးက နေမင်းထွန်း စစ်ဆေးရန် စာရင်းအင်းများကို နေမင်းထွန်း လက်မှတ်ထိုးရန် ဖိုင်တွဲများပွေ့ပိုက်ပြီး နေမင်းထွန်း၏ ရုံးခန်းသို့ နောက်မှလိုက်လာသည်။

အလုပ်စားပွဲတွင် ထိုင်နေသော နေမင်းထွန်းရှေ့တွင် စစ်ဆေးလက်မှတ်ထိုးရန်များကို ချပေးသည်။ ပြီး ကေသီစိုးသည် စားပွဲဘေးမှာပင် မတ်တတ်ရပ်နေသည်။

ကေသီစိုးထံမှ ပျံ့လွင့်လာသော ဂိုယာဖိုက်ရေမွှေးနံ့ကို နေမင်းထွန်း မျှင်းမျှင်းရှူမိသည်။

နေမင်းထွန်း လက်မှတ်ထိုးရန် စာရွက်စာတမ်းတို့ကို ကြည့်ရှုသည်။

နေမင်းထွန်းက ... ကျောင်းသားဘဝကတည်းက အကျင့်ပါလာသည့်အတိုင်း စာရွက်စာတမ်းများကိုကိုယ်တစ်စောင်း စွေထားပြီးမှ ရေးတတ်သောကြောင့် ကိုယ်တစောင်းအနေအထား ပြောင်းလိုက်ရာ စားပွဲဘေးတွင် ရပ်နေသော ကေသီစိုး၏ သေးသွယ်သောခါး စိုပို့သောတင်များကို တန်းခနဲ မြင်ရသည်။

တစ်ဆက်တည်းမှာပင် ယနေ့ ကြာသပတေးနေ့ ညစာကို မြို့ငြိမ်မြို့သစ်၏ အကောင်းဆုံး ဟိုတယ်တွင် ကေသီစိုးအား ညစာကျွေးမည်ဟု ပြောထားသည်ကို အမှတ်ရလိုက်သည်။

စာရွက်စာတမ်းတွေ ဖတ်ရှုစစ်ဆေး လက်မှတ်ထိုးရင်း ညစာကျွေး အစီအစဉ်ကို ဖျက်ရမည်ဖြစ်ကြောင်း တွေးမိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသော ကေသီစိုးကို နေမင်းထွန်း မော့ကြည့်သည်။

ကေသီစိုးက ငုံ့ကာ ပြုံးပြသည်။

"တို့ ဒီနွေညစာစားကြဖို့ အစီအစဉ်ကို ဖျက်ရမယ် ကေသီ"

"ဘာလို့ ... "

"ရော့ ... ဒီစာ ဖတ်ကြည့်လေ ... ကေသီဖတ်ပြီးသားပဲ ဖြစ်မှာပါ ... "

"ကေသီ ဖတ်ပြီးပါပြီ အစ်ကို ... "

"ဒါဆို တို့ ဘာလို့ ညစာကျွေးပွဲ ဖျက်ရတယ်ဆိုတာ ကေသီ သဘောပေါက် ... "

"အို ... ဒီညနေ အစည်းအဝေးကို မတက်နဲ့ပေါ့ အစ်ကို ... ခါတိုင်းလည်း ဖိတ်ကြားစာပို့ပေမဲ့ အစ်ကို မတက်ချင်တဲ့ အစည်းအဝေးဆို တက်မှ မတက်တာ ... "

"မရဘူးထင်တယ် ကေသီ ... တို့ အခြေအနေက ခါတိုင်းနဲ့ မတူတော့ဘူး ... သိုးငယ်ကို ဝံပုလွေက အပစ်ရှာတဲ့ပုံစံမျိုး ရှိနေတယ် ... တို့က သိုးငယ်ဖြစ်နေတယ်လေ ... အခုဖိတ်တဲ့အစည်းအဝေးက ... ပြည်တော်သာ စီမံကိန်း အစည်းအဝေး ... တို့က မြို့ဖြို့သစ်မှာ ပြည်တော်သာစီမံကိန်းအဝင် အဆောက်အဦတွေ ဆောက်ထားပေးဖို့ လက်ခံထားတာ ကေသီ သိသားနဲ့ ... တော်ကြာ တို့ အစည်းအဝေး မတက်တာ ပြည်တော်သာ စီမံကိန်းကြီးကို အလေးအနက်မထား မလေးစားဆိုတဲ့ စွဲချက်တွေနဲ့ တို့ကိုအပြစ်တင်တာတွေ ...



အရေးယူတာတွေ ဖြစ်လာနိုင်တယ်"

ကေသီစိုးက သူမ၏ ကြည့်ကောင်းလှပသော နှုတ်ခမ်းလေးကို မကျေနပ်ကြောင်း ပေါ်လွင်အောင် ရှုပြထားသည်။ သို့သော် သူမ၏ ရင်ထဲက အစ်ကိုနေမင်းထွန်း ပြောနေတာ ဟုတ်နေသားပဲဟုတော့ နားလည်သည်။

"ဩ ... ကေသီကို တို့ တစ်ခုပြောမလို့ ... "

"တစ်ခုနဲ့ မလုံလောက်ဘူး အစ်ကို ... နှစ်ခု၊ သုံးခုပြောလေ၊ အစ်ကို ပြောတာတွေဆို ကေသီက အမြဲနားထောင်ချင်နေတာ ... "

"မနွေညဦးပိုင်းက ကေသီရဲ့ တိုက်ခန်းကို တို့ ရောက်ခဲ့သေးတယ် ... "

"အယ် ... တကယ် ... "

"တို့က ကေသီ့ကို လိမ်ပြောမတဲ့လား ... ဒါပေမဲ့ ကေသီ့ တိုက်ခန်း သံဘာဂျာတံခါးကြီး ပိတ်ထားတယ် ... အထဲမှာတော့ မီးရောင်စိမ်းလေး မှိန်မှိန်လင်းနေတယ် ... တို့ တံခါးခေါက်တယ် ... ကေသီကို အော်ခေါ်တယ် ... ကေသီက ဖွင့်မပေးဘူး ... "

"အို ... အစ်ကို ရဲတင်းနဲ့ တံခါးဖွက်ပြီး ဝင်လာလည်း အလကား ဖြစ်မှာပေါ့ ... မနွေညတုန်းက ကေသီ အိမ်မှာ မရှိတာ ... ကေသီ ရုပ်ရှင်သွားကြည့်တယ်လေ ... ဒီမြို့မှာ ရုပ်ရှင်ပြတာကိုက ညရှစ်နာရီထိုးပြီးမှ ပြတာ ... ပြပြန်တော့လည်း လူဝင်တာကို စောင့်ပြီး သတင်းကားတွေ ဘာမှာ

www.burmeseclassic.com

www.burmeseclassic.com



ကားတွေ ကာတွန်းတွေပြပြီး အချိန်ဆွဲသေးတယ် ... သိပ်မိုးချုပ်မှ ရုပ်ရှင်ပြီးတာ ... ”

ဒါကျတော့ ကေသီစိုးပြောတာ မှန်နေသည်။

“နို့ ... ကေသီ ကြည့်တာ ဘယ်ရုံလဲ ... ဘာ ရုပ်ရှင်ကားလဲ”

“အလကားပါ အစ်ကိုရာ ... အမေရိကန်ကောင်းဘွိုင်ကားကြီးပါ ... ပစ်လိုက်ခတ်လိုက်တာ တဒိုင်းဒိုင်းနဲ့ ကေသီကြည့်ရင်း စိတ်မောတယ် ... ”

“ဒါနဲ့ပဲ ပြီးတဲ့အထိ ဆက်ကြည့်နေတယ်ပေါ့ ဟုတ်လား”

“ပြီးတဲ့အထိ ကြည့်ရတာပေါ့ အစ်ကို ... မကြည့်ဘဲထပြန်ရင် အိမ်ပြန်လမ်းမှာ ညကြီးမိုးချုပ် ကေသီတစ်ယောက်တည်း ဖြစ်နေမှာပေါ့ ... ရုပ်ရှင်ပြီးမှ ပြန်တော့ လူတွေနဲ့အတူ ပြန်ရတာလေ အစ်ကို ... ”

စစ်ဆေးပြီး လက်မှတ်ထိုးပြီးမို့ ဖိုင်တွဲနှင့် စာရွက်စာတမ်းတွေ ကေသီလက်ထဲသို့ ပြန်ပေးအပ်လိုက်သည်။

ကေသီစိုး အခန်းထဲမှ ထွက်သွားပါ၏။

ရုံးခန်းတံခါးပေါက်သို့ နေမင်းထွန်း အလုပ်စားပွဲကမျက်နှာပြုထားသည်မို့ ထွက်သွားသော ကေသီစိုး၏ ကျောပြင်နှင့်နောက်ပိုင်းကို မကြည့်ဘူးဆိုသည့်တိုင် မြင်နေရသည်။

ကေသီစိုးက တင်ပါးလေး လှုပ်လီလှုပ်လဲ့ နိမ့်တုံမြင့်တုံ လျှောက်သွားပါ၏။ သူမ၏ လျှောက်ရှိုးလျှောက်စဉ်ပုံစံပေလား။ နေမင်းထွန်း ကြည့်လျှင် မြင်နိုင်အောင် တမင်တကာ လှုပ်လီလှုပ်လဲ့ နိမ့်တုံမြင့်တုံ လျှောက်ပြခြင်းပေလား။



နေမင်းထွန်းသည် လှုပ်လီလှုပ်လဲ့ နိမ့်တုံမြင့်တုံကိုကြည့်ရင်းကပင် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။

ဒီကောင်မလေး မနေ့ညက ရုပ်ရှင်သွားကြည့်ပါသည်ဆိုခြင်းမှာ ဟုတ်မှ ဟုတ်ရဲ့လား။ မိမိကို ယုတ္တိရှိရှိ ဖြန်းသွားခြင်းလား။

မြို့သစ်တွင် ရုပ်ရှင်ရုံ နှစ်ရုံရှိပါ၏။ တစ်ရုံမဟုတ်တစ်ရုံကတော့ အမြဲတမ်း အမေရိကန် မြင်းစီးသေနတ်ပစ်ကောင်းဘွိုင်ကားကတော့ ပြစမြဲဖြစ်သည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ဟုပြောလျှင် မည်သူမျှ မငြင်းနိုင်သလို မြို့သစ်ရုပ်ရှင်ရုံတွင် သေနတ်ပစ်လက်သီးထိုး ကောင်းဘွိုင်ကားပြသည်ဆိုသည်ကိုလည်း လက်ခံရမည်သာ။

တကယ်တော့ နေမင်းထွန်းက မနေ့ညက ကေသီဘယ်ရုံမှာ ကြည့်တာလဲဟု မေးဖို့ကောင်းသည်။ ဒါဆို ကေသီပြောသည်မှာ ဟုတ်မဟုတ်။ ယနေ့ ပြန်စစ်ဆေးနိုင်သည်။

သို့သော် ဘာလို့ မေးမည်လဲ။ မိမိနှင့် ကေသီစိုးဘာဆိုင်လို့လဲ။

ကေသီစိုးကို ခေါင်းထဲမှ ထုတ်ပစ်လိုက်သည်နှင့်ကေသီစိုးနှင့် ဆင်ဆင်တူသော ဇာခြည်မြင့်သည် နေမင်းထွန်းခေါင်းထဲ ဝင်လာပြန်သည်။

ဇာခြည်မြင့်သည် တကယ်ပင် လေယာဉ်ဖြင့် ရန်ကုန်သို့ ပါသွားပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် မိမိထံမှ ငွေရရေးအတွက် အကြံအဖန် လုပ်ခြင်းပေလား။

ယူဘီအေကိုတိုးထံသို့ နေမင်းထွန်း ဖုန်းဆက်မေးမြန်းလိုက်သည်။

"အခု မနက်ဖလိုက်နဲ့ပဲ မောင်ရင် ဇာခြည်မြင့်ကို ထည့်ပေးလိုက်တယ် သူငယ်ချင်း ... နောက် ဖလိုက်က မွန်းလွဲနှစ်ချက်တီးမှ ထွက်မှာမို့ ... ပထမ ဖလိုက်နဲ့ပဲ ပါအောင် ထည့်ပေးလိုက်တယ် ..."

"အဲဒီအတွက် ကိုတိုးတို့ ကြိုက်ရာဟိုတယ်မှာ ကြိုက်ရာအရက်နဲ့ ..."

"တော်ပါ ... ငါက မောင်ရင့်လို ကြွက်တွင်းမှ မဟုတ်တာ၊ နောက်ပြီး ငါ့ရဲ့ မင်းအပေါ် ခင်မင်မှုကို အရက်ပွဲနဲ့တော့ ချေမပစ်နဲ့ကွာ ... ငါက မင်းကို တကယ်ခင်လို့ ကူညီတာကွ ... နောက်ပြီး မြို့င်မြို့သစ်က ဘယ်ဟိုတယ်ဆိုင်မှာပဲဖြစ်ဖြစ် ငါ မသောက်ဘူး ... ဒီမြို့က ဟိုတယ်တိုင်းဟာ ဒုစရိုက်နဲ့ ရှုပ်ယှက်ခတ်နေတာ ... အေး ... ဒါပေမဲ့ ရန်ကုန်မှာ မင်းနဲ့ငါ ကြုံတဲ့အခါကျမှ ငါ ကြိုက်ရာဟိုတယ်နဲ့ ငါ ကြိုက်ရာ အရက်ပေါ့ကွာ ..."

"ဒါဆို ... အိုကေပဲ ကိုတိုး ..."

"နေဦး ... မအိုကေနဲ့ဦး ... နေခြည်မြင့်တစ်ယောက် မနက်စောစော ဖလိုက်နဲ့ ရန်ကုန်ကို သွားတဲ့ကိစ္စနဲ့ ပတ်သက်တဲ့ သတင်းတစ်ခုကို ... မင်းက ငါ့ကို ပြောမပြတော့ဘူးလား



ထွန်း ..."

"ဘာသတင်းများပါလဲ ကိုတိုး ..."

"အဲဗျာ ... ငါကပဲ ဖျံကို ရေကူးသင်ပေးရမလို ဖြစ်နေပြီ၊ ငါ ကြားတဲ့သတင်း မင်းကို ပြောပြမှ မင်းသိမှာတဲ့လား"

"ဆောရီးပဲ ကိုတိုး ... ကျွန်တော် ဒီနေ့ မနက် အိပ်ရာထနောက်ကျသွားတယ် ... နိုးနိုးချင်း ကျွန်တော့် ရုံးခန်းကို တန်းလာခဲ့တာမို့ ... ဘာသတင်းမှ မကြားသေးဘူး ..."

"အေး ... ဟုတ်မယ် ... ငါတောင် သွားတော့မဲ့ဆဲဆဲမှာ နေခြည်မြင့်ဆီက ကြားရတာ ... အဲ ... ညက ဇာခြည်မြင့် ယောကျ်ားရှိန်းအောင် အဖြောင်ခံရတယ်တဲ့ ... တော်တော်နာသွားတယ်တဲ့ ... ဇာခြည်မြင့်ကပဲ ရှိန်းအောင်ကို သဟာယဆေးကုခန်း တင်ပေးခဲ့တယ်တဲ့ ... ဆရာဝန်ကရှိန်းမောင်ကိုထပြီး အိပ်ဆေးထိုးပေးလို့ ... အိပ်ပျော်နေတုန်း ဇာခြည်မြင့်က ပြန်လစ်လာတာတဲ့ ထွန်း ... ကဲ ... ငါ ဖျံကို ရေကူးသင်ပေးပြီးပြီ ... ဒါပဲ ထွန်း ..."

ကိုတိုး ဖုန်းချသွားသည်။

နေမင်းထွန်းလည်း ဖုန်းပြန်ချပြီး အံ့သြစွာ အတွေးနက်ရပြန်တော့သည်။

မနေ့က ဇာခြည်မြင့်ကိုသူမ၏တည်းခိုခန်းအရောက် ပို့ပေးစဉ်က ရှိန်းအောင် ပြန်မရောက်သေး။ ယခု ညကပင် ရှိန်းမောင်က ဖြောင်ခံရသည်ဟု ကြားရသည်။

ရှိန်းမောင်ကို ဘယ်သူက ဖြောင်လိုက်ပေသနည်း။

www.burmeseclassic.com



"အစ်ကို ... သွားဖို့ အချိန်ကျပြီ ... "

တွေးနေစဉ်မှာပင် ကေသီစိုးက ရှုံးခန်းပေါက်ဝတွင် လာရပ်ကာ ပြောကြားလိုက်ပေသည်။

နေမင်းထွန်း အူကြောင်ကြောင် ဖြစ်သွားပြီး ကေသီစိုးကို ပြန်မေးသည်။

"တို့က ဘယ်အချိန် ဘယ်သွားရမှာမို့လဲ ကေသီစိုး ... "

"အဲတော့ ... ဒီနေ့ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖိတ်ကြားထားတယ်လေ ... အမတ်မင်း ဦးဘစိမ်းကိုယ်တိုင် ဖွင့်ပွဲကို ဖဲကြိုးဖြတ်ပေးမှာတဲ့ ... ဖွင့်ပွဲမှာ အုန်းထမင်းနဲ့ ကြက်သားဟင်း ကျွေးမှာ ... အဲဒါ အစ်ကို့ကို ဖိတ်ထားလို့ ကေသီက သတိပေးတာ ... "

"အဲဒီ ဖွင့်ပွဲကို တို့ မသွားတော့ပါဘူး ကေသီစိုး ... တို့ တစ်ယောက် မသွားရင် နောက်တစ်ယောက်က အုန်းထမင်းနှင့် ကြက်သားဟင်း တစ်ယောက်စာပိုပြီး စားရတာပေါ့"

ကေသီစိုးက နိုင်ငံခြားရုပ်ရှင်ထဲက မင်းသမီး ပခုံးတွန့်ပုံမျိုးလေး တွန့်လိုက်သည်။ နှုတ်ခမ်းလှလှလေးကိုလည်း မဲ့ပြသည်။

"ကေသီ ... အင်္ဂလိပ် ဗီအေလက်ထောက်လုပ်ရတာ မလွယ်ဘူး သိလား ... ပြဿနာတွေ ပေါ်လာရင် အားလုံးအဆင်ပြေအောင် ကေသီ လုပ်နိုင်တယ် ... ခက်တာက အစ်ကိုပဲပေါ့ ... "

"ဗျာ ... တို့က ဘာခက်နေလို့လဲ ... "



"အစ်ကိုပေါ့ ... ဘယ်နေ့ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတာ ကေသီကို ကြိုတင်ပြီး ပြောမထားဘူး ... ကေသီက ဘာမဆို အစ်ကို့ကိုယ်စား လုပ်နေရတာ ... အစ်ကို မရှိတုန်း ကိစ္စနဲ့ လာတဲ့သူကို ဘာကိစ္စနဲ့ လာမှန်း မသိရဘူး ... ဖုန်းဆက်သူတွေကလည်း ဘာကိစ္စကြောင့် ဆက်မှန်း ကေသီ မသိဘူး ... တကယ်လို့သာ ဘယ်နေ့ ဘယ်အချိန်မှာ ဘာတွေ လုပ်မယ်ဆိုတာ အစ်ကိုက ကေသီကို တင်ကြိုပြောထားရင် လာသမျှ လူတွေနဲ့ လာသမျှ ဖုန်းတွေကို ကေသီ အဆင်ပြေအောင် ပြန်ပြော ... ပြန်လုပ်ပေးနိုင်မှာပေါ့ အစ်ကို"

"ဆောရီးပဲ ကေသီ ... တို့အနေနဲ့ ဘယ်နေ့ ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတာကို တင်ကြိုတွေးထားလေ့ မရှိဘူး ... ကျဘန်းပဲ ... ပေါ်လာတဲ့ အလုပ်ကိစ္စတို့ ပေါ်လာတဲ့ အချိန်မှာပဲ ရင်ဆိုင်လုပ်လိုက်တာ ... ကေသီလည်း တို့လိုပဲ လုပ်ပေါ့ ... "

"အဲဒါခက်တာပေါ့ အစ်ကို ... "

"မခက်ပါဘူး ... အဲဒီလိုပုံစံနဲ့ တို့ လုပ်လာတာဟာ တောက်လျှောက်ပဲဟာ ... အဆင်ပြေနေသားပဲ ... "

တကယ်တော့ နေမင်းထွန်းသည် ဘယ်နေ့ ဘယ်အချိန်တွင် ဘယ်လိုကိစ္စတွေ ဆောင်ရွက်မည်ဆိုသည်ကို သူ့ ခေါင်းထဲတွင် အစီအစဉ် အမြဲ ထားရှိပါ၏။

သို့သော် မိမိ ဘယ်နေ့တွင် ဘာလုပ်မည်ဆိုသည်ကိုတော့ ဘယ်သူ့ကိုမှ တင်ကြို ပြောမထားပေ။ ကေသီစိုးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တမင် တင်ကြို ပြောမထားခြင်းဖြစ်သည်။

"အခု အစ်ကိုက ဘယ်သွားမလို့လဲ ..."

"ဦးနှောက်ခြောက်လွန်းလို့ စိတ်ကြည်လင်သွားအောင် ... ကားတစ်ပတ် လျှောက်မောင်းမလို့ ကေသီ ..."

"ဟင့်အင်း ... အစ်ကို သွားလို့ ဘယ်ဖြစ်မလဲ ... ဒီနေ့မွန်းလွဲတစ်နာရီမှာ ဘီလပ်မြေနဲ့ အုတ်ကိုယ်စားလှယ်တွေ လာကြမယ်လေ ... ဈေးပြော ဈေးညှိရမယ် မဟုတ်လား"

"မွန်းလွဲနှစ်နာရီကို ပြန်ချိန်းလိုက်ပါ ကေသီ ... ကဲ ... တို့ သွားမယ် ..."

"ကြည့် ... အစ်ကိုတစ်ယောက် အခုတလော ဘာဖြစ်နေမှန်း မသိဘူး ... ခါတိုင်းဆို **အလုပ်နဲ့** ပတ်သက်လာရင် အစ်ကို သိပ်တိကျတာ ..."

"**ခါတိုင်းဆိုတာက ဒီနေ့မှ မဟုတ်တာဘဲ** ကေသီ ... နက်ဖြန်ရောက်ရင် တို့ ပြန်ပြီး **တိကျချင် တိကျလာမှာပေါ့**"

ပြောရင်းပင် မောင်ထွန်း ရုံးခန်းမှ ထွက်လာခဲ့သည်။

ဓာခြည်မြင့် တည်းခိုခဲ့သော ဆဟာယ တည်းခို ဆောင်သို့ပင် နေမင်းထွန်း မောင်းလာသည်။

ရှိန်းမောင်နှင့် ဓာခြည်မြင့် တည်းခိုသော အခန်းသို့ ပင်သွားကာ တံခါးခေါက်လိုက်သည်။

"ဟော ... မိဓာခြည် ... မင်း အခုမှ လာသလား ... ဆ[illegible] ဝန်တော့ ခုနကမှ ပြန်သွားတယ် ... မင်းကို ငါ တကယ်[illegible] သြတယ် ... ဒီလိုအချိန်နဲ့ ဒီလိုအခြေအနေမျိုးမှာတော့ [illegible]



အနားမှာ မင်း မနေဘူးလား ... ငါ့ကို မနက်အစောကြီး ဆေးခန်းက ဒီ တည်းခိုခန်း ပြန်ပို့ထားပြီးကတည်းက မင်း ထွက်သွားတာ အခု ဆယ့်တစ်နာရီတောင်ရှိပြီ ... ငါ အခု ရေသိပ်ဆာနေတယ် ... ရေတိုက်မဲ့သူ မရှိဘူး ... ရေတစ်ခွက် ယူလာခဲ့ ..."

အထဲမှ ရှိန်းအောင် အော်ဟစ်ပြောဆိုနေသံကို နေမင်းထွန်း ကြားရသည်။

တံခါးကို ခလုတ်လှည့်ကြည့်ရာ ချက်ချမထားဘဲ အသင့်ပွင့်သွားသည်မို့ နေမင်းထွန်း အခန်းထဲသို့ ဝင်လိုက်သည်။

"ရေသောက်ချင်ရင် မင်းဟာမင်း ထသောက်ပေါ့ ရှိန်းမောင်၊ မင်းမှာ ခြေတွေ လက်တွေ ကျိုးနေလို့လား ... ပြတ်နေလို့လား ရှိန်းမောင် ..."

နေမင်းထွန်းသည်ပြောရင်း အခန်းထဲ ဝင်လာရာ အိပ်ရာပေါ်မှာ ရှိန်းအောင်ကို တွေ့သည်နှင့် သူ့စကားကို ရပ်ပစ်လိုက်တော့သည်။

ရှိန်းမောင်သည် အိပ်ရာမှ မထနိုင်အောင် ပက်လက်ကြီး ရှိနေပါ၏။

မျက်နှာနှင့် ဦးခေါင်းကို ပတ်တီးတွေ စည်းထားသည်။ မျက်စိပေါက်နေရာနှင့် ပါးစပ်ပေါက် [illegible] ပတ်တီး မှတ်နေသည်။

နေမင်းထွန်း အသံကို ကြားလိုက်သည်နှင့် ရှိန်းမောင်သည် ပက်လက်ကြီး အနေအထားမှာပင် တွန့်ခနဲ ဖြစ်သွား[illegible]

www.burmeseclassic.com



သည်။

"ကျုပ် မိန်းမ ဇာခြည်ပြန်လာပြီလို့ ထင်တာ ... ဒီကောင်[illegible] ဘယ်တွေမျှားသွားပြီး အလေလိုက်နေသလဲ မသိဘူး"

"သွားပြီပေါ့ ရှိန်းမောင်ရာ ... မင်းမိန်းမ မင်းလက်ကထွ[illegible] ပြေးပြီပေါ့ ... "

နေမင်းထွန်းက ရှိန်းအောင် အိပ်ရာဘေးနေရာလွ[illegible] တွင် ဝင်ထိုင်ကာ စီးကရက်တစ်လိပ် ထုတ်ယူမီးညှိ ဖွာလိုက်သည်[illegible]

"မင်း မိန်းမဇာခြည် သူ့လမ်းကို သူရှာပြီး ထွက်သွားပြီ[illegible] ကွာ ... သူ သွားလိုရာ သွားနိုင်ဖို့ ငါကပဲ အကူအညီ [illegible] လိုက်ပါတယ် ... ကဲ ... ရှိန်းမောင်ပြောစမ်း ... မင်း ကို[illegible] လွင်၊ ဦးလှိုင်မင်းတို့နဲ့ ပေါင်းပြီး ငါ့ကိုဖြိုဖို့ ဘယ်လို အ[illegible] အစည်တွေ လုပ်ခဲ့တယ်ဆိုတာ ... ငါ့ကို ပြောစမ်း ..."

"ကျုပ်မှာ အဲဒီလို အကြံအစည်တွေ ရှိတယ်လို့ ဇာခြည်[illegible] ခင်ဗျားကို ပြောလို့လား ... "

"ပြောတယ်ဆိုရင်ကောကွာ ... "

ရှိန်းအောင်က သူ့မိန်းမ ဇာခြည်မြင့်အား အယု[illegible] အနတ္တ ကြမ်းတမ်းသော ဆဲဆိုခြင်းတွေဖြင့် ဆဲလိုက်သည်။

"မင်း ငါ့ဆီက ငွေတွေ သုံးသွားတာ ငါက ရဲမတိုင် အ[illegible] မယူတာ ဘာကြောင့်လဲ သိလား ... "

ရှိန်းမောင် မပြောပေ။

"မင်းက ဘိုင်ကောင်ပဲ ရှိန်းမောင် ... မင်းဆီက ငါ့ငွေ[illegible] ပြန်ရဖို့ ရဲကို တိုင်လည်း မင်းက ပြန်ပေးနိုင်တဲ့ကောင်[illegible]



မဟုတ်ဘဲ ... မင်း ထောင်ကျရုံကလွဲပြီး ဘာတတ်နိုင်သလဲ၊ ဒါကြောင့် ရဲကိုမတိုင်ဘဲ မင်းရဲ့ ကျက်သရေမရှိတဲ့ မျက်ခွက်ကြီးကိုသာ ငါ့လက်သီးနဲ့ သုံးလေးချက် ထိုးချင်တာ ... ဒါပေမဲ့ ငါ နောက်ကျသွားပြီလေ ... အခု မင်းခံလိုက်ရတာက ငါထိုးမဲ့ လက်သီးချက်တွေထက်ပိုပြီး ပြင်းထန်နေလို့"

ရှိန်းမောင်သည် သိသိသာသာကြီးပင် သက်ပြင်းကြီးချလိုက်သည်။

"ကျုပ် သိပ်ငွေလိုနေတယ် ကိုနေမင်းထွန်း ... လမ်းစရိတ်လုံလုံလောက်လောက်ရတာနဲ့ ကျုပ် ဒီမြို့က ထွက်သွားမှာပါ ... ဘယ်တော့မှလည်း ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ထားတယ် ... "

"ဟ ... မင်းမှာ ဆရာကြီး ဦးလှိုင်မင်းရော ... ဆရာလေး ကိုဝေလွင်ရော ရှိနေတာပဲ ... သူတို့ဆီက မင်းလိုတဲ့ငွေကို တောင်းပေါ့ကွ ... မင်းက သူတို့ခိုင်းတာ လုပ်ပေးတဲ့လူပဲ"

ရှိန်းမောင်သည် ပက်လက်အနေအထားကပင် ဒေါသဖြင့် အိပ်ရာကို လက်သီးနှင့် ထိုးလိုက်သည်။

"တောက် ... သူတို့ဆီက ငွေရဖို့နေနေသာသာ ညက သူတို့က ကျုပ်ကို ရေရေလည်လည် နှာတာကို ကျုပ် ခံလိုက်ရတယ် ... အခု ခင်ဗျား အမြင်ပဲ ... ထားပါတော့လေ ... ကျုပ်ခံရတာ ကျုပ်အကြောင်းနဲ့ ကျုပ်ပဲလို့ ... ဒါပေမဲ့ ကျုပ်ခံရသလို ခင်ဗျားလည်း ခံရဖို့တွေ ရှိနေတယ် ကိုနေမင်းထွန်း ... "

www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ ... မနေ့ညက မင်းမိန်းမ ဇာခြည်မြင့်ကို ငါ အကူအညီပေးဖို့ လှိုင်နန္ဒာကိုသွားတော့ ကိုဝေလွင်နဲ့တောင် ဖိုက်ခဲ့ရသေးတယ် ... အဲဒီပွဲမှာ ငါ နိုင်တာကို ကိုဝေလွင်က မကျေနပ်တဲ့ ဒေါသနဲ့ သူကိုယ်တိုင် ငါ့ကို နှာမယ်လို့ ပြောသေးတာပဲ ... "

ရှိန်းမောင် သက်ပြင်းချပြန်သည်။

"ကျုပ် လူပေါင်းမှားသွားတာကို ဝန်ခံပါတယ် ကိုနေမင်းထွန်း ... ကျုပ် ဒီမြို့က တခြားရောက်နေတာကို သူတို့ကပဲ ကျုပ်ကို ဆက်သွယ်ပြီး သူတို့ ခိုင်းတာလုပ်ပေးရင် ငွေသုံးသောင်းပေးမယ်လို့ ကမ်းလှမ်းလို့ ကျုပ်တို့ လင်မယား မြို့မြို့သစ်ကို လူမသိအောင် တိတ်တိတ်ပြန်လာတာ ... ကျုပ်က ခင်ဗျားဆီမှာ အလုပ်လုပ်ဖူးတော့ ခင်ဗျားရဲ့ အတွင်းအပြင်အားလုံး သိထားတယ် ... ခင်ဗျား ရုံးခန်းက မီးခံသေတ္တာကို ဖောက်ခွဲဖို့ရော ... ခင်ဗျားရဲ့ ကုန်ပစ္စည်းသိုလှောင်ရုံတွေ မီးရှို့ပစ်ဖို့ရော ကျုပ်ကို ခိုင်းတယ် ... သူတို့ခိုင်းတဲ့အတိုင်း ကျုပ် လုပ်ပါတယ် ... ဒါပေမဲ့ မအောင်မြင်ဘူး ... အဲဒီလို မအောင်မြင်တာကိုဘဲ ကျုပ်ဟာ သူလျှိုကိုယ့်ဘက်သား သူတို့ကိုလုပ်ပြီး ခင်ဗျားကို ကျုပ်က တင်ကြို အသိပေးလို့ မအောင်မြင်... ... ကျုပ်ဟာ သူတို့ရဲ့သစ္စာဖောက်လို့ စွပ်စွဲပြီး ကျုပ်ကို ဝိုင်းဘောကြတယ်လေ ရက်စက်တယ်ဗျာ ... သံပိုက်လုံးမှာ ရာဘာစွတ်ပြီး ရိုက်ကြတာ ... ကျုပ် မချိမဆန့် ခံရတယ် ... "



နေမင်းထွန်း ထိုင်ရာမှ ထရပ်သည်။ အိတ်ထဲမှ ငွေတစ်ထောင်ထုတ်ယူပြီး ရှိန်းမောင် ရင်ဘတ်ပေါ် ပစ်တင်ပေးလိုက်သည်။

"အေး ... ဇာခြည်မြင့်ကို ငါ ငွေကုန်ခံပြီး ကသီခဲ့ပြီးပြီ ... အခု မင်းကို ငါကထပ်ပြီး ငွေတစ်ထောင် စွန့်ကြဲတယ် ... ငါက ဒုက္ခိတတွေကို သနားတတ်ပါတယ်ကွ ... တကယ်လို့ မင်း တခြားကိုမသွားဘဲ မင်းရဲ့ ဆရာကြီး ဆရာလေးတွေနဲ့ ဆက်ပြီး ငါ့ကို ကြံစည်ချင်သပဆိုလည်း ကြံစည် ... ငါကတော့ ကျားနဲ့ဆင်ပဲ ရှိန်းမောင် ... လယ်ပြင်မှာ အချိန်မရွေး တွေ့နိုင်ဖို့ အသင့်ရှိတယ်လို့သာ မင်းရဲ့ ဆရာတွေကို ပြောလိုက် ... ကဲ ... ငါသွားပြီ ... "

နေမင်းထွန်း ထွက်လာခဲ့သည်။

ရှိန်းမောင်ထံမှ ထွက်လာစဉ်ကတော့ အေးအေးဆေးဆေး ဗေဒါကိုမောင်းပြီး ရေလယ်ကျွန်းကို သွားမည်ဟု စိတ်ကူးသည်။

ညက ခင်မိမိ ... သွားခြင်းကြောင့် ခင်မိမိကို စိတ်ထဲတွင် တမ်းတကာ ခင်မိမိနှင့် ချစ်သူဘဝက မကြာခဏ ရေလယ်ကျွန်းကို သွားခဲ့ပြီး ပျော်ရွှင်ခဲ့သည်များအား အလွမ်းပြေသဘောဖြင့် ဗေဒါဖြင့် ရေလယ်ကျွန်းသွားရန် စိတ်ကူးလိုက်ခြင်း ဖြစ်ပါ၏။

သို့သော် မွန်းလွဲ (၂)နာရီပွဲင် ဘီလပ်မြေကိစ္စ၊ အုတ်ကိစ္စများအတွက် ကိုသာနိုးနှင့် ကိုအိကို ချိန်းဆိုထားခြင်းကို သတိရပြီး ရေလယ်ကျွန်းမသွားတော့ဘဲ ရုံးခန်းသို့သာ ပြန်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရုံးခန်းထဲတွင် ကိုသာနိုးနှင့် ကိုအိတို့ မိမိကို ထိုင်စောင့်နေသည်ကို အသင့်တွေ့ရပေသည်။

"ကဲ ... ဆို ... ကိုသာနိုးနှင့် ကိုအိ ... "

ကိုသာနိုးက ဆေးလိပ်ငွေ့များကို သက်ပြင်းချရှင်းနှင့်အတူ မှုတ်ထုတ်ပြီး ပြောသည်။

"အင်း ... ပြောရရင်တော့ သတင်းက သိပ်မကောင်းဘူး နေမင်းထွန်း ... "

"ပြောပါ ကိုသာနိုး ... "

"သက်ဆိုင်ရာ အင်ဂျင်နီယာက ငါတို့ သယ်ဆောင်လာတဲ့ ဘိလပ်မြေနဲ့ အုတ်တွေဟာ စီမံကိန်းနဲ့ အဆောက်အအုံတွေ ဆောက်ဖို့အတွက် အဆင့်မမီဘူးလို့ ပြောနေတယ်ကွ ... အဆင့်မမီတဲ့အတွက် ရီဂျက်လုပ်မယ်တဲ့ ... ငါတို့မှာ ရေတော်တန်၊ ကုန်းတစ်တန် စီဘီတွေနဲ့ လော်ရီကားတွေနဲ့ သယ်လာရတာ ... စရိတ်သိပ်ကုန်ကျတယ် ... ဒီရောက်မှ ရီဂျက်လုပ်တယ် ပယ်တယ်ဆိုရင် ဟက်တက်ကြီး ကွဲပြီပေါ့ နေမင်းထွန်း ... "

နေမင်းထွန်းက ခြုံသံပါအောင် ညည်းနေသော ကိုသာနိုးကို ကြည့်ကာ ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

"ဒါများ ခက်လွန်းလို့ ကိုသာနိုးရာ ... ခေါင်းပေါင်းစိမ်းရဲ့တန်အရွက်နှစ်ဆယ် အင်ဂျင်နီယာကြီးကို ပူဇော်ပသပြီးနေကျ မဟုတ်လား ... ခါတိုင်းလိုပဲပေါ့ဗျာ ... "



နေမင်းထွန်း၏ စကားကို ကိုသာနိုးရော ကိုအိရော ခေါင်းခါပြသည်။

"ခါတိုင်းလုပ်နေကျ အတိုင်းပဲ လုပ်တာပဲ နေမင်းထွန်း ... အင်တင်တင်လုပ်နေလို့ ... ခါတိုင်းထက်နှစ်ဆတောင် ကိုးပေးသေးတယ် ... "

ကိုအိကပါ ဝင်ပြောလာသည်။

"ဘယ်လောက်ပေးပေး မယူဘူးတဲ့လေကွာ ... "

"ဗုဒ္ဓေါမြတ်စွာဘုရားပါလား ... ဒီအင်ဂျင်နီယာက ဘယ်လိုတရားပေါက်ပြီး အကျွတ်တရားတွေ ရသွားလို့ ခါတိုင်းထက်နှစ်ဆတိုးပေးတာတောင် ခေါင်းမာနေတာလဲ ကိုအိ"

"အေး ... သူပြောပေါက်က အိခု ငါတို့ပစ္စည်းတွေကို အရည်အသွေးမီပါတယ် ... အဆင့်မီပါတယ်လို့ သူ လက်မှတ်ထိုးမပေးနိုင်ဘူးတဲ့ ... ဘာလို့လဲဆိုတော့ ဒီတစ်ခါ ပစ္စည်းတွေကို အမတ်မင်း ဦးဘစိမ်းကိုယ်တိုင် စစ်မှာမို့တဲ့လေ ... "

"တောက် ... "

ကိုအိ ပြောပြချက်ကို နေမင်းထွန်း အထာပေါက်သွားသဖြင့် တောက်ခေါက်မိသည်။

"ဘိလပ်မြေကျတော့ ရက်လွန် ဘိလပ်မြေတွေတဲ့ ... အုတ်တွေကျတော့ မီးမမှန်တဲ့ အုတ်တွေတဲ့ ... "

"အဲဒီလို တကယ် ဟုတ်နေလို့လား ... "

"ဘယ်ကလာ ဟုတ်ရမှာလဲ နေမင်းထွန်းရာ ... မြို့မြို့သစ်က အင်ဂျင်နီယာတွေခေါ်ပြ စစ်ဆေးခိုင်းပါ ... ရက်လွန်

www.burmeseclassic.com

www.burmeseclassic.com



ဘိလပ်မြေ မဟုတ်တဲ့ပြင် ဘိလပ်မြေအိတ်တိုင်း စိမ်းဖန့်နေအောင် ကွာလီတီကောင်းနေတာပဲကွ ... အုတ်တွေဆိုလည်း မီးမှန်ရုံမက နီရဲနေတာပဲ ... စံချိန်မီ ဟိုဘက်တောင် လွန်နေသေးတယ် ... တခြားက ဘယ်အင်ဂျင်နီယာနဲ့မဆို အစစ်ဆေးခံရဲတယ် နေမင်းထွန်း ... "

ဖျန်းခနဲနေအောင် နေမင်းထွန်းသည် စားပွဲကိုလက်ဝါးဖြင့် ပုတ်လိုက်သည်။

"ကိစ္စမရှိပါဘူး ... ကိုသာနိုးနဲ့ ကိုအိ ... စိတ်အေးအေးထားပြီးသာ ပြန်သွား ... ခင်ဗျားတို့ တစ်ပြားဖိုးတောင် မနစ်နာစေရဘူး ... ဒီကိစ္စ ကျွန်တော် ဆက်လုပ်မယ် ... စိတ်ချ ... သုံးရက်အတွင်း ဒီပစ္စည်းတွေအားလုံး စံချိန်မီ ကွာလီတီကောင်းပါတယ်ဆိုတဲ့ အင်ဂျင်နီယာ လက်မှတ်ထိုးစေမယ် ... အရေးကြီးတာက ကိုသာနိုးနဲ့ ကိုအိတို့ရဲ့ ပစ္စည်းတွေသာ အမှန်အကန်ဖြစ်ပါစေ ... "

"စိတ်ချ ... ဘိလပ်မြေရော၊ အုတ်ရော စံချိန်မီတွေချည်း"

ကိုသာနိုးနှင့် ကိုအိတို့ မျက်နှာမသာမယာနှင့် ပြန်သွားကြသည်။

ဤစနက်သည် ဦးလှိုင်မင်းနှင့် ကိုဝေလွင်၏ စနက်မှန်း နေမင်းထွန်း ဒက်ခနဲ သိလိုက်ပါ၏။

အမတ်မင်း ဦးဘစိမ်းဆိုသည်က ဦးလှိုင်မင်းနှင့် ကိုဝေလွင်၏ ရုပ်သေးကောင် မဟုတ်ပါလား။

ဤကိစ္စကို သူတို့ဘက်က မလိုက်လျှောလျှင် ပွဲ



ပွဲကောင်းမှ တကယ့်ဇိန်းဗောင်း လက်ခမောင်းခတ်ပွဲကြီး ဖြစ်စေမည်။

ရှိသမျှ ချမ်းသာသမျှ အားလုံး ပြုတ်သွားပါစေ၊ သူတို့၏ ဒုစရိုက်မှတ်တမ်းကြီးကို ဆောက်လုပ်ရေးဝန်ကြီးအထိ ရောက်သွားအောင် တန်ပြန်ပစ်လိုက်မည်။ နေမင်းထွန်း စိတ်ဒုန်းဒုန်း ချလိုက်ပါ၏။

"ဒီမယ် အစ်ကို ... အပြင်မှာ ပြုံးချိုလေး ရောက်နေတယ်၊ ငိုလည်းငိုလို့၊ အစ်ကိုနဲ့ တွေ့ပေးပါလို့ ပြောနေတယ် ... လွှတ်လိုက်ရမလား ... "

ပြုံးချိုသည် အသက်(၁၈)နှစ်သာ ရှိသေးသည်။ ဝိုတောင်စောင့် ခန့်ထားသည်။

"အေး ... လွှတ်လိုက် ... "

"ဖြစ်ပုံမလား အစ်ကို ... အစ်ကိုကြည့်ရတာ အရမ်းဒါသထွက်နေသလိုပဲ ... ပြုံးချိုကလည်း အရမ်းကြောက်နေတယ် ... "

"သိပ်ဖြစ်တယ် ကေသီ ... တို့က ဘယ်လောက် ဒေါသထွက်ထွက် ... ကိုယ့်လက်အောက် ငယ်သားအပေါ်မှာ ပြေပစ်အောင် ဆက်ဆံတယ် ... ပြုံးချိုကို လွှတ်သာလွှတ်လိုက်၊ တို့ ဒေါသထွက်တာ ပြုံးချိုကိုမှ မဟုတ်တာ ... "

ကေသီနိုး ပြန်ထွက်သွားပြီး ရုံးခန်းထဲသို့ လေးဘက်ထောက်ရုံတမယ် ကျို့ကျို့ရို့ရို့လေး ခေါင်းငုံ့ ခါးကိုင်းကာ ပြုံးချိုလေး ဝင်လာသည်။ မျက်ခွံတွေ မို့နေသည်။ သူ့ မျက်လုံးတွေ နီပြီး

www.burmeseclassic.com



မျက်ခွံတွေ မို့နေသည်။

"ထိုင် ပြုံးချို ... ပြောစရာရှိတာ ရဲရဲသာပြော ... မကြောက်နဲ့ ..."

"ကျွန်တော့်ကို ရိုက်ချင်ရိုက် ... ထိုးချင်ထိုးပါ ဆရာ ... အလုပ်ကတော့ ထုတ်မပစ်ပါနဲ့ ... ကျွန်တော့် အမေက လူမမာပါ ... ကျွန်တော့်မှာ အလုပ်မရှိ ဝင်ငွေမရှိရင် အမေ့ကို ဆေးမကုနိုင်ဘဲ သေသွားမှာ စိုးလို့ပါ ဆရာ ..."

"ဟာ ... မင်းကို ငါက ဘာလို့ အလုပ်ထုတ်ရမှာလဲ ပြုံးချို"

"ကျွန်တော် တာဝန်ကျတဲ့ ဂိုထောင်ထဲက ဒိုင်းနမိုက်အသေးစား သုံးလုံးလူခိုးခံရပြီး ပျောက်သွားလို့ပါ ဆရာ ... အဲဒီတန်ဖိုးကို ကျွန်တော့်လခထဲက ဆရာ ဖြတ်ပါဆရာ"

နေမင်းထွန်း သဘောပေါက်ရပြန်သည်။

ရှိန်းမောင် ခိုးယူသော ဒိုင်းနမိုက် သုံးလုံးဖြစ်ရမည်။ ရှိန်းမောင်က မိမိလက်ကြေးဝင် အလုပ်သမားဟောင်း ဖြစ်ခဲ့သည်မို့ ဘယ်ဂိုထောင်တွင် ဘာပစ္စည်းတွေ ထားရှိမှန်း သိထားသည်။ ပြုံးချိုကလည်း လူပျိုပေါက်ကလေး သဘာဝအတိုင်း ငေးငိုင်တာလေးတွေ ရှိမည်။ ပြုံးချို အလစ်တွင် ရှိန်းမောင် ဝင်ခိုးခြင်း ဖြစ်ရမည်။

"မင်း လာခထဲက ငါ တစ်ပြားမှ ဖြတ်စရာ မလိုဘူး ... ပြုံးချိုကို အလုပ်ထုတ်စရာလည်း မလိုဘူး ... ဘာလို့လဲဆိုတော့ ... ရော့ ... ဒီမှာ မင်းဂိုထောင်က ပျောက်သွားတဲ့ ဒိုင်းနမိုက် သုံးလုံး ပြန်ယူသွား ... ပြန်ပြီး ဂိုထောင်မှာ ထားလိုက် ... ငါ့ပစ္စည်းမှ မဆုံးရှုံးတာ ... မင်းလခထဲက



ဖြတ်စရာ မလိုဘူး ..."

နေမင်းထွန်းက သိမ်းထားသော ဒိုင်းနမိုက်သုံးလုံးကို ထုတ်ပေးလိုက်သည်။ ပြုံးချိုမှာ အံ့သြလွန်းမက အံ့သြသွားပုံရပါ၏။

"ဆရာ ... ဘယ်လိုက ဘယ်လို ... ဆရာ့လက်ထဲ ပြန်ရတာလဲ ဆရာ ..."

နေမင်းထွန်းက ပြုံးချိုလေး မျက်နှာပြန်ကြည်၊ ပြန်ပြုံးလာသည်ကို ပီတိဖြစ်စွာ ကြည့်နေပါ၏။

"အေး ... နောက်ကို မပေါ့နဲ့ ... ဝီရိယပိုပြီးစောင့် ... ကြားလား ပြုံးချို ... ကဲ ... ဒိုင်းနမိုက်တွေယူပြီး မင်း ပြန်တော့"

ပြုံးချိုဖြစ်စေ၊ ကိုသာနိုးနှင့် ကိုအိဖြစ်စေ၊ သူတို့အားလုံးသည် မိမိ ကျရောက်နေသော အခြေအနေကို သိထားသူများ မဟုတ်။ သူတို့ကို မိမိက ဘာလို့အပြစ်တင်ရမည်နည်း။

တကယ်စီးဆင်းလာသော လမ်းကြောင်းကို မမ်သာလျှင် အသိဆုံးမို့ မိမိဖြေရှင်းမည်။

ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီပဲ။

ooo ◻ ooo

www.burmeseclassic.com

www.burmeseclassic.com



( ၇ )

"အမိန့်ရှိပါရှင် ... ဖေဖေနဲ့ ပြောဖို့ဆိုရင်တော့ နောက်ထပ် တစ်နာရီ ကြာလောက်မှာ ထပ်ဆက်ပါ ... အခု ဖေဖေ အပြင်သွားနေလို့ပါရှင် ..."

အမျိုးသမီးတစ်ဦး၏ ဖြေသံဖြစ်နေသည်။

အသံမှာ အခြားအမျိုးသမီးတွေ၏ အသံနှင့် မတူဘဲ အုပ်အုပ်သြသြလေးဖြင့် နွဲ့နှောင်းပြီး နားဝင်ချိုသော အသံဖြစ်ပါ၏။

ယင်းအမျိုးသမီးသည် မြိုင်မြို့သစ်သို့ ပြန်ရောက်လာသည်ဆိုသော အမတ်မင်း ဦးဘစိမ်း၏သမီး ဥပဒေတန်းအောင်မြင်ခဲ့ရလာသော စိမ်းပပဆိုသူဖြစ်ပေမည်ဟု နေမင်းထွန်း မှန်းဆပါ၏။

"ဟုတ်ကဲ့ ... တကယ်တော့ ကျွန်တော်ကလည်း အမတ်မင်း ဦးဘစိမ်းနဲ့ ပြောဖို့ဆက်တာ မဟုတ်ပါဘူးဗျာ ... အမတ်မင်းရဲ့ သမီး ဘီအေဘီအယ်(လ်) ဝတ်လုံတော်ရ ဒေါ် စိမ်းပပ ရောက်နေတယ် ကြားလို့ ဒေါ်စိမ်းပပဆီကိုပဲ ဆက်



တာပါ ... 'အမှုတစ်ခု အပ်ချင်လို့ပါ ..."

"အယ် ... မဟုတ်တာ ..."

တစ်ဘက်မှ အမျိုးသမီး အံ့သြအာမေဋိတ်သံ ထွက်လာသည်ကို ဖုန်းထဲမှ ကြားရပါ၏။

တကယ်အမှန်မူ ...

နေမင်းထွန်းသည် ဘိလပ်မြေနှင့် အုတ်ကိစ္စအတွက် အမတ်မင်း ဦးဘစိမ်းထံ ဆက်ခြင်းသာ ဖြစ်သည်။ အမတ်မင်း ဦးဘစိမ်းနှင့် အပြတ်အသတ် ပြောရန်ဖြစ်သည်။

သို့သော် ...

ဦးဘစိမ်းနှင့် မဆုံစည်းဘဲ သူ့သမီးနှင့် ဆုံမိသဖြင့် ဖြုန်းခနဲ ဘာပြန်ပြောရမှန်း မသိဘဲ ပြောမိပြောရာ ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။

"အမှုအပ်ချင်တာတော့ ဟုတ်ပါပြီ ... အဲဒီက ဘယ်သူဘယ်ဝါဆိုတာ ပြောဦးလေ ..."

"အဲ ... ဟုတ်သားပဲ ... ကျွန်တော်က မြိုင်မြို့သစ်မှာ ငွေပင်ငွေရင်းတွေနဲ့ အဆောက်အအုံ ကံထရိုက်လုပ်နေသူ နေမင်းထွန်းပါ ... ပြည်တော်သာ စီမံကိန်းအရ ဆောက်လုပ်ရမဲ့ အဆောက်အအုံတွေကို ဆောက်ခွင့်ရထားတဲ့ ကံထရိုက်တာ အသေးစား အကောင်ငယ်လေးပါ ..."

"သြ ... သြ ... သြ ... ကိုနေမင်းထွန်းတဲ့လား ... လူချင်း မမြင်ဘူးပေမဲ့ နာမည် ကြားဘူးပါတယ် ... ဖြတ်သွားဖြတ်လာမှာလည်း ဖေဖေကပြလို့ ရိပ်ခနဲ မြင်ဘူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ပါတယ် ... ဒေါ်စိမ်းပပရဲ့ ဖေဖေအမတ်မင်း ဦးဘစိမ်းက ကျွန်တော့်အပေါ်မှာ မေတ္တာတွေ တော်တော်ထား ရှိတာမို့ ကျွန်တော့်နာမည်နဲ့ ကျွန်တော့်အကြောင်းပြောတာတွေ ဒေါ်စိမ်းပပ ကြားတာဖြစ်မှာပါ ... ဖြတ်သွားဖြတ်လာရင်း လက်ညှိုးထိုးပြပြီး နေမင်းထွန်းဆိုတဲ့အကောင် အဲ့ဒီအကောင်ပဲလို့ ပြတာကို ဒေါ်စိမ်းပပ ရိပ်ခနဲ မြင်ဖူးလိုက်တာ ဖြစ်မှာပါ ..."

စိမ်းပပထံမှ ချက်ချင်း ပြန်ပြောသံ ထွက်မလာပေ။ ကျွန်တော် နေမင်းထွန်းပါဟု ပြောလိုက်သည်နှင့် မိမိကို မဆက်ဆံလို၍လား။ ဒါမှမဟုတ် ဖုန်းခွက်ကို လက်ဝါးပိတ်ပြီး ဘေးတွင်ရှိနေသည့် တစ်ဦးတစ်ယောက်ကို မိမိက ဖုန်းဆက်ပြီး ဘာတွေပြောနေကြောင်း ပြန်ပြောနေရခြင်းကြောင့် ချက်ချင်း အသံမထွက်လာခြင်းပေလားတော့ မပြောတတ်ပေ။

"ဘယ်လိုလဲ ဒေါ်စိမ်းပပ ... ကျွန်တော် အမှုတစ်ခု အပ်ချင်တယ်ဆိုတာလေ ..."

"အဲဒါကိုပဲ မစိမ်း စဉ်းစားနေတာပါ ... မစိမ်း သိတာသလောက် မြို့ငြိမ်သစ်က လူတွေဟာ အမှုတစ်ခု ဖြစ်လာရင် ဝတ်လုံတော်ရ ဦးမိုးဝင်းက တကယ်လည်းတော်တယ် ... တကယ်လည်း ဝါရင့်ပုဂ္ဂိုလ်ကြီးလေ ... အဲဒါကိုနေမင်းထွန်း အပ်ချင်တဲ့ အမှုကို ဦးမိုးဝင်းဆီမအပ်ဘဲ အခုမှ ဝတ်လုံပေါက်စ တံဆိပ်မခွာရသေးတဲ့ ဥပဒေ အကျိုးတော်ဆောင် အသစ်စက်စက် မစိမ်းကို အမှုအပ်ချင်တယ်ဆို



တာ အံ့သြပြီး စဉ်းစားနေတော့ ..."

"ဟုတ်သင့်သလောက် ဟုတ်ပါတယ် ... ဆရာကြီး ဦးမိုးဝင်းကို အပ်ထားတဲ့ အမှုတွေက တစ်ပုံတစ်ပင်ကြီးပါ မစိမ်း၊ ကျွန်တော်အပ်မဲ့ အမှုက အသေးအဖွဲလောက် ဖြစ်နေတယ်၊ ဒါကြောင့် ဦးမိုးဝင်းဆီ မအပ်ဘဲ ဒေါ်စိမ်းပပဆီ အပ်ချင်တာပါ ..."

စိမ်းပပသည် ငြိမ်သွားပြန်သည်။

စိမ်းပပသည် မြို့ငြိမ်သစ်တွင် ဦးလှိုင်မင်း၊ ကိုဝေလွင်တို့နှင့် မိမိ နေမင်းထွန်း* ပဋိပက္ခဖြစ်နေကြောင်း သိပြီးဟန်တူသည်။ ထို့ပြင် သူမ၏ ဖေဖေ ဦးဘစိမ်းကိုယ်တိုင် ဦးလှိုင်မင်းနှင့် ဝေလွင်ဘက်တွင်ရပ်ကာ နေကြောင်းလည်း သိထားပြီး ဖြစ်ပေမည်။

"ဘယ်လိုလဲ ... ဒေါ်စိမ်းပပ ... စဉ်းစားလို့ချည်လား"

"ဟုတ်ပါတယ် ... မစိမ်းက တကယ်စဉ်းစားနေတာပါ ... မစိမ်းက ဝတ်လုံပေါက်စနုသေးတယ် မဟုတ်လား ..."

"နုတယ် ရင့်တယ်ဆိုတာကတော့ အမှုလိုက်ရင်း အတွေ့အကြုံတွေအရပေါ် မူတည်ပြောတာပါ ... ဒါပေမဲ့ ဒီဘွဲ့ကို ရထားတဲ့သူဟာ ဒီဥပဒေတွေနဲ့ပဲ လုပ်ကြရတာ မဟုတ်လား။ ဒေါ်စိမ်းပပက ဘီအေဘီအယ်(လ်)ဘွဲ့ရထားသူပဲ ... ဥပဒေမှာ ကျွမ်းပြီးသားပဲဗျာ ..."

"ကောင်းပြီလေ ... မစိမ်းဆီကို ကိုနေမင်းထွန်း လာခဲ့ပါ၊ မစိမ်းက ရုံးခန်းကို အိမ်မှာပဲ ဖွင့်ထားတာပါ ..."

"အဲဒါကျတော့ ဆောရီးပဲ ဒေါ်စိမ်းပပ ... ကျွန်တော် အဲဒီကို

www.burmeseclassic.com

www.burmeseclassic.com



လာရင် ခြသေ့ံဂူထဲကို ယုန်သူငယ်ဝင်သွားသလို ဖြစ်သွားမှာပေါ့ ... ဘယ်ယုန်သူငယ်မှ ခြသေ့ံဂူထဲ ဝင်ရဲတာမှ မဟုတ်တာဗျာ ...”

စိမ်းပပထံမှ သြသြလေးနှင့် လွင့်သော ရယ်သံထွက်လာသည်။ သူမ၏ ရယ်သံမှာ ကြားရသူတစ်ဖက်သားအတွက် ကြည်နူးဖွယ်ရာ ဖြစ်စေပါ၏။

“ကျွန်တော် အမတ်မင်း ဦးဘစိမ်းရဲ့ စံအိမ်တော်ကြီးမှာ ဖွင့်ထားတဲ့ ဒေါ်စိမ်းပပရဲ့ ရုံးခန်းကို ဘာလို့ မလာရဲမှန်း ဒေါ်စိမ်းပပ သိထားပြီး ဖြစ်မှာပါ ...”

“ဒါဆို ကိုနေမင်းထွန်းက ဘယ်လိုဖြစ်စေချင်သလဲ ... ဘယ်လိုလုပ်ချင်တဲ့ ဆန္ဒရှိသလဲဆိုတာ ပြောပြလေ ...”

“ကျွန်တော့်မှာ “ဗေဒါ”လို့ အမည်ပေးထားတဲ့ မော်တော်ဘုတ်လှလှလေးတစ်စီး ရှိပါတယ် ...”

“အဲဒါလည်း မစိမ်း သိသားပဲ ...”

“အေးအေးဆေးဆေး ဗေဒါစီးပြီး လေညင်းခံရင်း အမှုကိစ္စ တိုင်ပင်ကြရင် မကောင်းဘူးလား ဒေါ်စိမ်းပပ ...”

“မကောင်းဘူး ... အဲဒါဆိုရင် မစိမ်း သိက္ခာကျတယ်”

“ဗျာ ... သိက္ခာကျတယ် ဟုတ်လား ... ကျွန်တော်နဲ့အတူ မော်တော်စီးတာကို သိက္ခာကျတယ်လို့ ဆိုချင်တာလားဗျာ အမှုသည်နဲ့ အကျိုးတော်ဆောင်ဟာ လူမမြင် လူမကြားနိုင်တဲ့နေရာမှာ အမှုကိစ္စတိုင်ပင်တာဟာ သဘာဝကျပါတယ် ဒေါ်စိမ်းပပ ...”



“ကဲပါလေ ... ထားပါတော့ ... ဗေဒါက ဘယ်ဆိပ်ကမ်းမှာလဲ ... ဒါပဲ ပြောပါတော့ ...”

“ကမ်းရိပ်မြိမ်ဟိုတယ်ရှိတဲ့ ဒီမြို့အနောက်ဘက် ဆိပ်ကမ်းတံတားမှာပါ ...”

“ကောင်းပြီ ... အဲဒီက ကိုနေမင်းထွန်းစောင့်ပါ ... တစ်နာရီအတွင်း မစိမ်းလာခဲ့မယ် ...”

“တစ်နာရီကြီးတောင်လားဗျာ ... အချိန်တွေ နှမြောစရာ”

“အဲတော် ... တယ် ခက်ပါလား ... လာပါ့မယ် ဆိုတာတောင် ထပ်ပြီး နာရီကို ဈေးဆစ်ချင်သေးတယ် ... နောက်ပြီး မိနစ်နှစ်ဆယ်တွင်းဆိုတာ ဆယ်မိနစ် မိနစ်နှစ်ဆယ် မိနစ်တွေက တစ်နာရီထဲမှာ အကျုံးဝင်နေတာပဲ မဟုတ်လား ...”

“ဟုတ်လိုက်လေ ... ဒါဆို အခုပဲ ကျွန်တော် ဗေဒါဆီ သွားတော့မယ် ...”

စိမ်းပပဘက်မှ ဖုန်းချသွားသည်။

တကယ်တော့ စိမ်းပပနှင့် မိမိ ယခုလို ဖြစ်သွားသည်မှာ တင်ကြိုစီစဉ်ထားခြင်း မဟုတ်ဘဲ မတော်တဆ ကြုံကြိုက်ခြင်းသာ။

စဉ်းစားစရာပင်။

မိမိသည် လူပျိုလူလွတ် ဖြစ်သလို စိမ်းပပကလည်း [illegible]ဖြစ်သည်။

ပြီး ဖုန်းပြောကြစဉ်က စိမ်းပပဘက်မှ ပြောပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိ ပြောလိုက်သော စကားကို သူမ၏ ဘေးနားရှိ တစ်ဦးတ ယောက်ကို ပြန်ပြောပြသည့် ပုံစံအသွင် ရှိသည်။

မြို့မြို့သစ်တွင် ထိပ်တန်းဂုဏ်သရေရှိ အမတ်မင်း တစ်ဦးတည်းသောသမီး ဘီအေဘီအယ်(လ်)ဘွဲ့ရပြီးသား အပျို စိမ်းပပက မိမိနှင့်အတူ ဗေဒါမော်တော်ဘုတ် လွယ်လွယ်ကူ လိုက်စီးမည်ဆိုသည်မှာ သူတို့ဘက်က အကြံအစည် တစ်ခုခု ရှိ နိုင်စရာရှိသည်ဟု နေမင်းထွန်း တွက်ဆကြည့်သည်။

ကိစ္စမရှိ။

တိုက်ပွဲတစ်ခု ဖြစ်လာပြီဆိုလျှင် သူ့ဘက်ကိုယ့်ဘ နည်းပရိယာယ်တွေ တိုက်စစ်ထိုးစစ် ခံစစ်တွေ ရှိစမြဲ။

နေမင်းထွန်းသည် ငွေတချို့ယူရင်း အံဆွဲဖွင့်လို သည်။ မိမိ သုံးစရိတ်နှင့် အသေးသုံးစရိတ်အတွက် ငွေကို ဤအံ မှာပင် ထည့်ထားပါ၏။

အံဆွဲဖွင့်လိုက်သည်နှင့်ကာလအတော်ကြာကတ က ထည့်ထားသော မဂ္ဂနန်ပစ္စတို့ အငယ်စားဆီသို့ မျက်စိရော သွားသည်။ ချစ်စရာကောင်းပြီး လှပသော သေနတ်လေးမို့ ဝယ် ထားသော သေနတ်အသစ်လေး ဖြစ်ပါ၏။ ကိုယ်ထည်နှင့် ပြော တွင် ပြာလဲ့သော ဆေးရောင်ရှိအောင် သစ်လွင်ပေသည်။ အ သုံးနှစ် ပစ္စတိုလေး ဖြစ်သည်။ သေနတ်လိုင်စင် မလုပ်ဖြစ်သေ သောကြောင့် မကိုင်ဘဲ စားပွဲအံဆွဲတွင် ထားရှိခြင်းပင်။

သေနတ်လေးကို မယူသေးဘဲ လိုသလောက် ကိုသာ ယူသည့် အလုပ်စားပွဲကုလားထိုင်တွင် ချိတ်ထားသော



င်ကို ပြန်ဝတ်ကာ ရုံးခန်းအပြင်သို့ ထွက်ခဲ့သည်။

အပြင်ခန်း အလုပ်စားပွဲတွင် ထိုင်နေသော ကေသီ က နေမင်းထွန်းကို လှမ်းအကြည့်၊ နေမင်းထွန်းကလည်း ကေသီ ကို အကြည့်နှင့် အကြည့်ချင်း ဆုံကြသည်။

"ဘာလဲ အစ်ကိုက အမတ်မင်းရဲ့ သမီးချောနဲ့ ဗေဒါကိုစီး ပြီး ရေလယ်ပြင်မှာ ပျော်ပွဲဆင်ဖို့ သွားတော့မလား"

"ကြည့်စမ်း ... ဒီကောင်မလေး တို့ ဖုန်းပြောတာကို ခိုးနား ထောင်တယ်ပေါ့ ... "

"ခိုးနားထောင်တာ မဟုတ်ပါဘူး ..., အစ်ကိုက ကေသီစား ပွဲမှာ အိပ်စတင်းရှင်း ဖုန်းပေးထားတာမို့ကောက်နားထောင် မိတာပါ ... "

မှန်ပေသည်။ကေသီစားပွဲကမိမိ၏ ဝီအေလက်ထောက် အိပ်စတင်ရှင်း ဖုန်းသွယ်ပေးထားသည်။ မိမိမရှိခိုက်သော်လည်း င်း၊ မိမိနားမထောင်လိုသော ဖုန်းနှင့်ပတ်သက်လာသော ဖုန်း လျှင် ကေသီစိုးက အလွယ်တကူ ကောက်ယူနားထောင်ပြီး င်နှးဆောင်ရွက်နိုင်ရန် သူမ၏ စားပွဲတွင် ဖုန်းခွဲတပ်ဆင်ပေး ခြင်း ဖြစ်ပါ၏။

"ကဲ ... တို့သွားမယ် ... ချိန်းထားပြီးသားမို့ မသွားရင် မဖြစ်တူးလေ ကေသီ ... "

"သတိထားပေါ့ အစ်ကို ... နိပါတ်တော်တစ်ခုမှာ ဘုရား လောင်း ဥဒေါင်းမင်းဟာ ဥဒေါင်းမလေးရဲ့ ညွှတ်ကွင်းထဲ ရောက်မိလို့ ဒုက္ခတွေ့ရတယ် ဆိုလားပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထွန်းရယ်မောပါ၏။

"မရယ်နဲ့ အစ်ကို ... ကေသီက တကယ်ပြောနေတာ အမတ်မင်း ဦးဘစိမ်းရဲ့သမီးဟာ သမီးတစ်ယောက်ဆို သလောက် အရမ်းချော အရမ်းလှတာ ... ပြီး တက္ကသိုလ် ဘီအေဘီအယ်(လ်)ဘွဲ့ရပြီးသား ... "

"သူက ကေသီလောက် ချောလို့လား ... "

"အံမာမင်း ... အစ်ကိုရာ ... ကေသီနဲ့ သွားမနှိုင်းယှဉ်ပါ ဟိုက ကြားရင် စိန်နဲ့ သံပရာရည်ဖျော်သောက်လိမ့်မေ အစ်ကို ... "

"အဲဒီလောက်ကြီးတောင်ပဲလား ... ကေသီဟာက တမ လွန်းဘူးလား ... "

"အိုး ... အခု မကြာခင်ဘဲ အစ်ကိုနဲ့ မျက်မြင်တွေ့ကြ မှာပဲဟာ ... ကြည့်ပေါ့ ... ကေသီပြောတာက ဥဒေါင်းမ ကြီး ညွတ်ကွင်းမိမယ် ... သတိထားလို့သာ ပြောတာ"

နေမင်းထွန်းသည် ရယ်မောရင်း သူ ပုတ်နေ ကေသီစိုး၏ ဦးခေါင်းလေးကို ပုတ်လိုက်သည်။

ညီမငယ်လေးတစ်ဦးအပေါ်တွင် ချစ်စနိုး ပုတ်ခြ မျိုးသာ ဖြစ်ပါ၏။

သို့သော် ယခုအကြိမ်တွင်မူ ကေသီစိုးက ကျေ ခွာ အပုတ်မခံဘဲ နေမင်းထွန်း၏ လက်ကို ဖယ်ရှားပစ်သည်။

"အင်း ... ကောင်မလေး သဝန်တိုအူတိုတယ် ထင်ပါ့"

ကေသီစိုးက စိမ်းပပသည် သူမထက်ပို၍ ချောသ



လှသည်ဟု ညွှန်းခဲ့သည်။ မိမိနှင့် ချစ်ခဲ့ဖူးသည်။ ခင်မိမိသည်လည်း မိန်းမတွေ မိန်းမလှပါပေ။ ကေသီစိုးထက်ပိုချော ပိုလှပါ၏။

ယင်းသို့ ခင်မိမိကိုပါ ထည့်၍ နှိုင်းယှဉ်မိရင်း ခင်မိမိ သည် တကယ်ပင် မြိုင်မြို့သစ်မှ ထွက်ပြေးသွားလေပြီလား။ မိမိကို ညက ဗေဒါပေါ်တွင် နှုတ်ဆက်ပြီးနောက် ခင်မိမိထွက်ပြေးသွား လေပြီလော။

မည်သို့ဖြစ်စေ။ ခင်မိမိသည် ကိုဝေလွင်၏ တရားဝင် ဆက်ထပ်ဇနီး ဖြစ်သည်။ ညက မိမိထံသို့ ခင်မိမိလာခဲ့ခြင်းမှာ သူမ ၏ လင်တော်မောင် ကိုဝေလွင်၏ ညာဏ်နီညာဏ်နက်တစ်ခုခုများ လေသလား။

ယခုအချိန်ထိ ခင်မိမိ မြိုင်မြို့သစ်မှ ထွက်ခွာမသွား သေးသည်ကတော့ သေချာသည်။

ခင်မိမိ တကယ် ထွက်ပြေးလျှင် လေယာဉ်ခရီးသာ ထွက်ပေါက်ရှိသည်။ အခြားကုန်းလမ်း ရေလမ်းများသည် ကိုဝေ လွင်၏ အဆက်အသွယ် အသိုင်းအဝိုင်းတွေနှင့် ချက်ချင်း ပြန်မိသွား သည်သာ။

ခင်မိမိ တကယ်ပင်လေယာဉ်နှင့်ထွက်ခွာသွားသည် ဆိုပါလျှင် ယူဘီအေကိုတိုးက မိမိထံ ဖုန်းဆက်ပြောပေမည်။

ကိုတိုးသည် မိမိနှင့် ခင်မိမိ ချစ်ကြိုက်ခဲ့ဖူးသည်ကို အအေဆုံး သိထားသူဖြစ်ပါ၏။

ဗေဒါဆိုက်ကပ်ထားရာ ဆိပ်ကမ်းသို့ နေမင်းထွန်း ရောက်လာသည်။ သူ၏ကားကို ရပ်နေကျနေရာမှာပင် ရပ်ပြီး ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဟိုဒီဒီ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်သည်။ မည်သည့် အမျိုးသမီး တစ်ဦးတလေကိုမျှ မတွေ့ရသောကြောင့် စိမ်းပပ မရောက်လာ သေးဟု တွက်ကာ ဗေဒါဆီသို့ နေမင်းထွန်း ဆင်းလာခဲ့သည်။

တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးစေကာမူ လှမ်းမြင် သော ခပ်လှမ်းလှမ်းမှ အမျိုးသမီးသည် အရမ်းချော အရမ်းလှ ခန္ဓာကိုယ်မှာ အရမ်းကျော့ရှင်းနေပါ၏။

စိမ်းပပဆိုသည်မှာ ဤအမျိုးသမီးပါလားဟု နေမင်း ထွန်း လှမ်းမြင်သည်နှင့် စိတ်ဝင်စားသွားသည်။

နေမင်းထွန်းသည် ကုန်ဘောင်ထိုးထားသော ယ ယီ ပျဉ်ပြားတံတားထိပ်မှာ ရပ်ကာ ကြိုဆိုသည်။

နေမင်းထွန်း လက်တစ်ဖက် ကမ်းပေးလိုက်သည် လက်ကမ်းကူညီခြင်းကို စိမ်းပပက ရှက်ဟန် ရွံ့ဟန် လုံးဝ မရှိ ကမ်းပေးထားသော လက်ကို စိမ်းပပက လှမ်းဆွဲကိုင်ပြီး အကူအညီ ကို လက်ခံပေသည်။ ရိုးသားစွာ အကူညီခြင်းဖြစ်စေကာမူ စိမ်းပပ လက်ချောင်း လက်ဖမိုး လက်ဝါးကို ဆုပ်ကိုင်မိသည်နှင့် အကျွ နူးညံ့သော အထိအတွေ့ဖြင့် နေမင်းထွန်းရင်ထဲ တရှိန်းမြမြ ခံ လိုက်ရပါ၏။

တကယ်တော့ တစ်ပေသာသာ ပျဉ်ချပ်ရှည်ရှည် ဗေဒါမှတစ်ဆင့် ကုန်းပေါ်ကမ်းနားထိပ်တွင် ထိုးထားသော တားမှာ အဲလေ့အကျင့် မရှိသူများအတွက် တက်ရောက်လျှင် ည ပဲ့ညွတ်ပဲ့ဖြင့် မထိန်းတတ် မသိမ်းတတ်ဘဲ ကိုယ်က လက်နှစ် ဘေးထုတ်ပြီး ချိန်သားကိုက်အောင် လျှောက်ရပေသည်။



ထို့ကြောင့် စိမ်းပပကို လက်ကမ်းပြီး နေမင်းထွန်း ကူညီခြင်း ဖြစ်သည်။

ဗေဒါ၏ ဦးပိုင်းတွင် နှစ်ဦးသစား ယှဉ်တွဲရပ်မိသည်။

စိမ်းပပသည် ကုန်းဘောင်ပျဉ်ချပ်တံတား ကူးလာ့ရ သည်ကိုပင် အတွေ့အကြုံ အသစ်တစ်ခုအဖြစ် ပျော်ရွှင်နေပုံရသည်။

"ဒီက စိမ်းပပ ဆိုတာပါနော် ..."

ဗေဒါပေါ်မှာ အသင့်စောင့်ပြီး လက်ကမ်းကူညီတဲ့ သူဟာ ကိုနေမင်းထွန်းဆိုတာပဲ မဟုတ်လား။ အဝေးက ဖြတ်သွား တာလာ မြင်ဘူးပေမဲ့ အခုမှ သဲသဲကွဲကွဲ မြင်ရတာမို့ မေးတာပါ နော် ... ။

"ဟုတ်ကဲ့ ... ကျွန်တော် နေမင်းထွန်းပါ ... ကျွန်တော့် နာမည်က ပူပူလောင်လောင် အစိမ့်ဗွာယ် ဆောင်နေပါတယ် နော် ..."

စိမ်းပပက နေမင်းထွန်း၏ အပြောကို သဘောကျ စွာ ရယ်မောပါ၏။

ဗေဒါ၏ ဦးပိုင်းမောင်းသူနေရာတွင် တိုင်ကူရှင်များ ထားရှိပါ၏။

စိမ်းပပကို ဘေးကူရှင်တွင် ထိုင်စေပြီး မောင်းသူ နေရာ ကူရှင်တွင် နေမင်းထွန်း ဝင်ထိုင်လိုက်သည်။

ဝင်မထိုင်မီကပင် ချည်ထားသောကြိုးကို နေမင်း ထွန်း ဖြုတ်ထားပြီမို့ ဗေဒါကို စက်နှိုး စတင်မောင်းထွက်လာသည်။

စိမ်းပပက ဗေဒါထွက်လာသည်နှင့် ဗေဒါ၏ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတစ်ခုလုံးကို ဝေ့ဝိုက်ကြည့်ပြီး မှတ်ချက်စကား ဆိုသည်။

"ဗေဒါဆိုတဲ့ နာမည်က တန်ဖိုးအားဖြင့် နည်းပေမဲ့ ဗေဒ ထဲက ပစ္စည်းတွေအားလုံး အဖိုးတန် အကောင်းစားတွေ ချည်းပဲနော် ... "

"ဟုတ်ကဲ့ ... ပထမလက်ထပ် မော်တော်ကို "ဒိုက်ပန်း"လို့ နာမည်ပေးထားတာပါ ... ကျွန်တော် သူ့ဆီက ဝယ်လိုက် ပြီးမှ "ဒိုက်ပန်း"နာမည်ကို မနှစ်သက်လို့ "ဗေဒါ"လို့ ပြောင်း မှည့်ထားတာပါ ... အရေးကြီးတာက အပြင်ဘက် အခြင်း မလှပေမဲ့ အတွင်းပစ္စည်းတွေ ကောင်းဖို့လိုတာပဲ မဟုတ် လား ... ဗေဒါဟာ စိတ်ထားကောင်းပါတယ် ... သွားရင်း လာရင်း လမ်းမှာ ဒုက္ခပေးတာမျိုး မရှိပါဘူး ... ဘိလပ်မြေ အုတ်သဲကျောက်၊ သာမ္ဘာနတွေကိုတောင် ဗေဒါက ဆွဲပေး တာပါ ... ဝန်တင်တွေကို သူ့အား သူ့မာန်နဲ့ ဆွဲပေးတဲ့ ဗေဒါပါ ... ဗေဒါဟာ ရေဆန်ကို မကြောက်တတ်ပါဘူး"

"ဒါဆို သူ့ပိုင်ရှင်သခင်အတိုင်းပေါ့နော် ... "

"ဗျာ ... "

"ဩော် ... ဗေဒါဟာ သူ့ပိုင်ရှင် ပုံစံအတိုင်း ကိုနေမင်းထွန်း အတိုင်းပဲလို့ မစိမ်း ပြောလိုက်တာပါ ... "

"ဩ ... ဒေါ်စိမ်းပပဟာ မြိုင်မြို့သစ်ကို ပြန်ရောက်တာ မကြာသေးပေမဲ့ ... မြို့ပေါ်က ... အန္တရာယ်ကောင်တွေ အကြောင်း တို့ တော်တော်လေ့လာထားပြီးပြီ ထင်ပါရဲ့"

"အန္တရာယ်ကောင် မဟုတ်ဘဲ မြိုင်မြို့သစ်မှာ ထင်ပေါ်တဲ့



လူတွေကို မစိမ်းက လေ့လာထားတာပါလို့ ပြောရင်တော့ မစိမ်း မှားမလား ကိုနေမင်းထွန်း ... "

"မြိုင်မြို့သစ်မှာ ကျွန်တော်က ထင်ပေါ်တဲ့ လူတန်းစားထဲ မှာ မပါပါဘူးဗျာ ... ဒါပေမဲ့ မြိုင်မြို့သစ်မှာ ထင်ပေါ်တဲ့ လူတွေထဲမှာတော့ ကျွန်တော်ဟာ ရွှေဘဖြစ်ချင် ဖြစ်နေ တာပေါ့လေ ... "

(ရွှေဘဆိုသည်မှာ တို့ခေတ်က ခပ်ကြမ်းကြမ်း မိုက် တိမိုက်ကမ်းနဲ့ ရုပ်ရှင်မင်းသားတစ်ဦး ဖြစ်ပါ၏။)

"အဲဒီ ဒီမြို့မှာ ထင်ပေါ်တဲ့ လူတန်းစားအသိုင်းအဝိုင်းထဲမှာ ဒေါ်စိမ်းပပလည်း တစ်ဦးအပါအဝင်မို့ ကျွန်တော့်အကြောင်း ကို သူတို့ စကားဝိုင်းထဲက ဒေါ်စိမ်းပပ ကြားဖူးထားတာ ဖြစ်မှာပါ ... "

"ဒေါ်စိမ်းပပရဲ့ အချောအလှနဲ့ အကျော့အရှင်းကို ကျွန်တော် ကြည့်တတ် မြင်တတ်သလို ပြောရဦးမလား ... "

"တော်ပြီ ... မပြောနဲ့တော့ ... "

နှစ်ဦးသား ရယ်မောကြသည်။

သူတို့နှစ်ဦးသည် ယခု တွေ့ဆုံကြသည့် တစ်နာရီ အချိန် မပြည့်သေးမီမှာပင် ခဏခဏ ရယ်မောကြသည်။

ရယ်မောခြင်းသည် စိတ်၏အဟာရတွင် အလိုအပ် ဆုံး ဖြစ်ပါ၏။ ရယ်မောခြင်းထဲ၌ ကြည်နူးခြင်း၊ ပီတိဖြစ်ခြင်းနှင့် နှစ်သက်ခြင်းတွေ ပါဝင်နေသည်။

ဤသည်တို့မှာ အာလာပသလ္လာပ စကားပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ကြခြင်းပင် ဖြစ်ပါ၏။

"အခု မြိုင်မြို့သစ်မှာ ဒေါ်စိမ်းပပ အမှုတွေ တော်တော်လိုက်နေရပြီလားဗျာ ... "

"ဟာ ... လိုက်ရတာမှ လက်မလည်ဘူး ... အခု ကိုနေမင်းထွန်း အပ်ချင်ပါတယ်ဆိုတဲ့ အမှုဟာ မစိမ်းရဲ့ ပထမဆုံး အအပ်ခံရတဲ့ အမှုပဲ ... "

ရယ်ကြပြန်သည်။ စိမ်းပပသည် အရယ်အရွှန်း အနောက်အပြောင်လေးများလည်း ပြောတတ်ပေသည်။ ဒီအပြောလေးတွေကို နေမင်းထွန်း နှစ်ခြိုက်လှပါ၏။

"ဒီနေ့လည်း ကိုနေမင်းထွန်းသာ အမှုမအပ်ရင် မစိမ်း ပျင်းပျင်းနဲ့ မဂ္ဂဇင်းဖတ်ရကောင်းမလား ... သူငယ်ချင်းတွေဆီ သွားလည်ရကောင်းမလား စဉ်းစားနေတုန်း ကိုနေမင်းထွန်း ဖုန်းဝင်လာတာလေ ... "

"ဒီမြို့သစ်ကို ရောက်စမို့ပါ ... နောက်ဆိုရင် ဒေါ်စိမ်းပပ တကယ်ပဲ အမှုတွေ လက်မလည်အောင် လိုက်ရမှာပါ ... ဘာလို့လဲဆိုတော့ ဒေါ်စိမ်းပပလိုက်တဲ့ အမှုတိုင်းဟာ နိုင်မှာကိုး ... "

"အဲဒီလို ပြောလို့တော့ ဘယ်ရမလဲ ကိုနေမင်းထွန်း ... ဥပဒေရဲ့ အဆုံးအဖြတ်ဆိုတာက အမှုသွားအမှုလာ၊ သက်သေအထောက်အထား မိုးဘစ်(မ်)တွေ အလီဘိုင်တွေဆိုတာတွေက အများကြီး ရှိတာပဲ ... အဲဒါတွေကို မူတည်ပြီး လိုက်ရတာ ... "



"အဲဒါတွေတော့ ကျွန်တော်က နားမလည် မသိဘူး ဒေါ်စိမ်းပပ ... ဒီမြိုင်မြို့သစ်မှာ ဒေါ်စိမ်းပပဟာ ဘီအေဘီအယ်(လ်) အဖေက ဩဇာတိက္ကမ ရှိတဲ့အမတ်မင်း ဖြစ်နေလို့ပြောတာ"

"မဆိုင်ပါဘူး ... "

စိမ်းပပက ခက်ဆတ်ဆတ်လေးပင် မဆိုင်ပါဘူးဟု ပြောလိုက်သည်။

"ဘယ်လို အာဏာရပုဂ္ဂိုလ်တွေဖြစ်ဖြစ် ... ဥပဒေဟာ ... ဥပဒေပဲ ... ပုဂ္ဂိုလ်အာဏာရှိတိုင်း တည်ဆဲဥပဒေကို ဖျက်ချင်တိုင်း ဖျက်လို့မှမရတာ ... "

"အမှုတစ်ခုမှာ ခုန ဒေါ်စိမ်းပပ ရွတ်ပြသွားတဲ့ သက်သေတွေ အထောက်အထားတွေ မိုးတစ်(မ်)တွေ အလီဘိုင်တွေကို အာဏာရှိတဲ့ ပုဂ္ဂိုလ်က ဖျောက်ဖျက်မစ်နိုင်တယ် ... လမ်းကြောင်းပြောင်းပြီး လိုရာဆွဲပြနိုင်တယ်ဆိုရင်ကော ဗျာ ... "

စိမ်းပပ ငြိမ်ကျသွားသည်။ ဥပဒေအကြောင်း ထပ်မံမပြောပါလေတော့။ သူမ၏ဖခင် အမတ်မင်းက ဩဇာရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသောကြောင့် ဥပဒေအကြောင်းဆက်၍ မပြောတော့ခြင်းပေလား။

နေမင်းထွန်းကလည်း ဥပဒေအကြောင်းဆက်မပြောတော့ဘဲ စကားလမ်းကြောင်းပြောင်းလိုက်သည်။

"ကျွန်တော် မြိုင်မြို့သစ်ကို ရောက်တာ လေးငါးနှစ်ရှိပြီ ... အခုမှပဲ ဒေါ်စိမ်းပပကို မြင်ဖူးတော့တယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါလိမ့်မယ် … မစိမ်း ရန်ကုန်မှာ ကျောင်းနေရတဲ့ အချိန်တွေ အများကြီး ကြာသွားတယ်လေ … ကျောင်းပိတ်လို့ မြိုင်မြို့သစ်ကို ပြန်လာလည်း ခဏတဖြုတ်ပဲလေ၊ နောက်ပြီး ကျောင်းပိတ်တိုင်း ပြန်လာတာမှ မဟုတ်တာ၊ ကျောင်းပိတ်တဲ့ တချို့ရက်တွေမှာ ဒီကိုမပြန်ဘဲ ရန်ကုန်က အဒေါ်အိမ်မှာနေတယ် … ကျောင်းပိတ်ရက်မှာ အဆောင်က နေခွင့်ပြုရင် အဆောင်မှာပဲ နေတယ် … ဒါကြောင့် ကိုနေမင်းထွန်း စိမ်းပပကို မမြင်ဘူးတာ … "

"မေးခွန်းရိုင်းသွားရင် ခွင့်လွှတ်ပါ … ကျောင်းပိတ်တာတောင် ဒေါ်စိမ်းပပက ဘာဖြစ်လို့ ကိုယ့်မြို့၊ ကိုယ့်အဖေရှိနေတဲ့ ဒီမြို့ကို ပြန်မလာချင်တာလဲ … "

"အဆိုးဆုံးဖြေရရင်တော့ ပြန်မလာချင်လို့ မလာတာ … နောက်တစ်ချက်က ဖေဖေက အမတ်အရွေးခံရပြီးတဲ့ … နောက်ပိုင်းမှာ အစည်းအဝေးကိစ္စ၊ ဘာကိစ္စ၊ ညာကိစ္စတွေနဲ့ ရန်ကုန်ကို ခဏခဏလာရတယ် … အဲဒီတော့ သားအဖေခြင်း အမြဲလိုလို တွေ့နေရတာကြောင့်လည်း ပြန်မလာတာပါ … "

"အခုတော့ ကျောင်းကိစ္စတွေ အားလုံးပြီးသွားတာမို့ အပြီးပြန်လာတဲ့ သဘောလားဗျာ … "

"ဟုတ်တယ်ပဲ ထားပါတော့ … ဒါပေမဲ့ မြိုင်မြို့သစ်ကို မစိမ်းပြန်ရောက်လာတာ ပျော်ပါတယ် … မြိုင်မြို့သစ်ရဲ့ … အဆောက်အအုံတွေ၊ လမ်းတွေဟာ အရမ်းကို တိုးတက်လာ



ပနေတာပဲ … လမ်းတွေဆို ကျယ်ပြောပြီး သိပ်သန့်ရှင်းနေတယ် … ဒါတွေဟာ ဘယ်သူ့လက်ရာတွေလဲလို့ မစိမ်းက ဖေဖေ့ကို မေးကြည့်တော့ အဆောက်အအုံ ကံထရိုက်တာ ကိုနေမင်းထွန်းရဲ့လက်ရာတွေလို့ ပြောတယ် … နောက်ပြီး ဖြတ်သွားဖြတ်လာ ကိုနေမင်းထွန်းကားနဲ့ ဆုံရင် ဖေဖေက အဲဒါ ကံထရိုက်တာ ကိုနေမင်းထွန်းလို့လည်း ပြတယ်"

"ဒါဆို … ဒေါ်စိမ်းပပရဲ့ဖေဖေ အမတ်မင်း ဦးဘစိမ်းက ကျွန်တော့်ကို စိတ်ဝင်စားမှန်း ဒေါ်စိမ်းပပ ရိပ်မိတာပေါ့နော် … "

"ဖေဖေက ကိုနေမင်းထွန်းကို အကောင်းဘက်က မြင်နေသားပဲ … ဒီသူငယ်ဟာ လူတော်လူကောင်းတစ်ယောက်တဲ့ … ဒါပေမဲ့ သိပ်မာကျောတယ်လို့ ဖေဖေ ပြောဘူးတယ်"

"ဒေါ်စိမ်းပပတို့ သားအဖနှစ်ယောက်စလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ် … မြိုင်မြို့သစ်က အဆောက်အအုံတွေ သိပ်လှတယ် … လမ်းတွေ သိပ်ကောင်းတယ်လို့ ကျွန်တော့်ကို ဒေါ်စိမ်းပပက ချီးမွမ်းတာရော … အမတ်မင်းက … ကျွန်တော်ဟာ လူတော်လူကောင်းတစ်ယောက်လို့ ချီးမွမ်းတာရောတွေကြောင့် ကျေးဇူးတင်တာပါ … "

"တော်စမ်းပါ … မစိမ်းက ရယ်တာတို့၊ ခနဲ့တာတို့ ထေ့တာတို့ဆိုရင် သိပ်နားခါးတယ် … မစိမ်းကတော့ ဘယ်သူနဲ့ဆက်ဆံ ဆက်ဆံ အပိုတွေ လုပ်တတ်ပြောတတ်တဲ့ အကျင့်မရှိဘူး … "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒေါ်စိမ်းပပဟာ ဘာမဆို အမှန်ဘက်က ရပ်တည်မယ်ဆိုတဲ့ ကတိမျိုး ပေးရဲမလား ..."

နေမင်းထွန်းက ကောက်ကာငင်ကာ စိမ်းပပကို မေးလိုက်ခြင်း ဖြစ်ပါ၏။ စိမ်းပပကလည်း ဖြေပေသည်။ အလွန်တည်ငြိမ်အေးဆေးသော အသံနှင့် ပြန်ဖြေပါ၏။

"ကိစ္စတစ်ခုမှာ တစ်ဘက်နဲ့ တစ်ဘက် ဘယ်ဘက်က မှန်ပါတယ်ဆိုတဲ့ အမှန်တရားကို ဘယ်လိုပေတံမျိုးနဲ့ တိုင်းပြီး တိုင်းမလဲ ကိုနေမင်းထွန်း ... မစိမ်းဘက် ကစက္ကူပါးတစ်ခုပေါ်မှာ မြန်မာအက္ခရာဂဏန်း သုံးကိုရေးပြပြီး ထောင်ပြရင် ကိုနေမင်းထွန်းဘက်က ဂဏန်းသုံကို ဂဏန်းလေးလို့ မြင်မှာပဲ ... ဒီတော့ ကိုနေမင်းထွန်း လေးလို့မြင်မှာပဲ ... ဒီတော့ ကိုနေမင်းထွန်းက ဂဏန်းလေးသာ အမှန်လို့ ပြောမယ် ... မစိမ်းဘက်ကတော့ သုံးဂဏန်းရေးတာ အမှန်၊ ဒီတော့ ကိစ္စတစ်ခုဖြစ်လာရင် မှန်တယ် မှားတယ်ဆိုတာက ကာယကံရှင်တွေရဲ့ အတွေ့အကြုံနဲ့ ဆုံးဖြတ်တဲ့ အဆုံးအဖြတ်ပဲ၊ ဒါကို မစိမ်းတို့လို ဥပဒေသမားတွေက အမှားက ဘယ်လို၊ အမှန်က ဘယ်လိုဆိုတာ ဥပဒေလမ်းကြောင်းအရ စဉ်းစားလေ့လာလုပ်ဆောင်ရတာပါ ... ဒီတော့ မစိမ်းက မှန်တဲ့ဘက်က ရပ်တည်ပါ့မယ်လို့ ကတိမပေးခင် အမှန်တရားဟာဘယ်မှာလဲဆိုတာကို အဓိက မစိမ်း ရှာဖွေရဦးမှာပေါ့ ကိုနေမင်းထွန်း ..."

ကဲ ... ငနေမင်းထွန်း ... မင်း ဘာပြောချင်သေးလဲ



ဟု နေမင်းထွန်းသည် သူ့ကိုယ်သူ ပြန်မေးရတော့သည်။

တစ်ဦးနှင့်တစ်ဦး မြုပ်ကွက်တွေနှင့် ပြောနေစေကာမူ တည့်တည့်ကြီး ဘာသာပြန်ရလျှင် မြိုင်မြို့သစ်တွင် မိမိနှင့် ပဋိပက္ခဖြစ်နေသော ဦးလှိုင်မင်း၊ ကိုဝေလွှင်နှင့် သူမ၏ဖခင် အမတ်မင်း ဦးဘစိမ်းတို့ မှားသည်ဟုလည်း စိမ်းပပက လက်မခံသေး။ နေမင်းထွန်းဘက်မှ မှန်သည်ဟုလည်း မဆိုသေးကြောင်းဟူသော ဘာသာပြန်အဓိပ္ပာယ်ပေါ်ထွက်လာပေသည်။

ယင်း အမှားအမှန်ကို စိမ်းပပက ရှူးစမ်းဆဲပါဟု သဘောရပေသည်။

ရေလယ်ကျွန်းသို့ ရောက်လာပြီမို့ ဆိုက်ကပ်နေကျနေရာတွင် ဗေဒါကိုဆိုက်ကပ်သည်။

"ငါးမျှားဝါသနာပါရင် ကျွန်တော့်ဗေဒါထဲမှာ ငါးမျှားတံအမျိုးမျိုးပါတယ် ..."

စိမ်းပပက ခေါင်းခါပြသည်။

"ဒါဆို ရေကူးမလား ..."

ခေါင်းခါပြပြန်သည်။

နေမင်းထွန်းက ထိုင်ကုရှင်ကို ကျောမှီပြီး အညောင်းဆန့်လိုက်သည်။

"ကိုနေမင်းထွန်းအနေနဲ့ အမှုတော့ အပ်ချင်တယ် ... ဒါပေမဲ့ မစိမ်းရဲ့ ရုံးခန်းဟာ ဖေဖေ့ အိမ်မှာဖွင့်တာမို့ မလာချင်ဘူး၊ ဗေဒါစီးရင်း အမှုအပ်မယ်လို့ ပြောတာဟာ ဖေဖေ့ကို ကိုနေမင်းထွန်း မတွေ့ချင်လို့ မဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဟုတ်ပါတယ်လို့ပဲ ပြောရမှာပဲ ဒေါ်စိမ်းပပ"

"ဒေါ်စိမ်းပပလို့ ကိုနေမင်းထွန်း ခေါ်ရတာ အာမချောင်းဘူးလား ..."

"အရှိန်အဝါနဲ့ ရာထူးဂုဏ်ထူးကြောင့် ခေါ်နေတာပါ ..."

"အဲဒါဘေးချိတ် ... ကိုနေမင်းထွန်းဟာ ဘီအက်စီ အင်ဂျင်နီယာဘွဲ့ရပြီးသားလို့ ဖေဖေကပြောလို့ မစိမ်းသိထားပြီးပြီ ကိုနေမင်းထွန်းရဲ့ ပညာအားဖြင့်ရော အသက်အရွယ်အားဖြင့်ရော မစိမ်းထက်ပိုပြီး ကြီးမားနေတာပဲ ... မြင့်မားနေတာပဲ ... ဒေါ်စိမ်းပပလို့ မစိမ်းကို မခေါ်နဲ့တော့ပေါ့"

"ကျွန်တော်ကလည်း မစိမ်းလို့ ခေါ်ချင်ပါတယ် ... ဒါပေမဲ့ လေးစားရာ မရောက်ဘူးလို့ ထင်မှာ စိုးလို့ပါ ..."

"မထင်ပါဘူး ... မစိမ်းလို့ပဲခေါ်ပါ ... တကယ်တော့ ဒီနေ့ ကိုနေမင်းထွန်း မစိမ်းရဲ့ ရုံးခန်းကို လာမယ်ဆို လာလို့ရပါတယ် ... ဘာလို့လဲဆိုတော့ ဖေဖေ ဒီနေ့အပြင်ထွက်သွားတယ်လေ ... ဖေဖေနဲ့ ကိုနေမင်းထွန်း တွေ့မှာမှ မဟုတ်တာ ... အခုအတောအတွင်း ဖေဖေတစ်ယောက် တော်တော် ဗျာများနေပုံပဲ ..."

"ဘာတွေများ အမတ်မင်း အပြင်မှာ ဗျာများနေတာလဲဗျာ မစိမ်း ..."

"ကိုဝေလွှင်လေ ... ညက သူ့ဇနီး ခင်မိမိ အပြင်ထွက်သွားပြီး ပြန်မလာလို့ လိုက်ရှာနေတယ် ... အဲဒါ ဖေဖေ့ကို လိုက်ခဲ့ပါဆိုပြီး ခွတ်ခေါ်သွားတယ် ... ခင်မိမိကို တွေ့ရင်ပြန်



ခေါ်လို့ မလိုက်မှာ စိုးလို့တဲ့ ... ဖေဖေက ပြန်လိုက်သွားဖို့အတွက် ခင်မိမိကို ပြောပေးဖို့တဲ့ ... ခင်မိမိက ဖေဖေ့စကားကိုတော့ နားထောင်တတ်တယ်လို့ ပြောတာပဲ"

"ခင်မိမိကို တွေ့သတဲ့လား ..."

"အခု မစိမ်း အိမ်က ထွက်လာတဲ့ အချိန်အထိတော့ ခင်မိမိကို ရှာမတွေ့သေးဘူးလို့ ပြောတာပဲ ... ကိုဝေလွှင်က ဂတ်ကိုတိုင်ပြီး အကူအညီ တောင်းထားတယ် ... မြို့ထဲရော မြို့ပြင်ရော ပိုက်စိတ်တိုက် ရှာနေကြတုန်းပဲတဲ့ ..."

နေမင်းထွန်း ရင်ထဲ ထိတ်ခနဲနေအောင် ခင်မိမိအတွက် စိုးရိမ်သွားပါ၏။ မိမိကို ခင်မိမိ ပြောသွားသည်မှာ အိမ်သို့ပြန်မည်။ ကိုဝေလွှင် ပြန်မလာမီ ခင်မိမိက အိမ်အရောက်ပြန်ပြီးဘန်မပျက်နေမည်ဟု ပြောသွားသည်။

ယခု စိမ်းပပ၏ စကားအရ ခင်မိမိ ညက အိမ်ပြန်ရောက်ပေ။ ညတွင်းချင်း အဘယ်သို့ ခင်မိမိ လစ်သွားသနည်း။ ဤမြို့သစ်လို့ ဒုစရိုက်ပေါ်သောမြို့တွင် ခင်မိမိသည် ညလုံးပေါက် မြို့ထဲ၌ဖြစ်စေ၊ မြို့ပြင်၌ဖြစ်စေ နေရပါမည်တဲ့လား။

ခင်မိမိသည် သူမ ယုံကြည်ရသူတစ်ဦး အိမ်တွင် ညက ပုန်းအောင်းနေပြီး မိုးလင်းမှ လစ်သွားခြင်းပေလား။

"ကိုဝေလွှင်နဲ့ ကိုနေမင်းထွန်းဟာ သိကျွမ်းပြီးသားတွေ မဟုတ်လား ..."

"သိပါတယ် ... ဒါပေမဲ့ မကျွမ်းပါဘူး မစိမ်း ..."

"ကိုဝေလွှင့်ကို ကိုနေမင်းထွန်းက အပေါင်းအသင်း မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး ထင်တယ် ..."

"သူက ကျွန်တော့်ကို နှစ်သက်ပုံ မရပါဘူး ..."

"ဟုတ်လား ... ကိုဝေလွင်က ကိုနေမင်းထွန်းကို မနှစ်သက်စရာအကြောင်း တစ်ခုခုရှိလို့လား ..."

နေမင်းထွန်း ထပ်မဖြေပေ။ စိမ်းပပဟာ ခင်မိမိ ကိုဝေလွင်နှင့် လက်မထပ်မီက မိမိနှင့် ချစ်ကြိုက်ခဲ့ကြောင်းကို သိထားသောကြောင့် ယခု မိမိကိုမေးနေခြင်း ဖြစ်ဟန်တူသောကြောင့် ဘာမျှထပ်မပြော။

မဖြေဘဲနေတော့လည်း ... စိမ်းပပက ဘယ်မမေးတော့။

"ကဲပါလေ ... ဒါတွေက မစိမ်းနဲ့လည်း မဆိုင်ပါဘူး ... အခု မစိမ်း လိုက်လာတာက ကိုနေမင်းထွန်း အမှုအပ်ချင်တယ်ဆိုလို့ လိုက်တာ ... ကဲ ... အပ်မဲ့အမှုအကြောင်းပြော"

"အင်း ... ပြောချင်တာကများတယ် ..."

"သိပ်အများကြီးတော့ မပြောနဲ့နော် ... မစိမ်းက တံဆိပ်တောင် မခွာရသေးတဲ့ ဥပဒေအကျိုးဆောင် အသစ်စက်စက် ... ဝတ်လုံပေါက်စနဲ့ မဟုတ်လား ... သိပ်နုသေးတယ်လေ ... အမှုက သိပ်ကြီးနေရင် လက်ခံရဲမှာ မဟုတ်လို့ပါနော် ..."

စိမ်းပပ ပြောပုံလေးမှာ တစ်မျိုးချစ်စရာကောင်းနေပါ၏။ နှုတ်ခမ်းစုံပြုး၍ ပြောသည်။ နေမင်းထွန်းက အမှုအပ်ခြင်းကို သရော်တဲ့မော် သဘောလေး သက်ရောက်ပုံလည်း ရှိနေသည်။



...တွင် မယ်မယ်ရရ ဘာအမှုမှ အပ်စရာမရှိဘဲလျက် သူ့မအား အမှုအကြောင်းပြကာ ခေါ်လာခြင်းကိုလည်း ရိပ်မိပုံရသည်။

"ဒီမယ် မစိမ်း ... အခုဆို ကျွန်တော်နဲ့ မစိမ်းဟာ မြိုင်မြို့သစ်နဲ့ တော်တော်အလှမ်းဝေးတဲ့ ရေလယ်ကျွန်းကို ရောက်နေကြတယ်နော် ... နောက်ပြီး ကျွန်တော့်ရဲ့ ဗေဒါလေးထဲမှာ အသံဖမ်းစက်တို့ ဘာတို့ မရှိဘူးဆိုတာ ယုံပါ ..."

"ယုံတယ်ပဲ ထားလိုက်ပါတော့ ... အဲ ... ဒီတော့ ဘာဖြစ်လဲ ..."

"ဘာဖြစ်လဲဆိုရင် ကျွန်တော် ပြောတဲ့ စကားဖြစ်ဖြစ်၊ မစိမ်း ပြန်ပြောတဲ့ စကားဖြစ်ဖြစ် ဘေးသက်သေအဖြစ် ကြားနိုင်သူ ဘယ်သူမှ မရှိဘူးပေါ့လေ ..."

စိမ်းပပ မျက်နှာလေးတွင် အံ့ဩသွားခြင်းကို တွေ့ရသည်။

"ကိုနေမင်းထွန်းပြောတာတွေ မစိမ်း နားမလည် သဘောမပေါက်ဘူး ... လိပ်ပတ်လည်း မလည်ဘူး ... ဒီတော့ မစိမ်း နားလည်သဘောပေါက် လိပ်ပတ်လည်အောင် ဆက်ရှင်းပြပြောပြပါ ..."

နေမင်းထွန်းက ဘာမျှ ဆက်မပြောမီ စီးကရက်ဘူးထဲမှ ထုတ်ယူပြီး မီးညှိလိုက်သည်။

နေမင်းထွန်း စီးကရက်ဖွာရင်း ကောင်းကင်ကို မော့ကြည့်ကာ တွေးကြည့်သည်။

မိမိနှင့် စိမ်းပပသည် ခင်မင်ခဲ့ကြဘူးသူတွေ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ စတင်တွေ့ဆုံဘူးခြင်း ဖြစ်သည်။ သို့ပါလျှက် စိမ်းပပသည် ဇေဒါဖြင့် မိမိခေါ်ရာသို့ လိုက်ပါလာသည်။ တကယ်တမ်းဆိုမူ ဦးလှိုင်မင်း၊ ကိုဝေလွင်တို့သည် အမတ်မင်း ဦးဘစိမ်းနှင့် ပူးပေါင်းထ[illegible] နေသူတွေ ဖြစ်သည်။ စိမ်းပပက အမတ်မင်း ဦးဘစိမ်း၏ သမီးချ[illegible] ဖြစ်သည်။ သို့စဉ်ပါလျက် စိမ်းပပသည် မိမိခေါ်ရာနောက်သို့ ဇေ[illegible] စီးပြီး လိုက်ပါလာခြင်းမှာ ဥပါယ်တစ်ခုခုကို ရင်ထဲတွင်သယ်ဆောင် ပြီး လိုက်လာခြင်းပေလား။

ကိစ္စမရှိ။ မိမိကိုယ်တိုင်က ဦးလှိုင်မင်း၊ ကိုဝေလွ[illegible] တို့ကို ပြောင်ပြောင်တင်းတင်း ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ထာ[illegible] ပြီးသားမို့ ဘာမဆို စိမ်းပပအား ပြောရန်ဝန်လေးစရာမရှိဟု ဆုံးဖြ[illegible] လိုက်သည်။

"ဒီလိုပါ မစိမ်း ... ကျွန်တော် ဒီမြို့မှာ ကထရိုက်အလုပ်လု[illegible] တာ ငါးနှစ်နီးပါး ရှိပါပြီ ... ကျွန်တော့်အတွက် အကျိုးအမြ[illegible] ရှိသင့်သလောက်လည်း ရှိခဲ့ပါတယ် ... လုပ်ငန်းဆိုတ[illegible] တော့ အခက်အခဲနဲ့ အနှောင့်အယှက် ရှိတတ်စမြဲပေါ့လေ[illegible] သာမန်လူတွေနဲ့ ပတ်သက်တဲ့ အခက်အခဲ အနှောင့်အယှ[illegible] ကိုတော့ မမှုလည်း မမှုဘူး ... ရှင်းလည်း ရှင်းနိုင်တယ် ရှင်းတဲ့နေရာမှာ မင်းသားကြီးကိုရွှေဘလို ကြမ်းသင့်တဲ့အ[illegible] ကြမ်းရတယ် ... အဲ ... မင်းသားကြီးဇေယျလို သဘောထာ[illegible] ကြီးကြီးနဲ့ ခွင့်လွှတ်တန်ခွင့်လွှတ်တဲ့နည်းနဲ့ ရှင်းရတာမျိ[illegible] လည်း ရှိတာပဲ ... ဒါတွေကို ကျွန်တော် မမှုခဲ့ပါဘူး ... အခုတော့ မြိုင်မြို့သစ်မှာ ဩဇာအရှိဆုံး အာဏာအရှိဆုံး



မစိမ်းရဲ့ဖေဖေ ဦးဘစိမ်းကိုယ်တိုင် ဦးလှိုင်မင်း၊ ကိုဝေလွင်တို့ အလိုကျ ကျွန်တော့်လုပ်ငန်းကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်ဟန့်တားလာခဲ့တယ် ... ကျွန်တော့်လူတွေ ပင်ပင်ပန်းပန်း ငွေကြေးအကုန်ခံပြီး သယ်ယူလာတဲ့ ဘိလပ်မြေတို့ အုတ်၊ သံကျောက်တွေကို အမတ်မင်းကိုယ်တိုင် စစ်ဆေးမယ်လို့ ဆိုလာတယ် ..."

"အဲဒါ အမှုအပ်တာလား ကိုနေမင်းထွန်း ..."

"ရင်ဖွင့်တာပါ ... ဖုန်းဆက်တုန်းက အမတ်မင်း ဦးဘစိမ်းကို ပြောပြချင်လို့ ဆက်တာပါ ... ဖုန်းမှာ မစိမ်းနဲ့ တိုးနေပြီး အမတ်မင်း ဦးဘစိမ်း မရှိဘူးဆိုလို့ တစ်မျိုးထပ် စိတ်ကူးပေါက်တယ် ... ကျွန်တော် အမတ်မင်း ဦးဘစိမ်းကို အမတ်မင်းရဲ့သမီးချစ် မစိမ်းကို ဖွင့်ပြောရင် မစိမ်းကိုယ်တိုင်လည်း ကြားသိမယ် ... မစိမ်းကတစ်ဆင့် အမတ်မင်း ဦးဘ[illegible]မ်းလည်း နားပေါက်ကြားသိမှာမို့ မစိမ်းကို အမှုအပ်[illegible]ဘယ်လို့ ပြောလိုက်တာပါ ... ဒါမှ မစိမ်းက ကျွန်တော့်[illegible] အတွေ့ခံမှာလို့ စိတ်ကူးရလို့ပါ မစိမ်း ..."

"ခက်တော့ ခက်သားပဲ ... ကဲ ... မစိမ်း ရှင်းရှင်းပဲ မေးမယ် ... ဖေဖေနဲ့ ကိုနေမင်းထွန်းတို့ ဆက်ဆံရေးမှာ အဆင်မပြေဘူး မဟုတ်လား ..."

"အမတ်မင်းနဲ့ တိုက်ရိုက်ကြီး အဆင်မပြေတာမျိုးတော့ ... မဟုတ်ဘူး ... ကျွန်တော်နဲ့ တကယ် အဆင်မပြေ[illegible] ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ပဲ ... ဒါပေမဲ့ သူတို့နှ[illegible]က

www.burmeseclassic.com

www.burmeseclassic.com



အမတ်မင်း ဦးဘစိမ်းကို မီးသေတယ်လေ ... သူတို့ ကျွန်တော့်လုပ်ငန်းမှာ အမတ်မင်းကို ရှေ့တန်းတင်လို့ တော့ ကျွန်တော်နဲ့ အမတ်မင်း ဦးဘစိမ်း ထိပ်တိုက်တွေ့ ရမဲ့ကိန်း ဆိုက်သွားတာမျိုးပါ ... "

"ထားပါတော့ ... မစိမ်းကိုယ်တိုင် မြိုင်မြို့သစ်ကို ရော တာမကြာသေးတော့ ဘယ်သူမှားလို့ ဘယ်သူမှန်တယ် တဲ့အဖြေ မသိလိုက် မရနိုင်သေးပါဘူး ... အဲ ... တစ်ခုပြော ချင်တာကတော့ ပဋိပက္ခဖြစ်တယ်ဆိုတာ နှစ်ဦးနှစ်ဘက် အယူအဆ ကွဲလွဲချက်ပါ ... တကယ်လို့ ... နှစ်ဘက်ထဲ တစ်ဘက်ဘက်က ... အလျှော့ပေး လိုက်လျောလိုက် ပြဿနာအခက်အခဲဟာ ရှင်းသွားမယ် ... ဖြေလည်သွား မယ်လို့ မစိမ်း ပြောချင်တယ် ... "

"မစိမ်း ပြောတာ သိပ်မှန်တာပေါ့ ... ဒါဆို သူတို့ဘက် အလျှော့ပေးလိုက်လေ ... "

စိမ်းပပက နေမင်းထွန်းမျက်နှာကို သေချာကြည့် ပြုံးပြန်လေသည်။ နေမင်းထွန်းကလည်း စိမ်းပပမျက်နှာကိုကြည့် ပြောနေခြင်းကြောင့် သူတို့နှစ်ဦး မျက်လုံးချင်း ဆုံမိကြပြန်သည်။

စိမ်းပပ၏ မျက်လုံးအောက်ခံ မျက်သားဆန် ပြာ နအရောင်လေးသမ်းနေသည်။ မျက်တောင်သည် ပင်ကိုယ်အတိုင်း ကော့နေသည်။ မျက်ခုံးမှာ ရိပ်ပြီး ခဲကြောင်းဖြင့် ပုံဖော်ထားသော မျက်ခုံးမဟုတ်။ အလိုလို မည်းနက်ပြီး ဇင်ယော်တောင် ကွေး ခြင်း ဖြစ်သည်။ ဤမျက်ခုံး အမည်းအနက်၊ မျက်တောင်ကော့



အမည်းအနက်ကြောင့် စိမ်းပပ၏ မျက်နှာမှာ ပိုမို ဖြူဝင်းနေသည်ဟု ယူမှတ်ရသည်။

စိမ်းပပ၏ တစ်ကိုယ်လုံးသည် ဘယ်နေရာကိုပဲ ကြည့်ကြည့် လှပနေသည်။

စိမ်းပပက နေမင်းထွန်းကို ကြည့်နေသောအကြည့် မှာ ပြုံးကြည့်နေခြင်းကပင် ခေါင်းမာလှသော ကလေးဆိုးတစ် ယောက်အား ချစ်စနိုးခွင့်လွှတ်သော အကြည့်မျိုးဟု ဆိုနိုင်စရာ ကောင်းသည်။

စိမ်းပပ ရယ်သွမ်းသွေးလိုက်ပါ၏။

"ဟင်း ... ဟင်း ... ပြောရရင်တော့ ကမ္ဘာ့လိပ်မကြီးလို့ ကိုနေမင်းထွန်း စွပ်စွဲမလားပဲ ... ကိုယ့်ဘက်ကိုယ်ယက် လိုက်တာလို့လေ ... ဒါပေမဲ့ မစိမ်း ပြောမှာပါ ... စေတနာ မှန်နဲ့ ပြောမှာပါ ... "

"ပြောပါ မစိမ်း ... "

"ဖေဖေဟာ လူကြီးတစ်ယောက်ပါ ... လူကြီးလို့ ပြောတာ ဖေဖေအသက်ကြီးနေတဲ့ လူကြီးဆိုတဲ့ အဓိပ္ပာယ်ကို ပြော တာပါ ... ဒီမြို့မှာ ဩဇာတိက္ကမ ရှိနေတဲ့ လူကြီးဆိုတဲ့ သဘော မဟုတ်ဘူးနော် ... "

"အဲဒီတော့ ဘာဖြစ်လဲ ... ဆက်ပြောပါ မစိမ်း ... "

"ဖေဖေဟာ ကိုနေမင်းထွန်းရဲ့ အဖေအရွယ်၊ ကိုနေမင်းထွန်း ကသားအရွယ်ပါ ... ဒီတော့ ကိုယ့်အဖေအရွယ်လူကြီးနဲ့ ပဋိပက္ခ မဖြစ်ချင်ဘူးဆိုတဲ့ သဘောနဲ့ ကိုနေမင်းထွန်းဘက်

www.burmeseclassic.com

www.burmeseclassic.com



ပဲ အလျှော့ပေးလိုက်ရင် … ”

“တော်ပါတော့ မစိမ်း … ကျွန်တော်ဟာ ဗုဒ္ဓဘာသာ မြန်မ
စစ်စစ်ပါ … ကြီးသူကို ငယ်သူက ရိုသေရမယ် … ငါ
ထားရမယ်ဆိုတဲ့ အသိမျိုး ခံယူထားပြီးသားပါ … ကြီး
ငယ်သူကို စေတနာ မေတ္တာရှေ့ထားပြီး ဆုံးမရိုက် ရိုက်တာ
မျိုးဆိုရင် ကျွန်တော်က ပရုတ်ဆီလိမ်းပြီး အရိုက်ခံမယ် …
ရိုက်ချင်သလောက် ရိုက်ဆုံးမ … ဒါပေမဲ့ မစိမ်းရယ် …
ငါက အကောင်ကြီးတယ် … နင်က အကောင်ငယ်လေ
ငါ့ကို မယှဉ်နဲ့ဆိုပြီး အနိုင်ကျင့် ရိုက်တာမျိုးကျတော့ …
ကျွန်တော်က ဘယ်ခံမလဲ မစိမ်း … ခါးမဆန့်ဘူးဆိုပေ
တောင်ပြိုတောင် မာန်ကြီးလိုက်မှာပဲ မစိမ်း … ”

“အင်း … ပြောရခက်တယ် ကိုနေမင်းထွန်း … ဘာပဲဖြ
ဖြစ် အခုလက်ရှိအခြေအနေကိုကြည့်ရင် ဖေဖေ့မှာ အာဏာ
ရှိတယ် … တကယ်တမ်း ကိုနေမင်းထွန်း ယှဉ်ပြိုင်ပြီဆိုရင်
ကိုနေမင်းထွန်းပဲ အထိနာမှာပေါ့ … အဲဒါကို မစိမ်းက စေ
တနာနဲ့ ပြောတာပါ … ”

“စေတနာ ဟုတ်လား … မစိမ်းက ကျွန်တော့်ကို စေတနာ
တွေနဲ့ ဖေဖေ့ကို အလျှော့ပေးလိုက်ပါလို့ ပြောနေတာလေ
ဟုတ်လား … ”

ပြောရင်း နေမင်းထွန်းသည် မရယ်လိုပါဘဲလျှ
ရယ်သည်။ ရယ်သံပြုသည်ဆိုပါတော့။ လက်ထဲမှ တို့သွားပြီဖြစ်သော
စီးကရက်ကို လက်မလက်ညှိုးဖြင့် တောက်ပြီး ရေပြင်သို့ လွှတ်



သည်။ ပြီး … ဆက်ပြောပစ်၏။

“စေတနာဆိုတာ နှလုံးသားထဲက လာရတာပါ မစိမ်း … ဦးနှောက်ကလာလေ့ မရှိပါဘူး … အခု မစိမ်း ကျွန်တော့်ကို ပြောလိုက်တဲ့ စေတနာ စကားဟာ နှလုံးသားက လာတာ မဟုတ်ဘူး … ဦးနှောက်က လာတာလည်း မဟုတ်ဘူး … သာလိကာကို စကားသင်ပေးတဲ့အတိုင်း သာလိကာက ပြောတဲ့ စကားပါ … ချော့တာလည်းပါတယ် … ခြောက်တာလည်း ပါတယ် … ကျွန်တော့်ကို ချော့ကြည့် ချော့လို့မှ မပျော့ရင် ကျွန်တော် ကြောက်သွားအောင် … ခြောက်လှန့်စကားတွေပြော … ဒါမှ ဒီကောင်ကြောက်မှာဆိုတာမျိုး သင်ပေးလိုက် … ”

“မဟုတ်ဘူး … လုံးဝ မဟုတ်ဘူး ကိုနေမင်းထွန်း သိပ်မှားသွားပြီ … ”

“ဘာဗျ … ကျွန်တော် သိပ်မှားတယ် ဟုတ်လား … ”

“ဖေဖေဟာ … ကိုနေမင်းထွန်း ဖုန်းမဆက်ခင်ကတည်းက အပြင်ထွက်သွားတာ … မစိမ်း ဒီကို လိုက်လာတဲ့အထိ ဖေဖေ ပြန်မရောက်သေးဘူး … ဒါကြောင့် အခု မစိမ်းပြောတဲ့စကားတွေဟာ ဖေဖေ သင်ပေးလိုက်တဲ့ စကားတွေ မဟုတ်ဘူး … ကိုနေမင်းထွန်း မှားနေပြီဆိုတာ မစိမ်း ဘာသာ မစိမ်း ကိုယ်တိုင်က ပြောတာ … ”

“ဒါဆို ကျွန်တော် အလျှော့ပေးလိုက်ပါဆိုတာ မစိမ်းရင်ထဲက ထွက်ပေါ်လာတဲ့ စကားဆိုပါတော့ … ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခံမွစစ်အမှန်ပဲ ... "

"ဒါဖြင့် ကောင်းပြီ ... ကျွန်တော်က မစိမ်းကို ပြန်မေးမယ် ဦးလှိုင်မင်းရယ် ... ကိုဝေလွင်ရယ် ... ဦးဘစိမ်းရယ် ... သုံးယောက်ပေါင်းပြီး ကျွန်တော့်ကို ဘယ်လောက်အထိ အနှောင့်အယှက်ပေး ... အန္တရာယ်ပေးနေကြတာကိုကော မစိမ်း ဘယ်လောက်ထိသိသလဲ ... "

"ဘယ်လောက်ထိမှ မသိဘူး ... လုံးဝကို မသိဘူး ... မစိမ်း ဒီမြို့ကို ပြန်ရောက်တာ ဘာမှ မကြာသေးလို့ ဘာမှ မသိ သလောက်ဘဲ ... အဲ ... တစ်ခုတော့ရှိရဲ့ ... ဖေဖေဟာ သမီးဖြစ်တဲ့ မစိမ်းကို ပြောပြီဆိုရင် စိတ်ချမ်းသာစရာစကား ပျော်ရွှင်စရာ စကားတွေသာ ပြောတယ် ... မစိမ်း စိတ်ညစ် သွားမှာကို ဖေဖေက တစ်စက်ကလေးမှ မလိုလားဘူး ... ဒါကြောင့် ကိုနေမင်းထွန်း သူတို့ ပဋိပက္ခဖြစ်နေတာတွေကို မစိမ်းကို မပြောတာဖြစ်ချင် ဖြစ်မယ် ... "

"အင်း ... မစိမ်းအတွက်တော့ ဦးဘစိမ်းဟာ သိပ်ကောင်း မွန်တဲ့ ဖခင်တစ်ယောက်ပေါ့ ... ဒါပေမဲ့ ကျွန်တော့်အတွက် တော့ အမတ်မင်း ဦးဘစိမ်းဟာ ရုပ်ရှင်ထဲက လူကြမ်းခေါင်း ဆောင်ကြီးပဲ ... "

"ဘာရယ် ... "

စိမ်းပပ မျက်နှာသည် ရုတ်ခြည်းတင်းမာသွားသည်။ သူမ အင်မတန် ချစ်သည့် ဖခင်ကို လူဆိုးခေါင်းဆောင်ကြီးဟု ပြော လိုက်သည့်စကားသည် သူမအတွက် အလွန်နားခါးသွားပုံရသည်။



"ဖတဆိုးတစ်ဦးတည်းသောသမီး ချစ်လေးဗိုဗို ... မစိမ်း သိပ်ချစ်တဲ့ ဖအေကို ထိပါးလို့ မစိမ်း ကျွန်တော့်ကို စိတ်ဆိုး ချင် စိတ်ဆိုးနိုင်ပါတယ် ... ကျွန်တော်ကတော့ အမှန်အတိုင်း ပြောမှာပဲ ... "

နေမင်းထွန်းကို ကိုဝေလွင်က ရှိန်းအောင်ကိုလွှတ်ပြီး မိမိရုံးခန်း မီးခံသေတ္တာကို ဖောက်ခွဲဖို့ ကြံစည်ကြိုးစားသည်ကို ရော နန္ဒာလှိုင် စားတော်ဆက်တွင် မိမိကို အသေခေါ်ရန် ဆင် ပေါက်ဟူစိန်နှင့် လွှတ်ပေးရုံမက ကိုဝေလွင်ပြောသည့် စကားတွေ အားလုံးကို စိမ်းပပအား ပြောပြလိုက်သည်။ ဆက်၍ပင် မိမိ၏ ဖောက်သည် ကိုသာနိုးနှင့် ကိုအိတို့ သယ်ယူသွင်းမည့် ဘိလပ်မြေ ကိစ္စ၊ အုတ်ကိစ္စကို ပြောပြသည်။

"အဲဒါတွေကို မစိမ်း မသိတာ အမှန်ပဲ ... မစိမ်း ဒီကို့ကို ရောက်မှ ယေဘုယျအချက် နှစ်ချက်ကိုပဲ သိတယ် ... ၁မ အချက်က ဖေဖေဟာ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကို မလွန် ဆန်နိုင်တာရယ် ... ကိုဝေလွင်နဲ့ ဦးလှိုင်မင်းဟာ ကိုနေမင်း ထွန်းကို လုံးဝ မလိုလားဘူးဆိုတာရယ် ... အဲဒီ အချက်နှစ် ချက်ကိုတော့ မစိမ်း သိတယ် ... "

"ဒါဆို အခု ကျွန်တော်ပြောလို့ မစိမ်း တော်တော်ကြီး သိ ပြီပဲ ... တကယ်လို့ အခု ကျွန်တော်နဲ့ မစိမ်း တွေ့ဆုံတာ ကို သူတို့ သိသွားကြပြီ ... မစိမ်းကို ကျွန်တော်က ဘာတွေ ပြောသလဲလို့ မေးရင် မစိမ်းကပဲ ပြောလိုက်ပါ ... နေမင်း ထွန်းဟာ ဆံတစ်ချည် သဲတစ်မှုန်အလျှော့မပေးဘူး ... လော

www.burmeseclassic.com



တစ်စင်းလုံး မြုပ်သွားပါစေ အလှမလဲဘူးလို့ဘဲ ပြောလိုက်ပါ ... အဲ ... ဒါတင်မက မစိမ်းကိုယ်တိုင် ကျွန်တော့်အပေါ်မှာ သုံးသပ်ချက်တွေကိုပါ သူတို့ကို ပြောလိုက်ပါ မစိမ်း ... ”

“မစိမ်း ကိုနေမင်းထွန်းကို ဘာမှလည်း မသုံးသပ်သေးဘူး ဘာမှလည်း မဝေဖန်သေးဘူး ... အခု ကိုနေမင်းထွန်းပြောတာတွေ အားလုံး မစိမ်း အလေးအနက် နားထောင်တယ် အဲဒီ ပြောပြချက်တွေဟာ ဘယ်လောက်ထိမှန်ပြီး ဘယ်လောက်ထိမှားတယ်ဆိုတာကိုသက်သေသက္ခာရအထောက်အထားတွေ လိုက်ရှာဆန်းစစ်ပြီးမှ အမှားနဲ့ အမှန်ကို မစိမ်း သုံးသပ်မယ် ... ဆုံးဖြတ်မယ် ... ”

နေမင်းထွန်းက ပုခုံးတွန့်ပြလိုက်သည်။

“ကဲ ... မစိမ်းကို အမှုအပ်ချင်ပါတယ်လို့ ခေါ်ခဲ့ပြီး ... အကြောင်းတွေပြောတော့ ... မစိမ်း စိတ်ရှုပ်သွားမှာပဲ ... တကယ်တော့ ... အမှုဆိုတာဟာ ရဲကိုတိုင် အမှုဖွင့်ပြီး အမှုလို့ ခေါ်နိုင်တာ မဟုတ်လား ... ကျွန်တော့် ရုံးခန်းကမီးခံသေတ္တာကို ဖောက်ခွဲဖို့ ကြံစည်မှုကိုလည်း ကျွန်တော် ရဲကို အမှုမတိုင်ကြားသေးဘူး၊ လှိုင်နန္ဒာဆိုင်မှာ ကျွန်တော့်ကိုဆင်ပေါက်ဟူစိန်နဲ့ လွှတ်ပေးပြီး အသေကြံစည်တာကိုလည်း ကျွန်တော် ရဲကို မတိုင်ကြားသေးဘူး ... တိုင်လို့လည်း မရဘူးလေ ... မီးခံသေတ္တာလည်း မပေါက်ကွဲသေးဘူး ... မဖောက်ရသေးခင် ကျွန်တော်က ရောက်သွားလို့ရှိန်းမော



လက်လွှတ်ထွက်ပြေးတယ် ... ဆင်ပေါက်နဲ့ ခွဲခဲ့တဲ့ပွဲမှာလည်း ကျွန်တော်ကပဲ အနိုင်ရလိုက်တာကိုး ... ဒီတော့ အမှုဖွင့်လို့ ဘယ်ရမလဲ၊ အဲဒီအကြောင်းတွေကိုကျွန်တော်က မစိမ်းကို ဗေဒါနဲ့ ခေါ်လာပြီး ပြောပြတယ် ... အဲဒီဟာကိုပဲ ကျွန်တော်က မိစမ်းကို အမှုအပ်တာလို့ သဘောထားပါ။ ဒီအတွက် မစိမ်း ဝတ်လုံတော်ရ အကျိုးတော်ဆောင်တစ်ဦး အနေနဲ့ အမှုကို ကြားနာတဲ့အတွက် ကျသင့်သလောက် (ဘီ)လ် ကျွန်တော့်ဆီ ပို့ပေးပါ ... တောင်းပါ ... ကျွန်တော် ပေးဖို့ အဆင်သင့်ပါ ... ”

ထိုမျှပြောပြီး နေမင်းထွန်းသည် ဗေဒါလေးထဲရှိ ဘောဘင်အခန်းသို့ ဝင်ရောက်ကာ ရေကူးဘောင်းဘီ ဝတ်ဆင်သည်။

ပလတ်စတစ်အိတ် မဖောက်ရသေးသည့် အသစ်စက်စက် အမျိုးသမီးရေကူးဝတ်စုံ အဝါရောင်ကိုထုတ်ယူခဲ့ပြီး စိမ်းပပ ရှေ့တွင် ချပေးလိုက်သည်။

“ကျွန်တော် ဟောဒီ ရေလယ်ကျွန်း ကျွန်းသာယာကိုလာတိုင်း ရေကူးလေ့ရှိပါတယ် ... မစိမ်းလည်း ရေကူးချင်စိတ်ရှိရင် ဝတ်ဆင်ဖို့ ရေကူးဝတ်စုံပါ ... ပက်ကင်အိတ်တောင် မဖောက်ရသေးတဲ့ အမျိုးသမီး ရေကူးဝတ်စုံပါ မစိမ်း”

“ကိုနေမင်းထွန်းက ခေါ်လာသမျှ အမျိုးသမီးကို ပေးဝတ်ဖို့ အမျိုးသမီး ရေကူးဝတ်စုံတွေ အသင့်သီးသန့်ဆောင်ထားတာလား ... ”

“အဲဒီ မေးခွန်းကို ကျွန်တော် မဖြေပါဘူး ... ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ဗေဒါလေးရဲ့ သီးသန့်ဘောင်ခန်းထဲမှာရှိတဲ့ ဗီရိုလေးထဲမှာ အမျိုးသမီးရေကူးဝတ်စုံတွေ ဘာလို့ ကျွန်တော် ဆောင်ထားတယ်ဆိုတာကို မစိမ်း အခု မသိသေးတောင် နောင်တစ်ချိန်မှာ တဖြည်းဖြည်း သိလာမှာပါ ... ”

ပြောပြီးသည်နှင့် ရင်ပြင်ထဲသို့ ဒိုင်ဘင်ထိုးချလိုက်တော့သည်။

ဤရေလယ်ကျွန်းရှေ့ပြင်ကတော့ အမျိုးသမီးအသစ်တစ်ဦးနှင့် ရောက်လာပြန်သည့် နေမင်းထွန်းကို ဟားတိုက်ရယ်မောနေသလား မပြောတတ်။

ooo ooo



( ၈ )

“ဘယ်နှယ့်လဲ ... ကျွန်းသာယာကို မစိမ်း လိုက်လာရတာ သဘောကျရဲ့လား ... ”

စိမ်းပပက ဘာကို သဘောကျသွားသည်မသိ။ အသံထွက်အောင်ပင် နှစ်ခြိုက်စွာရယ်ပါ၏။

“ဘာကို ရယ်တာလဲ မစိမ်း ... ကျွန်တော် ပြောတဲ့အထဲမှာ ဟာသမှ မပါတာ ... ”

“ဒီကျွန်းကို ကျွန်းသာယာလို့ ကိုနေမင်းထွန်းက ဝေါဟာရအသစ်လေးနဲ့ ကင်ပွန်းတပ်လို့ မစိမ်းရယ်တာပါ ... မစိမ်းဟာ မြိုင်မြို့သစ်သူဇာတိအစစ်ပါ ... မစိမ်း ငယ်ငယ်လေးထဲက ဒီကျွန်းကို အလယ်ကျွန်းလို့ပဲ တစ်မြို့လုံးက ခေါ်ကြတာ ... ဘယ့်နှယ့် အခု ကိုနေမင်းထွန်းကျမှ ... ဒီကျွန်းအမည်က ကျွန်းသာယာဖြစ်သွားရတာလဲလို့ ရယ်တာပါ”

နေမင်းထွန်းက ပြန်ပြုံးရင်း စေဒက စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမည်ပေးတယ်ဆိုတာ ကိုယ့်အမြင် ကိုယ့်အစွဲနဲ့ သတ်မှတ်ပြီး သင်္ကေတ သတ်မှတ်လိုက်တဲ့ သဘောပဲ မဟုတ်လား ... ဟောဒီ ကျွန်တော့် မော်တော်ကိုပဲ ကြည့်ပေါ့။ အရင်လူတုန်းက ... ဒီမော်ပေါ်ကို သူ့အစွဲနဲ့သူ "ဒိုက်ပန်း" လို့ အမည်တပ်ထားတယ် ... သဘောကတော့ ဒီမော်တော်ဟာ ရေစုန်ဖြစ်စေ ရေဆန်ဖြစ်စေ ပစ္စည်းတွေ သယ်ယူပေးရပြီး အကြမ်းခံ စုန်ဆန်သွားပေးခဲ့တယ်တဲ့ ... ကျွန်တော် လက်ထက်ကျတော့ ဒိုက်ပန်းဆိုတဲ့ နာမည်ကြီးက ရင့်တယ် ရိုင်းတယ်ထင်ပြီး "ဗေဒါ"လို့ ပြောင်းတပ်လိုက်တယ် ... သဘောကတော့ အတူတူပဲပေါ့ဗျာ ... ဒိုက်ပန်းနဲ့ ဗေဒါဟာ အတူတူပါပဲ ... ဒါပေမဲ့ ကျွန်တော်က ဒီမော်တော်ကို ချော မြတ်နိုးလို့ ပိုပြီး ယဉ်စေတဲ့ အမည် ဗေဒါလို့ပေးလိုက်တာ"

"ဒါဆို ... ဒီ အလယ်ကျွန်းကို ကျွန်းသယာလို့ ကိုနေမင်းထွန်းက အမည်ပြောင်းခေါ်တာကတော့ ..."

"သာယာတဲ့ ကျွန်းလေးမို့ ကျွန်းသာယာလို့ ပြောင်းခေါ်တယ် ဆိုပါတော့ဗျာ ..."

"ဟုတ်ပါရဲ့လား ကိုနေမင်းထွန်း ... မစိမ်း သိသလောက်တော့ ဒီအလယ်ကျွန်းဟာ သိပ်သာသာယာယာ မရှိလှပါဘူး ... ကျွန်းပေါ်မှာ အုန်းပင်၊ ကွမ်းသီးပင်နဲ့ တခြား လူမသုံးတဲ့ သစ်ပင်ရိုင်းတွေသာ ရှိတာပါ ... လှပတဲ့ သစ်ခွပန်းတို့ ... ဘာတို့တောင် မရှိပါဘူး ... ကိုနေမင်းထွန်းတို့က သဘာဝအလှအပကြောင့် အမည်ပြောင်းခေါ်တာ မဟုတ်



တန်ကောင်းပါဘူး ... ကိုနေမင်းထွန်းအတွက် စိတ်သာယာစေတဲ့ အစွဲအလမ်းတစ်ခုကြောင့် ကျွန်းသာယာလို့ ပြောင်းခေါ်တာများလားရှင် ..."

နေမင်းထွန်းသည် ရေပြင်မှတစ်ဆင့် အဝေးသို့ ငေးကြည့်နေမိသည်။ တိုသွားသော စီးကရက်ကိုတောက်ပြီး လွှင့်ပစ်လိုက်သည်။

"လူ့မနောဆိုတာက အခြေအနေပေါ်မှာမူတည်ပြီး ပြောင်းလဲတတ်တာပဲ ... မစိမ်း တစ်ချိန်တုန်းကတော့ ဒီကျွန်းလေးဟာ ကျွန်တော့် စိတ်ကို သိပ်သာယာစေခဲ့တယ် ..."

"တစ်ချိန်တုန်းက သာယာခဲ့တယ်ဆိုတော့ ဒီကျွန်းဟာ အခုတော့ ကိုနေမင်းထွန်းအဖို့ မသာယာတော့ဘူးလို့ ဆိုချင်တာလား ..."

"ကျွန်တော် ပြောခဲ့ပြီးပဲ ... လူ့စိတ်လူ့မနောဟာ ပြောင်းလဲတတ်ပါတယ်လို့ ... ဒီနေ့ သာယာပေမဲ့ နက်ဖြန်မှာ သာယာချင်မှ သာယာမှာပေါ့ဗျာ ..."

စိမ်းပပက ပြုံးပြီး ဒုက်ခနဲ ပြောလိုက်ပေသည်။

"ဘာလဲ ... ခင်မိမိ ကိုဝေလွင်နဲ့ လက်မထပ်ခင်က ဒီကျွန်းလေးဟာ ကိုနေမင်းထွန်းအဖို့ သိပ်သာယာတဲ့ ကျွန်းလေး ဖြစ်ခဲ့တယ် မဟုတ်လား ... အဲ ... အခုတော့ ..."

စိမ်းပပက စကားကို တစ်ဝက်တစ်ပြက်မှာပင် ရပ်လိုက်သည်။

"ဒါတွေကိုလည်း မစိမ်း သိနေတာပဲလား ..."

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မြိုင်မြို့သစ်မှာ ကိုနေမင်းထွန်းက ရွှေမန်းတင်မောင်လောက် နာမည်ကြီးနေသူပဲ ... ခင်မိမိနဲ့ ကိုနေမင်းထွန်းတို့ တစ်ချိန်က လူတိုင်းလိုလို စိတ်ဝင်စားတာဆိုတော့ မစိမ်းလည်း တစ်ဆင့်စကားနဲ့ ကြားတာပဲပေါ့ ... "

"တော်ပါတော့ မစိမ်း ... ကျွန်တော့်အဖို့ တစ်ရံရောအခါတို့ လွန်လေပြီးသောကာလတို့ လုံးဝ မရှိတော့ပါဘူး ... အခု လတ်တလောတွေပဲ ရှိပါတယ် ... အခု လတ်တလော ပြောရရင်လည်း အခု မစိမ်းနဲ့ ဇာဒါအတူစီးခဲ့တာ ကျွန်တော် ကြည်နူးတယ် ... သာယာတယ် ... ဒါကြောင့် ဒီကျွန်းဟာ ကျွန်းသာယာလို့ပဲ ကျွန်တော် ဆက်ခေါ်မှာပဲ ... "

စိမ်းပပ ပခုံးတွန့်သည်။ နှုတ်ခမ်းစုံက မဲ့ပြုံးသည်။

"ဘာလဲ ... ကိုနေမင်းထွန်းက မစိမ်းကို လူပျိုစကားပြောတော့မှာမို့ နိဒါန်းပျိုးလိုက်တာလား ... ဟွန်း ... တွေ့ကြတာက နာရီပိုင်းပဲ ရှိပါသေးတယ်နော် ... နေ့တောင် မကူးသေးပါဘူး ... "

"သိပ်ကို ဝမ်းနည်းပါတယ် မစိမ်း ... ကျွန်တော် စကားအပြောလောသွားလို့ အမိပ္ပာယ်တစ်မျိုး သက်ရောက်သွားတာ ဖြစ်ပါလိမ့်မယ် ... ကျွန်တော် မစိမ်းကို လူပျိုစကားပြောဖို့ လုံးဝ မရည်ရွယ်ပါဘူး ... အဲ ... ဝန်ခံရမယ်ဆိုရင်တော့ ... အခုလို မစိမ်းနဲ့အတူ မော်တော်စီးရတာအပေါ်မှာ ကျွန်တော် သာယာပါတယ် ... ကြည်နူးပါတယ် ... ဒါပေမဲ့ မစိမ်း သေချာမှတ်ထားပါ ... "



စိမ်းပပက မစိမ်းသေချာမှတ်ထားပါဆိုသည့် စကားနောက်တွင် ဘာတွေ ဆက်ပြောမည်လဲဟု နေမင်းထွန်းကို မေးငေးနေသည်။ နားစွင့်ထားသည်။

"ကျွန်တော် မစိမ်းကို အခုလည်း လူပျိုစကား မပြောဘူး၊ နောက်ကိုလည်း ဘယ်တော့မှ မစိမ်းကို လူပျိုစကားပြောမှာ မဟုတ်ပါဘူး ... ဘာလို့လဲဆိုတော့ မစိမ်းဟာ အမတ်မင်း ဦးဘစိမ်းရဲ့သမီး ဖြစ်နေလို့ပါပဲ မစိမ်း ... ဦးဘစိမ်း၊ ဦးလှိုင်မင်း၊ ကိုဝေလွင်ဆိုဟာတွေက ... စည်းရုံးမိကြတဲ့ ပါတနာတွေပါ ... နောက်တစ်နည်းပြောရင် သူတို့ဟာ ကျွန်တော့်ရဲ့ ရန်သူတွေပါ ... ရန်သူရဲ့သမီး မစိမ်းကို ကျွန်တော်က ဘယ်ချစ်ရဲမှာလဲဗျာ ... ဘယ်မှာ ယုံကြည်ရဲပါ့မလဲ ... မစိမ်းက ကျွန်တော့် ရန်သူအသိုင်းအဝိုင်းထဲမှာ အကျုံးဝင်နေတာပဲ ... "

"ဒါဆို ... မစိမ်းကို ကိုနေမင်းထွန်းက ရန်သူလို့ သတ်မှတ်တယ်ပေါ့ ဟုတ်လား ... "

"အကျုံးဝင်တယ်လို့သာ ပြောတာပါ ... အကျုံးဝင်တာဟာ သတ်မှတ်တဲ့ အဆင့်အထိမှ မရောက်တာ ... ဥသြငှက်ဟာ ကျီးငှက်အသိုက်ထဲမှာ အကျုံးဝင်ပေမဲ့ ကျီးနဲ့ ဥသြဟာ မလေ့စရိုက်ခြင်းမှ မတူတာ ... စိတ်နေသဘောထားခြင်းလည်း မတူဘူး ... အသံသာတာခြင်းလည်း မတူဘူး ... လူတွေအားလုံးက ကျီးကန်းငှက်ကို ရွံ့ချကြပေမဲ့ ဥသြငှက်တော့ တင်စားလိုလားကြတယ်ပေါ့ မစိမ်း ... "

www.burmeseclassic.com



စိမ်းပပ ငိုင်ကျသွားပါ၏။ ပြီး … နေမင်းထွန်းကို မကြည့်ဘဲ အဝေးဆီသို့ ငေးကြည့်ရင်း ပြန်ပြောသည်။

"ကိုနေမင်းထွန်းရဲ့ စကားလုံးတွေဟာ မစိမ်း ရင်ထဲမှာ နာနာကျင်ကျင် တစ်မျိုးခံစားလိုက်ရတယ် … ဖေဖေနဲ့ ပတ်သက်ပြီး ခံစားရတာပါ … ဖေဖေဟာ ပထမမူလအရင်းခံက ကျောင်းဆရာတစ်ယောက်ပါ … မစိမ်း မေမေ ကွယ်လွန်ဆုံးပါးသွားချိန်မှာ ဖေဖေဟာ အရွယ်အများကြီး ကျန်ရှိပါသေးတယ် … ဖေဖေ့ကို လိုလားတဲ့ အမျိုးသမီးတွေလည်း ရှိခဲ့ပါတယ် … ဒါပေမဲ့ ဖေဖေဟာ နောက်အိမ်ထောင်မပြုခဲ့ပါဘူး … သမီးမစိမ်းကို ဖေဖေ ငဲ့ညှာလွန်းခဲ့ပါတယ် … မိခင်ဖခင်တိုင်းဟာ ကိုယ့်သားသမီးကို ချစ်တာပါပဲလို့ ဆိုပေမဲ့ ဖေဖေက သမီးမစိမ်းကို ချစ်တဲ့နေရာမှာ စံထားလောက်ပါတယ် … မစိမ်းကို သိပ်ထည်ဝါစေချင်တယ် … ကောင်းစားစေချင်တယ် … အဆင့်မြင့်ကြီး ဖြစ်စေချင်တယ် … ဒါပေမဲ့ ကျောင်းဆရာအလုပ်ဆိုတာက ကိုနေမင်းထွန်းသိတဲ့အတိုင်းပဲ … ကုသိုလ်များများရပေမဲ့ ပိုက်ဆံများများ မရပါဘူး မြိုင်မြို့သစ်တစ်မြို့လုံးကလည်း ဖေဖေ့ကို ကြည်ညိုလေးစားကြတယ် … ခင်မင်ကြတယ် … ဒါကြောင့် ဖေဖေ့ကို အမတ်မင်းနေရာကို ပို့ပေးကြတယ် … အဲဒါတွေဟာ တစ်ရံတစ်ခါ အခါ အတိတ်က ဖေဖေဦးဘစိမ်းပါ … သိပ်နောင်းသွားပြီ အခုလက်ရှိမှာတော့ … မြိုင်မြို့သစ် မြို့သူမြို့သားတွေက အမတ်မင်းဦးဘစိမ်းကို ခင်မင်ကြည်ညိုလေးစားစရာ



ကြောက်ရွံ့တာတွေက ပိုများနေပါပြီ …"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ မစိမ်း … မစိမ်းက ရှစ်တန်းအောင်ပြီးတဲ့နောက် ရန်ကုန်ကျောင်းကို ပြောင်းရွှေ့သွားခဲ့တာဆိုတော့ နှစ်ပေါင်းအများကြီး မြိုင်မြို့သစ်နဲ့ ကင်းကွာသွားတာပဲ … အခုလက်ရှိ အခြေအနေမှာတော့ အာဏာရှိတဲ့ အမတ်မင်းကို မြိုင်မြို့သစ်က လူတွေက ကြောက်တာက များနေကြတယ် မစိမ်း …"

"အဲဒါကိုပဲ မစိမ်းရင်ထဲမှာ နာကျင်တာပေါ့ … တကယ်တော့ မြို့သူမြို့သားတွေဟာ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကို ကြောက်ရွံ့တာတွေနဲ့အတူ ဖေဖေ့ကို ကြောက်ရွံ့တာတွေ ရောထွေးသွားတာမျိုး ဖြစ်မှာပါ … ဖေဖေတစ်ယောက်တည်းကို ခွဲပြီး ကြောက်ကြတာမျိုး မဟုတ်နိုင်ပါဘူး"

စိမ်းပပ၏ ထိုစကားကိုတော့ နေမင်းထွန်း ရင်ထဲက ထောက်ခံသည်။ မြိုင်မြို့သစ်အား ဒုစရိုက်လုပ်ငန်းတွေဖြင့် ညစ်ညမ်းသွားစေသူများမှာ ဦးလှိုင်မင်းနှင့် ကိုဝေလွင်သာလျှင် ဖြစ်ပါ၏။

အမတ်မင်း ဦးဘစိမ်းသည် ဦးလှိုင်မင်းနှင့် ကိုဝေလွင်ကို မလွန်ဆန်နိုင်ပဲ သူတို့ကြိုးဆွဲရာ လိုက်ကရခြင်းဖြင့် မြိုင်မြို့သူမြိုင်မြို့သစ်သား လူအများ၏ အမုန်းခံအကြောက်ရွံ့ခံကြီး ဖြစ်လာခြင်းသာ ဖြစ်သွားမှန်း နေမင်းထွန်း သဘောပေါက်ထားပြီးသားဖြစ်ပါ၏။

စိမ်းပပက ငြီးတွားလေသဖြင့် ပြောပါ၏။

"အင်း … စကားပုံရှိင်းရှိင်း ပြောရရင် ကြောင်ခံတွင်းပျက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဇရက်တောင်ပံကျိုး တွေ့သွားတယ်ပေါ့လေ ... ဖေ
ကျောင်းဆရာဘဝနဲ့ ငွေကြေးမပြည့်စုံ၊ သမီးကိုလည်း
တန်းပညာတတ် ဖြစ်စေချင်တဲ့ အချိန်မှာ ဖေဖေ့ကိုကြ
လေးစားခင်မင်တဲ့ အခွင့်အရေးကိုယူပြီး အမတ်ဖြ
အောင် ... ဦးလှိုင်မင်းနဲ့ ကိုဝေလွင်က ငွေအား လူ
အားတွေဖိပေးလို့ ဖေဖေ မြိုင်မြို့သစ်ပါလီမန်အမတ် ဖြ
တယ် ... အမတ်ဖြစ်လာပြီးမှ ဖေဖေဟာ အမှားတွေ
တယ်ဆိုရင် သမီးချစ် စိမ်းပပအပေါ်မှာ ထားရှိတဲ့
မေတ္တာကြောင့်ပဲဖြစ်ရမယ် ကိုနေမင်းထွန်း"

စိမ်းပပသည် သူမ၏ ဖေဖေအတွက် ဖြေ
တွေပေးပြီး ထပ်မံ၍ သူမ၏ ဖေဖေအကြောင်း ဆက်မပြော
လား မပြောတတ်။

စိမ်းပပအပေါ် နေမင်းထွန်း ယုံကြည်သည်
ကြည်သည် အပထား။ သူမ၏ အမြင်တွင် သူမ၏ ဖေဖေ
အပေါ်၌ အဆိုးမမြင်။ အကောင်းသာမြင်ကြောင်း နေမင်း
သိလိုက်ရသည်။

နေမင်းထွန်း ဆက်လက်၍ ရေမကူးချင်တော့
ဇေဒါပေါ်ရှိ သီးသန့်ရေချိုးခန်းတွင် ရေသန့်ချိုးလိုက်သည်
အစားအသစ်လဲပြီး ပြန်ထွက်လာသည်။

မော်တော်၏ ရှေ့ကူရှင် နေမင်းထွန်းဘေး
ပပထိုင်ပြီးသည်နှင့် နေမင်းထွန်းသည် မော်တော်ကို မော
လာခဲ့သည်။



နေမင်းထွန်းသည် နေစွယ်ကျိုးပြီ၊ နီရောင်သမ်းလာပေပြီ၊ မော်တော်မောင်းလျက်ကပင် စိမ်းပပကို နေမင်းထွန်း ခွေစောင်းကြည့်မိသည်။

ရေချိုးခန်းတွင် စိမ်းပပ ခေါင်းလျှော်လိုက်ဟန်တူသည်။ ဖားလျားချထားသော ဆံပင်ကို လေတို့ အခြောက်ခံသဖြင့် သူမ၏ ဆံကေသာများသည် လေတွင်ဝေ့နေပါ၏။

ခင်မိမိနှင့် သူ့ဘဝက ဇေဒါရေချိုးခန်းလေးထဲတွင် အမျိုးသမီးသုံး အလှပစ္စည်းများကို နေမင်းထွန်း ထားရှိပေးလေသည်။

သို့စေကာမူ ထိုအလှပစ္စည်းများကို စိမ်းပပက တစ်ခုမျှ ယူသုံးသည့် သဏ္ဌာန်မရှိဘဲ ဘာမျှခြယ်သခြင်းမရှိသည့် ပင်ကိုယ်မျက်နှာလေးကပင် ရှိနေသည်ကပင် ပို၍လှနေပါ၏။

မြိုင်မြို့သစ်ဆိပ်ကမ်းသို့ ပြန်ရောက်ချိန်တွင် မိုးချုပ်သွားပေပြီ။

"ကျွန်တော် မစိမ်းတို့ အိမ်အထိ လိုက်ပို့ပေးရမလား ..."

"ဟင့်အင်း ... မလိုဘူး ... မစိမ်းရဲ့ ကားကို ဆိပ်ကမ်းနားက အသိအိမ်မှာအပ်ထားခဲ့တယ် ... ကိုယ့်ဘာသာပဲမောင်းပြန်တော့မယ် ... ကဲ ... ကိုနေမင်းထွန်းကို ကျေးဇူးတင်ပါတယ် ..."

နေမင်းထွန်းက ကုန်းဘောင်တစ်ပေပြားအရှည်ကို ချီမကာ ကမ်းနှင့် ဇေဒါကို တံတားခင်းပေးလိုက်သည်။

စိမ်းပပက ထိုပျဉ်ချပ်တံတားလေးမှကူးပြီး ဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းသို့ လျှောက်ခဲ့သည်။

"အို ... အမေ ... "

ပျဉ်ချပ်တံတားအလယ်တွင် ပျဉ်ပြားညွှတ်သွား သည်ကြောင့် စိမ်းပပ ယိုင်သွားပြီး လဲကျမလို ဖြစ်သွားသည်။

နေမင်းထွန်း လှမ်းခနဲ ရောက်လာကာ စိမ်းပပ ထဲသို့ လိမ့်မကျအောင် ဖက်တွယ်ပွေ့ပိုက်ထားလိုက်သည်။

အတွေ့သည် ထွေးနွေးလှဘိကောငလေး။

အတွေ့သည် ရှိန်းမြလွန်းလှဘိကောင်း။

အတွေ့သည် တစ်မိနစ်ပင် ကြာအံ့မထင်။ စိမ်း ၏ တစ်ကိုယ်လုံးသည် နေမင်းထွန်း၏ ရင်ခွင်ကျယ်ကြီးထဲ ခေတ္တ ရောက်သွားသည်။

စိမ်းပပကပင် ရင်ခွင်ထဲမှ ရုန်းထွက်သည်မို့ နေ ထွန်းက အလိုက်သင့် လွှတ်ပေးလိုက်သည်။

စိမ်းပပ၏ ဖြူဝင်းသော မျက်နှာလေးမှာ ရောင်ဖျန်းသွားသည်။

"ထပ်ပြီး ကိုနေမင်းထွန်းကို ကျေးဇူးတင်ပါတယ် ... "

စိမ်းက ကမ်းပေါ်တက်သွားသည်ကို နေမင်း ငေးကြည့်ကျန်ခဲ့တော့သည်။

ooo 📖 ooo



( ၉ )

သွားရင်းလာရင်း နေမင်းထွန်းအဖို့ စိတ်မချမ်းသာ စရာ ကြားရသည်။

"ဒေါ်ခင်မိမိ အသတ်ခံရတာတဲ့ ... ဝယ်ဖတ်ကြည့် ... မြိုင် မြို့သစ် နေ့စဉ်သတင်းစဉ် ရေထဲကို ပစ်ချပေမဲ့ အလောင်း က လှိုင်းပုတ်ပြီး ကမ်းပေါ်တင်တာတဲ့ ... ဖတ်ကြည့်ရင် သိမယ် ... တစ်စောင်တစ်ကျပ် ... "

ဗေဒါပေါ်တွင် ညအိပ်ပြီး မနက်မိုးလင်း ရုံးခန်းသို့ အသွားတွင် လွှယ်အိတ်လွယ် သတင်းစာရောင်းသည့် ချာတိတ်၏ အော်ရောင်းသံကို ကြားရသဖြင့် နေမင်းထွန်း ထိတ်ခနဲ ပြာခနဲ ဖြစ်သွားရသည်။

ငွေတစ်ကျပ်ပေးပြီး သတင်းစဉ်တစ်စောင် ဝယ်ယူ လိုက်သည်။

မြိုင်မြို့သစ်တွင် စီးပွားရေးသမားတစ်ဦးက နေ့စဉ် သတင်းစဉ် ပုံနှိပ်ထုတ်ဝေ ရောင်းချပေးသည်။ ရန်ကုန်တွင် "ကြယ်

www.burmeseclassic.com

www.burmeseclassic.com



နီ" သတင်းစာပုံစံမျိုး ဖြစ်ပါ၏။

မြိုင်မြို့သစ်တွင် ဒုစရိုက်လုပ်ငန်းတွေ ကြီးထွား... သည်နှင့်အမျှ သတင်းထောက် နှစ်ဦးသုံးဦးဆင့်က ဒုစရိုက်သတ... တွေ ဖော်ပြသည်။ မြိုင်မြို့သစ် သတင်းစဉ်ဖြစ်ပေသည်။ ဝေးဝေ... လံက သတင်းတွေတော့မပါ။ မြိုင်မြို့သစ် ဝန်းကျင်နှင့် မြိုင်မြို့သ... မြို့ပေါ်တွင် ဖြစ်ပျက်သော သတင်းများကိုသာ ဖော်ပြနိုင်သည်...

ဒုစရိုက်သတင်းနှင့် ကြော်ငြာတွေကို အသား... ဖော်ပြသည်။

လင်ရိုဗာကားပေါ်မှာပင် ကားရပ်ပြီး နေမင်းသ... သတင်းစဉ်ကိုဖတ်သည်။

သတင်းအာဘော်တွင် ဖော်ပြရေးထားသည်... မနေ့က ညနေပိုင်း ပိုက်သိမ်းပြန်လာသော တံငါသည်လင်မယာ... အလောင်းကို တွေ့ရှိခြင်း ဖြစ်သည်။ မြိုင်မြို့သစ်ကမ်းခြေ... အနောက်ဘက် နှစ်မိုင်အကွာ သောင်ပြင်တွင် အလောင်းတ... ခြင်း ဖြစ်သည်။ အလောင်းကို သက်ဆိုင်ရာမှ သယ်ဆောင်... မြိုင်မြို့သစ်ဆေးရုံသို့ ယူဆောင်လာပြီး တာဝန်ကျ ဆရာဝန်... ဆေးသည်။

ခင်မိမိ၏ ကျောတွင် သေနတ်ဒဏ်ရာ တွေ့ရ... အများထင်မြင်ချက်မှာ ခင်မိမိကို တစ်စုံတစ်ယောက်က ... သေနတ်နှင့် ပစ်ပြီး အလောင်းကို ရေထဲပစ်ချရာ အလော... ရေစီးနှင့် မျောပါသွားပြီး လှိုင်းပုတ်သဖြင့် သဖြူရွာအနီး က... ပြင်တွင် သွားတင်နေခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။



သတင်းစာ၏ ဖော်ပြချက်တွင် ခင်မိမိ၏ ခင်ပွန်း ဖြစ်သူ ကိုဝေလွင်၏ အမည်တစ်လုံးမျှ မပါပေ။

စိမ်းပပ ပြောပြချက်အရ နေမင်းထွန်း သိထားသည်မှာ ကိုဝေလွင်သည် အမတ်မင်း ဦးဘစိမ်းကို ခေါ်ကာ ခင်မိမိကို လိုက်ရှာနေသည်ဟု သိထားသည်။

ရဲစခန်းတွင်လည်း လူပျောက်တိုင်ထားသည်။ ယင်းသို့ လူပျောက်တိုင်ထားခြင်းကိုလည်း သတင်းစာဖော်ပြချက်တွင် မပါရှိပေ။

ခင်မိမိမသေမီ ညဦးပိုင်းက ဗေဒါပေါ်တွင် ခင်မိမိနှင့် နေမင်းထွန်း တွေ့ကြသေးသည်။ ထိုစဉ်က ခင်မိမိက မြိုင်မြို့သစ်မှ ဝေးရာသို့ ပြေးတော့မည်မို့ လာရောက်နှုတ်ဆက်ခြင်းပါဟု နေမင်းထွန်းကို ပြောခဲ့သည်။

နေမင်းထွန်း လက်သီးဆုပ်သည် အံကြိ...သည်။ ခင်မိမိကို နောက်ကျောမှ သေနတ်နှင့် ပစ်သတ်သူကို နေမင်းထွန်းက အရေခွံခွာပစ်ချင်သည်အထိ ဒေါသထွက်သည်။

သတင်းစာတွင် ခင်မိမိကို ဘာကြောင့်ပစ်သတ်သည်ဆိုသည့် မိုးဘစ်(ဗ်)မပါပေ။ လူသတ်သမားသည် မည်သူဖြစ်နိုင်ကြောင်း ထင်မြင်ချက်လည်း လုံးဝ မပါ။

နေမင်းထွန်း ပြန်စဉ်းစားကြည့်သည်။

ခင်မိမိ ဗေဒါပေါ်သို့ လာစဉ်က သူမ၏ ကားကို မော်တော်ဆိပ်ကမ်းနှင့် ဝေးဝေးဝေးသောနေရာတွင် ထားခဲ့ပြီးမှ ဗေဒါသို့ ဆင်းလျှောက်လာခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားသည် ခင်မိမိ၏ ကားရပ်ထားသည်ကို တွေ့ရှိပြီး ပုန်းစောင့်ကာ ခင်မိမိ နောက်ကျောဘက်မှ ပစ်သတ်ပြီး အလောင်းကို မြိုင်မြို့သစ်၏ မြစ်ထဲသို့ ပစ်ချခြင်း ဖြစ်သည်။

"ကောင်းပြီ ... ခင်မိမိကိုတော့ သတ်လို့ သေသွားရှာပြီ"

ယင်း လူသတ်သမားသည် မည်သူနည်း။

အကြောင်းနှစ်ချက်ကို နေမင်းထွန်း တွေးမိသည်။ ခင်မိမိသည် ကိုဝေလွင်နှင့် လက်မထပ်မီ အပျိုဘဝက နေမင်းထွန်းနှင့် ချစ်ကြိုက်ခဲ့ကြသည်။

အကြောင်းအားလျော်စွာ ကိုဝေလွင်အား လက်ထပ်စေကာမူ မိမိအပေါ် ချစ်စိတ်မကုန်ဖြစ်နိုင်သည်။ ထိုကြောင့် မိမိနှင့် ချစ်ကြိုက်ခဲ့သည်ကြောင့် ခင်မိမိနှင့် ကိုဝေလွင် လင်မယားမသင့်မတင့် ဖြစ်မည်။ ခင်မိမိက ကိုဝေလွင်တို့ မိမိအပေါ် မကောင်းကြံစည်ခြင်းတွေကို မိမိအား ပြောပြမည် စိုးရိမ်သောကြောင့် ခင်မိမိကို အပြီးအပိုင် နှုတ်ပိတ်ပစ်ခြင်းပေလား။

နောက်တစ်ကြောင်းမှာ ခင်မိမိသည် အခြား မြိုင်မြို့သစ်၏အာဏာစက်လွှတ်ကင်းရာ အဝေးတစ်နေရာသို့ ထွက်ပြေးပြီး ထိုအခြားနေရာမှ သက်ဆိုင်ရာ အာဏာရှိ ပုဂ္ဂိုလ်များထံတွင် မြိုင်မြို့သစ်၌ ကိုဝေလွင်တို့ ဥပဒေနှင့် ဆန့်ကျင်သည့် မည်သို့သော လုပ်ငန်းတွေ လုပ်နေကြောင်း တိုင်ကြားဖွင့်ဟပါက သူတို့အနေ မလွယ်ကြောဖြစ်တော့မည်မို့ ခင်မိမိ အဝေးမသွားမီ ပစ်သတ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။

ဒါတွေက နေမင်းက တွေးကြည့် ထင်ကြည့်ခြင်း



ဖြစ်ပါသည်။

သူတို့ဘက်ကကော ဘယ်လိုပြန်မြင်လေမည်နည်း။ ဆင်လေမည်နည်း။

ခင်မိမိ မသေဆုံးမီ နောက်ဆုံး တွေ့ခဲ့သည်မှာ မိမိ နေမင်းထွန်းဖြစ်နေသည်။ အကယ်၍ တစ်စုံတစ်ယောက်က ခင်မိမိ သေမီညက မိမိဗေဒါပေါ်သို့ ရောက်လာပြီး မိမိနှင့် တွေ့ဆုံသည်ကို မြင်တွေ့သွား၍ ဖော်ပြလိုက်ပါလျှင် ခင်မိမိ အသတ်ခံရမှုသည် မိမိထံသို့ ရစ်ပတ်လာနိုင်သည်။

သို့သော် ထိုညက ခင်မိမိ ဗေဒါပေါ်သို့လာပြီး မိမိနှင့် တွေ့ဆုံသည်ကို မည်သူ တစ်ဦးတစ်ယောက်မျှ မမြင်ဟုသာ ကောက်ချက်ချရမည်။ အကြောင်းမူ ခင်မိမိ လာခဲ့သော ညမှ ယနေ့ သတင်းစာ ထွက်ချိန်အထိ ကိုဝေလွင်က မိမိကို ဘာမျှအရေးမယူ စေးမြန်းခြင်းမရှိသောကြောင့် ဖြစ်သည်။ ဤသည်ကပင် ခင်မိမိ မိမိထံသို့ လာခြင်းကို လုံးဝ မသိသောကြောင့်ဟု ယူမှတ်နိုင်သည်။

နေမင်းထွန်း ရုံခန်းသို့ဆက်၍ မောင်းလာခဲ့သည်။ ရုံးခန်းထဲသို့ တန်းတန်းမက်မက်ပင် ဝင်ခဲ့သည်။

ရုံးခန်းပေါက်ဝ စားပွဲတွင် ရှိနေသော ပီအေ ကေသီစိုးကိုပင် နှုတ်မဆက်ဘဲ ရုံးခန်းထဲသို့ တန်းဝင်လာခြင်းပင်။

"နေမကောင်းဘူးလား အစ်ကို ... အစ်ကို့ကြည့်ရတာ နေမကောင်းသလိုကြီးပဲ ... ဆေးတစ်ခုခု သောက်လိုက်ပါလား အစ်ကို ..."

ကေသီစိုး ဝင်လိုက်လာပြီး အပြုံးလေးဖြင့် မေးသွားစွာ

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းသည်။

"တို့ လူနေကောင်းပါတယ် ကေသီ ... စိတ် နေမကောင်းတာပါ ... ကေသီ ဒီနေ့မနက် မြိုင်မြို့သစ် သတင်းစာကိုဖတ်ပြီးပြီလား ... မဖတ်ရသေးဘူး ထင်တယ် ..."

"ကေသီက ဒီနေ့ထုတ် သတင်းစာသာ မဟုတ်ဘူး ... ဘယ်နေ့က ထုတ်တဲ့သတင်းစာကိုမှ မဖတ်ဘူး အစ်ကို ... မြိုင်မြို့သစ်က ထုတ်တဲ့ သတင်းစာထဲမှာ မြိုင်မြို့သစ်မှာဖြစ်တဲ့ အကြောင်းတွေကိုသာ ရေးသားဖော်ပြတာပဲ ... ကေသီက မြိုင်မြို့သစ်မှာဖြစ်သမျှ အကြောင်းတွေ သတင်းစာ မဖတ်ဘဲ သိနေတာပဲဟာ ..."

"ဒါဆို မနေ့ညက မြိုင်မြို့သစ်မှာ လူသတ်မှု ဖြစ်သွားတာကိုလည်း ကေသီ သိပြီးပြီပေါ့ ဟုတ်လား ..."

"လူသတ်မှု ဟုတ်လား အစ်ကို ..."

"ရော့ ... ဒီမှာ သတင်းစာ ... တို့ ဝယ်လာတယ် ... ဖတ်ကြည့် ..."

နေမင်းထွန်းက သတင်းစာကို ကေသီလက်သို့ ပေးလိုက်သည်။

"ဖတ်နေရမဲ့အစား အစ်ကိုကပဲ ပြောပြပါလား ..."

"မနေ့ညက ကိုဝေလွင်ရဲ့ဇနီး ခင်မိမိ အသတ်ခံရလို့ သေသွားပြီတဲ့ ..."

"အယ် ... တကယ် ..."

"ခင်မိမိရဲ့ နောက်ကျောကို အနီးကပ်သေနတ်နဲ့ ပစ်သတ်



တာတဲ့ ... လူသတ်သမားက အမျိုးသမီးတစ်ယောက်ကို နောက်ကျောကနေ ပစ်သတ်ရတယ်လို့ ... နောက်ပြီး အလောင်းကို ရေထဲပစ်ချတာ ... အလောင်းက သဖြူဘက် မျောသွားပြီး သဖြူကမ်းသောင်ပြင်ပေါ်မှာ လှိုင်းပုတ်ပြီး တင်နေတယ်တဲ့ ... ပုလိပ်က ခုချိန်ထိ လူသတ်သမားကို ခြေရာမကောက်မိသေးဘူး ထင်တာပဲ ... ဒါပေမဲ့ ... တို့ကတော့ လူသတ်မသား ဘယ်သူဖြစ်တယ်ဆိုတာကို ရိပ်မိပါတယ် ..."

"အစ်ကိုက ရိပ်မိတယ် ဟုတ်လား ..."

ကေသီစိုးကို ကြည့်ရသည်မှာ ... နေမင်းထွန်းက ားတစ်ခွန်း ပြောလိုက်တိုင်း အံ့ဩသွားနေပေသည်။

နေမင်းထွန်းသည် အမြဲဆောင်ထားသော အလုပ်ဲ့အောက်ဆုံး အံဆွဲထဲမှ အရပ်ပုလင်းကို ထုတ်ယူလိုက်သည်။ ွက်ပင် မတောင်းတော့ဘဲ ပုလင်းဘူးစို့ကိုဖွင့်ကာ ပုလင်းကို သောက်သည်။

ရင်ထဲတွင် ပူရှိန်းသွားရ၏။

ဦးခေါင်းကို ဆုံလည်ကုလားထိုင် ကျောမှီထိပ်တွင် ာင်ပြီး မျက်စိကို စုံပိတ်ထားလိုက်သည်။

ကေသီစိုး ပြန်ထွက်သွားပါ၏။

ooo ⌴ ooo

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၀ )

နှလုံးသားနှင့် တည်ဆောက်ထားသော လူသားမို့ ခင်မိမိအပေါ်တွင် သံယောဇဉ်ကတော့ ရှိနေဆဲဖြစ်ပါ၏။

ထို့ကြောင့် ... ယခုလို ခင်မိမိ မတရားသဖြင့်ကြီး အသတ်ခံရသည်ကို နေမင်းထွန်းရင်ထဲတွင် ခံပြင်းစိတ် ပြင်းထန်နေသည်။

တွေးကြည့်လိုက်၊ ခံပြင်းလိုက် အရက်သောက်လိုက်ဖြင့် ချာချာလည်ပြီး အရက်ပုလင်းလက်ကျန် ကုန်လုနီးပါး ရှိသွားသည်။

သို့တစေ စိတ်ဓာတ်ပြင်းသူမို့လား မသိ။ နေမင်းထွန်း ခေါင်းမသွား။

အသည်းကြီးသောသူသည် အရက်တော်တော်များများ သောက်စေကာမူ ခေါင်းမသွားဆိုခြင်းမှာ မှန်ကန်နေသလား။ ခါတိုင်း တစ်ခါမျှ အရက်ကို ဤသို့ များများ နေမင်းထွန်း သောက်လေ့မရှိခဲ့။



ရုံးခန်းအပြင်သို့ ထွက်လာသည်။

ရုံးဝန်ထမ်းတွေ တစ်ယောက်မျှ မရှိပါလေတော့။ သီစိုးပင် မရှိပါလေ။

နေမင်းထွန်း လက်တွင် ပတ်ထားသော နာရီကို ကြည့်လိုက်ရာ ညနေ(၆)နာရီ ရှိလေပြီ။

ရုံးတံခါးတွေ ကိုယ့်ဟာကိုယ်ပိတ်ပြီး ပြန်တော့ရန် ခြေလှမ်းလိုက်သည်နှင့် ရုံးတံခါးဝတွင် ရပ်နေသော ကိုဝေလွင်နှင့် နေမင်းထွန်း လုံးဝ မသိမမြင်ဘူးသူနှစ်ဦးကို တွေ့လိုက်ရသည်။

ကိုဝေလွင်သည် နေမင်းထွန်း ရုံးခန်းထဲသို့ ဝင်ရောက်လာပြီး သူနှင့်ပါလာသူကို အမိန့်ပေးလိုက်သည်။

"ရုံးတံခါးပြန်ပိတ် လူလု ..."

ကိုဝေလွင်နှင့်ပါလာသူ အမည်မှာ လူလုဟု သိလိုက်သည်။ ကိုဝေလွင်၏ ဆင်ပေါက်ဟူစိန်ကဲ့သို့ပင် လူလုကလည်း က်သတ်မွေး တပည့်တစ်ယောက် ဖြစ်ခြိမ့်မည်။

ကိုဝေလွင်၏ အမိန့်အတိုင်း လူလုက ရုံးတံခါးကို ပိတ်ပြီး ဘာမထီပုံစံဖြင့် တံခါးကို ကျောမှီရပ်နေပေသည်။

"ဒီကောင်က ဘယ်လိုလဲ ကိုဝေလွင် ... ကြည့်ရတာ ရုပ်သနားကမားရှိပေမဲ့ အမြင်ကတ်စရာကောင်းတယ် ..."

"သူ့နာမည် လူလုတဲ့ ... ရုပ်လေးလှလို့ လူလုလို့ အမည်ပေးထားတာ ... ဒီကောင် လူလုက ရုပ်လှပြီး ထွားထွားကျိုင်းကျိုင်း မဟုတ်ဘဲ သွယ်သွယ်လျလျပေမဲ့ ပညာမှာတော့ ... ဆင်ပေါက်ထက် အများကြီး အဆတစ်ရာသာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဒါပေမဲ့ ခင်ဗျားအနေနဲ့ ကျုပ်ကို ပြေပြေလည်လည်
ဆက်ဆံရင် လှလှနဲ့ ပညာပြိုင်စရာ မလိုပါဘူး ... ခင်ဗျ
နာမသွားဘူးပေါ့ဗျာ ... "

"ဆက်ပြောပါ ... လာတဲ့ကိစ္စ ... "

"ကျားကို အသားကျွေး ... ယုန်ကို ကန်စွန်းရွက်ကျွေးလို
ရင် ပူညံပူညံတွေ ဘာမှမဖြစ်တော့ဘူးပေါ့ ... နေမင်းထွန်
ဒီတော့ မင်းရဲ့ မှတ်တမ်းစာအုပ်ကြီး ငါ့လက်ထဲကို အသ
တကြည် ပေးအပ်လိုက်ပေါ့ကွာ ... ဒါဆို အရာရာ ငြိမ်ငြိမ်
အေးအေး ပြီးသွားတာပေါ့ ... "

"ဟုတ်ရဲ့လား ကိုဝေလွင် ... "

နေမင်းထွန်းက အေးဆေးတည်ငြိမ်စွာပင် သူ့အိ
ထဲမှ စီးကရက်ဘူးကိုထုတ် တစ်လိပ်ကို မီးညှိရှိုက်ဖွာကာ မီးခိုးမ
ကိုဝေလွင်ဆီ မှုတ်ထုတ်သည်။ မထီလေးစားပုံ ပြန်ပေးလိုက်သည်

မိမိအပေါ်တွင် ကိုဝေလွင် အပြောအဆို ရိုင်းပျ
သည်ကိုလည်း နေမင်းထွန်းက သတိထားမိသည်။

ကိုဝေလွင်သည် သူ ခေါ်လာသော တပည့်လူလ
တော်တော်အားကိုးပုံရသည်။

"ဦးလှိုင်မင်းကလည်း ... ဒီမှတ်တမ်းကြီးကို သိပ်လိုချင်
တယ်ဗျ ... မှတ်တမ်းကြီးကလည်း တော်တော်ပြည့်စုံ
တာကိုး ... နေ့စွဲနာရီ အတိအကျ ... နေရာဒေသ အ
အကျ ... ဖြစ်ရပ်တွေ အတိအကျနဲ့ တချို့ ဖြစ်ရပ်ကြီးတွေ
မှာဆိုရင် နိုင်လုံတဲ့ ဓာတ်ပုံတောင် ပူးတွဲထားသေးတ



ငါးနှစ်ငါးမိုးလောက် ပြုစုလာခဲ့တဲ့ မှတ်တမ်းကြီးပဲဗျာ ...
ဒါပေမဲ့ ဒီမှတ်တမ်းကြီးကို ဘယ်သူကပဲ လိုချင်လိုချင် ခိုးယူ
လို့လည်းမရ ... တိုက်ယူလို့လည်း မရနဲ့ လိုချင်လို့ ကြိုးစား
ကြတာ ... တစ်ခါမှ ရသွားတယ်လို့ မရှိခဲ့ဘူး ကိုဝေလွင်"

"အေး ... ငါက အခု အရယူဖို့ လာခဲ့တာပဲ နေမင်းထွန်း"

နေမင်းထွန်းက ဘယ်ရမလဲဟု သဘောပေါက်စေ
သည့် ပခုံးတွန့်တစ်ချက် တွန့်ပြလိုက်သည်။

"ကျွန်တော့်အလှည့်ရောက်ပြီလား ဆရာဝေလွင် ... "

လှလှက မျက်နှာလို မျက်နှာရ သူ့ဆရာကိုဝေလွင်
ကို မေးလိုက်သည်။

"နေဦးလှလှ ... သူ့ကို အသက်မထွက်ခင် စကားပြောနိုင်
တုန်း ငါမေးစရာတစ်ခု ရှိနေသေးတယ် ... "

"မေးလေ ကိုဝေလွင် ... "

"ဒီမယ် ... နေမင်းထွန်း ... မင်းဟာ ငါ့မိန်းမ ခင်မိမိနဲ့ ...
ငါနဲ့ ခင်မိမိ လက်မထပ်ခင်က အကျွမ်းတဝင် ရှိခဲ့ဖူးတယ်၊
အခု ငါ သိပ်သိချင်နေတာက ငါ့မိန်းမ မခင်မိမိကို ဘယ်သူ
က သတ်သွားတာလဲ နေမင်းထွန်း ... "

"ရှင်းနေတာပဲ ... ခင်ဗျားကိုယ်တိုင်ပဲပေါ့ ကိုဝေလွင် ...
ခင်မိမိကို သတ်တဲ့လူဟာ ခင်ဗျား ကိုဝေလွင်ကလွဲပြီး ...
တခြား ဘယ်သူဖြစ်နိုင်မှာလဲ ... "

နေမင်းထွန်း၏ စကားကြောင့် ဝေလွင် တွန့်ခနဲ
ဖြစ်သွားသည်။ နေမင်းထွန်းက စီးကရက်ထိပ်တွင် ခဲနေသည့်ပြာ

www.burmeseclassic.com

www.burmeseclassic.com



ကို ချွေလိုက်သည်။ ပြာခဲလွင့်ကျသွားပြီး နီရဲရဲစီးကရက် မီးချွန်လေး ပေါ်ထွက်လာသည်။

"ခင်မိမိကို မင်း သတ်တာကော မဖြစ်နိုင်ဘူးလား နေမင်းထွန်း ... မင်းကိုပစ်ပြီး ငါ့ကို လက်ထပ်ခဲ့တဲ့အတွက်လေ"

"အဲဒီလို စိတ်မျိုးရှိလို့ ခင်မိမိကို ကျုပ် သတ်ချင်တယ်ဆိုရင် ခင်ဗျားနဲ့ မညားခင် ခင်မိမိ အပျိုဘဝမှာပဲ ခင်ဗျားနဲ့ လက်ထပ်တော့မယ်ဆိုကတည်းက ကျုပ် သတ်မှာပေါ့ ... အခု ခင်မိမိ ခင်ဗျားနဲ့ ညားသွားပြီး သားသမီးယူမယ်ဆိုတောင် နှစ်ယောက်လောက်ရနိုင်တဲ့ အချိန်မျိုးကျမှ ကျုပ်က သတ်မတဲ့လား ... ကျုပ် အဲဒီလောက်အထိ မတိုဘူး ... မတုံးဘူး ကိုဝေလွင် ... နောက်ပြီး ခင်မိမိကို ကျုပ် စိတ်နာပေမဲ့ သတ်ပစ်တဲ့အထိ ကျုပ်မှာ ရက်စက်တဲ့စိတ် မရှိဘူး ... ခင်မိမိကို သတ်ပစ်ချင်တဲ့ အကြောင်းအချက် အလုံအလောက် ရှိနေတာက ခင်ဗျားပဲ ..."

"မင်း ရူးနေသလား ... ခင်မိမိကို ငါ တကယ်ချစ်လို့ ... မရမက အရယူခဲ့တာ ... ငါ သိပ်ချစ်တဲ့ ငါ့မိန်းမကို ငါက သတ်မလား ..."

"ခင်ဗျားက ခင်မိမိကို သိပ်ချစ်တယ်ဆိုတာ ... ဟုတ်ချင်မှ ဟုတ်မှာပဲဗျာ ... ဘာလို့လဲဆိုတော့ ခင်မိမိကတော့ ခင်ဗျားကို တစ်စက်လေးမှ မချစ်ခဲ့ဘူးလေဗျာ ... ခင်မိမိက ခင်ဗျားကို စွန့်ခွာနေချင်တယ် မဟုတ်လား ... ခင်ဗျား အနေနဲ့ ခင်မိမိ ခင်ဗျားဆီက ထွက်ပြေးပြီး ခင်ဗျားတို့ အာ



ဏာစက် မရှိတဲ့ အဝေးနေရာကနေပြီး ခင်ဗျားတို့ရဲ့ ဒုစရိုက်လုပ်ငန်းတွေ ဖော်ထုတ်မှာ စိုးရိမ်ပြီး ခင်မိမိ ထွက်မပြေးနိုင်ခင် ခင်ဗျားပဲ ခင်မိမိကို သတ်ပစ်တာ ... နှုတ်ပိတ်ပစ်တာ ..."

နေမင်းထွန်း၏ စကားတွေသည် ဘယ်လောက်ထိ ရောက်သည်တော့ မသိ။ ဝေလွင့်မှာ နားထောင်ရင်း ကတုန်ကယင်ကြီး ဖြစ်သွားစေသည်။

ဝေလွင်သည် ခံနိုင်ရည်စွမ်း မရှိတော့သည့်အဆုံးတွင် သူ့တပည့် လူလှအား လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ...

"ကဲ ... လူလှ ... မင်းအလှည့်ပဲ ..."

ဟု အချက်ပေးလိုက်သည်။

လူလှသည် အေးဆေးစွာပင် တစ်လှမ်းချင်း နေမင်းထွန်းဆီသို့ လျှောက်လာသည်။

လူလှ၏ အရည်သွေးကို နေမင်းထွန်း အကဲမဖြတ်နိုင်သေး။ ဟန်ပန်နှင့် လှုပ်ရှားမှုကို ကြည့်ရသည်ကတော့ ကိုယ်ခံပညာပိုင်းတွင် အလေ့အကျင့်နှင့် အတွေ့အကြုံ တော်တော်များများ ရှိထားပုံရပေသည်။

ဆင်ပေါက်ဟူစိန်လို ဘလိုင်းကောင် မဟုတ်တန်ရာ။

နေမင်းထွန်းက နည်းပရိယာယ် သုံးပါ၏။ စစ်မှုသဘောမျိုးပြုပြီး အပိုင်ကွက်ဝင်မှ အပြတ်တီးရန် ဆုံးဖြတ်သည်။

ဤတွင် မိမိခံရလျှင် ကိုဝေလွင်က မီးခံသေတ္တာကို

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး ဒုစရိုက်မှတ်တမ်းကြီးကို ယူသွားမည်ဖြစ်သည်။ မှတ်တမ်းကြီး သူတို့လက်ထဲ ရောက်သွားပြီဆိုပါက နေမင်းထွန်း ခံပေတော့ ပြန်၍ နလံထူနိုင်တော့မည် မဟုတ်တော့ချေ။ မြို့ပြိုင်မြို့သစ်မှ မိန်းပထမလူကို လင်းလို့အပြီး ထွက်ပြေးရန်သာ ရှိတော့သည်။

လူလှ ဝင်လာသည်ကို နေမင်းထွန်းက ကြောက်လန့်တကြား ဖြစ်ဟန်ပြလိုက်သည်။ လူလှရှေ့တိုးလာလေ၊ နေမင်းထွန်းက နောက်သို့ ဆုတ်ပြေးသဘောပြပါလေ၏။

လူလှ ရယ်ပေသည်။ နေမင်းထွန်းသည် သူ့ကျော တကယ်လန့်ပုံရသည်ဟု ဝေလွင်ကပင် အထင်ရောက်သွားသည်။ လူလှကလည်း သူ့ဆရာသမား ဝေလွင်ရှေ့တွင် သူ့ ပညာပြချင်သည်။ နေမင်းထွန်း သူ့ကို ကြောက်လန့်နေသည်ကိုပင် လူလှ တော်တော်ကျေနပ်သည်။

မှားလေစွ လူလှ။

ရန်သူကို အထင်သေးခြင်းသည် ကိုယ့်ဘက် အရည်အသွေး အလိုလို နိမ့်ကျသွားစမြဲ ဖြစ်သည်။

နေမင်းထွန်းကို မိန်းမဉာဏ်သုံးသည်ဟု ဆိုချင် ဤပွဲသည် အလုပြပွဲ မဟုတ်။ အမှတ်နှင့် အနိုင်ယူသောပွဲ မဟုတ် ဒိုင်လူကြီး မရှိသော ပွဲဖြစ်သည်။

ယှဉ်ပြိုင်ရာတွင် အလဲထိုး အနိုင်ရဖို့သာ အဓိက

နေမင်းထွန်းသည် လက်ထဲမှ မီးရဲနေသောစီးက တိုကို အကောက် လှေကျင့်ထားသည့်အတိုင်း လူလှ၏ မျက်နှာ ချိန်ကာ တောက်လွှင့်လိုက်သည်။



ချိန်လွှတ်သည့်အတိုင်း လူလှမျက်နှာသို့ မီးရဲ စီးကရက်တို တန်းခနဲ ဝင်သွားသည်။

မီးဆိုသည်မှာ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံကြီးဖြစ်စေ၊ တစ်ဘက်ကမ်းခတ် ဂျူဒိုကရာတေးသမားဖြစ်စေ ... ထိသည်နှင့် ပူလောင်လေမည်သာ။ အထူးသဖြင့် မျက်မှာကို မီးပူစေခြင်းမှာ ဘယ်လိုမှ ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်အောင် ဖြစ်သွားစေသည်။

လူလှ၏ လက်ဝါးနှစ်ဖက်သည် အပူလောင်ခံလိုက်ရသော မျက်နှာကို အုပ်ထားလိုက်သည်။

လူလှတွင် အဘယ်မှာလျှင် ပညာပိုင်းဆိုင်ရာ ခြေကွက်၊ လက်ကွက်တွေ ရှိတော့မည်နည်း။

အခွင့်အလမ်းသည် နေမင်းထွန်းဘက်သို့ ရာနှုန်းပြည့် ရောက်သွားသည်။

နေမင်းထွန်း၏ ရှူးဖိနပ်စီးထားသော ညာခြေသည် အရှိန်ပြင်းစွာဖြင့် လှလှ၏ လက်ဝဲနားထင်သို့ ထိုးကန်လိုက်သည်။

ခြေတစ်ချက်ကန်ခြင်းသည် လက်သီးဆယ်ချက်ထက်ပို၍ ပြင်းထန်ပါ၏။ ပြီး နားထင်ဆိုသည့်နေရာကလည်း လူ့မျက်နှာတွင်ရှိသော နေရာဖြစ်သည်။

လက်ဝဲနားထင်သို့ ခြေဦး ကိုး အကန်ခံရသော လူလှသည် လက်ဝဲဘက်သို့ တစ်ကိုယ်လုံး ယိုင်သွားသည်။

လူလှသည် လူကောင်သွယ်သော်လည်း ခံနိုင်ရည်အားကောင်းပါ၏။ ယိုင်သွားသော်လည်း လဲကျမသွားဘဲ ပြန်မက်ကာ နေမင်းထွန်းထံသို့ ကမူးရှူးထိုး ဝင်တော့သည်။ စူးစိုက်ပြီး

www.burmeseclassic.com



ဗရမ်းဗတာ ဝင်ပုံမျိုး ဖြစ်သည်။

အတင်းဝင်လာသော လူလှ၏ ရင်ဘတ်ကို နေမင်းထွန်းက ဘယ်ခြေဖြင့် ဆောင့်ကန်လိုက်ပြန်သည်။ ဆက်တိုက်ပင် လူလှ၏ ငုံ့ကျလာသော မျက်နှာကို ဒူးဖြင့်ပင် တိုက်လိုက်ပြန်သည်။

လူလှ မှောက်လျက်သား ဘုန်းဘုန်းကြီး လဲကျသွားပြီး ကြမ်းပြင်တွင် လူးလိမ့်ကာ ပါးစပ်မှ တဂီးဂီး အသံတွေထွက် အမြှုပ်တွေထွက်လာသည်။

လူလှမှာ ခံနိုင်ရည်ရှိလွန်းသောကြောင့်သာ အသက်ထွက်မသွားခြင်း ဖြစ်သည်။

သာမန်လူ မဆိုထားလင့်။ ဆင်ပေါက်လိုကောင်ပင် လျှင် ယခု နေမင်းထွန်း၏ ကန်ချက်၊ ဒူးပင့်ချက်၊ လက်ဝါးစောင်းခုတ်ချက်တို့သည် ပွဲခြင်းပြီးသွားစေနိုင်လောက်သည်။

ကိုဝေလွှင်သည် အလွန်အမင်း အံ့သြကြီးစွာဖြင့် ကြက်သေသေကာ ငေးကြည့်နေသည်။

"ကဲ ... ကိုဝေလွှင် ... ခင်ဗျား တပည့်လူလှကို ခင်ဗျားပဲ ထမ်းခေါ်သွားပေတော့ ... ဒါမှမဟုတ် ခင်ဗျားကိုယ်တိုင် ကျုပ်နဲ့ ပွဲဆက်ချင်သေးရင်လည်း ရတယ်လေ ... ဆက် လိုက်ပေါ့ ကိုဝေလွှင် ..."

ဝေလွှင် တစ်ခွန်းမျှ ပြန်မပြောဘဲ ရပ်မြဲရပ်နေသည်။

"ကဲ ... ခင်ဗျားကောင်ကို ထမ်းပြီး ... ခင်ဗျား ကျုပ် ရုံးခန်းက ထွက်သွားတော့ဗျာ ... ဒါမှ မဟုတ်ရင် ခင်ဗျားတို့



နှစ်ယောက်စလုံးကို ကျုပ် ရုံးခန်းပြတင်းပေါက်ကနေ ... အောက်ကို ပစ်ချမယ် ..."

ဝေလွှင်လူ လူလှကို ခွေးသေကောင်ဆွဲသလို ဒရွတ်တိုက်ဆွဲပြီး ရုံးခန်းမှ ထွက်သွားတော့သည်။

နေမင်းထွန်း ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ooo ooo

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၁ )

ရုံးခန်းတံခါးတွေပိတ်ပြီး နေမင်းထွန်း ရုံးခန်းမှ ထွက်လာကာ သူ၏ လင်ရိုဗာကားသို့ လျှောက်လာသည်။

“ဟေး ... အစ်ကို ... ခုမှ ရုံးဆင်းလား ... ”

လမ်းဘေး မှောင်ရိပ်ထဲမှ အသံပြုရင်း ကေသီစိုး ထွက်လာသည်။

“အထဲမှာ ဘာတွေဖြစ်ကြလဲ အစ်ကို ... ကိုဝေလွင်တစ်ယောက် သူ့ တပည့်ကို အရွတ်တိုက်ဆွဲလာပြီး ကားပေါ်တင် မောင်းထွက်သွားတာလည်း ကေသီ တွေ့လိုက်တယ်”

“အလကားပါ ... ကိုဝေလွင်က သူ့တပည့်ကို အသတ်အပုတ် သင်ပေးပါဆိုလို့ ... တို့က လက်သီးထိုး၊ ခြေကန်၊ ဒူးတိုက် တွေ သင်ပေးလိုက်တာပါ ... ”

“အင်း ... အစ်ကိုကလည်း ခြေမြန်လက်မြန် ... ကိုဝေလွင်ကလည်း မထိတထိနဲ့ ... အစ်ကို့ကို လာလာယိတယ် ... ပြီးရင် သူပဲ ခံသွားရတာပဲ ... ”



“နေပါဦး ... ကေသီက မိုးကြီးချုပ်မှ ဘာလို့ ဒီရုံးခန်းဆီ လာတာလဲ ... ”

“အစ်ကို့ကို စိတ်မချလို့ပေါ့ ... အားလုံးရုံးဆင်းသွားတော့ ကေသီ အစ်ကို့အခန်းဝက အစ်ကို့ကို လှမ်းကြည့်သေးတယ်၊ အစ်ကို အရက်တွေ တအားသောက်ပြီး မျက်နှာကလည်း ဒေါသထွက်နေတဲ့ မျက်နှာမို့ ကေသီ နှုတ်မဆက်ရဲဘဲ ပြန်သွားတာ ... ဒါပေမဲ့ အိမ်ရောက်တော့လည်း အစ်ကို့ကို စိတ်မချပြန်ဘူး ... ရုံးခန်းကို ပြန်လာရကောင်းနိုး ... အိမ်မှာပဲ နေရကောင်းနိုး ဖြစ်နေတယ် ... နောက်ဆုံး အစ်ကို တစ်ယောက်တည်း ဘာများဖြစ်နေလဲလို့ စိတ်မချတာနဲ့ ပြန်လာတာ ... ”

“ကဲ ... ဒါဆို ကားပေါ်တက် ကေသီ ... ”

ကေသီစိုးကိုတင်ပြီး ... နေမင်းထွန်း မောင်း ဟခဲ့သည်။ ကေသီစိုးကို သူမ အိမ်သို့ ပြန်လိုက်ပို့ရန် ဖြစ်သည်။

“စဉ်းစားစရာပဲ ကေသီ ... ကိုဝေလွင်ဟာ ရုံးဆင်းချိန်ကြီးမှာ တို့ ရုံးခန်းထဲမှာ တစ်ယောက်တည်း ရှိနေမှန်း သူ ဘယ်လိုသိတာလဲ ... ဒီအချိန်ဟာ ရုံးခန်းတွေအားလုံး ပိတ်တဲ့ အချိန်ပဲဟာ ... ”

“ဒါများ ဆန်းသလား အစ်ကို ... အစ်ကိုဟာ ဗေဒါပေါ်မှာ ရှိရင်ရှိ ... မရှိရင် ရုံးခန်းမှာပဲ ရှိနေတတ်တာကို ... လူတိုင်း သိနေကြတာပဲဟာ ... ကိုဝေလွင်က ဗေဒါမှာ အစ်ကို့ကို မတွေ့လို့ ရုံးခန်းကို လိုက်လာတာပဲ ဖြစ်မှာပေါ့ ... ”

www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ ကေသီပြောတာ မှန်ပေသည်။

"ဒါထက် အစ်ကို ညစာစားပြီးပြီလား ... "

"ညစာမပြောနဲ့ ... မနက်စာတောင် မစားရသေးဘူး ... ဒါကြောင့် ဆိုင်မှာ သွားစားမလို့ ... "

"မသွားပါနဲ့ အစ်ကို ... ကိုဝေလွင်က ခံသွားရတာ မဟုတ်လား ... သူ့တပည့်တွေ အများကြီးခေါ်လာပြီး အစ်ကို့ကို ရှာရန် လုပ်ချင်လုပ်မှာ ... ဒီမြို့က ဘယ်ဆိုင်မဆို ဟုတ်လား ... ဆိုင်မှာဖြစ်ရင် အစ်ကိုပဲ ခံစားရမှာနော် ... ညစာကို ကေသီအိမ်မှာပဲ အစ်ကို လိုက်စားပေါ့ ... "

ကေသီစိုး ပြောပြချက်မှာ ထပ်မံ၍ မှန်နေပြန်သည်။ ကိုဝေလွင်သည် ခံသွားရသည်မှာ နှစ်ပွဲရှိပြီမို့ မကျေနပ်ပွဲ ထပ်မံဆင်နွှဲရန် မိမိကို လိုက်ရှာနိုင်ပေသည်။

ယခုလောလောဆယ်တွင် ... နေမင်းထွန်း သိပ်ပင်ပန်းနေသည်။ နောက်တစ်ပွဲ ထပ်ဆင်နွှဲရန် ဆန္ဒမရှိပေ။

"ကေသီ ... အိမ်မှာ ဘာအဆင်သင့်ရှိမှာလဲ ... "

"ရှိတယ် အစ်ကို ... ငါးသေတ္တာဘူးတွေ ... ကြက်ဥတွေ ဝက်အူချောင်းတွေ ရှိတယ် ... ထမင်းလည်း ချက်ပြီးသား အဆင်သင့်ပဲ ... "

"အင်း ... မဆိုးဘူး ... ကောင်းသားပဲ ... "

နေမင်းထွန်း ကေသီစိုး၏ အိမ်ဆီသို့ မောင်းလာခဲ့သည်။

"ကိုဝေလွင်က အစ်ကို့ဆီ ဘယ်လိုပုံစံနဲ့ ရောက်လာတာလဲ



အစ်ကို ... "

ဘာကြောင့် ကေသီစိုးက ဤအကြောင်းကို စိတ်ဝင်စားစွာ မေးပေသနည်းဟု စူးစမ်းသည့် သဘောဖြင့် ကေသီစိုးကို နေမင်းထွန်း ငုံ့စောင့်ကြည့်လိုက်သည်။

ကေသီစိုးပုံစံမှာ တကယ်သိချင်၍ မေးသောပုံစံ မရှိဘဲ မိမိအား စကားမရှိ စကားရှာပြောနေခြင်းသာဟု အကဲရသည်။

သို့သော် ... ဒုစရိုက်မှတ်တမ်းကြီးကို လိုချင်သောကြောင့် ကိုဝေလွင်လာကြောင်း နေမင်းထွန်း လုံးဝ မဟပေ။

"သူ့မိန်းမ ခင်မိမိ သေဆုံးတာနဲ့ ပတ်သက်ပြီး တို့ကို အကဲခတ်ချင်လို့ ... လာတာနေမှာပေါ့ ... "

"အဲ ... ဟုတ်ပါရဲ့ ... အဲဒါကိုတောင် ကေသီက အစ်ကို့ကို အကြံပေးမလို့ ... ခင်မိမိဟာ တစ်ချိန်က အစ်ကိုနဲ့ ချစ်ကြိုက်ခဲ့ဘူးတော့ ... အခု ခင်မိမိ အသတ်ခံရတဲ့ ကိစ္စမှာ ပုလိပ်တွေက အစ်ကို့ကို အမေးအမြန်းတွေ ရှိချင်ရှိလာမယ် ... တကယ်လို့ ရှိလာရင် ခင်မိမိ အသတ်ခံရတဲ့ညက အစ်ကိုဟာ ကေသီတို့အိမ်မှာ ကေသီနဲ့အတူ မိုးလင်းအထိ ရှိနေတယ်လို့သာ ပြောလိုက် ... သူတို့ ကေသီကိုမေးရင် ကေသီကလည်း အဲဒီအတိုင်း အစ်ကို တစ်ညလုံး ကေသီနဲ့အတူတူ ရှိနေတယ်လို့ ပြောမယ် ... "

"ကျေးဇူးတင်တယ် ကေသီ ... တကယ်လို့ သူတို့ အဲဒီလို မေးရင်လည်း တို့မှာ တခြားဖြေစရာတွေ ရှိပါတယ် ... အမှန်အကန်ဖြေနိုင်တာကို ပြောတာပါ ... "

www.burmeseclassic.com

www.burmeseclassic.com



မောင်းနေစဉ်မှာပင် ... ကောင်းကင်၌ ကြယ်ရောင်တွေပျောက်ကာ မိုးသားတွေ မည်းနက်အောင် တက်လာသည်။ လျှပ်စီးတွေလည်း ဝင်းခနဲ ဝင်းခနဲ လက်လာသည်။

မိုးချုန်းသံနှင့်အတူ အမြောက်ပစ်လိုက်သလို မိုးကြိုး ပစ်လိုက်သည်။

"အို ... အမေ့ ..."

ကေသီစိုး အထိတ်တလန့်ဖြင့် ကားမောင်းနေသော နေမင်းထွန်းကို အတင်းဝင်ကပ်သည်။

နေမင်းထွန်းက ကေသီစိုးအကြောက်ပြေစေရန် နှစ်သိမ့်သည့်သဘောဖြင့် သူမ၏ ပခုံးတစ်ဘက်ကို သိုင်းကာပြန်ဖက်ထားလိုက်သည်။

ယင်းသို့ ဖက်ထားလျက် မောင်းရင်းပင် ကေသီတို့အိမ် တိုက်ခန်းရှေ့ရောက်လာကြသည်။

အိမ်ရောက်သည်နှင့် ကေသီစိုးသည် လင်ပန်းတစ်ချပ်ပေါ်တွင် ဝီစကီပုလင်းတစ်ဝက်ကျန်၊ ဆော်ဒါဆိုင်မွှန်အိုး ဖန်ခွက်စသည့်တို့ ထည့်ယူလာပြီး နေမင်းထွန်းရှေ့တွင် ချပေးသည်။

"ရေခဲတော့ မရှိဘူး အစ်ကို ... ကေသီမှာ ရေခဲသေတ္တာမှ မရှိတာ ... အစ်ကို လိုတယ်ဆိုရင်တော့ ... လမ်းထိပ်က အအေးဆိုင်မှာ သွားဝယ်ပေးမယ်လေ ..."

"မလိုပါဘူး ... တို့က အရက်ကို ဘာနဲ့မှ မရောဘဲ သောက်လို့ရတာပဲ ..."

"ဒါဆို ကေသီ အဝတ်လဲလိုက်ဦးမယ်နော် အစ်ကို ..."



နေမင်းထွန်း ခေါင်းညိတ်ပြသည်။ ကေသီစိုး သူမ အိပ်ခန်းထဲသို့ ဝင်သွားပါ၏။

အပြင်ဘက်တွင် မိုးချုပ်နေပြီ။

နေမင်းထွန်းသည် ချပေးသွားသော ဝီစကီပုလင်းကို ငေးကြည့်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာပြီးနောက် ကေသီစိုး အိပ်ခန်းထဲမှ ပြန်ထွက်လာသည်နှင့် ဂိုယာဖိုက်ရေမွှေးနံ့ ခန်းလုံးပြန့် သင်းသွားသည်။ ကေသီစိုးက နေမင်းထွန်းဘေးတွင် ယှဉ်ရပ်သည်။

ကီမိုနို ညဝတ်အင်္ကျီကို ဝတ်ထားသည်။

ကေသီစိုးထံမှ နေမင်းထွန်း အကြည့်လွှဲပစ်လိုက်သည်။ ဖန်ခွက်ထဲ ဝီစကီငှဲ့ကာ ဖန်ခွက်ကိုင်ပြီး ပြတင်းပေါက်တွင် နေမင်းထွန်း သွားရပ်သည်။

မိမိတွင် တစ်နေ့တခြား အန္တရာယ်တွေ ပိုများလာသဖြင့် သတိမလစ်စေရန် ပြတင်းပေါက်မှ အပြင်သို့ ငေ့ဝိုက်ပြီး ကြည့်လိုက်သည်။

အပြင်ဘက်တွင် မိုးတွေရွာနေသောကြောင့် သဲသဲကွဲကွဲ မမြင်ရ။

"အစ်ကို ... ထမင်းစားတော့လေ ... ကေသီ ပြင်လိုက်တော့မယ် ..."

"ကောင်းသားပဲ ... တို့ ဗိုက်ထဲမှာ အရေတွေချည်း ဖြစ်နေပြီ ... ခု ကေသီရဲ့ ဝီစကီထပ်ဝင်သွားလို့လေ ..."

"ကေသီက သိထားပြီးသား ... တစ်နေ့နေ့ကျရင် ကေသီ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို အစ်ကို လာကိုလာမှာ ... ညဥ့်အိပ်ညဥ့်နေလာမှာ လို့လေ ... ဒါကြောင့် အစ်ကိုလာရင် အဆင်သင့်ဖြစ်အောင် ငါးသေတ္တာတို့ ကြက်ဥတို့ အသင့်ဝယ်ထားတာ ... "

"ဟုတ်ရဲ့လား ကေသီ ... တို့ ဘယ်တော့ လာမယ်မှန်း မသိဘဲ တင်ကြိုဝယ်ထားတော့ ဝက်အူချောင်းတွေ မှိုတက်ပြီး ကြက်ဥတွေ ပုပ်ကုန်မှာပေ့ါ ... "

"အဲဒီလို အစ်ကိုလာမဲ့ သတ်မှတ်ရက်တော့ ကေသီ မသိဘူးပေ့ါ ... ဝယ်ထားတဲ့ အထဲက ကေသီလည်း ယူစားတဲ့ အခါ စားတာပေ့ါ ... ဒီတော့ မှိုမတက်ဘူး ... မပုပ်ဘူးပေ့ါ အစ်ကို ... အဲဒါတွေ မပြတ်ဝယ်ထားတာ အစ်ကို လာရင် အဆင်သင့်ဖြစ်အောင်လို့ဆိုတဲ့သဘော ကေသီပြောတာပါ ... "

"ကျေးဇူးပဲ ကေသီ ... ဒါပေမဲ့ ဝီစကီပုလင်းတော့ ဖောက်ပြီးသား လက်ကျန်ကြီးလိုပဲနော် ... ထက်ဝက်တောင်ကျိုးနေပြီ ... "

"အို ... ကေသီက သူဌေးမှ မဟုတ်တာ ... ဝီစကီတစ်ပုလင်းလုံးမှ မဝယ်နိုင်တာ ... အဲဒါတွေဟာ ပက်ချင်နဲ့ ဝယ်ထားတာပါ အစ်ကို ... ပုလင်းကတော့ ဆိုင်က ထည့်ပေးလိုက်တဲ့ ပုလင်းပေ့ါ ... "

"စိတ်မကောင်းစရာပဲ ... ဒါဆိုရင်တော့ ဝီစကီပုလင်း ဒါဇင်ဝက်လောက်ဝယ်ပြီး ကေသီအိမ်ကို ပို့ထားဦးမယ် ... "

ပြောနေကြစဉ်မှာပင် မိုးချုန်း လျှပ်စီးလက်သည်မှာ



တဂျိန်းဂျိန်း တဝင်းဝင်း ဖြစ်သွားသည်။

"ကေသီ ထမင်းပွဲပြင်တော့မယ်နော် ... ဒီညတော့ အစ်ကို ဘယ်မှ မသွားနဲ့တော့ ... အန္တရာယ်သိပ်များတယ် ... ကေသီဆီမှာပဲ အိပ်တော့နော် ... "

နေမင်းထွန်းက ခေါင်းညိတ်ပြပါ၏။

ကေသီစိုး ထမင်းစားခန်းနှင့် မီးဖိုဘက်သို့ဝင်ရောက်သွားသည်။

နေမင်းထွန်း လှုပ်သချင်သည်။ တဒင်္ဂဖြစ်ပေါ်လာသော ဆန္ဒကို ချုပ်တီးလိုက်ခြင်းအားဖြင့် ထိန်းသိမ်းလိုက်ခြင်းအားဖြင့် လှုပ်သပြီး သိက္ခာသမာဓိ မပျက်စေတော့ပေ။

လင်ရှိဗာကားကို ပြန်မောင်းလာရင်း ကေသီစိုး အကြောင်းကို နေမင်းထွန်း စဉ်းစားသည်။

ကေသီသည် မိမိထံ ပီအေလုပ်ခြင်းအားဖြင့် လစာငွေမှာ လေးငါးရာသာရသည်။

ဤလခ ဝင်ငွေလေးဖြင့် ဝီစကီပုလင်း ဝယ်ထားနိုင်သည်။ သူမက ပက်ချင် ဝယ်ထားသည် ဆိုစေကာမူ ပုလင်းတံဆိပ်မှာ နဂိုပစ္စည်းမှန်း တံဆိပ်ပါရှိသော ပုလင်းဖြစ်နေသည်။ ဝယ်စဉ်က ဘူးဖို့ မဖွင့်ရသော ပက်ကင်ပိတ်ပုလင်းပင်ဖြစ်ရမည်။ ဒါဆို ပုလင်းထဲမှာ အရက်သည် အဘယ်ကြောင့် ထက်ဝက်ကျိုးရှိနေသနည်း။

ယင်းထက်ဝက် ဝီစကီအရက်ကို ကေသီ သောက်သလား။ ကေသီသောက်ခြင်း မဟုတ်ပါက မည်သူ သောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပေနည်း။

ကေသီစိုး ဝတ်ထားသော ညအိပ်ဖဲသား ကီမိုနို ညဝတ်အင်္ကျီသည် အနည်းဆုံး နှစ်ရာသုံးရာတန်ကြေး ရှိသည်။ ကေ သီစိုး၏ ဤလခလေးလောက်နှင့် ကီမိုနိုညဝတ်ဖဲသားအင်္ကျီကို ဝယ် ဝတ်နိုင်မည်တဲ့လား။

အိမ်ထဲရှိ ပရိဘောဂတွေကလည်း တန်ဖိုးအားဖြင့် မနည်းသော ပရိဘောဂတွေ ဖြစ်နေသည်။

ကေသီစိုးကို အလုပ်စတင်ဝင်စဉ်က နေမင်းထွန်း သူမ အိမ်သို့ ရောက်ဖူးခဲ့သည်။ ဤသို့သော တန်ဖိုးကြီး ပရိဘောဂ တွေ မရှိသေး။

နောက်တစ်ချက် ဆက်စပ်ပြီး တွေးစရာ ရှိလာပြန် သည်။

ဟိုတစ်နေ့ညက မိမိသည် ညဦးပိုင်း ကေသီစိုး အိမ် သို့ လာခဲ့သည်။ သူမ၏ တိုက်ခန်းရှေ့ ဟိုဘက်လမ်းဘေးတွင် လိုင် စင် နံပါတ်မရသေးသောကြောင့် အထွေထွေနံပါတ်ဖြင့် ဓိုးယက် ကားသစ်တစ်စီး ရပ်ထားသည်ကို တွေ့ခဲ့သည်။

သူမ၏ တိုက်ခန်းတွင် သံဘာဂျာတံခါး ပိတ်ထား သော်လည်း အတွင်းတံခါးတွေ မပိတ်ဘဲ ငါးတိုင်အား မီးစိမ်းလေး သာ ထွန်းထားသည်။ မိမိတံခါးခေါက် အော်ခေါ်သော်လည်း တံခါး လာမဖွင့်၊ နောက်နေ့တွင် သူမသည် ညကရုပ်ရှင်သွားကြည့်ကြောင်း အဖွဲ့အနွဲ့တွေနှင့် ယုတ္တိရှိရှိ ပြောသည်။

"အို ... ဒါတွေ ငါနဲ့ ဘာဆိုင်လဲ ..."



ဟု နေမင်းထွန်း ခေါင်းထဲဝင်လာသော အတွေး တွေကို မောင်းထုတ်ပစ်လိုက်သည်။

ဗေဒါဆီသို့အပြန် ကမ်းနားလမ်း ထမင်းဆိုင်တစ်ခု တွင် ညညဝင်စားပြီးနောက် ဗေဒါဆီသို့ ပြန်ခဲ့သည်။

ooo ◫ ooo

www.burmeseclassic.com

www.burmeseclassic.com



( ၁၂ )

မိုးမြန်မြန်လင်းပါစေဟု စိတ်စောလွန်းရသည်။

ညက ဇေဒါပေါ်တွင် အိပ်ရေးတစ်ရေးအနိုးတွင် ရုံး ခန်းထဲ မီးခံသေတ္တာထဲတွင်ထားရှိသော ဒုစရိုက်မှတ်တမ်းကြီး ရုံးခန်းမီးခံသေတ္တာထဲတွင် ထားရသည်ကို စိတ်မချစိတ်တွေ တဖွားဖွား ပေါ်လာသည်။

ညတွင်းခြင်း ပြန်သွားရန်လည်း လမ်းတွင် အန္တရာယ်တွေ များလှသည်။

ထို့ကြောင့် မိုးမြန်မြန်လင်းပါစေဟုသာ ဆုတောင်းရတော့သည်။

မိုးလင်းသည်နှင့် လင်ရိုဗာကားဖြင့် ရုံးခန်းသို့ အပြေးမောင်းခဲ့သည်။

အချိန်စောလွန်းနေသဖြင့် မည်သည့် ဝန်ထမ်း မရောက်သေး။ ကေသီပင် မရောက်သေး။

တော်ပါသေး၏။



ရုံးခန်းထဲတွင် ဘာမျှခြေရာလက်ရာ မပျက်ပေ။

မီးခံသေတ္တာသော့ဖွင့်ကာ မှတ်တမ်းစာအုပ်ကြီးကို ထုတ်ယူလိုက်သည်။ ဒုစရိုက်မှတ်တမ်းကြီးကို ဘယ်သွားဖွက်ရပါ့ဟု နေမင်းထွန်း စဉ်းစားရပြန်သည်။

"သတင်းစာ ... သတင်းစာ ..."

အပြင်မှ သတင်းစာရောင်းသူ၏ အသံကို ကြားရသဖြင့် ထွက်ပြီးတစ်စောင်ဝယ်လိုက်သည်။

ခင်မိမိ၏ နောက်ဆက်တွဲသတင်း ဖော်ပြချက်ကို တွေ့ရပါ၏။

ခင်မိမိ စီးသွားသောကားကို ပြန်တွေ့ရသော်လည်း ခင်မိမိ ကိုင်သော ပိုက်ဆံအိတ်မှာ မတွေ့ရ။ လူသတ်သမားသည် ခင်မိမိ၏ ပိုက်ဆံအိတ်ကို လိုချင်သောကြောင့် ခင်မိမိကို သတ်ပြီး ယူသွားသည်ဟု သတင်းစာ အာဘော်က ဆိုချင်ပေသည်။

သတင်းစာ အာဘော်အတိုင်းသာ မြိုင်မြို့သစ် ရဲအဖွဲ့က ယူဆပါလျှင် လူသတ်သမားသည် ချောင်ချောင်လေး လွတ်သွားပေတော့မည်။

ခင်မိမိကို ပစ်သတ်ခဲ့သော သေနတ်သည် ဒဿမ သုံးနှစ် သေနတ်ဖြစ်နိုင်သည်။ သေချာစေရန် ခင်မိမိ၏ အလောင်းကို ခွဲစိတ်ပြီး ကျည်ဆံကို သက်ဆိုင်ရာ ဓာတ်ခွဲခန်းပို့ထားသည်ဟုလည်း သတင်းစာက ဆိုထားပြန်သည်။

မြိုင်မြို့သစ် သတင်းစာသည် ဦးလှိုင်မင်းနှင့် ကိုဇေထွင်တို့၏ ဩဇာအောက်မှ သတင်းစာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထည့်သွင်းစေလိုသော သတင်းကို ထည့်၍ ဖော်ပြသည်သာ။

ယခု သတင်းစာတွင် ပိုက်ဆံအိတ်ကို လိုချင်၍ ခင်မိမိကိုသတ်ပြီး ယူသွားသည်ဟု ဆိုလိုက်ခြင်းမှာ တကယ့်အစစ်အမှန် လူသတ်သမားကို လွှတ်ပေါက်ပေးရာရောက်နေသည်။

ကိုဝေလွင်က ခင်မိမိကို သတ်လျှင် ဤသတင်းစာ အာဘော်အရ ကိုဝေလွင်လွတ်နေသည် မဟုတ်လား။ ကိုဝေလွင် လွတ်စေရန် သတင်းအာဘော်က လမ်းဖောက်ဖွင့်ပေးလိုက်ခြင်း မဖြစ်နိုင်ပေဘူးလား။ ဦးလှိုင်မင်းနှင့် ကိုဝေလွင်သည် လူစိတ်မှ ရှိ သေး၏။

ဒေါပွနေစဉ်မှာပင် ကေသီစိုး ရုံးတက်ရောက်ရှိလာသည်။

ကေသီစိုးသည် ဖြူးရွှင်ရယ်မောပြီး နေမင်းထွန်းကို နှုတ်ဆက်သည်။ လုပ်နေကျအတိုင်း နေမင်းထွန်း၏ စားပွဲကို ရှင်းလင်းဖုန်ခါသည်။ စီးကရက်တိုတွေ ပြည့်နေသော ပြာခံခွက်ကို သန့် စင်သည်။ စားပွဲကို ရှင်းလင်းသည်။ ပွနေသော စာရွက်စာတမ်းပုံ တွဲတွေကို စီစီရီရီ ပြန်ထားရှိပေသည်။ အမှိုက်ခြင်း သွန်ပေးသည်။

"ဒီသတင်းစာ ဖတ်ပြီးပြီလား ကေသီ ..."

"အစောကြီးတည်းက သတင်းစာ ရောင်းသမား အော်သွားလို့ ဝယ်ဖတ်ပြီးပြီ အစ်ကို ... ခင်မိမိရဲ့ ပိုက်ဆံအိတ်ကိုလို ချင်တဲ့လူက သတ်သွားတာလို့ ဆိုထားတာပဲ ... မား တိုက်လူသတ်တာပေါ့လေ ..."



"မဖြစ်နိုင်ဘူး ... ဒီသတင်းစာအာဘော်ကို တို့ လုံးဝ လက်မခံဘူး ... လောင်းရိပ်မိ သတင်းပဲ ကေသီ ..."

"အစ်ကိုစိတ်ထဲမှာ ခင်မိမိကို ကိုဝေလွင် သတ်တာလို့ပဲ ထင်နေတယ် မဟုတ်လား အစ်ကို ..."

"ထင်နေတာ မဟုတ်ဘူး ... တိတိပပကြီး စွပ်စွဲတာ"

ကေသီစိုးက ပြုံးရုံပြုံးပြီး ဘာမှ မပြောတော့ဘဲ သူမ၏ အလုပ်စားပွဲတွင် သွားထိုင်ကာ လက်နှိပ်စက်ရိုက်နေသည်။

နေမင်းထွန်းက ယခုထက်တိုင် ... ခင်မိမိအပေါ် သံယောဇဉ်ရှိနေသည်ကို ကေသီစိုးက အူတိုဟန်ရှိနေပါ၏။

"ကလင် ... ကလင် ..."

တယ်လီဖုန်းမြည်သံကြောင့် နေမင်းထွန်းကပင် ဖုန်းကောက်ကိုင်လိုက်သည်။

"ဦးနေမင်းထွန်း ရောက်ပြီးလားရှင် ..."

အဲ ... စိမ်းပပ၏ အသံပါလား။

"ဟဲ ... ဟဲ ... ကျွန်တော် နေမင်းထွန်းကိုယ်တိုင် ဌတ်မောနင်းပါ မစိမ်း ..."

"အလို ... မစိမ်းရဲ့ အသံကိုမှန်း တယ်လီဖုန်းကိုင်တာနဲ့ သိနေပါလားနော် ..."

"မစိမ်းရဲ့ ဂုဏ်ဒြပ်ကို မျက်စိထဲ အမြဲ မြင်နေသလို မစိမ်းရဲ့ အသံကိုလည်း ကျွန်တော့်နားထဲမှာ စွဲစွဲမြဲမြဲ ကြားနေတာပဲဗျာ ... ကဲ ... ပြော ... ကျွန်တော်လိုကောင်စားဖို့ မစိမ်းလို ဘုံမြင့်အမျိုးသမီးက အကြောင်းမရှိဘဲ ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မဟုတ်တန်ကောင်းပါဘူး ... ”

“အဲဒီလို မဟုတ်ပါဘူး ... အခု ဆက်တာကလည်း တကူးတကကြီးဆက်တာလို့ မထင်လိုက်ပါနဲ့နော် ... အကြောင်းတိုက်ဆိုင်လာသလို စပ်မိစပ်ရာ သဘောနဲ့ ဖုန်းဆက်လိုက်တာပါ ... ”

“ပြောပါ မစိမ်း ... အဲဒီ စပ်စပ်ရာကိုပဲ ကျွန်တော်က စိတ်ဝင်စားစွာနဲ့ နားထောင်နေပါတယ် ... ”

“ဒီလိုပါ ... မနေ့က ကိုနေမင်းထွန်းနဲ့ မစိမ်းကို ဗေဒါအတူစီးသွားတာကို မြင်တဲ့လူက ဖေဖေနဲ့ ကိုဝေလွင်ကို ပြန်တိုင်ပြောလို့ သိသွားကြတယ် ... ”

“အဲဒါ ဘာဖြစ်လဲ မစိမ်း ... သမီးရည်စား ချိန်းတွေ့တာမှ မဟုတ်တာ ... လုပ်ငန်းကိစ္စပဲဟာ ... ”

“ကြည့် ... ပြောလိုက်ရင် အတုံးလိုက်၊ အတစ်လိုက်ပဲ ... မစိမ်းက သူဖို့ မေးတာကို မငြင်းပါဘူး ... ဟုတ်တယ် ... ဗေဒါစီးရင်း လုပ်ငန်းကိစ္စ ပြောကြတာလို့ပဲ ပြန်ပြောလိုက်ပါတယ် ... ”

“ကျွန်တော်လိုကောင်နဲ့ ဗေဒါအတူတွဲစီးတာ ... မစိမ်းဒက်ဒီကြီးက မစိမ်းကို ဆူပူရောလား ... ”

“ဟင့်အင်း ... ဖေဖေက မစိမ်းကို မဆူဘူး ... မကြိမ်းမောင်းဘူး ... အပစ်မကင်းဘူး ... ဒါပေမဲ့ ကိုနေမင်းထွန်းနဲ့ ပတ်သက်ပြီး ဖေဖေက တစ်ခွန်းတော့ပြောတယ် ... ”

“ဘာတဲ့လဲ ... ”



“ကိုနေမင်းထွန်းနဲ့ နားလည်မှုယူပါတဲ့ ... မောင်နေမင်းထွန်း သဘောပေါက်အောင် မစိမ်းကပဲ ပြောပြပါတဲ့ ... မောင်နေမင်းထွန်းက ဖေဖေတို့အပေါ်မှာ တစ်ဘက်သတ်ကြီး အစိုင်အခဲကြီး ... လွန်နေတော့ ဖေဖေတို့အနေနဲ့ ရှင်းဖို့မလွယ် ... စေ့စပ်ဖို့ မလွယ်ဖြစ်နေတာတဲ့ ... အဲဒါ မစိမ်းကပဲ ကိုနေမင်းထွန်းကို ပြောပါတဲ့ ... မောင်ဝေလွင်တို့ ကိုလှိုင်မင်းတို့ လိုချင်တဲ့ ... ပစ္စည်းကို မောင်နေမင်းထွန်း စိတ်ကြိုက် တန်ဖိုးဖြတ်တန်ရာတန်ကြေး တောင်းပြီး ... ဖလှယ်ပါတဲ့ အဲဒါကိုပဲ ကိုနေမင်းထွန်း အဲဒါ ပြောချင်လို့ ဖုန်းဆက်တာပါ ... ဒါပြင် အကြောင်း မရှိပါဘူးရှင် ... ”

စိမ်းပပ၏ စကားအဆုံးတွင် စားပွဲပေါ်၌ တင်ထားသော ဘာရီ(ဖ်)ကေ့(စ်)သေတ္တာကို လှမ်းကြည့်ကာ နေမင်းထွန်း ဟားတိုက်ရယ်လိုက်သည်။

“ဘာများ ... ဒီလောက်တောင် သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေတာပဲ ကိုနေမင်းထွန်း ... ”

“ဩော် ... ကျွန်တော့်ကို ဆေးပူဆေးခါးတွေ တိုက်ပြီး ကုလို့ မရတော့တာနဲ့ ... ပျားရည်နဲ့ ဝမ်းချဆေးခါးကို သကြားအုပ်ပြီး ကျွေးနေတာကို ကျွန်တော် ရယ်တာပါ ... ဒီမယ် မစိမ်း ... မစိမ်းရဲ့ ဖေဖေကိုရော ကိုဝေလွင်ကိုရော ပြောလိုက်ပါ ... ကျွန်တော်ဟာ မီးတောက်ပြင်းပြင်းနဲ့ ပြုတ်လည်း မနူးဘူး ... ကိုဝေလွင်လိုချင်တဲ့ ပစ္စည်း ကျွန်တော့်ဆီကရဖို့ဆိုတာ ပထမ နွားချိုကို နို့ညစ်ကြည့်ပါ ... နွားချိုက

www.burmeseclassic.com



နို့ထွက်မှ ကျွန်တော့်ဆီက ပစ္စည်း ရနိုင်မယ်လို့ …"

စိမ်းပပထံမှ သက်ပြင်းချသံကို ဖုန်းထဲကပင် ကြားရပါ၏။

"ဒီမယ် ကိုနေမင်းထွန်း …"

"ပြောပါ မစိမ်း … ကျွန်တော် မစိမ်းပြောသမျှကို ကြည်နူးစွာ နားထောင်လျက်ပါ …"

"ဒီလောက်တောင် ကိုနေမင်းထွန်း ခေါင်းမာနေတာဟာ ခင်မိမိကြောင့် မဟုတ်လား … ခင်မိမိကို ကိုဝေလွှင် သတ်လိုက်တာဆိုတဲ့ အစွဲကြောင့် မဟုတ်လား …"

"ထင်ချင်သလိုထင်ပါ … အခု မစိမ်း မေးတာကို ကျွန်တော် ခေါင်းမညိတ် ခေါင်းမခါပါ … ဒါပေမဲ့ ကိုဝေလွှင်ဟာ ခင်မိမိ မကွယ်လွန်ခင်ကရော ကွယ်လွန်ပြီးမှရော သူ့လက်ထက် မွေးလူမိုက် တပည့်နှစ်ယောက်နဲ့ နှစ်ကြိမ်တိတိ ကျွန်တော့်ကို အသက်ရန်ရှာခဲ့တယ် … ကိုဝေလွှင့်တွက်ကိန်းက ကျွန်တော် နာသွားပြီး လျှော့ပေးလိမ့်မယ်လို့ တွက်ပုံပဲ ဒါပေမဲ့ … နှစ်ပွဲစလုံးမှာ ကျွန်တော့်ဘက်က ကံလိုက်ပြီး ကျွန်တော် မနာခဲ့ဘူး … သူ့တပည့် နှစ်ယောက်စလုံး မှောက်သွားတယ် … အဲဒီမှာ ကျွန်တော့်ကို အကြမ်းကိုင်လို့ မရမှန်း ကိုဝေလွှင် သဘောပေါက်သွားပုံပဲ … သူ့အနေနဲ့ မြိုင်မြို့သစ်မှာ ဒီထက်လည်းပိုပြီး မကြမ်းရဲဘူး … သူတို့ကို တကယ့်မြိုင်ရာဇာ ဖိုးစောလူကြမ်းကြီး တွေပါလားလို့ မြို့က ပရိသတ်တွေ မထင်မမြင်စေချင်ဘူး … အဲဒီအချိန်မှာ မစိမ်း



နဲ့ ကျွန်တော် ရှေးဘဝရေစက် ပဋ္ဌာန်းစက်ကြောင့် ဆိုပါတော့ … ဆုံစည်းကြတယ် … အဲဒါကိုပဲ သူတို့က အကွက်ပြန်ယူတယ် … မစိမ်းကတစ်ဆင့် ကျွန်တော့်ကို ပျားရည်နဲ့ ဝမ်းချဖို့စိတ်ကူးအကြံအစည် ရသွားတယ် … ကျွန်တော် နောက်ဆုံးပြောပါရစေ မစိမ်း … ဆင်ရိုင်းကြီးကို ဆင်မယဉ်သာနဲ့ မျှားပြီး ကျုံးသွင်းတာဟာ အင်မတန် ရိုးသွားပါပြီလို့"

စိမ်းပပသည် နောက်ထပ် တစ်ခွန်းမျှ မပြောတော့ဘဲ တယ်လီဖုန်း ချလိုက်သံကြားရသည်။

စိမ်းပပသည် သူတို့၏ ကြက်တူရွေး သာလိကာမလေးဆိုသည်မှာ သူ့သခင်က သင်ကြားသည်အတိုင်း ပြန်ပြောတတ်သော်လည်း သူပြောသော စကားအဓိပ္ပာယ်ရဲ့ သူကိုယ်တိုင် နားမလည်သော ချစ်စဖွယ် သနားစဖွယ် လှပသည့် ငှက်သတ္တဝါလေးတွေ ဖြစ်ပါတော့သတည်း။

ooo ◻ ooo

www.burmeseclassic.com

www.burmeseclassic.com



( ၁၃ )

"အစ်ကို ... ရဲအရာရှိကြီး ဦးလှိုင် ရောက်နေတယ် ... အစ်ကိုနဲ့ တွေ့ချင်လို့တဲ့ ... "

ကေသီစိုးက နေမင်းထွန်းရုံးခန်းထဲဝင်ကာ သတင်းပို့လိုက်သည်။

ဦးလှိုင်သည် မြို့ပြ ရဲအဖွဲ့တွင် ရာထူးအကြီးဆုံး ရဲအရာရှိ ပုဂ္ဂိုလ်ကြီး ဖြစ်ပါ၏။

နေမင်းထွန်း အံ့သြရသည်။ အဘယ်ကြောင့် ရဲအရာရှိကြီး ဦးလှိုင်ကိုယ်တိုင် မိမိရုံးခန်းသို့ လာခဲ့သနည်းဟု အံ့သြရခြင်းပေ။

"လွှတ်လိုက်ပါ ကေသီရဲ့ ... အရာရှိကြီးကိုယ်တိုင် တို့ရုံးကို လာတယ်ဆိုတော့ ... တို့မှာ သိပ်ဂုဏ်ရှိသွားတာပေါ့"

နေမင်းထွန်း နှုတ်မှ အောက်ကလိ အာစကား ထွက်ဖြစ်အောင် ထွက်သွားသေးသည်။

ကေသီစိုး ပြန်ထွက်သွားပြီး ရဲအရာရှိကြီး ဦးလှိုင်



ဝင်လာသည်။

"ဟေး ... ကိုနေမင်းထွန်း အလုပ်များနေလား ... ကျုပ်လာလို့ အလုပ်မှာ အနှောင့်အယှက်များ ဖြစ်သွားလားဗျာ"

"မဖြစ်ပါဘူး ... ဦးလှိုင် ... ဘာလို့လဲဆိုတော့ ကျွန်တော်က ဘာအလုပ်မှ မလုပ်ဘဲ ထိုင်နေတာပဲဟာ ... "

"အား ... လုပ်ပြီ ... ကိုနေမင်းထွန်းဟာ ... "

ရဲအရာကြီး ဦးလှိုင်၏ ရယ်မောသံ တစ်ခန်းလုံး ပြန့်သွားပါ၏။ အပြောချိုသည်။ သိပ်ပါးနပ်သည်။ ဝါရင့်သည်။ အသက် (၂၀)ကတည်းက ဆက်ကျောင်းတက်ပြီး ဆင်းလာသည်နှင့် ရဲအရာရှိ ပေါက်စဘဝမှ ယခု အသက်လေးဆယ်ကျော်ရုံလေးတွင် ရဲအရာရှိကြီး ဖြစ်လာသည်။

ပြောရင်း ညှော်ကုလားထိုင်တွင် ထိုင်သည်။ စားပွဲပေါ်ရှိ ယနေ့ထုတ် သတင်းစာဘေးတွင် သူ၏ ဦးထုပ်ကို ချွတ်ချတင်ထားလိုက်သည်။

"ကိုဝေလွင်ရဲ့ ဇနီး ခင်မီမီ အသက်ခံရတဲ့ အမှုပေါ့ဗျာ ... တကယ် စိတ်ညစ်ရတယ် ... ကိုနေမင်းထွန်းလည်း သိပြီးရောပေါ့ ... "

သူ၏ ဦးထုပ်ဘေးရှိ သတင်းစာကို လက်ညှိုးထိုးပြရင်း ဦးလှိုင်က ညည်းတွားပြောလိုက်ပေသည်။ ဒါကို ပြောချင်၍ပင် ဦးထုပ်ကို တမင် သတင်းစာဘေးတွင် ချထားခြင်း ဖြစ်ပေသည်။

ယင်းအမှုကိစ္စကို ရဲအရာရှိကြီး ဦးလှိုင်နှင့် ပြောရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် နေမင်းထွန်း အနေနှင့် များစွာ သတိထားရမည်။ စကား အပေးအယူတွင် တွေးတွေးဆဆ နေမင်းထွန်း ပြောရမည်။ ကိုယ့်ဟာကိုယ် သတိချပ်စေသည်။

ဦးလှိုင် ... စတင်ပြောလာသည်ကို နေမင်းထွန်းက ဘယ်လိုမှ တုံ့ပြန်မပြော။ နှုတ်ပိတ်ပြီး ထိုင်မြဲထိုင်နေသည်။

"အေးဗျာ ... ခင်မိမိလို ချောချောလှလှ မိန်းကလေးကို ဘယ်သူကများ သတ်ချင်ရသလဲ မသိဘူးဗျနော် ... နမြောဖို့ သိပ်ကောင်းတယ် ... "

"သတင်းစာက ဖော်ပြထားသားပဲ ဦးလှိုင် ... ပိုက်ဆံအိတ်လိုချင်လို့ သတ်တာလို့ ... အဲဒါ အာဘော်ကို ဦးလှိုင်တို့ ပုလိပ်အဖွဲ့က လက်ခံနေသားပဲဟာ ... "

ဦးလှိုင်က သူ့အိတ်ထဲမှ ဆင်နှစ်ကောင်တံဆိပ် ဆေးပြင်းလိပ် အထုပ်ကြီးကို ထုတ်ယူကာ ပါးစောင်တွင် ခဲလိုက်သည်။ မီးညှိခြင်းတော့ မပြုသေးပေ။

"ခင်မိမိဟာ ကိုနေမင်းထွန်းနဲ့ ခင်ကြပါတယ်နော် ... "

"တစ်ချိန်တစ်ခါတုန်းက ခင်မိမိနဲ့ ကျွန်တော် ခင်မင်ခဲ့တာကို မြိုင်မြို့သစ် မြို့သူမြို့သားတွေ တစ်မြို့လုံး သိကြမြင်ကြသားပဲ ဦးလှိုင် ... အဲဒါ ဘာပြုလဲ ... "

"အို ... ဘာမှ မပြုပါဘူး ... အဲ ... ဒါပေမဲ့ ခင်မိမိက ကိုဝေလွင်နဲ့ လက်ထပ်လိုက်တယ်နော် ... "

မိမိကို ဦးလှိုင်က စကားဖြင့် ရစ်ပက်လာပြီဟု နေမင်းထွန်းနားက ပန်းတွန့်လိုက်မိသည်။



"ဒါထက် ကိုဝေလွင်နဲ့ ခင်မိမိလက်ထပ်ကြပြီးမှ ကိုနေမင်းထွန်းတို့ တွေ့မိကြသေးလား ... "

"တွေ့သားပဲ ... ခဏခဏတွေ့တယ် ... "

"ဟုတ်လား ... ဘယ်နေ့ ဘယ်အချိန် ဘယ်မှာ တွေ့တာလဲ ကိုနေမင်းထွန်း ... ဟိုနား ဒီနား သွားရင်းလာရင်း တွေ့ကြတာပဲဗျာ ... ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာဆိုတာကို ဘယ်အမှတ်သညာထားမိမှာလဲ ... "

ဦးလှိုင်က တစ်တောင်ဆစ်နှစ်ဘက်ကို စားပွဲတွင်ထောက်၊ ခါးကို ရှေ့သို့ကိုင်းပြီး ...

"ခင်မိမိ အသတ်ခံရမှုက မြို့မှာ ထိပ်တန်းမျက်နှာကြီး ... အသတ်ခံရတာမို့ ကျုပ်တို့ တော်တော် ဦးနှောက်ခြောက်နေရတယ်ဗျာ ... ဒီတော့ ကိုနေမင်းထွန်းက တိတိကျကျလေး ပြောပါလား၊ ခင်မိမိနဲ့ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ တွေ့တယ်ဆိုတာလေ ... "

"ဘယ်လွယ်မလဲ ... ဦးလှိုင် မြိုင်မြို့သစ်က ဒီလောက် ကျယ်ကျယ်ပြောပြောမြို့မှ မဟုတ်တာ ... ဘုရားကိုးဆူဖိတ်လို့ သွားတဲ့အခါလည်း သူတို့စုံတွဲနဲ့ တွေ့ရဲ့ ... ဆိုင်ကြီးဟိုတယ် ဘယ်ပွဲတွေမှာ မွေးနေ့ပါတီပွဲတွေမှာလည်း တွေ့ရဲ့၊ မင်္ဂလာဆောင်ပွဲတွေ ဖိတ်လို့သွားတဲ့အခါလည်း တွေ့ရဲ့၊ သူ့ကားကိုယ့်ကား ဖြတ်သွားဖြတ်လာ မောင်းရင်းနဲ့လည်း တွေ့ရဲ့ အဲဒီလို သူတို့စုံတွဲနဲ့ ခဏခဏတွေ့နေတာကို၊ ဘယ်လိုနေ့စွဲရက်စွဲ အချိန်နာရီတွေ နေရာတွေ မှတ်မိပါ့မလဲဗျ ... တွေ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်းလည်း ကိုဝေလွှင်နဲ့ ခင်မိမိ စုံတွဲတွေ့တာမို့ ကိုဝေ
လွှင်ကို ဦးလှိုင်သွားမေးရင်း သူကတော့ မှတ်မိမလား
မသိဘူး ... "

"ဟာဗျာ ... အဲဒီလို တွေ့ကြတာမျိုးကို ကျုပ် သိချင်တာ
မဟုတ်ဘူး ... ကိုနေမင်းထွန်းနဲ့ ခင်မိမိနှစ်ယောက်တည်း
တွေ့ ... နှစ်ယောက်တည်း စကားပြောကြကာ ဘယ်နေ့
ဘယ်အချိန် ဘယ်နားမှာလဲလို့ ကျုပ် မေးတာပါ ... "

"ကြုံကြုံဖန်ဖန် ဦးလှိုင်ရာ ... ကျွန်တော်ကော ကိုယ့်ဘာ
သာ ဗုဒ္ဓဘာသာ စစ်စစ်ပါ ... ဒု-သ-န-သောကြီးကို
ကြောက်လွန်းလို့ဗျာ ... သူ့ ကိုဝေလွှင်နဲ့ လက်ထက်သွားပြီး
တဲ့နောက် ကျွန်တော် ခင်မိမိနဲ့ နှစ်ယောက်ချင်း တွေ့ဖို့
တစ်ခါမှ စိတ်လည်း မကူးခဲ့ဘူး ... မကြိုးစားခဲ့ဘူး ... သူ
ကိုယ်တိုင်ကလည်း လင်ရှိ မိန်းမဖြစ်သွားပြီးတဲ့နောက်
ကျွန်တော့်ကို တွေ့ချင်မှာ မဟုတ်ဘူး ... အဲဒီတော့ အဲ
လို တစ်ခါဆိုတစ်ခါမှ မတွေ့ကြခဲ့ဘူးဘဲ ဦးလှိုင် ... "

လိမ်ညာသင့်သောနေရာတွင် နေမင်းထွန်း မှင်သေ
သေနှင့် လိမ်ညာရပေသည်။ ဤလိုမှ လိမ်ညာမပြောလျှင် မိမိလည်း
ပင်း ကြိုးကွင်းကြီး အစွပ်ခံသွားရပေမည်။

ဦးလှိုင်ဆက် မမေးတော့။

နောက်ထပ် ဘယ်လိုလှည့်ပတ် မေးရပြော ရမည်
ဆိုသည်ကို အကွက်ရှာနေဟန် တူပါ၏။

"မနေ့က ကိုနေမင်းထွန်းနဲ့ ကိုဝေလွှင်တို့ တီးဘိုးပြော



သေးတယ် မဟုတ်လား ... အဲဒါကကော ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့မှ မဟုတ်ဘူး ... သူဘက်က ကျွန်တော့်ကို
ရန်လာစတာပဲ ... ဒါပေမဲ့ ကိုဝေလွှင်ကို ကျွန်တော် လက်
ဖျားနဲ့တောင် မတို့ပါဘူး ... "

"အေးဗျာ ... ကိုဝေလွှင်တစ်ယောက်လည်း သူ့မိန်းမစိတ်
နဲ့ ထင်ရာစိုင်းနေတယ် ... သူ့မိန်းမ အသတ်ခံလိုက်တဲ့
အပေါ်မှာ တော်တော်ခံပြင်းပြီး တော်တော် မကျေနပ်ဖြစ်
နေတယ် ... "

နေမင်းထွန်း ပြုံးလိုက်ပါ၏။

"ဒါတော့ ဦးလှိုင်နဲ့ ကိုဝေလွှင်တို့ ရင်းနှီးကြလို့ သိတာပဲ၊
ကျွန်တော်နဲ့ ကိုဝေလွှင်က မရင်းနှီးကြတော့ ... သူ့အခြေ
အနေနဲ့ သူ့ခံစားချက်တွေ ကျွန်တော် ဘယ်သိမလဲ ... "

နောက်တစ်မျိုး ဖန်ပြန်သည်။

"ညက ... လူလှတစ်ယောက် တော်တော်ခံသွားရတယ်၊
ကိုနေမင်းထွန်းက တကယ်လက်သံပြောင်တာပဲ ... လူလှ
ရဲ့ ရာဇဝင်တစ်လျှောက်မှာ သူ ခံသွားရတယ်ဆိုတာမျိုး
မရှိခဲ့ပါဘူး ... ဒါပေမဲ့ ဒီကိစ္စတွေကို ကိုဝေလွှင်က ရဲမှာ
အမှုမတိုင် အမှုမဖွင့်ရှာပါဘူး ... "

"ဖွင့်ချင်လည်း ဖွင့်ပေါ့ ... ဖြစ်တာက ကျွန်တော့်ပိုင်နက်၊
ကျွန်တော့် ရုံးခန်းထဲမှာပဲဟာ ... ကျွန်တော့် ပိုင်နက်ထဲ
သူတို့က ဝင်ဖြစ်တာပဲ ဦးလှိုင် ... "

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ... ကိုဝေလွှင်ကသာ အမှုဖွင့်ရင်

www.burmeseclassic.com

www.burmeseclassic.com



အနည်းအများ ကိုနေမင်းထွန်းတို့ ထိခိုက်သွားနိုင်တာ
သူက မြိုင်မြို့သစ်မှာ ဘယ်လောက်ထိ ရောက်တဲ့လူဆိုတာ
ကိုနေမင်းထွန်း အသိပဲ ...”

“ထားပါတော့လေ ... ကိုဝေလွင်က အမှုမဖွင့်တာကို
ကျွန်တော်က ကျေးဇူးတင်ပါသတဲ့ ...”

“အင်း ... အခုရက်အတွင်းမှာ ကိုနေမင်းထွန်းဟာ လက်သ
စွမ်း သိပ်ပြနေတယ် ... ဆင်ပေါက်ဟူစိန်လည်း ခုချိန်
အိပ်ရာထဲမှာ ဆေးကုနေရတယ် ... အဲ ... ရှိန်းမောင်
ကိုနေမင်းထွန်း တီးလိုက်တာလည်း ရှိန်းမောင် ရေရေလည်
လည် နာသွားတယ် ...”

“ဘာဗျ ... ရှိန်းမောင်ကို ဟုတ်လား ... ရှိန်းမောင်
ကျွန်တော် တွေ့လည်း မတွေ့ဘူး ... လက်ဖျားနဲ့တော
မထိခဲ့ဘူး ...”

“ဒါတော့ မသိဘူး ... ရှိန်းမောင်တော့ ရေရေလည်လည်
ခံရတာပဲ ...”

“မရှုမလှ ခံလိုက်ရတယ် ကိုနေမင်းထွန်း ... ရှိန်းမောင်
တဲ့ ကောင်ကလည်း ခံရမှာပဲ ...”

“ဒါဆို ရှိန်းမောင့်မရှုမလှခံရတဲ့ကိစ္စကို ဦးလှိုင်က ကိုဝေ
ကိုသာ သွားမေးပေတော့ ... ဒါမှမဟုတ် ဦးလှိုင်မင်း
မေးချင်မေး၊ အဲဒီပုဂ္ဂိုလ်နှစ်ယောက်ကိုမှ ဦးလှိုင်မမေးရဲ
ဆိုရင် ရှိန်းမောင်ဆီကိုသွားပြီး မင်းကို ရေရေလည်လည်
တီးလိုက်ကာ ဘယ်သူလဲလို့သာ သွားမေးပေတော့ ...



“ရှိန်းမောင် လစ်သွားပြီလေ ... မြိုင်မြို့သစ်မှာ ရှိန်းမောင်မရှိ
တော့ဘူး ...”

“ဒါဆို ... ကျွန်တော့်ဆီကို ဦးလှိုင်လာတာဟာ ဆင်ပေါက်နဲ့
လူလှကိစ္စကို အမှုဖွင့်ရင် ကိုဝေလွင်နဲ့၊ ဦးလှိုင်မင်းကိုပဲ အမှု
ပြန်ပတ်နိုင်တာမို့ အမှုမဖွင့်ရဲပေမဲ့ ရှိန်းမောင်ကို ကျွန်တော်
က မရှုမလှ ချလိုက်တယ်ဆိုပြီး အမှုဖွင့်ချင်လို့ ကျွန်တော့်
ကို လာပတ်တာလား ...”

ဦးလှိုင်ရဲအရာရှိကြီး မျက်နှာနီသွားသည်။ နေမင်း
ထွန်း၏ စကားတွေလာ ရဲအရာရှိကြီး ဦးလှိုင်၏သိက္ခာပိုင်းထိခိုက်
သင့်သလောက် ထိခိုက်သွားစေခြင်းသောကြောင့် ဖြစ်ပါ၏။

“ဒီမှာ ကိုနေမင်းထွန်း ... မောင်ရင်ဟာ လက်သီးမာတယ်၊
စကားပြောလည်း သိပ်မာတယ်၊ ခေါင်းလည်းသိပ်မာတာပဲ၊
အမြဲတမ်း အဲဒီလိုမာသွားနိုင်ရင်တော့ ကောင်းတာပေါ့လေ”

“မာသင့်တဲ့လူအပေါ်မှာသာ ကျွန်တော်က မာတာပါ ...
ဦးလှိုင်လို ... သက်ဆိုင်ရာက ထိုက်တန်တဲ့ ရဲအရာရှိကြီး
ရာထူးပေးအပ်ခြင်းခံရတဲ့ ပုဂ္ဂိုလ်ကြီးမျိုးအပေါ်မှာတော့ ...
ကျွန်တော် မမာပါဘူး၊ မမာတာမှ မမာတာပါ ... ဦးလှိုင်
သာ ပေးအပ်ချီးမြှင့်ခြင်းခံထားရတဲ့ ရာထူးအတိုင်း အမှန်
အကန် ဖြောင့်ဖြောင့်မတ်မတ် ဆောင်ရွက်ရင်ပေါ့လေ ...”

“ဒီလိုနားလည်တဲ့ ကိုနေမင်းထွန်းကို ကျုပ်က ကျေးဇူးတင်
ပါတယ်၊ ဒါဆို ကျုပ်ကလည်း တာဝန်ရှိတဲ့အတိုင်းပြောတော့
မယ် ... ဥပမာဆိုကြပါစို့ ... လူတစ်ယောက်ဟာ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်နဲ့ မေတ္တာရှိတယ်၊ အဲဒီအမျိုးသမီးက မေတ္တာရှိကြပြီးမှ သူ့ကိုပစ်ပြီးတခြားအမျိုးသားတစ်ယောက်နဲ့လက်ထပ်လိုက်တယ် ... ဒုတိယလူက အမျိုးသမီးကို မရမက ရတဲ့နည်းနဲ့ ယူလိုက်တယ်ဆိုပါတော့ ... ဒါဆို ကျန်ရစ်ဖြစ်သွားတဲ့ ပထမအမျိုးသားဟာ ဒုတိယအရယူသွားတဲ့လူကို မကျေမနပ်အကြီးအကျယ် ဖြစ်တယ် ... တုံ့ပြန်လက်စားချေတတ်တဲ့သူဆိုရင် ပထမလူဟာ ဒုတိယလူကို တစ်နည်းမဟုတ် တစ်နည်းနဲ့ လက်စားချေမှာပဲ၊ အဲဒါဟာ ရဲအနေနဲ့တော့ အမှုတစ်ခုရဲ့ မိုးတစ်(ဗ်)လို့ခေါ်တာပေါ့ အဲဒီလိုမိုးတစ်(ဗ်)အရ သက်သေအထောက်အထားတွေရှိပြီဆိုတာနဲ့ ... ပထမလူကို ရဲကအရေးယူတာ တာဝန်အရေး ကိုနေမင်းထွန်း ... ”

ကိုနေမင်းထွန်းထိုင်ရာမှ ထလိုက်သည်။ ပြီး ရုံးခန်းတံခါးဆီသွားကာ တံခါးကိုဖွင့်လိုက်သည်။ ပြီး ရဲအရာရှိကြီး ဦးလှိုင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်ပါ၏။

“ဦးလှိုင်ရဲ့ တန်ဖိုးရှိလှတဲ့ အချိန်တွေကို ... အမှုအတွက် သက်သေ အထောက်အထားတွေ ... သဲလွန်စတွေရှာဖွေနေရာမှာ သုံးပါလားဗျာ၊ ဒီမှာဆက်ထိုင်နေရင် တန်ဖိုးရှိတဲ့ အချိန်တွေကို အလဟဿဖြုန်းရာ ရောက်နေမှာပေါ့ ...”

ဦးလှိုင်သည် နေမင်းထွန်းအား စက်ဆုပ်ရွံရှာသော အကြည့်ဖြင့် ကြည့်ပြီး သူချွတ်ထားသော ဦးထုပ်ကို ပြန်ဆောင်းကာ ဖိနပ်ချွာသံပြင်းပြင်းနင်းပြီး နေမင်းထွန်းဖွင့်ပေးထားသော တံခါး



ထွက်သွားသည်။

မတတ်နိုင်ပြီ၊ အိုးကရွဲ့နေမှတော့ ... စလောင်းက ဘယ်လိုမှ တည့်တည့်ဖုံး၍ မရနိုင်ပါတကား။

နေမင်းထွန်းသည် ဒုစရိုက်မှတ်တမ်းကြီး ထည့်ထားသော ဘရီ(ဖ်)ကေ့ကိုဆွဲယူကာ သူ့လင်ရိုဗာဖြင့် ဗေဒါဆီသို့ ပြန်လာသည်။

ဗေဒါထဲတွင်ထားရှိသော စိတ်ကြိုက်ငါးများတဲ့ကို ရွေးယူပြီး လင်ရိုဗာကားဖြင့်ပင် ပြန်မောင်းထွက်ခဲ့သည်။

ဖျဉ်းမပင်တွင်နေသော ... ဦးဗညားထံသို့ ဦးတည်မောင်းခဲ့တော့သည်။

ooo ooo

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၄ )

"ဟေး ... မောင်ထွန်းမင်းကွာ၊ ပျောက်ချက်သား ကောင်းလိုက်တာ ... ခုမှ ပေါ်လာတော့တယ် ... ငါ့မှာဖြင့် မင်းကို မျှော်လိုက်ရတာ ... "

"ဘာလို့မျှော်တာလဲ ဦးဗညား ... ခင်ဗျားငါးခြောက်လှေတွေ ဗေဒါနဲ့ ဆွဲပေးဖို့လိုလာပြီလား ... "

ဦးဗညားသည် အသက်(၄၀)ရွယ် လူပျိုကြီးဖြစ်သည်။ မြိုင်မြို့သစ်တွင် သူ့စိမ်းအပေါင်းအသင်းဆို၍ နေမင်းထွန်းက ဦးဗညားတစ်ယောက်ကိုသာ အစ်ကိုရင်း၊ ဦးလေးရင်းလို ခင်မင်ယုံကြည်စွာ စိတ်ရောကိုယ်ပါ ပေါင်းပါ၏။ ဦးဗညား လူပျို တစ်ကိုယ်ရေတကာရ ပေါင်းလို့သင်းလို့ကောင်းသည်။

ဦးဗညားကလည်း နေမင်းထွန်းကို ညီရင်း တူရင်းလို ခင်မင်သည်။ နေမင်းထွန်း နာမည်ကို ခေါ်ရသည်ပင် ရှည်လျားအာ ခြောင်းသည်ဆိုကာ ချစ်စနိုးမောင်ထွန်းဟု ခေါ်သည်။

ဦးဗညားသည် ပျဉ်းမပင်ဆိပ်တွင် မြဲအကျယ်ကြီးထဲ



ပျဉ်ထောင်အိမ်သေးသေးလေးဖြင့် တစ်ယောက်တည်းနေသည်။ ငါးခြောက်လုပ်ငန်းလုပ်သည်။ ငါးခြောက်လှေတွေကို တစ်ခါတစ်ရံ ဗေဒါဖြင့် ဆွဲပေးရသည်။

အရက်ပုလင်းမှာ ဈေးအလွန်ကြီးသော 'မာတီနီ' အရက်ဖြစ်သ၍ မြန်မာပြည်တွင် ဈေးကြီးလွန်းသောကြောင့် သိပ်တွင်ကျယ်သောအရက်မျိုးဖြစ်ပါ၏။ မြန်မာပြည်တွင် ဂျော်နီဝါးကား ဗက်(၆၉)ဝီစကီလေဘယ်၊ ဘလက်လေဘယ်ရမ် စသည့်အရက်တွေသာ အသောက်များသည်။

ငါးမျှားရင်း မာတီနီ ကိုနေမင်းထွန်းသောက်ပြီး ငါးကြွပ်စားသည်။ ဈေးကြီးသလောက်လည်း မာတီနီက သောက်၍ ကောင်းလိုက်လှသည်။

ငါးမျှားနေသည်မို့ စကားမပြောဖြစ်ကြ။ ငါးမျှားစဉ် စကားပြောလျှင် ငါးမျှားချိတ်ကို ငါးမဟပ်ဟုဆိုသည်မှာ မှန်လေသလားမသိ နာရီဝက်ခန့် ထိုင်မျှားသော်လည်း ငါးတစ်ကောင်မျှ မဟပ်။ နေမင်းထွန်း စိတ်မရှည်တော့သဖြင့် ငါးမျှားတံကို သိမ်းလိုက်သည်။

"ဟ ... သိမ်းပြီလား မောင်ထွန်း ... ငါးလည်း တစ်ကောင်မှ မရသေးဘဲနဲ့ ... "

"တော်ပြီဗျာ ... ငါးမျှားတယ်ဆိုတာ ... စိတ်တည်ငြိမ်နေမှ မျှားလို့ကောင်းတာ ... စိတ်လှုပ်ရှားနေရင် မကောင်းဘူး"

"ဘာလဲ ... မင်းအဆက်ဟောင်း ခင်မိမိကြောင့် မင်း သိပ်စိတ်လှုပ်ရှားနေသလား. မောင်ထွန်း ... "

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထွန်း မဖြေ။ ထုတ်ကာ စီးကရက်ဖွာသည်။ ဦးဗညားကိုလည်း စီးကရက်ပေးသောက်စေသည်။

"ဘာတတ်နိုင်မှာလဲ မောင်ထွန်းရာ ... ခင်မိမိက မင်းကို ကန်ပြီး ... ဝေလွင်ကိုယူလိုက်တာပဲဟာ ... အေး ... တစ်ခု တော့ရှိတယ်ပေါ့ကွာ ... ဝေလွင်ကို မယူဘဲ မင်းနဲ့သာ ယူ ဖြစ်ရင် ... ခင်မိမိအခုလို အဓွသေဆိုးနဲ့သေချင်မှသေမှာ ..."

"ကျွန်တော်နဲ့ယူရင် အခုထက်စောပြီး သေချင်လည်း သေမှာပေါ့ဦးဗညား ... ကဲပါဗျာ ... ဒီအကြောင်း မပြော ကြနဲ့ဗျာ ... ကျွန်တော် ပြန်ချင်ပြီ ..."

"ဟ ... ဒီတစ်ခေါက် မင်းငါ့ဆီကိုလာတာ ... ငါးမျှားဖို့သက် သက်တော့မဟုတ်ဘူးထင်တယ် ... ခါတိုင်းဆို အေးအေး ဆေးဆေးအချိန်ယူ ငါးမျှားလေ့ရှိတာပဲဟာ ..."

"ဟုတ်တယ် ဦးဗညား ... အခုဦးဗညားဆီ ကျွန်တော်လာ တာ ပစ္စည်းတစ်ခုအပ်ထားချင်လို့ ..."

"ဒါမျိုး အဆန်းလုပ်လို့ကွာ ..."

နေမင်းထွန်း လင်ရှိဗာကားနဲ့ ပြန်လာကာ ဒုစရိုက် မှတ်တမ်းကြီးထည့်ထားသော ဗရိ(ဖ်)ကေ့(စ်)ကို ဦးဗညားလက်သို့ အပ်လိုက်သည်။

"ဒီဟာကို လုံလုံခြုံခြုံသိမ်းထားပေးပါဦးဗညား ..."

"ရတယ်လေကွာ ... ခဲယဉ်းတာမှ မဟုတ်တာ ... ဒါမှ မင်းက တစ်ခမ်းတနားလုပ်လို့ ..."

"ဒီသေတ္တာလေးက သိပ်အန္တရာယ်ကြီးတယ်ဦးဗညား ..."



"စိတ်ချ ဘယ်လိုသက်ရှိသတ္တဝါမှ မတွေ့နိုင်အောင် ငါသိမ်း ထား ဝှက်ထားပေးမယ် ..."

ဦးဗညားလက်သို့ ဒုစရိုက်မှတ်တမ်းကြီးအပ်ထားပြီး နောက် လင်းရှိဗာကားဖြင့် ပြန်လာသည်။

ဦးဗညားကိုတော့ နေမင်းထွန်းက ရာနှုန်းပြည့် ယုံကြည်သည်။

ရုံးခန်းသို့ပင် ပြန်လာခဲ့ပါ၏။

ရုံးရောက်သည်နှင့် စောကေသီက ဆီးပြောသည်။

"အစ်ကို ... အင်ပီးရီးယားဘဏ်က မန်နေဂျာမစ္စတာရှား မား အစ်ကို့ဆီ ဖုန်းဆက်တယ် ... ကေသီက အစ်ကို မရောက်သေးကြောင်း ပြန်ပြောတော့ အစ်ကိုပြန်ရောက် ရောက်ခြင်း သူ့ဆီကို ဖုန်းပြန်ဆက်ပါတဲ့ ... သိပ်အရေးကြီး တယ်တဲ့ အစ်ကို ..."

နေမင်းထွန်း ဖုန်းကောက်ကိုင်သည်။

"ကျွန်တော် နေမင်းထွန်းပါ ... မစ္စတာရှားမား ကျွန်တော့် ဆီဖုန်းဆက်တယ်ဆိုလို့ ..."

"ဟုတ်တယ် ... ကိုနေမင်းထွန်း ... ကျွန်တော် မပြောချင် ဘဲ အင်မတန်ဝန်လေးစွာနဲ့ပဲ ပြောရတော့မယ်၊ ကျွန်တော့် ဆီကို အထက်ကအမိန့်စာရောက်လာတယ် ... ကိုနေမင်း ထွန်း ကျွန်တော်တို့ဘဏ်က ချေးငွေကို တစ်ပတ်အတွင်း ပြန်ပေးဆပ်ပါတဲ့ ..."

"ဟာ ... မစ္စတာရှားမား၊ ဘယ်လွယ်မှာလဲဗျာ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ရေးပစ္စည်းတွေ ဝယ်ထားတာ ဂိုထောင်နှစ်လုံး အပြည့်ပဲ ... ချက်ချင်း ငွေပြန်ဖော်လို့ဘယ်ရမလဲ ... အနည်းဆုံး တစ်လလောက်တော့ ကျွန်တော့်ကို အချိန်ပေးပါ ... မစ္စတာရှားမား ... ”

“အင်မတန် ဝမ်းနည်းပါတယ် ကိုနေမင်းထွန်း ... အထက်က ကျလာတဲ့အမိန့်ကို ကျွန်တော် ဘယ်လိုမှ စောဒကမတက်နိုင်ပါဘူး ... တကယ်လို့ တစ်ပတ်အတွင်း မပေးဆပ်ရင် တရားစွဲရမယ်လို့တောင် အမိန့်စာက ဆိုထားလို့ပါ”

“ကောင်းပြီလေ ... ကျွန်တော် ကြိုးစားကြည့်မယ် ... မရရင်တော့ ခင်ဗျားပေါ် ကျလာတဲ့ အမိန့်အတိုင်း တရားစွဲပေါ့ဗျာ ... ”

“ဆောရီးပါ ကိုနေမင်းထွန်း ... ”

ဖုန်းချလိုက်သည်။

နေမင်းထွန်း စိတ်ထဲတွင် ပြင်းထန်စွာ မကျေမနပ်ဖြစ်ရသည်။

တကယ်တော့ အင်ပီးရီးယားဘဏ်ဟု နာမည်တက်ထားသော်လည်း ပုဂ္ဂလိကငွေချေးဌာနတစ်ခုသာ ဖြစ်ပါ၏။

စာချုပ်တွင် ချေးငွေကို တစ်နှစ်အတွင်း အတိုးရောအရင်းပါ ဆပ်ပါမည်။ တစ်နှစ်ကျော်လွန်ပြီး မပေးဆပ်နိုင်ပါက တရားဥပဒေအရ တရားစွဲခြင်းခံရမည်။ သို့မဟုတ် ငွေချေးသူ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို သိမ်းယူခြင်းခံရပါမည်ဟု စာချုပ်တွင် လက်မှတ်ထိုးထားရသည်။



နေမင်းထွန်း ချေးထားသည်မှာ တစ်နှစ်ကျော်သွားပြီ၊ မစ္စတာရှားမားဘဏ်မှ အရေးသာနေသည်။

ဤသည်မှာ ဦးလှိုင်မင်းနှင့် ကိုဝေလွှင်၏လက်ချက်မှန်း နေမင်းထွန်း သိလိုက်ပါ၏။

အမတ်မင်းဦးဘစိမ်း၏အရှိန်အဝါကို မစ္စတာရှားမား မလွန်ဆန်ရဲသဖြင့် ယခုလို မစ္စတာရှားမားက တစ်ပတ်အတွင်း ကြွေးတောင်းခြင်း ပြုခြင်းဖြစ်မှာသေချာသည်။ ယခင်ကလည်း ယင်းသို့ပင် မစ္စတာရှားမားဘဏ်မှ ငွေချေးယူပြီး လုပ်ခဲ့သည်များ ရှိခဲ့သည်။ ယခုလို အကျပ်အတည်းဖြစ်အောင် မစ္စတာရှားမား မလုပ်ခဲ့ပေ။

ဦးလှိုင်မင်းနှင့်ဝေလွှင်သည် မိမိကို အကြမ်းနည်းသုံး၍ မအောင်မြင်သဖြင့် တစ်ဘက်လှည့်ဖြင့် သူတို့ခါးပိုက်ထဲက မစ္စတာရှားမားအား အမတ်မင်းဦးဘစိမ်းက ဖိအားပေးလိုက်ခြင်း ဖြစ်ရမည်။

နေမင်းထွန်း ဘဏ်ချေးငွေမှာ နှစ်သိန်းဖြစ်သည်။ အတိုးထည့်တွက်ပါက ပို၍များမည်။ ဤငွေထုကို နေမင်းထွန်းတစ်ပတ်အတွင်း မဆပ်နိုင်မှန်းသိသောကြောင့် အကျပ်ကိုင်လိုက်ခြင်းသာ ဖြစ်လေသည်။

ငွေမပေးဆပ်လျှင် စာချုပ်ပါအရ မိမိပစ္စည်းဂိုထောင်တွေကို ချိတ်ပိတ်မည်။ ဒါဆို မြိုင်မြို့သစ်တွင် နေမင်းထွန်းဆက်လက်လုပ်ကိုင်နိုင်စရာမရှိတော့အောင် တစ်မြို့လုံး၏ အထင်သေးအဲမြင်သေးခံရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ထုတ်သတင်းစာမှ မိမိကို အပုပ်ချသတင်းတွေ အာဘော်တွေ ပစ်သွင်းတော့မည်။

ယင်းသို့သာဆိုပါက မြို့ပြသစ်တွင် မည်သူက မိမိအား ဆောက်လုပ်ရေးလုပ်ငန်းတွေ အပ်ရဲပါတော့မည်နည်း။

မိမိလုပ်ငန်းတစ်ခုလုံး ဘုံးဘုံးလဲပြိုမည်။

မိမိဂိုဒေါင်ထဲကပစ္စည်းတွေကို တန်ကြေးဖြတ် သိမ်းယူ လေလံပစ်ခံရသည်နှင့် မိမိကပျက်မည်။

နေမင်းထွန်း ... ပြင်းထန်စွာတောက် ခေါက်လိုက်သည်။

ဘာပဲဖြစ်ဖြစ် မိမိအနေနှင့် အမတ်မင်းဦးဘစိမ်းအား မျက်နှာချင်းဆိုင် ထိပ်တိုက်တွေ့သင့်ပြီဟု နေမင်းထွန်း ဆုံးဖြတ်လိုက်သည်။

ooo 🕮 ooo



( ၁၅ )

အမတ်မင်း ဦးဘစိမ်းကို တွေ့ဖို့အတွက် ပထမ အမတ်မင်း၏ ပီအေနှင့်တွေ့ရသည်။

"ကျွန်တော် အမတ်မင်းဦးဘစိမ်းနဲ့ တွေ့ဖို့လာတာပါ ..."

"ဆရာကြီးက ရှင့်ကို တွေ့ခွင့်ပေးမယ်လို့ပြောထားလို့လား၊ ဆရာကြီးက ချိန်းတာလား ..."

"သူက ကျွန်တော့်ကို တွေ့ချင်မှာပါ ..."

"ဒီလို ဘလိုင်းပြောလို့ဘယ်ရမလဲရှင့် ... ဆရာကြီးနဲ့တွေ့ဖို့ဆိုရင် တင်ကြိုရက်ချိန်းယူရတယ် ..."

နေမင်းထွန်း စိတ်မရှည်ချင်တော့၊ ဤအမျိုးသမီးပုံစံမှာ ကြက်တူရွေးကတော်တော် မယ်တော်ကကဲကဲပုံစံရှိနေသည်။ သူမအား တံစိုးလက်ဆောင်ပေးမှ တွေ့ခွင့်ပေးမည့်ပုံစံရှိနေသည်။ ဒီနည်းဖြင့် တော်တော်စားသာလာပြီလည်း ဖြစ်အံ့သည်။

"ဒီမယ် ဒေါ်အဝ့ါ ... ခင်ဗျားပီအေရဲ့တာဝန်က အမတ်မင်းကို တွေ့ဖို့လာတယ်ဆိုရင် ခင်ဗျားအမတ်မင်းကို သွား

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားရမယ် ... အမတ်မင်းက တွေ့မယ်ဆိုတွေ့ရမယ် ... မတွေ့ချင်ဘူးဆို ကျုပ်ပြန်ရုံပဲ ... ကျုပ်ရုံးခန်းရောက်မှ အမတ်မင်းဆီကို ကျုပ် ဖုန်းဆက်မယ်၊ ကျွန်တော်လာပါတယ်၊ အမတ်မင်းရဲ့ နှုတ်ခမ်းနီရဲရဲမျက်လုံးပြူးပြူးဂုတ်ကြီးပီအေက တွေ့ခွင့်မပေးဘူးဆိုလို့ ကျွန်တော် ပြန်လာခဲ့တာပါလို့ပြောရုံပဲ ... ကျုပ်ပြောတာ ရှင်းပါတယ်နော်"

ပီအေမကြီး နှုတ်ခမ်းရှုသွားပါ၏။

"ဘယ်သူက တွေ့ခွင့်တောင်းတယ်လို့ပြောရမလဲ ... ကဲ ... ပြော ... "

"နေမင်းထွန်းလို့ပြောပါ ... "

"ဩော် ... ဩော် ... ကိုနေမင်းထွန်းဆိုတာ ရှင်ကိုး ... နာမည်တော့ ကြားဖူးနေသားပဲ ... လူကိုတော့ ခုမှမြင်ဖူးတာ ... "

"ဟုတ်မှာပေါ့ ... ဒီအမတ်မင်းရဲ့ နေအိမ်တော်ဟာ ကျုပ်ရဲ့ မကောင်းသတင်းတွေ ပြောရာဌာနချုပ်ပဲ ... "

"အို ... ဘာဆိုင်လဲ ... ကျွန်မ ရှင့်နာမည် ကြားဖူးတာက ဆရာကြီးနဲ့မဆိုင်ပါဘူး ... ဆရာကြီးရဲ့သမီး မစိမ်းပဗက ကိုနေမင်းထွန်းဆိုတဲ့လူဟာ အမေရိကန်ရုပ်ရှင်မင်းသား ရော့(စ်)ဟတ်ဆန်နဲ့ သိပ်တူတယ်လို့ ပြောတာကြားဖူးတာပါ ... တကယ်လည်း ရှင်က ရော့ဟတ်ဆန်နဲ့တူနေတာပဲ"

"ကဲ ... ဒါဆိုလည်း အမတ်မင်းကို သွားပြောတော့ဗျာ ... အမေရိကန်ရုပ်ရှင်မင်းသား ရော့ဟတ်ဆန်က အမတ်မင်းကို



လာတွေ့ချင်ပါတယ်လို့ ... "

ပီအေ အမျိုးသမီးက မျက်စောင်းထိုးပြီး အိမ်ထဲသို့ ဇင်ရောက်သွားသည်။ နေမင်းထွန်းက သူမ ဝင်သွားသည်ကို ကြည့်နေမှန်းသိ၍ပေလားမပြောတတ် သူမ၏ မရှိမဲ့ရှိမဲ့ တင်သားဝိန်ဝိန်ကို အတင်းလှုပ်အောင် လျှောက်မြသွားသေးသည်။

စီးကရက်ညှိသောက်ရင်း နေမင်းထွန်းစောင့်သည်။

ယေဘုယျအားဖြင့် စီးကရက်တစ်လိပ်သည် ရှစ်မိနစ်နှင့် ဆယ်မိနစ်ကြားတွင် သောက်ရင်းကုန်သွားသည်။

နေမင်းထွန်း တစ်လိပ်ကုန်သွားပြီး နောက်တစ်လိပ်ညှိသောက်သည်အထိ ပီအေအမျိုးသမီး ပြန်တက်မလာသေး။

မိနစ်အစိတ်လောက်ကြာမှ ပီအေအမျိုးသမီး ပြန်ထွက်လာသည်။

"ဆရာကြီးက လာခဲ့ပါတဲ့ ... စောင့်နေပါတယ်တဲ့ ... "

နေမင်းထွန်း ရဲရဲတင်းတင်းပင် အမတ်မင်းအိမ်ထဲသို့ ဝင်ခဲ့သည်။

"ဩော် ... လာ ... လာ ... မောင်နေမင်းထွန်း လာတယ်ဆိုလို့ ကျုပ်စိတ်ထဲမှာ မဖြစ်နိုင်တာဘဲလို့တောင် ထင်လိုက်မိသေးတယ် ... ကဲ ... ကျုပ်ရဲ့သီးသန့်စာကြည့်ခန်းထဲမှာ သွားပြောကြတာပေါ့ ... ဒီဧည့်ခန်းဆိုရင် ဧည့်သည်ခဏခဏလာလို့ စကားဖြောင့်ဖြောင့် ပြောရမှာမဟုတ်ဘူး ... "

နေမင်းထွန်း အမတ်မင်းနောက်မှ လိုက်သွားသည်။

အမတ်မင်း၏ သီးသန့်စာကြည့်ခန်းမှ ဆယ်ပေပတ်

www.burmeseclassic.com

www.burmeseclassic.com



လည်ခန့်ရှိမည်၊ ပြတင်းပေါက်များတွင် ခါခန်းဆီးအစိမ်းနုရောင် တပ်ထားသဖြင့် အမြင်အေးမြစေပါ၏။

အမတ်မင်း၏ စားပွဲကြီးမှာ ကျွန်းသားပါလစ်ရောင် ဖိတ်ဖိတ်တောက် ငါးပေ သုံးပေ စားပွဲကြီးဖြစ်ပါ၏။

စားပွဲကြီးရှေ့တွင် ဧည့်ထိုင်ဆုံလည်ကုလားထိုင် အသေးတွေ ချထားပြီး အမတ်မင်းက စားပွဲရှိသားရေဖုံး ဆုံလည် အနက်ကြီးပေါ်တွင် ထိုင်လိုက်သည်။

နံရံကပ်မှန်ဗီရိုထဲတွင် စာအုပ်အထူကြီးတွေ တန်းစီ ထည့်ထားသည်။

ကျောင်းဆရာဘဝမှ လာခဲ့သူမို့ စာဖတ်ဝါသနာကြီး ဟန်တူပါ၏။

"ကဲ ... ပြော ဘာမှ အားမနာနဲ့ ... မောင်နေမင်းထွန်းကို ကျုပ် ဘာကူညီရမလဲ ..."

"ပယောဂဆရာလုပ်စားဖို့ပါ အမတ်မင်း ... ကိုယ်ကပ်ခိုင်းထားတဲ့အကောင်ကို ကိုယ့်အစွမ်းနဲ့ပဲ ပြန်ခွာပေးဖို့ပါ"

ဦးဘစိမ်း မျက်ခုံးနှစ်ဖက်ပင့်မြောက်သွားသည်။

"မောင်နေမင်းထွန်း ဘာပြောလိုက်တာလဲ ... ကျုပ်နား မလည်ဘူး ... ကျုပ်ကပဲ အသက်ကြီးသွားလို့လား မသိဘူး၊ မောင်ရင်တို့ ခေတ်လူငယ်ပဟေဠိစကားတွေကို ကျုပ် အဓိပ္ပာယ်မဖော်တတ်ဘူး ..."

နေမင်းထွန်းက ... ပြန်မပြောမီ သူ၏နားထဲတွင် တိုးတိုးညင်ညင် အသံလေးတစ်ခုကို ကြားနေသည်။ နေမင်းထွန်း



အလွန်နားပါးသူ ဖြစ်ပါ၏။

ထိုတိုးတိုးလေးညင်သာသောအသံသည် တိပ်ရီကော်ဒါအသံဖမ်းစက်၏ လည်သံမှန်းသိလိုက်သည်။

စားပွဲအံဆွဲထဲတွင် အသံဖမ်းစက်တပ်ထားပြီး ... နေမင်းထွန်းပြောသမျှ အသံဖမ်းယူထားခြင်းဖြစ်ပေမည်။

"ဒီလိုပါ ... ကျွန်တော်က အမတ်မင်းကို ငွေတစ်သောင်း ကျပ်တိတိ ပူဇော်ပါ့မယ် ... ဒီထက်ရှင်းရှင်းပြောရရင် ... ကျွန်တော်အမတ်မင်းကို ငွေတစ်သောင်းလာဘ်တင်ပါ့မယ်၊ ကိစ္စကတော့ အင်ပီးရီးယားဘဏ်က ကျွန်တော်ချေးထားတဲ့ငွေကို တစ်ပတ်အတွင်း ပြန်ဆပ်ရမယ် မဆပ်ရင် တရားစွဲမယ်လို့ ဆိုလာပါတယ် ..."

"အဲဒါတွေ ကျုပ် ဘာမှမသိပါလား ... နောက်တစ်ခုက ကျုပ် လာဘ်ပေးလာဘ်ယူလုပ်တဲ့လူမဟုတ်လို့ မောင်နေမင်းထွန်းဆီက ငွေတစ်သောင်းကို ကျုပ်လုံးဝစိတ်မဝင်စားဘူး ..."

"ဟဲ ... ဟဲ ... အမတ်မင်း ဖွင့်ထားတဲ့ တိပ်ရီကောကာထဲမှာ အမတ်မင်း လာဘ်တတ်မယူတတ်တဲ့အကြောင်းပါသွားပြီလေ၊ အမတ်မင်းရဲ့တိတ်ရီကော့ကာက ဟောင်းသွားပြီထင်တယ် ... အသံမြည်တယ် ... ကိုးလေးဘာလေး ဆေးဖို့လို မလားဘဲ ..."

ဦးဘစိမ်းမျက်နှာပျက်သွားသည်။ တိတ်ရီကောတာ ခလုတ်ကို စားပွဲတစ်နေရာမှ နှိပ်ပြီး ပိတ်လိုက်သည်။ ဘီးလည်သံ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပါ၏။

"တိပ်ရီကော်ဒါအသံဖမ်းစက်ကို ဖွင့်ချင်လည်းဖွင့်ထား… ကျွန်တော်က ဘာမှ မကြောက်တော့ဘူး ... ကျွန်တော်… ဆက်ပြောမဲ့စကားတွေက မြိုင်မြို့သစ်မှာ ဒုစရိုက်လုပ်… တွေနဲ့ သိပ်တွင်ကျယ်နေတဲ့ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်တို့… အကြောင်းကို ပြောရင်း သူတို့ကို အကာအကွယ်ပေးနေ… အမတ်မင်းရဲ့အကြောင်းတွေလည်း ပါလာမှာပဲ ... အ… တော့ ... တိတ်ရီကော်ဒါနဲ့အသံသွင်းထားလည်း … အလည်မှာဖြစ်ဖြစ် ... တရားရုံးတော်မှာဖြစ်ဖြစ် ဖွင့်ပြ… မှမဟုတ်တာ ... "

အမတ်မင်း မျက်နှာနီလာသည်။ မျက်ထောင့်… နီလာသည်။ ဒေါပွပြီ။

"မောင်ရင် ကျုပ်ကိုလာတွေ့တဲ့ကိစ္စကို ဆက်ပြောပါ …"

အမတ်မင်း၏စိတ်ထဲတွင် ယခု နေမင်းထွန်း… ရောက်ခြင်းမှာ မစ္စတာရှားမားအား တစ်ပတ်အတွင်း ငွေနှစ်သိန်း… ကျော်လိုအပ်နေသဖြင့် ဒုစရိုက်မှတ်တမ်းကြီးနှင့် ငွေနှစ်သိန်းအ… အဖယ်လုပ်ရန် လာပြောသည်ဟုထင်ကာ နေမင်းထွန်းအား … ရွှေလိုက်လျှော့စွာ ဆက်ဆံနေခြင်းသာဖြစ်ပါ၏။

"ကျွန်တော့်မှာ အထူးကိစ္စရှိလို့ အမတ်မင်းကို လာတွေ့… မဟုတ်ပါဘူး ... ငွေတစ်သောင်းလာဘ်ထိုးမယ်ဆိုတာ… လည်း အမတ်မင်း အသံဖမ်းစက်နဲ့ ဖမ်းထားမှန်း… တမင်ပြောတာပါ ... ကျွန်တော့်အပေါ် တစ်ရစ်ပတ်…



လာတဲ့ကိစ္စကို အမတ်မင်းက ကျွန်တော့်ဆီက သိပ်လိုချင်နေတဲ့ပစ္စည်းမရမချင်း အမတ်မင်း ကျွန်တော့်ကို ဘာအကူအညီမှ ပေးမှာမဟုတ်မှန်း ကျွန်တော်သိထားပြီးသားပါ"

"ဒါဖြင့် ... မောင်ရင် ကျုပ်ကိုလာတွေ့တာ ဘာအဓိပ္ပာယ်ရှိသေးလို့လဲ ... "

"ကျွန်တော့်ရင်ထဲမှာ သိပ်ခံပြင်းနေတယ် ... ကိုဝေလွင်က လူမိုက်အားကိုးနဲ့ ပြုမူလာတာတွေကို ကျွန်တော် ပြတ်ပြတ်သားသား ရင်ဆိုင်ခဲ့တယ်၊ အခု အမတ်မင်းဆီလာတာ ကျွန်တော့်ရင်ထဲမှာ ခံပြင်းသမျှ ဖွင့်ပြောချင်လို့လာခဲ့တာပါ ... တကယ်တော့ အမတ်မင်းဟာ နောက်ထပ်လာမဲ့ ရွေးကောက်ပွဲမှာ အမတ်ရာထူးဆက်ပြီးယူချင်သေးတယ် မဟုတ်လား ... ဒါကြောင့် ရွေးကောက်ပွဲမှာ အမတ်မင်း အနိုင်ရရှိရေးကို ငွေအားလူအားနဲ့ ကူညီပေးနေတဲ့ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်လုပ်သမျှ လိုက်လျောပေးနေရတယ် မဟုတ်လား။ အဲဒီလို အမတ်မင်းက သူတို့ရဲ့ဒုစရိုက်လုပ်ငန်းတွေကို အကာအကွယ်ပေး လိုက်လျောပေးရင်းနဲ့ မြိုင်မြို့သစ်ဟာ ကျီးအာသီးဖြစ်နေပြီလေ ... "

"ဘာကွဲ့ ... ကျုပ်ရဲ့မဲဆန္ဒနယ် မြိုင်မြို့သစ်ဟာ ကျီးအာသီးဖြစ်နေပြီဟုတ်လား ... "

"မြိုင်မြို့သစ်ဟာ ပြင်ပအမြင်ကတော့ သိပ်လှပပါတယ် ... ဆရာဦးဘစိမ်း အမတ်မင်းဖြစ်လာမှ ... ကတ္တရာလမ်းကျယ်ကြီးတွေ အဆောက်အဦသစ်ကြီးတွေ ခမ်းနားတဲ့ ဆိပ်ကမ်း

www.burmeseclassic.com



တွေနဲ့လေ ...”

“ဒါတွေဟာ မြိုင်မြို့သစ်သူ မြိုင်မြို့သစ်သားတွေအတွက် အကျိုးရှိစေတာပဲ မဟုတ်လား ...”

“အကျိုးယုတ်တာတွေက ပိုများနေပါတယ် အမတ်မင်း ... အဆောက်အဦသစ်ကြီးတွေ၊ ဟိုတယ်၊ စားတော်ဆက် တည်းခိုရိပ်ငြိမ်ဆိုတဲ့ အပြင်ပန်းဆိုင်းဘုတ်ကြီးတွေကပ်ပြီး အတွင်းပိုင်းမှာတော့ ... ဂျင်ဝိုင်းတွေ ရှိုးဝိုင်းတွေ ... ကိုတ်ဖွင့်ပြီးထားတာမှ အကြီးအကျယ်ပဲ ... အရက်ဆိုတာက တော့ လမ်းဘေးထမင်းဆိုင်မှာတောင် ဝယ်သောက်လို့ရ တယ် ... အဲဒါတွေအားလုံးဟာ ဦးလှိုင်မင်းနဲ့ ကိုဝေလွင် အရင်းထုတ် လုပ်ကိုင်နေတာတွေပဲ ... လောင်းကစားဝိုင်း တွေ ... ဇိမ်ခန်းတွေ ပေါများလာလေ ... ဒီမြို့မှာ လူမိုက် တွေ ခြေရှုပ်လာလေ ... ဝင်လာလေတွေဟာ နေ့စဉ်ရှိနေ တယ် ... တည်းခိုခန်းမှန်သရွေ့မှာ လူစိမ်းတွေနဲ့ပြည့်နေ တယ်၊ ဒီတော့ အမတ်မင်းရဲ့ မြိုင်မြို့သစ်ဟာ အပြင်ဘက်က အမြင်ပန်း ဘယ်လောက်လှလှ ... အတွင်းပိုင်းမှာ ပုပ်နေပြီ သိုးနေပြီ အမတ်မင်း ...”

အမတ်မင်း ဦးဘစိမ်းသည် နေမင်းထွန်းပြောသမျှ အင်းမလှုပ် အဲမလှုပ် ငြိမ်၍နားထောင်နေပါ၏။

“သေချာစဉ်းစားပါ အမတ်မင်း ... အမတ်မင်းရရှိတဲ့အကျိုး ကျေးဇူးဟာ အရိုးအရင်းပါ ... တကယ်အဆီစား အသားစား နေတာက ဦးလှိုင်မင်းနဲ့ကိုဝေလွင်ပါ ... အမတ်မင်းအဖို့



တော့ လျော်ရင်းနစ်မှာပါ ... အမတ်မင်းကို စပြီးမဲပေးကြတဲ့ မြို့သူ မြို့သားတွေဟာ ... အမတ်မင်းမဖြစ်ခင်က ကျောင်း ဆရာဦးဘစိမ်းရဲ့ သိက္ခာ သမာဓိ စေတနာ မေတ္တာတွေကို ယုံကြည်အားကိုးကြလွန်းလို့ ပေးကြတဲ့မဲတွေပါ ... နောက် တစ်ခါ မဲဆန္ဒရှင်တွေကို ငွေနဲ့ပေါက်ဝယ်တိုင်း ပြန်မရနိုင်ပါ ဘူး ...”

“မောင်ရင်ရဲ့စကားတွေဟာ ... ဘောင်ကျော်ပြီး လွန်လာ နေပြီ ... ကျုပ် ဆက်ပြီးသည်းမခံချင်တော့ဘူး ...”

“ဒါဆိုလည်း ဂါတ်ကိုဖုန်းဆက်ပြီး ကျွန်တော့်ကို ဖမ်းနိုင်း လိုက်လေ ... ကျွန်တော့်အတွက်ကတော့ မထူးတော့ဘူး၊ ဒီတစ်ပတ်ကုန်တာနဲ့ ... မစ္စတာရှားမားက အမှုဖွင့်မှာ ... ကျွန်တော့်ကို အချုပ်ထဲထည့်မှာ ... ကျွန်တော့်ပစ္စည်း ဂိုထောင်တွေ ချိတ်ပိတ်ခံရမှာ ကျွန်တော် ရေရေလည်လည် အရှက်ကွဲတော့မှာလေ ... ကျွန်တော် အချုပ်ထဲရောက် သွားရင် မစ္စတာရှားမား ကျွန်တော့်ကို ထပ်တရားစွဲလို့ မလွယ်တော့ဘူး ... ကျွန်တော့်အဖို့လည်း တရားရုံးက ရုံး ချိန်းတွေအတွင်းမှာ ငွေနှစ်သိန်းပြန်ရဖို့ ကြံစည်နိုင်တယ်၊ အားထုတ်နိုင်တယ်၊ တစ်ပတ်အတွင်းမှာတော့ ကျွန်တော် ဘယ်လိုမှမလှည့်သာဘူး၊ မစ္စတာရှားမားကိစ္စက ကျွန်တော် ငွေပြန်ပေးနိုင်ရင် အလိုလိုပြီးသွားနိုင်တာပဲ ...”

“ဩော် ... ဒါကြောင့် မောင်ရင်က ကျုပ်ကိုတမင်တကာ စိတ်ဆိုးပြီး မောင်ရင့်ကို အချုပ်ထဲထည့်အောင် လာလုပ်

www.burmeseclassic.com



တာပေါ့ ...”

“အဲဒီလို မရည်ရွယ်ခဲ့တာတော့ အမှန်ပဲ ... အခု အမတ်မင်း ဆီ ကျွန်တော်လာတာက အမတ်မင်းကို ရင်ဖွင့်ပြောချင် တာ ... အမတ်မင်းကို သတိပေးချင်တာကြောင့်လာခဲ့တာ ကျောင်းဆရာဘဝက လူရိုသေ ... ရှင်ရိုသေဘဝကို ပြန် ရောက်စေချင်လို့ လာသတိပေးတာပါ ... ကျောင်းဆရာ ဘဝတုန်းက ငွေကြေးချို့တဲ့တယ် ... သမီး ခစိမ်းပပကို အထက်တန်းတက္ကသိုလ်ဘွဲ့တွေရစေချင်လွန်းတဲ့ စေတနာ မေတ္တာကြောင့် လူထုအကြည်ညိုခံ ကျောင်းဆရာဘဝ နေပြီး အမတ်ဖြစ်စေတယ် ... အမတ်ဖြစ်လာတော့ ငွေ ကြေးမပူရတော့ဘဲ သမီးစိမ်းပပကို တက္ကသိုလ်ဘွဲ့ရွေ ရစေခဲ့ပြီးပြီပဲ ... ဒီတော့ မြို့လူထုအရင်ကလို ကြည်ညိုလေး စားတဲ့ဘဝကို ပြန်ရယူဖို့ ကြိုးစားဖို့ သတိပေးချင်တာပါ မကောင်းမှုဆိုတာ စိတ်ကွယ်ရာရှိတာမှ မဟုတ်တာ ဦးလှိုင်မင်းနဲ့ကိုဝေလွင်ကို ကာကွယ်တဲ့အတွက် အမတ်မင်း အပေါ် ပုံကျလာမှာသေချာတယ် အမတ်မင်း ...”

အမတ်မင်း ဦးဘစိမ်းသည် ဘာတစ်ခွန်းမျှ ပြန် မပြောတော့ဘဲ တံခါးပေါက်ဆီသို့သာ လက်ညှိုးထိုးပြတော့သည်။

အဓိပ္ပာယ်မှာ မင်းသွားတော့ဆိုသည့် အဓိပ္ပာယ် နေမင်းထွန်းသည် အမတ်မင်း၏ သီးသန့်စာကြည့်ခန်းတံခါး လျှောက်သွားသည်။

“ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကို အမတ်မင်းကပဲ တစ်ဆင့်



ပေးပါ ... သူတို့နဲ့ ဘယ်တော့မှ အပေးအယူမလုပ်ဘူး ... ငွေတွေ ဘယ်လောက် ကျွန်တော့်ကိုပေးပေး ... ကျွန်တော့် ဆီက သူတို့သိပ်လိုချင်တဲ့ ဒုစရိုက်မှတ်တမ်းကြီးနဲ့ မဖလှယ် ဘူး ... ကျွန်တော် ဘာကိုမှလည်း မမှုတော့ဘူး၊ ကျွန်တော် က တစ်လောကလုံးမှာ တစ်ကောင်ကြွက်ပါ ... ဘာမဆို သွေးအေးအေးနဲ့လုပ်ရဲတယ် ... ကျွန်တော့်စိတ်နဲ့ကျွန်တော့် ကိုယ်ကို ဘာမှ ချုပ်တည်းမထားတော့ဘဲ လွှတ်ပေးလိုက် ပြီလို့ ပြောပြလိုက်ပါ ... ဒါပါပဲ အမတ်မင်း ...”

ထိုစဉ်မှာပင် အပြင်ဘက်မှအသံတစ်ခု လာပြောသံ ကြားရသည်။

“ဆရာကြီးခင်ဗျာ ... ဒေါ်ခင်မိမိ အသုဘပို့ချိန် ရောက်နေပါ ပြီ ...”

နေမင်းထွန်း တံခါးဖွင့်ထွက်လာခဲ့သည်။

သြော် ... ချစ်ခဲ့ဖူးသူ ခင်မိမိ၏ အလောင်းမြေချရ ာက်အသုဘတရားနာပွဲတွင် နေမင်းထွန်းအား တရားနာကြွပါ ု ဖိတ်ကြားသူပင် မရှိပါတကား။

နေမင်းထွန်း စိတ်မကောင်းကြီးစွာ ဖြစ်ရပါတော့ သည်။

ooo 📖 ooo

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၆ )

ရုံးခန်းသို့ပင် ပြန်လာခဲ့သည်။ တံခါးတွေအားလုံး ပိတ်ထားပြီမို့ ကိုယ့်ဟာကိုယ် လိုက်ဖွင့်ရသည်။ ခါတိုင်းဆိုလျှင်တော့ ကေသီမိုးက မိမိပြန်လာသည်အထိ စောင့်ပေးရှာသည်။

ယနေ့တော့ ခင်မိမိအသုဘချရာသို့ ကေသီမိုး လိုက် ပို့ခြင်း ဖြစ်မည်။

နေမင်းထွန်းသည် အရက်ပုလင်းထုတ်ကာသော ပြန်သည်။ အတင်းအဓမ္မကြီးသောက်သည်မျိုးတော့ မဟုတ်တော့ အရက်ကို ရေရောပြီး တစ်ငုံချင်းသောက်ပုံမျိုး သောက်သည် ဖြစ်သမျှအကြောင်းတွေကို စဉ်းစားရင်း တမြုံ့မြုံ့သောက်သည် မည်မျှကြာသွားသည်ပင် မသိ။

"ဘယ့်နှယ်လဲ ဆရာကြီး ... သောက်လှချည်လား။ အရ ဆိုတာ သိပ်သောက်ရင် အသည်းကို ထိခိုက်တတ်တ နော် ... "

စိမ်းပပ၏အသံမှန်း နေမင်းထွန်း ချက်ချင်းသိလို



သည်။ အသံလာရာ ရုံးခန်းတံခါးဝသို့ လှမ်းကြည့်သည်။

စိမ်းပပရပ်နေသည်ကို တွေ့ရသည်။ ဇာအင်္ကျီအနက် ထဘီပြောင်အနက်ဝတ်ထားသည်။ ခင်မိမိ အသုဘကိုလိုက်ပို့ပြီး အပြန်တွင် မိမိရုံးသို့ ဝင်လာခြင်းဖြစ်မည်။

"ဘယ်လိုလဲ ကိုနေမင်းထွန်း ... မစိမ်းကိုလာပါထိုင်ပါလို့ တောင် မဖိတ်ခေါ်တော့ဘူးလား ... "

"ဟာ ... လာပါ ... ထိုင်ပါ ... မစိမ်း မမောတမ်းအကြိမ် တစ်ထောင်လောက် ဖိတ်ခေါ်ချင်တာပါ ... မစိမ်း ရောက် နေမှန်းမသိလို့ပါဗျာ ... လာလိမ့်မယ်လို့လည်း မထင်ဘူး လေ ... "

စိမ်းပပဝင်လာပြီး မျက်နှာချင်းဆိုင်တွင် ထိုင်လိုက် သည်။

"ဒီလောက် ရာသီဥတုပူပြင်းချိန်မှာ အရက်သောက် ဆို တော့ ... သွားလေသူ အသုဘအတွက် စိတ်ထိခိုက်လွန်းလို့ လား ... "

"သွားလေသူဆိုတာက ... ကျွန်တော့်ရင်ထဲက သွားတာနှစ် နှစ်ရှိပြီး ကြာသွားပါပြီ မစိမ်း ... ကျွန်တော့်အဖို့ သွားလေသူ သွားတာဟာ အဆန်းမှမဟုတ်တော့တာ ... အခု အရက် သောက်နေတာက ရှေ့ဆက်လျှောက် ဘာဆက်လုပ်ရကောင်း မလဲလို့ ဦးနှောက်ဆေးရင်း သောက်တာမျိုးပါ မစိမ်း ... "

"ဘာကြောင့်ပဲသောက်သောက် မစိမ်းအမြင်မှာတော့ ... သောက်တာဟာ များလွန်းနေပြီပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... အခုရက်ပိုင်းအတွင်းသောက်တာများနေပါတယ် မစိမ်း ... ဒါဟာ ပုံမှန်သောက်လည်း မဟုတ်ပါဘူး၊ များသောအားဖြင့် အရက်ကိုမသောက်တာများပါတယ်၊ ကြိုက်လို့သောက်တာမျိုးလည်း မဟုတ်ဘူး ... "

"ဒါဆို အခုရက်အတွင်း ဘာလို့ အသောက်များတာလဲ"

"အဲဒီမေးခွန်းကို ကျွန်တော် မဖြေချင်တော့ဘူး ... ဖြေရင်လည်း အပ်ကြောင်းထပ်တွေကိုပဲ ဖြေရမှာပဲ ... တော်တော်စောစောပိုင်းကပဲ ... ကျွန်တော် မစိမ်းရဲ့ဖေဖေဆီ ရောက်ခဲ့တယ် ... စကားတွေအများကြီး ပြောခဲ့တယ် ... အဲဒါကြောင့်ပဲ ... မစိမ်း အခုကျွန်တော့်ဆီလာခဲ့တာပဲ မဟုတ်လား ... "

"မညာတမ်းပြောရင် ဟုတ်ပါတယ်လို့ပဲ ပြောရမှာပဲ၊ ဒါမေမဲ့ ဒီအပြင်အကြောင်းလည်းပါသေးတယ် ... "

"ဒီပြင့်အကြောင်းက ဘာလဲဗျာ ... အဲဒီ ဒီပြင်အကြောင်းဆိုတာ ... ကျွန်တော့်ကို မြိုင်မြို့သစ်က ဂါတ်တဲရဲ့ အညစ်ပတ်ဆုံးနဲ့ ဂျပိုးအကိုက်ဆုံးအခန်းမှာ အချုပ်နဲ့ထည့်ထားဖို့လား မစိမ်း ... "

စိမ်းပပက အလွန်စိတ်ပျက်သော အမူအရာပြသည်။ အလွန်စိတ်ပျက်သောအသံနှင့်လည်း ပြန်ပြောသည်။

"ကိုနေမင်းထွန်းက ဖေဖေ့အပေါ်မှာ အဆိုးဘက်က တော်တော်မြင်နေတာကို ... နောက်ပြီး ဖေဖေ့ကိုလည်း ကိုနေမင်းထွန်း တော်တော်ခြိမ်းခြောက်ခဲ့တယ်နော် ... "



"ခြိမ်းခြောက်တယ်ဆိုတဲ့စကားဟာ မမှန်ပါဘူး ... မြိုင်မြို့သစ်မှာ အမတ်မင်းကို ဘယ်သူက ခြိမ်းခြောက်ရဲမှာလဲ ... ကျွန်တော် ပြောခဲ့တာက ကျွန်တော့်ဘဝဟာ သေမထူးနေမထူးဖြစ်နေပြီ ... ဘာမဆိုရင်ဆိုင်မယ် ... ယှဉ်ပြိုင်မယ်လို့သာ ပြောခဲ့တာပါ ... အခြေအနေဖြစ်ရပ်မှန်တွေဟာ ဒီလိုတွေပါလို့ ရှင်းပြပြီး ဘာမဆို ကျွန်တော် ယှဉ်ပြိုင်ဖို့သတ္တိတွေ မွေးထားပြီဆိုတာကို ပြောခဲ့တာပါ ... "

"ကိုနေမင်းထွန်း ယှဉ်ပြိုင်ရင်ဆိုင်ရမှာက ... ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ပါ ... အထူးသဖြင့် ကိုဝေလွင်ဆိုပါတော့ ... ဒါကလည်း ခင်မိမိနဲ့ပတ်သက်ခဲ့လို့ မဟုတ်လား ... ခင်မိမိအသတ်ခံရတာ ကိုဝေလွင်ရဲ့လက်ချက်ဆိုတဲ့ အစွဲနဲ့တိုက်ပွဲကို စိန်ခေါ်တာမဟုတ်လား ... "

"အခု မစိမ်းပြောနေတာတွေဟာ ဒီကောင်နဲ့တွေ့ရင် ဒီပြောလို့ သင်ပေးလိုက်တာတွေကို ပြောနေတာပဲမဟုတ်လား ... ကဲ ... ကျွန်တော် တစ်ခု မေးစမ်းပါရစေမစိမ်း ... အခု အင်ပီးရီးယားဘဏ်က ကျွန်တော့်ကို ပရက်ရှာပေးလာတာကော မစိမ်း သိသလား ... "

"ဟင့်အင်း မသိဘူး ... "

"ဘဏ်တစ်ခုရဲ့ လုပ်ရိုးလုပ်စဉ်မဟုတ်တဲ့နည်းနဲ့ ကျွန်တော့်ကို ပရက်ရှာပေးလိုက်တာပဲ ... ကျွန်တော် ရေရေလည်လည် ခံလိုက်ရတယ် ... ဒီမြို့မှာ အစိုးရဘဏ်မရှိတော့ သူလုပ်ချင်သလို ဖြစ်နေတာပေါ့လေ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအင်ပီးရီးယားဘဏ်က ပရက်ရှာပေးတာလဲ ..."

"ဒါတွေထားလိုက်ပါတော့လေ ... ကျွန်တော်မပြောလည်း တစ်ပတ်အတွင်း မစိမ်းအလိုလိုသိလာမှာပဲ... နောက်တစ်ခု ထပ်ပြောမယ် ... ကိုဝေလွင်ဟာ ကျွန်တော် အလဲထိုးပြီး မှောက်သွားအောင် သူတို့ထဲမှာ အတော်ဆုံးလို့သတ်မှတ်ထားတဲ့ လူလုဆိုတဲ့လူမိုက်နဲ့ ကျွန်တော့်ကိုဝင်တီးတာကော မစိမ်းသိသလား ..."

"လုံးဝ မသိဘူး ..."

"ကျွန်တော် ကံကောင်းနေသေးတယ်ဆိုပါတော့ ... အဲဒီည က လူလုပဲခံသွားရတယ် မစိမ်း ..."

"ဒါတော့ ယုံတယ် ... ဖေဖေကပြောတယ် ... ကိုနေမင်းထွန်းဟာ ဆင်ပေါက်ဟူစိန်ကိုတောင် အလဲထိုးတဲ့လူတဲ့"

"ဒါတွေထားလိုက်ပါလေ ... အခု မြိုင်မြို့သစ်ကို မစိမ်းပြန်ရောက်လာတာ မကြာသေးတော့ ... မသိတာတွေ အများကြီးရှိမယ် ... ဒီမြို့မှာ မစိမ်းရဲ့ဖေဖေအမတ်ဖြစ်လာပြီးမှ ဘယ်လောက်ပျက်စီးပြီး ဘယ်လောက်ထိဒုစရိုက်မြို့ဖြစ်နေတယ်ဆိုတာရော မစိမ်းသိသလား ..."

"ပြန်ရောက်ပြီး နည်းနည်းပါးပါးတော့ ကြားတယ် ... ဒါကလည်း ဦးလှိုင်မင်းနဲ့ကိုဝေလွင်တို့လုပ်နေကြတာပဲ၊ တကယ်တော့ ဒုစရိုက်ဖြစ်လာရင် အရေးယူနိုင်တာက ရဲအဖွဲ့နဲ့ တရားရုံးပဲ ... မစိမ်းအမြင်တော့ ... ဖေဖေအမတ်ဖြစ်လာပြီးမှ ... ဒီမြို့ဟာ စည်ပင်သာယာလုပ်ငန်းတွေအများကြီး



တိုးတက်လာတာမို့ စခန်းသာမြို့လို့တောင် လူတွေပြောနေကြတာပဲ ..."

"မစိမ်းကို ကျွန်တော် သနားတယ် ... မစိမ်းဟာ မိခင်မရှိတော့တဲ့နောက် အချစ်တွေ ဖခင်အပေါ်မှာပဲ စုပြုံရောက်သွားပြီး ဖခင်လုပ်သမျှအကောင်းတွေပဲမြင်တယ်၊ တကယ်တော့ ကိုဝေလွင်နဲ့ဦးလှိုင်မင်းလုပ်သမျှကို အမတ်မင်းအရှိန်အဝါနဲ့ ရှေ့ကဒိုင်းလိုကာကွယ်ပေးထားတယ် ... ရဲအဖွဲ့ကလည်း မဲဖမ်းရဲ ... တရားရုံးကလည်း မစီရင်ရဲဖြစ်နေတယ် မစိမ်း ... အမတ်မင်းကလောင်တစ်ချက်တို့လိုက် တယ်လီဖုန်းတစ်ချက်ပြောလိုက်တာနဲ့ ... ရာထူးချခံရ ... အလုပ်ပြုတ်ရ ... နယ်ပြောင်းခံရတွေကို ကြောက်ပြီး အမတ်မင်းအကာအကွယ်ပေးထားတဲ့အလုပ်တွေမှာ ဝင်မစွက်ရဲကြဘူး ..."

"ဖေဖေဟာ အဲဒီလောက်အထိတော့ လုပ်မယ်မထင်ပါဘူး၊ ဒီမြိုင်မြို့သစ်အပေါ်မှာ ဖေဖေက သံယောဇဉ်ကြီးတဲ့လူပဲဟာ ..."

နေမင်းထွန်း ထိုင်ရာမှ ထရပ်လိုက်သည်။

"ကဲ ... ဒါဆို မစိမ်း ကျွန်တော်နဲ့လိုက်ခဲ့ ... မြိုင်မြို့သစ်ဟာ ဘယ်လောက်ပျက်စီးနေတယ်ဆိုတာ လက်တွေ့မျက်မြင် ကျွန်တော်လိုက်ပြပေးမယ် ... များသောအားဖြင့် ဒုစရိုက်လုပ်ငန်းတွေ လုပ်နေတာ ... တခြားကလာတဲ့လူစိမ်းတွေများတယ် ... ဒီတော့ သူတို့မစိမ်းကိုလည်း မသိမမြင်ဖူးကြ

www.burmeseclassic.com

www.burmeseclassic.com



ဘူး ... ကျွန်တော့်ကိုလည်း သိပ်မသိကြဘူး ... ကျွန်တော်နဲ့ မစိမ်းသွားရင် ပကတိအတိုင်းမြင်ရမယ် ... "

စိမ်းပပက နေမင်းထွန်း ခေါ်ရာသို့ လိုက်ပါလာ၏။

ooo 📖 ooo



## ( ၁၇ )

မြို့၏အစွန်အဖျားပိုင်းသို့ရောက်လာသည်။ ယခင်ဆိုလျှင် ဤမြို့စွန်နေရာတို့တွင် လိမ္မော်ခြံ၊ မက်မန်းခြံ စသည်များ စိုက်ပျိုးသည့်နေရာမှန်း စိမ်းပပသိထားသည်။

ယခု ... သီးစိုက်ခြံတွေ မရှိတော့။ ထိုခြံနေရာတွင် ကော့တိတ်(ခ်)ခေါ် တစ်ထပ်တိုက် သေးသေးလေးတွေ စီစီရီရီ ဆောက်ထားသည်။ လူနေအိမ်လို တစ်ထပ်တိုက်မျိုးမဟုတ်။ ပေအစိတ်ပတ်လည်ခန့်ရှိ တိုက်အိမ်သေးသေးလေးတွေဖြစ်သည်။ စီစီရီရီ ဆင်တူလေးတွေ ဆောက်ထားသည်မို့ ကြည့်ကောင်းပါ၏။

ထိုတိုက်ပိစိကွေးလေးတွေ ဆောက်ထားသည်ကို လှပသောခြံစည်းရိုးကြီး ကာရံထားသည်။

ခြံစည်းရိုးကြီး၏ အဝင်တံခါးထိပ်တွင် လှပသော ဆိုင်းဘုတ်ကြီးတပ်ဆင်ထားပါ၏။

"သုခပဒေသာ တည်းခိုရိပ်သာ"

ဟု အမည်ပေးဆိုင်းဘုတ်အကြီးကြီးဖြစ်ပါ၏။ ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်အောက်တွင် ချိတ်ဆွဲထားသော အမည်းခံတွင် အဖြူစာလုံးဖြင့် ရေးထားသည်ကို နေမင်းထွန်းက ကားရပ်ပေးပြီး စိမ်းပပကို ဖတ်စေသည်။

တစ်ရက်–တစ်ည၊
တစ်ဆီတင်း၊ တစ်လ
ပျော်သမျှ–အပန်းဖြေနိုင်သည်။
စိတ်ချစွာ အပန်းဖြေပါ။
အားလုံးတာဝန်ယူသည်။

နေမင်းထွန်းကပင် ရေးထားသောစာတွေကို စိမ်းပပအား ဖတ်ပြသည်။ စိမ်းပပကိုယ်တိုင်ကလည်း လိုက်ဖတ်နေပါ၏။

“တစ်ရက်–တစ်ည မဟုတ်ဘဲ … တစ်ခဏ … တစ်နာရီလည်း တည်းခိုလို့ရတယ်မစိမ်း … ဒါပေမဲ့ တစ်နာရီတစ်ခဏ တည်းခိုရင်လည်း သတ်မှတ်ထားတဲ့ တစ်ရက်နှုန်းပေးရတယ် … ”

စိမ်းပပက စီစီရီရီ တိုက်အိမ်ငယ်လေးတွေက လှလှပပရှိသည်မို့ စိတ်ဝင်စားစွာ ငေးကြည့်နေမိသည်။

ဘာဖြစ်လို့ ပေအဝက်ပတ်လည်သေးသေးငယ်ငယ်လေးတွေဆောက်ထားပါလိမ့်။ တိုက်အိမ်လေးတွေမှာ လှပသော်လည်း မိသားစု အိမ်ထောင်စု မနေလောက်။

ပြီး … တိုက်အိမ်လေးတိုင်းသည် တံခါးတွေ ပိတ်ထားကြသည်။

“အဲဒီ တိုက်အိမ်လေးက သေးပေမဲ့ … အထဲမှာ နှစ်ယောက်



အိပ်ခုတင် မွေ့ရာတွေရှိတယ် … ရေချိုးခန်းရှိတယ် … ရေအိမ်ရှိတယ် … ဧည့်ခန်းမရှိဘူး … မီးဖိုခန်းမရှိဘူး”

နေမင်းထွန်းက စိမ်းပပကို ပြောပြနေစဉ်မှာပင် ဂျစ်ကားတစ်စီးဝင်လာသည်။ ဂျစ်ကားပေါ်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးပါလာသည်။ တံခါးပိတ်ထားသော တိုက်အိမ်တစ်ခုရှေ့တွင် ကားရပ်ကာ အမျိုးသားနှင့်အမျိုးသမီးဆင်းကြသည်။ ထိုတိုက်အိမ်၏ ပိတ်ထားသော တံခါးသော့ ဖွင့်ဝင်သွားကြသည်။ ပြီး တံခါးကိုပြန်ပိတ်လိုက်ကြသည်။

တစ်ခဏအတွင်းမှာပင် နောက်ထပ်ဖိုနှင့်မ တစ်စုံသည် ဖင်မလီယာကားနှင့် ရောက်လာကြပြန်သည်။ ပိတ်ထားသော အခြားတိုက်လေး၏ တံခါးကိုဖွင့်ဝင်သွားပြီး တံခါးပြန်ပိတ်သည်ကို တွေ့ရပြန်သည်။

“ဒီမြို့ဇာတိဖြစ်တဲ့ မစိမ်းဟာ ဟောဒီ သုခပဒေသာ တည်းခိုရိပ်သာ အကြောင်း ဘယ်လောက်ထိ သိထားသလဲ … ”

“ဒီနေရာဟာ ဟိုတုန်းက ခြံသမား ဥယျာဉ်သမားတွေ ခြံစိုက် သီးပင်စိုက်တဲ့နေရာလို့ပဲ မစိမ်းသိထားတယ် … ဒီလို တည်းခိုခန်းဖွင့်ထားမှန်း မစိမ်းမသိဘူး … ”

“မြိုင်မြို့သစ် အဲဒီလိုတည်းခိုတိုက်ခန်းတွေ မြို့စွန်နေရာတိုင်းမှာရှိနေတယ် … အားလုံး တည်းခိုတိုက်အိမ်လေးတွေ အားလုံးဟာ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်တို့ရဲ့ လုပ်ငန်းတွေချည်းပဲ … ”

“နေပါဦး … မြိုင်မြို့သစ်လိုနေရာမှာ တည်းခိုသူတွေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်များများ ရှိမှာမို့လဲ ... မောင်းမကန်တို့ ပေလီလို
နေရာမျိုးလည်းမဟုတ်ဘဲနဲ့ ... မစိမ်းရဲ့ကျောင်းတုန်းက
သူငယ်ချင်းတွေဆိုရင် မြိုင်မြို့ဆိုတာ ကြားတောင် မကြား
ဖူးကြဘူး ... ထောက်ပြဖို့ မြန်မာပြည် မြေပုံထဲမှာ မြိုင်မြို့
သစ်ဟာ ပါလည်းမပါဘူး ... ”

“တကယ်တော့ ဒီတိုက်အိမ်လေးတွေဟာ တကယ့်တည်းခို
ခန်းတွေမှ မဟုတ်တာဘဲ မစိမ်း ... အမျိုးသားနဲ့အမျိုးသမီး
လာပြီးပျော်ပါးတဲ့ တိုက်အိမ်တွေပဲ ... ကိုယ့်အတွဲနဲ့ကိုယ်
လာလို့လည်းရတယ် ... တကယ်လို့ အမျိုးသားမှာ အတွဲမပါ
ရင်လည်း အဲဒီတည်းခိုရိပ်သာ အုပ်ချုပ်သူက စိတ်ကြိုက်
အမျိုးသမီးထုတ်ပေးတယ် ... ကြေးတော့ကြီးတယ် ...
ရာဂဏန်း ... ထောင်ဂဏန်းပဲ ... ရှင်းရှင်းပဲပြောမယ် မစိမ်း
ဦးလှိုင်မင်းနှင့်ကိုဝေလွင်ဟာ ‘သုခပဒေသာတည်းခိုရိပ်သာ’
အမည်ခံပြီး ဇိမ်လုပ်ငန်းဖွင့်ထားတာပဲ ... ကျွန်တော်
အပြောရိုင်းရင် ခွင့်လွှတ်ပါ မစိမ်း ... မစိမ်း နင့်ခနဲ သဘော
ပေါက်စေချင်လို့ အပြောရိုင်းတာပါ ... ”

“အို ... ”

“မအိုနဲ့ မစိမ်း ... မြိုင်မြို့သစ်မှာ အဲဒီလို ဖြစ်နေတယ် ...
အရွယ်ရောက်ပြီး ... ကောင်းကောင်းဝတ်ဝတ် ကောင်း
ကောင်းစားချင်တဲ့အမျိုးသမီးတွေဟာ ငွေရလွယ်တဲ့ ဖြတ်
လမ်းနည်းနဲ့ ... ဒီနေရာတွေမှာ သူတို့ရဲ့ဘဝကို စတေးကြ
တယ် ... အဲဒီလို အမျိုးသမီးအရွယ်ကောင်းတွေကို ကို



လွင်နဲ့ ဦးလှိုင်မင်းက အများကြီးမွေးထားတယ် ... ကဲ ...
ဘယ်လောက် ဒီမြို့အတွက် ရင်နာစရာကောင်းသလဲ ...
နောက်တစ်ချက်က ငွေကြေးချမ်းသာသူ တော်တော်များ
များဟာ ဒီလိုဇိမ်ကိစ္စနဲ့ လောင်းကစားကိစ္စမျိုးမှာ ငွေကို
ဒလဟော အကုန်ခံဖို့ ဝန်မလေးကြဘူး ... ဒါကြောင့် လူစိမ်း
တွေ ဒီမြို့ကို အလာများတယ် ... ဒီမြို့မှာ ပျော်ပါးကြတယ်၊
ဒီတော့ ... မစိမ်းဖေဖေရဲ့ မဲဆန္ဒမြို့ဖြစ်တဲ့ ဒီမြို့မှာ ဒီလိုတွေ
ဖြစ်နေတာကို မစိမ်း ဘယ်လိုသုံးသပ်မလဲ ... ”

“သွားကြစို့ ကိုနေမင်းထွန်း ... ”

“ပြန်ချင်ပြီလား မစိမ်း ... အခု မစိမ်းကို ခေါ်ပြတာဟာ
တစ်စိတ်တစ်ဒေသပဲ ရှိသေးတယ် ... နောက်ထပ်ပြစရာ
တွေ ရှိသေးတယ် ... ”

“ဘာတွေလဲ ကိုနေမင်းထွန်း ... ”

“ဟိုးနေတဲ့ တိုက်အိမ်ကြီးထဲမှာ ရေခဲသေတ္တာ ... ပန်ကာ
တွေနဲ့ လိုချင်တဲ့နိုင်ငံခြားအရက်မျိုးစုံရပြီး ငွေတွေ အပုံလိုက်
ကစားနေတဲ့ ဂျင်ဝိုင်း ... ဖဲဝိုင်း ... မာကျောက်ဝိုင်း ...
ရှိုးဝိုင်းတွေရှိသေးတယ် ... အဲဒါတွေအားလုံး ဦးလှိုင်မင်းနဲ့
ကိုဝေလွင်ရဲ့လုပ်ငန်းတွေပဲ ... ဒီလိုလုပ်ငန်းတွေလုပ်တော့
လက်သပ်မွေးလူမိုက်တွေကိုလည်း မွေးရတယ် မစိမ်း ...
တကယ်တမ်း အားမနာတမ်းပြောရရင် ဒီမြို့ရဲ့ကျက်သရေနဲ့
အလှအပတွေကို ဖျက်ဆီးပစ်နေတာ ... ဦးလှိုင်မင်းနဲ့ကိုဝေ
လွင်ပဲ ... သူတို့နှစ်ယောက်က လူမိုက်မွေးသလို မစိမ်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေအမတ်မင်းကိုလည်း မွေးထားတာ ... ”
“တော့်ပါတော့ ကိုနေမင်းထွန်း ပြန်ကြပါစို့တော့ ... ”
“ဂျင်ဝိုင်းတွေ ... ရှိုးဝိုင်းတွေကို သွားမကြည့်တော့ဘူးလား မစိမ်း ... ”
“မကြည့်ချင်တော့ဘူး ... ဒီလို ကိုနေမင်းထွန်းက လိုက်ပြ လေ ကိုနေမင်းထွန်းမှာ အန္တရာယ်ကြီးလေဖြစ်လာလိမ့် မယ် ... ”
“အဲဒါပါပဲ မစိမ်း ... ဒီမြို့က လူငယ်တချို့ဟာ မိဘအိမ်က ရွှေတွေ ငွေတွေခိုးပြီး ဒီဓိမ်ခန်းတွေနဲ့ ဒီကစားဝိုင်းတွေမှာ လာဖြုန်းကြတယ် ... ဘဝပျက်ကြတယ် ... အမျိုးသမီး လေးတွေလည်း အဲဒီဖွင့်လှစ်ထားတဲ့ ဓိမ်လုပ်ငန်းမှာ ဘဝ ပျက်ကြတယ် ... ဘယ်သူတွေ ဘယ်လောက် ဘဝပျက် ပျက် အကျိုးစီးပွားတွေဖြစ်သည်ထက် ပိုဖြစ်လာတာက တော့ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ပဲ ... ကျွန်တော် ဒီမြို့မှာ လုပ်ငန်းလုပ်ဖို့ ပထမလုပ်ငန်းပိုင်ရှင် ကိုလင်းဆီက ဝယ် တော့ ... ကိုလင်းကပြောတယ် ... ဒီမြို့မှာ ဒီလိုတွေဖြစ်နေ တယ် ... ကိုလင်းကတော့ ဦးလှိုင်မင်းနဲ့ကိုဝေလွင်ကို ရင် မဆိုင်ရဲတော့တာမို့ သူ့လုပ်ငန်းတွေအားလုံး လျှော့ဈေး ရောင်းပြီး ဒီမြို့ကလစ်ပြေးတာ ... ဒီတော့ ကိုလင်းဆီက လုပ်ငန်းတွေ ဝယ်လိုက်ချိန်ကစပြီး ဦးလှိုင်မင်းနဲ့ကိုဝေလွင် ရဲ့ ဒုစရိုက်လုပ်ငန်းတွေကို နေ့စွဲ ရက်စွဲ နာရီအချိန်နဲ့ တစ်ခု ကျတော့ ခါတ်ပုံပါအရ ရိုက်ယူပြီး သူတို့ရဲ့ ဒုစရိုက်လုပ်ငန်း



မှန်သရွေ့ ကျွန်တော် မှတ်တမ်းကြီးပြုစုခဲ့တယ်၊ ကျွန်တော် သူတို့ကို ချောက်တွန်းဖို့ မရည်ရွယ်ပါဘူး ... ကျွန်တော့် အတွက် အရေးကြုံလာရင် ဘေးဆီးရန်ကာ ကာကွယ်နိုင်ဖို့ မှတ်တမ်းကြီးကို ပြုစုထားတာပါ ... ”
“အဲဒါလည်း မကောင်းဘူးပေါ့ ကိုနေမင်းထွန်း ... ကိုနေမင်း ထွန်းဟာ အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်မှာပေါ့ ... ”
“အခုဖြစ်ပြီလေ ... ကျွန်တော့်ကို သူတို့အန္တရာယ်လုပ်လာ ပြီ ... ကျွန်တော်ဆိုတဲ့ကောင်က ပထမလူ ကိုလင်းလို ရေ မြေမှမဟုတ်တာ ... ကျွန်တော်က မြွေပွေး မစိမ်း ... မြွေ ပွေးဆိုတာ သူ့ဟာသူခွေနေရင် ဘယ်သူ့ကိုမှ မပေါက်ဘူး၊ အဲ ... သူ့အသားကို ထိလာရင်တော့ ... လာနားတဲ့ယင် ကောင်ကိုတောင် အလွတ်မပေးဘူး ... မိအောင်ပေါက် တယ် ... ပေါက်ချက်မှာ အဆိပ်လည်းပြင်းတယ် ... အခု မစိမ်းကြားသိတဲ့အတိုင်း ဦးလှိုင်မင်းနဲ့ကိုဝေလွင်က မြွေပွေး ကို အလမ္ပယ်ပြချင်ကြတယ်လေ ... ”

အပြန်ခရီး ကားမောင်းရင်း နေမင်းထွန်းက ပြော ဘာရာ တိုက်အိမ်ကြီးတစ်ခုရှေ့တွင် နေမင်းထွန်းကားဘရိတ်အုပ်ပြီး ခန့်ခနဲ ရပ်လိုက်သည်။

ပြီး ထိုတိုက်အိမ်ကြီးရှေ့တွင် ရပ်ထားသော အထွေ ထွေနံပါတ်ဖြင့် ဖီးယက်ကားသစ်လေးကို နေမင်းထွန်း ရှုးစိုက်စွာ ကြည့်သည်။

ဟိုတစ်ညက ဒီဖီးယက်ကားလေးပင် ကောသိစိုး၏

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းရှေ့တည့်တည့်တွင် ရပ်ထားသည် မဟုတ်လား။

"ကြည့်လှချည်လား ကိုနေမင်းထွန်း ... ဘာလဲ ... ဒီတို
အိမ်ကြီးကလည်း ဂျင်ပိုင်း ကစားဝိုင်းမို့လား ..."

"ဟုတ်တယ် မစိမ်း ... ဒီတိုက်အိမ်ကြီးဟာ ဇဟိုကစားဝိုင်
ကြီးပဲ ... ဒါပေမဲ့ နေ့တိုင်းတော့ မဟုတ်ဘူး ... အချိုကြီးခို
ပြီးမှ တကယ့်ကော်ဇာတွေ ကစားတဲ့ ချိန်းဝိုင်းအိမ်ကြီး ...
ဒီတိုက်အိမ်ဟာ ... ကိုဝေလွှင်ရဲ့ပါတနာတစ်ယောက်ပိုင်
အိမ်ကြီးပဲ မစိမ်း ..."

"ဟုတ်မှာပေါ့ ... ဟိုဖီးယက်ကားသစ်လေးဟာ ကိုဝေလွှ
ရဲ့ကားသစ်လေးပဲ ... ချိန်းဝိုင်းရှိလို့ ကိုဝေလွှင်ရောက်
တာ ဖြစ်မှာပေါ့ ..."

"ဘာရယ် ... အဲဒီဖီးယက်ကားသစ်လေးဟာ ကိုဝေလွှင်
ကားတဲ့လား ... ကိုဝေလွှင်မှာ မာဇဒါဆီဒင်ဆလွန်းကာ
လေးရှိနေတာပဲ မစိမ်း ..."

"ဒီဖီးယက်ကားက အင်ပို့လိုင်စင်နဲ့မှာယူပြီး ရောက်လာ
ကိုဝေလွှင်ရဲ့ကားသစ် နောက်တစ်စီးလေ ... အခု သူ
ကားနှစ်စီးရှိနေတာပဲ ..."

နေမင်းထွန်း ဆက်စပ်တွေးလိုက်မိပါ၏။

ဒါပေမဲ့ ...

ဟိုညက ကေသီစိုးတိုက်ခန်းရှေ့တွင် ကိုဝေလွှင်
ဖီးယက်ကားရပ်ထားပြီး ကေသီစိုးတိုက်ခန်း၌ ကိုဝေလွှင်ရော
နေသည်ဖြစ်မည်။



ကိုဝေလွှင် ရောက်နေပါလျက် ကေသီစိုးက တိုက်ခန်းတွင် အားအလွန်နည်းသော ဗိုက်ဝဒ်မီးသီးလေးသာထွန်းပြီး အမှောင်ချထားသည်မှာ ဘာသဘောပေနည်း။

အလေးအနက် စဉ်းစားစရာပါပေ။

နေမင်းထွန်း လင်းရှိဗာကားကို ဆက်မောင်းလာခဲ့ပြီး စိမ်းပပအိမ်ရှေ့တွင် ရပ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုနေမင်းထွန်း ... မြို့မြို့သစ်မှာ
မစိမ်း မသိတာတွေကို သိအောင်ပြောပြရှင်းပြပြီး လက်တွေ့
လိုက်ပြတာကို တကယ်ကျေးဇူးတင်တာပါ ..."

နေမင်းထွန်းက လက်ပြနှုတ်ဆက်ပြီး ကားဆက်မောင်းခဲ့သည်။

ooo ❑ ooo

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၈ )

ကေသီစိုးကို သူမ၏တိုက်ခန်းမှာပင် တွေ့ရသည်။

တံခါးခေါက်လိုက်သည်နှင့် ကေသီစိုး အပြေးလေး ထွက်လာသည်။ တံခါးဖွင့်ပေးပြီး နေမင်းထွန်း ဂံခါးဝတွင် ရပ်နေသည်ကိုတွေ့သည်နှင့် ကေသီစိုး၏မျက်နှာမှာ ဝံ့ပိအံ့သြသွားသော မျက်နှာ သိသာစွာပေါ်လာသည်။

ကေသီစိုးသည် တစ်စုံတစ်ယောက် လာမည်ကို မျှော်နေမှန်းတော့ သေချာသည်။

သို့သော် ကေသီစိုးမျှော်နေသူမှာ မိမိနေမင်းထွန်း မဟုတ်မှန်းလည်း ကေသီစိုး၏အမူအရာအရ သိသာနေပြန်သည်။

"ဩ ... အစ်ကိုပါလား ..."

"ဟုတ်တယ်ကေသီ ... တို့ နေမင်းထွန်းပါပဲ ..."

"ကေသီက အစ်ကိုကေသီ့ဆီလာမယ်လို့ မမျှော်လင့်ထားဘူး ... ဘာလို့လဲဆိုတော့ အစ်ကို စိမ်းပပနဲ့အတူကားနဲ့ သွားနေတာကို ကေသီ သိနေလို့ ..."



နေမင်းထွန်း ဧည့်ခန်းတွင် ဝင်ထိုင်သည်။

ဧည့်ခန်းစားပွဲပေါ်တွင် မဖောက်ရသေးသောစီစကီ ပုလင်းအသစ်စက်စက်၊ ဆိုဒါဆိုက်ဖွန်းဖန်ခွက်များနှင့်အတူ ဝက်အူ ချောင်းကြော် ပန်းကန်ကိုပါ တွေ့ရသည်။

ကိုဝေလွင်လာလျှင် အသင့်သောက်ရန် စားရန်မှန်း နေမင်းထွန်း အကဲခတ်မိပါ၏။

ကေသီစိုးသည် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ဒီနေ့ အစ်ကိုဝတ်လုံတော်ရမလေး စိမ်းပပနဲ့အတူ သွားခဲ့တာ တော်တော်ပျော်ရဲ့လားဟင် ..."

"တို့ ... အပျော်တမ်း ကားလျှောက်စီးတာမှ မဟုတ်တာ ကေသီ ... မစိမ်းကို မြိုင်မြို့သစ်ရဲ့ အယုတ်မာဆုံးနေရာဖြစ်တဲ့ သုခပဒေသာရိပ်သာလို့ နာမည်ပေးထားတဲ့ ဆောင်ကြာမြိုင် ဗိမ်ခန်းတိုက်တွေကို လိုက်ပြတာ ... နောက်ပြီး ကစားဝိုင်းနေရာတွေ ဘိန်းနဲ့ကုတ်ကင်းသုံးကြတဲ့ နေရာတွေကိုလည်း လိုက်ပြတယ် ..."

"အဲ ... ကြည့် ကေသီက အကောင်းမေးတာ အစ်ကိုကရွဲ့ပြီး ပြောနေတယ် ..."

"တို့မရွဲ့ပါဘူး ... တည့်တည့်အမှန်တွေချည်းပြောနေတာ၊ မြိုင်မြို့သစ်ရဲ့ ဘယ်နေရာ အစွန်အဖျားတွေမှာ ဘယ်လို ဒုစရိုက်လုပ်ငန်းကြီးတွေ ရှိနေတယ်ဆိုတာ ကေသီလည်း သိသားနဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အိုး ... အဲဒါတွေ ကေသီ ဘာသိမှာလဲ ..."

"ကေသီ သိပါတယ် ... ဘာလို့လဲဆိုတော့ ... ဒီဒုစရိုက်အလုပ်တွေအားလုံးဟာ ကိုဝေလွင် ဖန်တီးထားတာပဲဟာ"

"ဘာဆိုင်လဲ ... အစ်ကို့စကားက ..."

"သိပ်ဆိုင်တာပေါ့ ကေသီ ... တကယ်တော့ ... ကေသီနဲ့ ကိုဝေလွင်ဟာ သိပ်ကိုရင်းနှီးပတ်သက်နေသူတွေပဲဟာ"

တစ်မုဟုတ်ချင်း ... ကေသီစိုး၏မျက်နှာအမူအရာ ပြောင်းသွားသည်။ သူခိုးလူမိမျက်နှာမျိုးဟု ဆိုနိုင်သည်။ နေမင်းထွန်းအား မလိုလားသောမျက်နှာသို့ ပြောင်းသွားသည်။ ရွံရှာမုန်းတီးသော မျက်နှာဟုလည်း ဆိုနိုင်သည်။

"နောက်ဆုံးတော့ ကိုဝေလွင်နဲ့ကေသီလက်ထပ်ခဲ့တာတွေကို တွေ့မြင်လာခဲ့တာပဲ ကေသီ ..."

"စွပ်စွဲချက်ကြီးက ဓွတ်ကြီးပါလား ..."

"လိမ့်ဖို့ မကြိုးစားနဲ့တော့ ကေသီ ... တို့ဆီမှာ ပီအေအလုပ်ရအောင် ဝင်လုပ်ပြီး အယုံသွင်းခဲ့တာတွေကို တို့ကဖွေမယူပါဘူး ... ဒါပေမဲ့ ကေသီ့ကို ခွင့်မလွှတ်ချင်တာက လောကမှာ ဒီလောက်တောင် ယောက်ျားရှားသလားကေသီ ... ကေသီ စဉ်းစားကြည့်လေ ... ကိုဝေလွင်ဟာ ... သူ့ကိုယ်ကျိုးနဲ့ ပတ်သက်လာရင် လက်ထပ်ထားတဲ့ဇနီး ခင်မိမိကိုတောင် သတ်ခဲ့တဲ့လူပဲ ... ကေသီ့လို တိတ်တိတ်ပုန်းထားတဲ့ မိန်းမမျိုး ..."

"အို ... ဟုတ်ကိုမဟုတ်ဘူး ခင်မိမိကို ကိုဝေလွင်သတ်တာ



ဟုတ်ကိုမဟုတ်ဘူး ..."

"ဩ ... ဒါဆို ခင်မိမိက ကတ်သီးကတ်သတ် သူ့နောက်ကျောကို သေနတ်နဲ့ ခဲရာခဲဆစ် ပြောင်းတေ့ပြီးမှ ဖြုတ်ချပြီး သူ့ကိုယ်သူ သတ်သေသွားတာပါလို့ ကေသီက ပြောချင်သေးလား ... ရယ်စရာကြီးပါလား ကေသီ ..."

"ကိုနေမင်းထွန်းမှားနေပြီ ... ခင်မိမိအသတ်ခံရလို့ သေတဲ့ညက ကိုဝေလွင်ဟာ ကေသီနဲ့အတူ ဒီတိုက်ခန်းမှာရှိနေတာ ခင်မိမိကို ကိုဝေလွင် သတ်တာဟုတ်ကိုမဟုတ်ဘူး ..."

"အဲဒီညက ကိုဝေလွင်ဟာ မင်းနဲ့အတူ ဒီတိုက်အခန်းမှာ အတူရှိနေပါတယ်ဆိုတာက ညဦးပိုင်းအထိတော့ တို့လက်ခံတယ် ... အဲဒီညက တို့ကိုယ်တိုင် ညဦးပိုင်းမှာ ကေသီရဲ့ တိုက်ခန်းတံခါးလာခေါက်ပြီး ကေသီ့ကို အော်ခေါ်ခဲ့သေးတာကိုး ... ဒါပေမဲ့ ကိုဝေလွင်ဟာ ကေသီ့ဆီမှာ ညဦးပိုင်းလောက်သာနေတာပါ ... ညဉ့်နက်ပိုင်းကျတော့ ပြန်သွားတာပဲ ... အဲဒီပြန်သွားတဲ့ ညဉ့်နက်ပိုင်းမှာပဲ ခင်မိမိကို ပစ်သတ်တာ ..."

"အို ... မဟုတ်ဘူး ... မဟုတ်ဘူး ..."

"ဟုတ်ကို ဟုတ်တယ် ... ဒီမယ် ကေသီ ... မင်းဘာပြုလို့ ကိုဝေလွင့်ကို ဘာလို့ ဒီလောက်အထိ ကာကွယ်ထွက်ဆိုနေတာလဲ ... တော်ကြာ ခင်မိမိ လူသတ်မှုမှာ ကေသီပါ ကြံရာပါအနေနဲ့ ပတ်သက်လာနိုင်တယ် ..."

"အို ... ဘာပဲဖြစ်ဖြစ် ကိုဝေလွင်ကို ကျွန်မ ကာကွယ်ပေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ ... ကိုဝေလွင့်ကို ကျွန်မသိပ်ချစ်တယ် ... "

"ခင်မိမိအမှုကို လာစစ်ပြီဆိုရင် မြိုင်မြို့သစ်ရဲစခန်းက ရဲတွေ လာစစ်မှာ မဟုတ်ဘူးနော် ... မြိုင်မြို့သစ်က ရဲစခန်းက အရာရှိကြီးကအစ အောက်လက်ရဲသားတွေထိ ကိုဝေလွင့်က အပိုင်ကိုင်ထားနိုင်တယ်ဆိုတာ ... တခြားကရဲတွေ ရဲ့ စုံထောက်တွေက သိထားလို့ တခြားက ရဲစုံထောက်တွေ လာစစ်မှာ အဲဒါကို မင်းသတိထား ကေသီ"

ကေသီစိုးက ရင်ကော့ပြီး မျက်နှာထားတင်းတင်း မာမာနှင့်ပင် ပြန်ပြောပါ၏။

"တခြားက ဘယ်သူကစစ်စစ် ခင်မိမိအသတ်ခံရတဲ့ညက တစ်ညလုံးမိုးလင်းအထိ ကိုဝေလွင်ဟာ ကျွန်မတိုက်ခန်းမှာ ကျွန်မနဲ့အတူတူရှိနေတယ်လို့ ကျွန်မထွက်ဆိုမှာပဲ ကိုနေမင်းထွန်း ... "

"မင်း ... သိပ်မိုက်မဲပါလား ကေသီ ... "

"ကိုဝေလွင့်အတွက်ဆိုရင် ... ကျွန်မ ဘာမဆိုလုပ်မယ်လို့ ကျွန်မ ပြောခဲ့ပြီပဲ ကိုနေမင်းထွန်း ... ကုန်ကုန်ပြောမယ် ကိုနေမင်းထွန်းဆီမှာ ကျွန်မ ပီအေဝင်လုပ်တာဟာ ကိုဝေလွင်ခိုင်းတာကို ကျွန်မလုပ်တာ ... ကိုဝေလွင်ရဲ့ သူလျှိုအဖြစ် ကျွန်မဝင်လုပ်တာ ... "

"မင်းတော့ အနာကြီးနာတော့မယ် ကေသီ ... မင်း ဘယ်လောက်ပဲ သူ့အတွက် လုပ်ပေးလုပ်ပေး ... သူလုပ်ခိုင်းတဲ့ ကိစ္စမအောင်မြင်ရင် မင်းကို ဝေလွင်က ခွင့်လွှတ်မယ်ထင်



သလား ... ရှိန်းမောင် အလူးအလဲခံသွားရတာကိုပဲ ..င်း ကြည့် ... မင်း ငါ့ဆီချဉ်းကပ်ပြီး ဒလျှိုလုပ်ပေမဲ့ သူတို့သိပ် လိုချင်နေတဲ့ ဒုစရိုက်မှတ်တမ်းကြီးပါအောင် လုပ်မပေးနိုင် တဲ့အတွက် မင်းကို ဝေလွင်က ခွင့်လွှတ်မယ် ထင်သလား"

"အဲဒါ ရှင်ပူစရာမှ မဟုတ်တာ ... ရှင့်ကို ကျွန်မက ညာတုတု လိုက်လျှောဟန်ပြခဲ့တာတွေ ကုန်ကုန်ပြောရရင် မှတ်တမ်းကြီး ပြန်ရဖို့ဆိုရင် ... ကျွန်မ ခန္ဓာကိုယ်ပေးပြီးလုပ်တာကိုတောင် ... ကိုဝေလွင်က ခွင့်လွှတ်တယ်လို့ ပြောထားလို့ ကျွန်မက ရှင့်ကို အများကြီးလိုက်လျှောပုံတွေ ပေးခဲ့တာ... နောက်ဆုံး ကိုဝေလွင့်အနေနဲ့ ရှင့်ဆီက မှတ်တမ်းကြီး လိုချင်ရင် လုပ်ဆောင်ဖို့အချက်နှစ်ချက်တောင် ကိုဝေလွင့်ကို ကျွန်မက အကြံပြုပေးခဲ့သေးတယ် ... ရှင့်ပီအေဆိုတော့ ရှင့်လုပ်ငန်းအခြေအနေတွေ အားလုံးကို သိနေတယ်လေ..."

"မင်းက ... ဝေလွင့်ကို ဘယ်လိုအကြံနှစ်ခုတောင် ပေးခဲ့သလဲ ကေသီ ... "

"ပထမအကြံက ရှင့်ရဲ့အုတ်သဲကျောက်တွေဟာ စံချိန်မမီ အဆင့်မမီလို့ ရီဂျက်လုပ်ပစ်လိုက်လို့ ... "

"မင်း တော်တော်ရက်စက်ပါလား ... "

"ဒုတိယအကြံက ပိုတောင်ပိုင်သေးတယ်လေ ... ရှင် အင်ပီးရီးယားဘဏ်က ချေးထားတဲ့ငွေနှစ်သိန်းကို အတိုးရော အရင်းပါ တစ်ပတ်အတွင်းပြန်ဆပ်ဖို့အကြောင်းကြားလိုက် ဆိုတဲ့အကြံပဲ ကိုနေမင်းထွန်း ... ရှင် ငွေကြေးမပြေလည်

www.burmeseclassic.com

www.burmeseclassic.com



တာမို့ မှတ်တမ်းကြီးအကြောင်းပြုပြီး ငွေဖော်လိမ့်မယ်လို့ ပေါ့ ... ကဲ ... သိပလား ... "

နေမင်းထွန်း ဒေါ်သမထိန်းနိုင်တော့ပေ။

ကေသီစိုး ယိုင်လဲကျသွားသည်။

နေမင်းထွန်းသည် အလွန်စိတ်မကောင်းစွာနှင့်ပင် ကေသီစိုးအခန်းမှ ထွက်လာခဲ့သည်။

ooo 📖 ooo



( ၁၉ )

ကေသီစိုးအား မှတ်တမ်းကြီးကို မပေးသည့်အပြင် ခင်မိမိကို ကိုဝေလွင်သတ်ကြောင်း အထောက်အထား ရှာဖွေနေသည့် နေမင်းထွန်းတွင် အန္တရာယ်သည် အထွတ်အထိပ် ကြီးမားလာပေပြီမှန်း နေမင်းထွန်း ကိုယ့်ဟာကိုယ် သိပါ၏။

အသက်ဉာဏ်စောင့်ဖြင့် ဝိရိယပိုမိုထားရတော့မည်။

နေ့ပိုင်းတွင် အရေးမကြီး ကိုယ့်ဟာကိုယ်ကာကွယ်နိုင်သည်။

ညပိုင်းတွင် အန္တရာယ်အများဆုံး။

နေမင်းထွန်းသည် ဗေဒါကိုရေလယ်ကျွန်းသို့ မောင်းသွားပြီး ထိုမှာပင် အိပ်ရန် ဆုံးဖြတ်သည်။

လင်ရှိဗာကို ထားနေကျ ဂိုထောင်တွင် ထားခဲ့ပြီး ဗေဒါရှိရာသို့ လာခဲ့သည်။

ကမ်းပေါ်မှနေပြီ ဗေဒါပေါ်မတက်မီ ဗေဒါသို့ကြည့်လိုက်ရာ တစ်ခုခုမသင်္ကာစရာရှိနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗေဒါနှင့် ကမ်းသို့ဆက်သွယ်ထားပျဉ်ပြားတံတားသည် လှုပ်လီလှုပ်လဲ့ဖြစ်နေသည်။

ဗေဒါပေါ်တွင် သက်ရှိတစ်ဦး ဒါမှမဟုတ် တစ်ဦးထက်ပိုသောသူများက လှုပ်ရှုပ်နေသောကြောင့် ဗေဒါလှုပ်နေသည်။ ဗေဒါလှုပ်လျှင် ခင်းထားသော ဘောတံတားပျဉ်ချပ် လိုက်လှုပ်သည်သာ။

နေမင်းထွန်းက လာမည့်ဘေးပြေးတွေ့အခြေအနေမို့ ဘာမှုအကြောက်အရွံ့မရှိတော့ဘဲ ဗေဒါပေါ်သို့ လျှောက်ခဲ့သည်။ သို့သော် အထင်ကရ မားမားကြီးလျှောက်သည်မျိုးတော့မဟုတ်၊ အမှောင်နှင့်ရောထွေးပြီး လေးဘက်ကုန်း မိချောင်းသွား သွားခဲ့သည်။

နဂိုကပင် ... လေ့ကျင့်ထားသည်များကြောင့်ရော ဘဝဇာ်ကြောင့်ရော ယခုလို သတိဝီရိယထားသောအခါ ပိုလို့နားပါးသည်။ ပို၍ မျက်စိရှင်သည်။ စက်ခန်းဆီမှ လှုပ်ရှားသံကို ကြားရသည်။

ဗေဒါကိုတံတားနှင့် ချည်ထားသောကြိုးကို ဖြုတ်လိုက်သည်။ ဗေဒါထဲတွင် ရန်သူရှိနေပါက နေမင်းထွန်းတိုက်ခိုက်မည်။ ဗေဒါကို ကြိုးဖြုတ်ပြီး ဗေဒါရေထဲမျောနေပါက ကုန်းပေါ်မှ နောက်ထပ်ရန်သူ အကူအညီထပ်မလာနိုင်စေရန် ဖြစ်သည်။

လမ်းပေါ်မှ လမ်းမီးဖွင့်ထားဆဲ ဆိုင်မီးရောင်များဖြင့် ဗေဒါထဲသို့ နေမင်းထွန်း လှမ်းကြည့်သည်။

ဆင်ပေါက်ဟူစိန်ပင် ဖြစ်ပါ၏။



ကောသီစိုးက မိမိထွက်လာသည်နှင့် ကိုဝေလွှင့်ထံသို့ အကြောင်းကြားသည်ပဲဖြစ်မည်။

ထို့ကြောင့် ဆင်ပေါက်ဟူစိန်ကို ချက်ချင်းစေလွှတ်ပြီး မိမိကိုမကောင်းကြံစေသည်ပင် ဖြစ်တန်ရာသည်။

နေမင်းထွန်းသည် ဗေဒါပေါ်ရောက်သည်နှင့် ဗေဒါ၏မီးခလုတ်ကိုဖွင့်လိုက်ရာ မီးအလင်းရောင်ကြောင့် ခြေမကိုင်မိလက်မကိုင်မိ ပျာယာခတ်သွားသော ဆင်ပေါက်ကို တွေ့ရသည်။

ဆင်ပေါက်သည် ဒိုင်းနမိုက်ကို တစ်ဖက်ကကိုင်ပြီး ကျန်တစ်ဖက်က ဝါယာခလုတ်နှစ်ခုကို ကိုင်ထားသည်။

နေမင်းထွန်း သွက်လှမြန်လှသည်။

အနီးတွင်တွေ့သော ... တူး(လ်)ဘောက်(စ်)ထဲမှ အကြီးဆုံး စပါနာတစ်ချောင်းကောက်ယူကာ ဆင်ပေါက်ဆီသို့ ပစ်ပေါက်လိုက်သည်။

ချိန်သား ကိုက်ပေသည်။ ပစ်လိုက်သော စပါနာသည် ဒေါက်ခနဲ ဆင်ပေါက်၏ဦးခေါင်းကို ထိမှန်ကာ သွေးတွေဖြာထွက်လာသည်။

ဆင်ပေါက်ကြီး လဲကျသွားသည်။

မော်တော်အင်ဂျင်အတွက် တပ်ဆင်ထားသော ဘက်ထရီအိုးပေါ်သို့ လဲကျသွားခြင်းဖြစ်သည်။ ဆင်ပေါက်လက်ထဲမှ ဝါယာစနှစ်ခုနှင့် ဘက်ထရီခေါင်းသာထိလျှင် ဒိုင်းနမိုက် ပေါက်ကွဲမည်။

နေမင်းထွန်း ဘာမှစဉ်းစားမနေတော့ဘဲ ရေထဲသို့

www.burmeseclassic.com



ဒိုင်ဗင်ထိုးချပြီး အားမန်ဖြင့် ဝေးရာသို့အမြန်ကူးခတ်တော့သည်။

"ဝုန်း ..."

ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ မီးတော

နှင့် မီးခိုးတွေ ဗေဒါဆီမှ ထွက်ပေါ်လာသည်။ ပေါက်ကွဲမှုကြော

ဗေဒါအစိတ်အစိတ်အမွှာမွှာအစတွေ မိုးပေါ်ဝဲပြီး ရေထဲသို့ပြန်

သည်။

ဗေဒါသည် ဦးထောင်ပုံမြုပ်ပုံစံဖြင့် မြုပ်သွားပေတော

သည်။

နေမင်းထွန်း ရေစုန်အတိုင်း အတန်ငယ်ကူးလ

ပြီးမှ ကမ်းဝေါ်သို့ တက်ရောက်လိုက်သည်။

မိမိ အလွန်မြတ်နိုးသော 'ဗေဒါ'ခမျာကိစ္စချောသွာ

ပြီ၊ ဒီအတွက် ကိုဝေလွင်နှင့် ဦးလှိုင်မင်းအား နေမင်းထွန်း ဥဒါ

ကျေရှိုးလား။

တော်သေးသည်။

သူတို့အကြံအစည်မှာ ဗေဒါအပေါ်တွင် ဒိုင်းနမို

ဆင်ထားပြီး ဝါယာနှင့်ကမ်းပေါ်တွယ်ကာ မိမိပြန်လာပြီး ဗေဒါပေ

တွင် အိပ်စက်အနားယူမှ ကမ်းပေါ်မှ ဝါယာခလုတ်နှိပ်ပြီး ဗေဒါန

အတူ မိမိကိုဇာတ်သိမ်းကြံစည်ခြင်း ဖြစ်သည်။

နေမင်းထွန်းသည် ကမ်းပေါ်ပြန်ရောက်သည်နှင့် မြ

ရှိရာသို့ ကမ်းနားအတိုင်း ပြန်အလျှောက်တွင် လူတစ်ယော

တလေကိုမျှ မတွေ့။

ယခုအတိုင်းဆိုလျှင် ...



ဗေဒါပေါက်ကွဲနစ်မြုပ်ခြင်းနှင့်အတူ မိမိသေပြီဟု လူတွေအားလုံး ယူဆကြတော့မည်။ တစ်စစီဖြစ်သွားသော ဆင်ပေါက်၏ ခန္ဓာအစိတ်အပိုင်းကိုသည် မိမိ၏ ခန္ဓာအစိတ်အပိုင်းဟုပင် မှတ်ထင်ကြတော့မည်။

နေမင်းထွန်း တွေးလိုက်သည်။

မိမိသေပြီဟု သူတို့ယူဆသည့်အတိုင်း မိမိကရုပ်ပြန်မပြတော့ဘဲ တိတ်တဆိတ် ဦးလှိုင်မင်းနှင့်ကိုဝေလွင်ကို လက်စားချေရန် ဖြစ်သည်။

မြို့ဆိပ်အဝင်တွင် အိမ်ရှေ့တစ်ခုဖွဲ့ ထောင်ထားသော စက်ဘီးကိုစီးကာ မြို့ထဲပြန်လာခဲ့တော့သည်။

ooo ◻ ooo

www.burmeseclassic.com

www.burmeseclassic.com



## ( ၂၀ )

မည်သည့်ရုံးခန်းမီးတစ်ပွင့်ကိုမျှ မဖွင့်ဘဲ အလုပ်စားပွဲအံဆွဲထဲမှ လက်နှိပ်ဓါတ်မီးကိုယူလိုက်သည်။

လက်နှိပ်ဓါတ်မီးအလင်းရောင်ကို ခပ်အုပ်အုပ်ထိုးကာ အမတ်မင်းဦးဘစိမ်း၏ ဖုန်းနံပါတ်ကို ခေါ်ယူလိုက်သည်။

စိမ်းပပနှင့်စကားပြောချင်သောကြောင့် ဖြစ်ပါ၏ သို့သော် ဖုန်းကိုင်၍ ပြန်ပြောသံမှာ အမတ်မင်းဦးဘစိမ်း၏အသံဖြစ်နေသည်။

နေမင်းထွန်းက အသံပြောင်းကာ ဒေါ်စိမ်းပပအား အမှုတစ်ခုအပ်ချင်ကြောင်း ပြောလိုက်သည်။

ဦးဘစိမ်းက ပပကိုခေါ်ပေးသည်။

"အမိန့်ရှိပါ ... ဒီက စိမ်းပပပါ ... "

"ဒီမယ် ... မစိမ်း ကျွန်တော်ပါ ... နေမင်းထွန်းပါ ... မစိမ်း အနားမှာ အမတ်မင်းရှိနေတယ်ဆိုရင် ယုတ္တိရှိအောင် ဆက်ပြောပါ ... "



"အယ် ... "

"မအယ်ပါနဲ့ မစိမ်း ... ကျွန်တော်ပြောတာတွေ သေချာနားထောင်ပေးပါ ... ကျွန်တော် မစိမ်းနဲ့သိပ်ကိုတွေ့ချင်နေတယ် ... ကိစ္စက အရမ်းကို အရေးကြီးနေလို့ပါ ... "

"ဘယ်တော့လဲ ... "

"အခုချက်ချင်း ... "

"မဟုတ်တာ ... ညကြီးမင်းကြီး"

"ဘာကြီးပဲဖြစ်ဖြစ် ... မစိမ်းနဲ့အခုတွေ့မှဖြစ်မှာမို့ပါ ... အခုပဲ ကျွန်တော့်ခန္ဓာကိုယ် တစ်စီဖြစ်မသွားတဲ့အသက်ဘေးက သီသီလေးလွတ်လာတာပါ ... ကျွန်တော့်ကို ယုံဗျာ ... ကျွန်တော် မရိုးမသားခေါ်နေတာ လုံးဝမဟုတ်ဘူး ... "

"ကောင်းပြီလေ ... အမှုကိစ္စကို တယ်လီဖုန်းက မပြောချင်ဘူး ... ရှင်ကိုယ်တိုင်လည်း ကျွန်မဆီ မလာနိုင်ဘူးဆိုတော့ ကျွန်မပဲ လာခဲ့မယ် ... "

"ကျေးဇူးပဲမစိမ်း ... မစိမ်းမှည့်တစ်ပေါက် မစွန်းစေရဘူးလို့ ကျွန်တော် ကတိပေးပါတယ် ... မစိမ်းရဲ့ကားနဲ့ပဲလာပါ။ မစိမ်းကို လမ်းထိပ်မှာ ကျွန်တော် စောင့်နေမယ် ... "

စိမ်းပပ ဖုန်းကိုပြန်ချထားလိုက်သည်။ အနီးတွင်ရှိသော ဖေဖေ့ကို အမှုကိစ္စတစ်ခု အရေးကြီးနေ၍ ကားနှင့်သွားသည်ဖြစ်ကြောင်း ပြောပြသည်။

"သွားတာတော့ သွားပေါ့ သမီး ... သမီးအတွက် ဖေဖေ အဖော်ထည့်ပေးလိုက်မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"မထည့်နဲ့ဖေဖေ ... လူပိုပါလာရင် အမှုသည်က လစ်ပြေးမှ သဘောရှိနေတယ် ... မြိုင်မြို့သစ်မှာ ဖေဖေ့ရဲ့အရှိန်အဝါနဲ့ မစိမ်းကို ဘယ်သူမှ မစော်ကားရဲပါဘူး၊ သမီးမှာ ကာကွယ်ဖို့ လိုင်စင်သေနတ်လေးလည်း ယူသွားမှာပါ ... "

ဦးဘစိမ်း ခေါင်းညိတ်ရပေသည်။

နေမင်းထွန်းသည် ဖုန်းပြောပြီးနောက် စားပွဲအံဆွဲထဲမှ သေနတ်အသစ်လေးကို ထုတ်ယူကာ ကျည်ဆန်အပြည့်ရှိမရှိ စစ်ဆေးပြီး ပြည့်စုံသဖြင့် ဂျာကင်အိတ်ထဲသို့ ထည့်လိုက်သည်။

ရုံးတံခါးပြန်ပိတ်ပြီး စက်ဘီးနှင့်ပင် စိမ်းပပတို့အိမ်လမ်းထိပ်သို့ စီးလာခဲ့သည်။ စက်ဘီးဝှက်ပြီးချိန်မှာပင် စိမ်းပပ၏ ကားလာသည်မို့ လက်တားကာ ရပ်စေပြီး ကားပေါ်တက်ထိုင်လိုက်သည်။

"ကျွန်တော် မောင်းမယ် ... မစိမ်းကဘေးလာထိုင်ပြီး ... ကျွန်တော်ပြောတာတွေ နားထောင်ပါ ... "

စိမ်းပပသည် နေမင်းထွန်းပြောသမျှ ဘာမဆို လိုက်လျောချင်သောကြောင့်ထင်ပါ့ ... နေမင်းထွန်းဆန္ဒအတိုင်း ကားကို မောင်းစေပြီး သူမက ဘေးတွင်ယှဉ်တွဲထိုင်ပါ၏။

"ကိစ္စက တကယ်သေရေးရှင်ရေးလား ... "

နေမင်းထွန်းက ဗေဒါတွင်ဗုံးအဖောက်ခွဲခံရကြောင်းနှင့် မိမိလွတ်မြောက်လာကြောင်းကို အစအဆုံး ပြောပြလိုက်သည်။

"ဗုံးဖောက်ခွဲသူဟာ ကိုဝေလွင်ရဲ့တပည့်ဆင်ပေါက်ဟူစိန်ဆိုတာ သေချာပါတယ်နော် ကိုနေမင်းထွန်း ... "



"သိပ်သေချာတာပေါ့ ... ဆင်ပေါက်နဲ့ကိုယ်တိုင်ဖိုက်ဖူးတာမို့ ဆင်ပေါက်ကို ကျွန်တော် သေချာမြင်ဖူးသိဖူးနေတာပဲ"

"အဲဒီတော့ ကိုနေမင်းထွန်း ဘာဆက်လုပ်မလဲ ... "

"အခုဆိုရင် ဗေဒါနဲ့အတူ ကျွန်တော်ဟာ သေဆုံးသွားပြီလို့ အများယူဆတဲ့အတိုင်း ကျွန်တော် ဇာတ်မြှုပ် ကိုယ်ယောင်ဖျောက်နေမယ်၊ ပြီး ကိုစေလွင်နဲ့ဦးလှိုင်မင်းကို ကျွန်တော် တုံ့ပြန်မယ် ... ကျွန်တော် တကယ်မသေသေးသရွေ့ သူတို့ကို ကျွန်တော် တုံ့ပြန်ဖို့ ကြိုးစားမှာပဲ ... "

"မစိမ်း အံ့ဩနေတယ် ... "

"ဘာကို အံ့ဩတာလဲ မစိမ်း ... သူတို့က ကျွန်တော့်အပေါ်မှာ အဲဒီလောက်အထိ ဗေဒါရော လူရော သေအောင်အစ ပျောက်ကြံစည်တာကို အံ့ဩတာလား ... မအံ့ဩနဲ့မစိမ်း သူတို့အနေနဲ့ သူတို့ရဲ့ဒုစရိုက်မှတ်တမ်းကြီး ဘယ်လိုမှ ကြိုးစား မရနိုင်တော့ ... ကျွန်တော့်ကို အပြီးပါးစပ်ပိတ်ဖို့ ကြံစည်လိုက်တာ ... အဲဒါ အံ့ဩစရာဆန်းတာမှ မဟုတ်တာ"

"အဲဒါတွေကို မစိမ်းမအံ့ဩပါဘူး ... မစိမ်း အံ့ဩတာက ကိုနေမင်းထွန်းဟာ အခုဖြစ်လာသမျှ ဇာတ်မြှုပ်နေမယ်ဆိုပြီး အခုဘာလို့များ မစိမ်းကို ဖြစ်သမျှပြောပြတာလဲ ... တကယ်တော့ မစိမ်းဟာ ကိုနေမင်းထွန်းရန်သူရဲ့သမီးဖြစ်နေတာပဲ ... တကယ်လို့ ပေါက်ကွဲရာမှာ ကိုနေမင်းထွန်း မသေဘူးလို့ ဖေါ်လိုက်ရင် ... ကိုနေမင်းထွန်းဆက်လုပ်ဆောင်ရမဲ့နေရာမှာတောင်သိပ်ကျဉ်းသွားမယ်မဟုတ်လား။

www.burmeseclassic.com



အဲဒါကို အံ့သြတာ ... ”

“ဩော် ... ဒါလား”

“ဟုတ်တယ် ... အဲဒါပဲ”

“ကျွန်တော်လည်း အဲဒါကို ကိုယ့်ဟာကိုယ်ပြန်မေးပြီး ကိုယ့်ဟာကိုယ်လည်း အံ့သြနေသားပဲ ... ”

မစိမ်းပပ ပြုံးပါ၏။ သူမ၏အပြုံးထဲတွင် မိမိနှင့်ပတ်သက်သော အဓိပ္ပာယ်တစ်ခုခု ပါဝင်စေလိမ့်မည်ထင်ပါ၏။

“တစ်ခုတော့ရှိတယ်ပေါ့ မစိမ်း ... မစိမ်းက တရားရုံးတော်မှာ တရားဝင်ဝတ်လုံတော်ရတစ်ယောက်မို့ ကျွန်တော်က အမှုအပ်သူအနေနဲ့ အမှုကို အနိုင်ရဖို့အတွက် မစိမ်းကိုအမှန်တွေ ယုံယုံကြည်ကြည်ဖွင့်ပြောနေမိတာများ ဖြစ်မလားဘဲ”

“ဒီလိုဆိုရင်တော့ ကိုနေမင်းထွန်းဟာ ... အင်မတန်မိုက်မဲတဲ့လူတစ်ယောက်လို့ ပြောရမှာပဲ ... ကိုနေမင်းထွန်းအမိကပစ်မှတ်ထားသူဟာ ကိုဝေလွင် ... ကိုဝေလွင်ဟာ အမတ်မင်း ဦးဘစိမ်းနဲ့ ပူးပေါင်းနေတဲ့သူ ... အမတ်မင်း ဦးဘစိမ်းရဲ့သမီးက စိမ်းပပ ... ဒီတော့ မစိမ်းဟာ ကိုနေမင်းထွန်းရဲ့ရန်သူ မဖြစ်နိုင်ဘူးလား ... ကိုနေမင်းထွန်း ဗေဒါနဲ့အတူအစပျောက်မသွားဘူး ... အသက်ရှင်နေဆဲရှိနေပြီ ... ကိုဝေလွင်ကို လက်စားချေဖို့အတွက် ချောင်းနေတယ်လို့ ဖော်ပြောနိုင်တာပဲဟာ ... ”

“အဲဒီလို မစိမ်းက ဖော်မပြောဘူးလို့ ကျွန်တော့်ရင်ထဲနှလုံးထဲက ယုံကြည်ထားတယ်လေ ... ဒါကြောင့် မစိမ်းကို



ကျွန်တော်အားလုံး ပြောပြဆက်သွယ်တာပေါ့ ... ”

“ကိုယ့်ဘက်က တွက်လွန်းအားကြီးရာ မရောက်ဘူးလား၊ အခု မစိမ်း ကိုနေမင်းထွန်းကို လာတွေ့တာဟာ ... ကိုဝေလွင်ရဲ့ဘက်တော်သားအနေနဲ့လာတွေ့တာဆိုရင်ကော”

“ဒါဆိုရင်တော့ ဗေဒင်ဆရာအတွက်မှားတယ်ပေါ့ မစိမ်း ... အတွက်မှားလို့ ခံရပြီဆိုလည်း ကိုယ့်ထိုက်နဲ့ကိုယ့်ကံလို့ပဲ အောက်မေ့ရတော့မှာပေါ့ ... ”

စိမ်းပပသည် အုပ်အုပ်လေးရယ်ပါ၏။ သူမ၏ အရယ်တွင် ရင်တွင်းကျေနပ်မှုတစ်ခုခု ရင်တွင်းကြည်နူးမှုတစ်ခုခုပါဝင်ပေမည်ဟု နေမင်းထွန်းထင်မိသည်။

“ဗေဒင်ဆရာ အတွက်မမှားပါဘူး ... ကိုနေမင်းထွန်း သေမသွားဘူးလို့ မစိမ်း ဘယ်သူ့ကိုမှ မပြောပါဘူး ... ဒါပေမဲ့ လူသေဘဝနဲ့ဇာတ်မြှုပ်ပြီး ဦးလှိုင်မင်းနဲ့ကိုဝေလွင်ကို တုံ့ပြန်ရာမှာတော့ စက်ကွင်းမလွတ် ဖေဖေပါသွားမှာကိုတော့ မစိမ်း တကယ်စိုးရိမ်မိတယ် ... အဲဒါ မစိမ်းရင်ထဲမှာရှိတဲ့ အတိုင်း အမှန်ပြောတာ ... ”

“မစိုးရိမ်ပါနဲ့ မစိမ်း ... မြို့မြို့သစ်တစ်မြို့လုံးသိနေတာက ဒီမြို့မှာရှိနေသမျှ ဒုစရိုက်လုပ်ငန်းတွေမှန်သရွေ့ ဦးလှိုင်မင်းနဲ့ ကိုဝေလွင်လုပ်နေကြမှန်းသိလည်း သိကြတယ်၊ မြင်လည်း မြင်ကြနေတာပဲ ... အမတ်မင်း ဦးဘစိမ်းသာမက ဒီမှာရှိနေတဲ့ ရဲတွေ သက်ဆိုင်ရာတွေဟာ ... သူတို့နှစ်ယောက်ကို မလွန်ဆန်နိုင်တဲ့အခြေအနေမှန်ကိုလည်း သိနေကြတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလူနှစ်ယောက်ရဲ့လုပ်ငန်းတွေ ပြိုကွဲသွားတာနဲ့ အမတ်မင်းဦးဘစိမ်းကို နဂိုကတည်းက ချစ်ခင်လေးစားတဲ့ လူထုကြီးဟာ နဂိုအတိုင်း ပြန်ပြီးချစ်ခင်လေးစားမြဲ ရှိကြမှာသေချာပါတယ် မစိမ်း …"

နေမင်းထွန်း၏စကားကို မစိမ်း နားဝင်ပါ၏။ သူမဖေဖေ အမတ်မင်းအား မြို့မြို့သစ်လူထုက ချစ်ခင်လေးစားကြည်ညိုမှု အမြဲပင် မစိမ်းရင်ထဲတွင် ရှိနေသည်။

မစိမ်းသည် လက်ပတ်နာရီကိုကြည့်လိုက်သည်။

"မစိမ်းပြန်သင့်ပြီ ကိုနေမင်းထွန်းမှာ ပြောစရာစကားကျန်သေးလား …"

"သိပ်ကျန်သေးတာပေါ့ … အဲဒီမပြောရသေးဘဲ ကျန်နေတဲ့စကားက ကျွန်တော့်အတွက် အဓိကပဲဟာ …"

"ဒါဖြင့်ပြော … ဘာလဲ …"

"မစိမ်းကို ကျွန်တော် သိပ်ချစ်တယ် …"

စိမ်းပပက ဒက်ခနဲ နေမင်းထွန်းမျက်နှာကို ကြည့်လိုက်သည်။

တုန်လှုပ်ခြင်းနှင့်အံ့ဩခြင်းမျိုး မစိမ်းမျက်နှာတွင် မရှိပေ …။ မစိမ်းလို အမျိုးသမီးအား ဒါဇင်ပေါင်းများစွာသော ယောကျ်ားသားတွေက ချစ်တယ်ဟု ရှေးမဆွကပင် ပြောခဲ့သည်များကို တွေ့ကြုံဖူးပေါင်းများလှခြေပြီမို့ မစိမ်းအဖို့ရိုးနေပြီ၊ မအံ့ဩတော့။

"ဟုတ်ပါ့မလား … ကိုနေမင်းထွန်း ဖေဒါနဲ့ရေလယ်ကျွန်း



ကိုသွားကြတုန်းက ကိုနေမင်းထွန်း ပါးစပ်က ပြောခဲ့ဖူးပါတယ်နော် … မြို့မြို့သစ်ရဲ့အမတ်မင်းဦးဘစိမ်းရဲ့သမီးကို ကျွန်တော်က ဘယ်လိုယုံကြည်ရဲမှာလဲ … ဘယ်လိုချစ်ဝံ့နိုင်မှာလဲလို့လေ …"

နေမင်းထွန်း ပြုံးဖြဲဖြဲ ရယ်လိုက်သည်။

"အဲဒီတုန်းကတော့ ကျွန်တော့်အနေနဲ့ မစိမ်းနဲ့ပထမဆုံးအကြိမ်တွေ့တာပါ … အခုကော မစိမ်းရဲ့ စိတ်ဓာတ်အရင်းခံကို ကျွန်တော် နားလည်သွားပြီး … နောက်ပြီး မှန်တာပြောရရင် ရေလယ်ကျွန်း ကျွန်းသာယာကို ဖေဒါနဲ့အတူတူသွားကြစဉ်ကတည်းက … ကျွန်တော့်နှလုံးသားရင်ထဲက မစိမ်းကို ချစ်သွားမိတာပါ … ဒါကြောင့်လည်း ကျွန်တော့်ရဲ့လျှို့ဝှက်တွေအားလုံး လျှို့ဝှက်ထားသင့်ပါလျက်နဲ့ မစိမ်းကိုဖွင့်ပြောတာကြည့်ပေါ့ … အဲဒီတော့ ဘယ်လိုလဲ မစိမ်း"

စိမ်းပပက ဘာမျှပြန်မဖြေသေးပေ၊ နေမင်းထွန်းကပင် ဆက်ပြောသည်။

"ရင်ထဲ နှလုံးထဲက ချစ်ခြင်းမေတ္တာဆိုတာ သူ့အလိုလိုဖြစ်လာတာပါ … အချိန်ဆွဲတာတို့ ဟန်ဆောင်တာတို့ဆိုတာက ကိုယ့်အပေါ် တန်ဖိုးမြင့်အောင် အထင်မသေးအောင် ချက်ချင်းမိန်းမသားအနေနဲ့ အဖြေမပေးတာတွေဟာ … ယေဘုယျမိန်းမသားတွေမှာရှိတတ်တာပါ … မစိမ်းဟာ ယေဘုယျထဲကမှမဟုတ်တာ … အခုပဲ အဖြေပေးပါမစိမ်း၊ ကျွန်တော့်မှာ အန္တရာယ်တွေဝိုင်းနေပါတယ် … လေမင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်လှမ်းအကွာမှာရောက်နေသူပါ ... နောက်ဆုံးသေသွားတောင် မစိမ်းဆီက ချစ်ပါတယ်ဆိုတဲ့အဖြေကို သိသွားပြီသာဆိုရင် အသေဖြောင့်မှာပါ မစိမ်း ...”

“ဟွန်း ... သူလား သေမှာ... ဒီလောက် ကျန်းမာရေးကောင်းပြီး ... ဒီလောက်သွက် ဒီလောက် ကြမ်းတဲ့လူက လွယ်လွယ်နဲ့ သေမတဲ့လား၊ သူ တကယ်ပိုတယ် ...”

“အဲဒါ အဖြေမှမဟုတ်တာ ... ကျွန်တော်တောင်းနေတာက မစိမ်းရင်ထဲနှလုံးသားထဲက အဖြေလေ ...”

“ကဲ ... နားထောင် ... မစိမ်းကလည်း ဟောဒီလူကြမ်းကြီးကိုနေမင်းထွန်းဆိုတဲ့လူကြီးကို ရင်ထဲနှလုံးထဲက ချစ်နေပြီးသားပါတဲ့ရင် ... သူ့လိုပဲ ပထမအခေါက် ဗေဒါနဲ့ရေလယ်ကျွန်းသွားကြတုန်းက ဟိုရောက်တော့ ... ကိုထွန်း ရေကူးတာကိုကြည့်ပြီး ... ရင်ထဲကအလိုလို ချစ်သွားတာ ... သူ့ရင်ဘက်မှာ ဆေးမှင်ကြောင်နဂါးအမောက်ထောင်အရုပ်ကြီးနဲ့ အမွေးအမျှင်တွေနဲ့ ကြည့်ကောင်းလှတာကို မြင်ကတည်းက ချစ်သွားတာလို့ ပြောရမလားဘဲ ကိုထွန်း”

ကိုနေမင်းထွန်းဟုပင် မခေါ်တော့ဘဲ ‘ကိုထွန်း’ဟု ခေါ်ခြင်းကပင် ပြန်၍ချစ်ပါသည်ဆိုသည် သင်္ကေတသက်သေခိုင်မာသွားပေသည်။

နေမင်းထွန်းသည် မောင်းနေသော ကားကို လမ်းဘေးချပြီးရပ်လိုက်သည်။

ချစ်စွာသော စိမ်းပပ၏ပခုံးနှစ်ဖက်ကို ဆွဲကိုင်ကာ



စိမ်းပပတစ်ကိုယ်လုံးကို သူ့ရင်ခွင်ကျယ်ကြီးထဲ ဆွဲသွင်းကာ ကျစ်ကျစ်ပါ ဖက်ထားလိုက်ပြီး၊ ဘာမပြော ညာမပြော စိမ်းပပ၏ ပါးပြင်ကိုမွှေးလိုက်သည်။

“ဝမ်းသာလိုက်တာ မစိမ်းရယ် ... တကယ့်ကို ဝမ်းသာတာပါ ... ရင်ဆိုင်နေရတဲ့အန္တရာယ်တွေကို မေ့သွားတဲ့အထိ ဝမ်းသာတာပါ ...”

“ကဲ ... ဒါဆိုပြန်စို့တော့ ... အခုမစိမ်းနဲ့ကိုထွန်းချစ်ကြတာဟာ ဦးနှောက်ကလာတဲ့အချစ်မှမဟုတ်တာ ... ရင်ထဲနှလုံးထဲကလာတဲ့အချစ်ကိုယ်စီပဲဟာ ... ဒါဆို ကိုထွန်းကျေနပ်တော့နော် ... ကိစ္စတွေအားလုံး ငြိမ်းအေးသွားရင် ကိုထွန်းနဲ့ မစိမ်း လက်ထပ်အတူနေကြဖို့ ဆက်စဉ်းစားကြတာပေါ့။ ဟုတ်ဖူးလား လူကြီး ...”

“သိပ်ဟုတ် ...”

နေမင်းထွန်းသည် စိမ်းပပကို လွှတ်လိုက်ပြီး ကားကိုစက်ပြန်နှိုးသည်။

စိမ်းပပသည် ငူငူငိုင်ငိုင်လေးထိုင်နေပါ၏။

“ငြိမ်လှချည်လား မစိမ်း ... ဘာလဲ ... ကိုယ့်ကိုချစ်မိတာမှားသွားပြီလို့များ ပြန်တွက်နေတာလား ...”

“လုံးဝမတွက်တဲ့အပြင် မစိမ်း ရန်ကုန်တုန်းကသူငယ်ချင်းသားလေးကိုသူ့အမေက ပွဲဈေးတန်းမှာ အရုပ်ဝယ်ပေးတာကိုသွားသတိရလို့ပါ ကိုထွန်း ...”

“ဆိုပါဦး ... ကလေးကို အရုပ်ဝယ်ပေးတဲ့ကိစ္စ ဘာလို့ပြန်

www.burmeseclassic.com

www.burmeseclassic.com



သတိရတာလဲ ...”

“မစိမ်းသူငယ်ချင်းရဲ့သားလေးက ငါးနှစ်သားအရွယ်ပဲရှိသေးတယ် ... တစ်နေ့ပွဲဈေးတန်းတစ်ခုကို သွားကြရင်းနဲ့ပွဲဈေးတန်းမှာ ရောင်းနေတဲ့ မြန်မာလုပ်အရုပ်ဆိုင်ရှေ့ရောက်သွားတော့ ကလေးက သူ့အမေကို အရုပ်ဝယ်ပေးဖို့ ပူဆာတယ်၊ သူ့အမေ မစိမ်းသူငယ်ချင်းဟာ အရုပ်တွေထဲက လှလှပပမင်းသားရုပ်လေးရွေးပြီး သားလေးကို ပေးတယ်၊ သားလေးက မင်းသားရုပ်ကို မလိုချင်ဘူးလို့ ငြင်းတယ် ... ပြီးကလေးဘာသာကြိုက်ရာအရုပ်ကို ရွေးယူတယ် ... ကလေးက ဘာအရုပ်ကိုရွေးယူတယ်မှတ်သလဲ ကိုထွန်း ...”

“ကိုယ်ဘယ်သိမလဲ ... မစိမ်းပဲ ဆက်ပြောပြလေ”

“ကလေးရွေးယူတာ ဘီလူးရုပ် ...”

စိမ်းပပက သူ့ဟာသူပြောပြီး သူ့ဟာသူပင် ရယ်လိုက်သည်။ ပြီး ဆက်ပြောသည်။

“ကလေးအမေ မစိမ်းရဲ့သူငယ်ချင်းက ... ဟယ် ... ဘီလူးရုပ်ကြီးက မလှပါဘူး ကြောက်စရာကြီး ကြည့်ရတာ ကြမ်းကြမ်းတမ်းတမ်းကြီး ... မင်းသားရုပ်လေးကမှ လှတာလို့ပြောတယ် ... အဲဒီတော့ သားလေးက ပြန်ပြောတယ် ... သားသားက လှတာကိုမကြိုက်ဘူး ကြမ်းတာကိုမှ ကြိုက်တာလို့ ပြန်ပြောတယ် ကိုထွန်း ...”



“ဒီတော့ သူ့အမေက ဘီလူးရုပ်ကိုပဲ ဝယ်ပေးရတယ် ... အံမာ ... ကိုထွန်း ဈေးနှုန်းက မင်းသားရုပ်လေးက ငါးကျပ်တဲ့ ... ဘီလူးရုပ်ကျတော့ ရှစ်ကျပ်တဲ့ ... ဒီတော့ ကလေးအမေက အရုပ်ရောင်းတဲ့လူကို ဘယ်လိုလဲ ... လှလှပပမင်းသားရုပ်လေးထက် ကြမ်းကြမ်းတမ်းတမ်းကြီး ဘီလူးရုပ်က ပိုပြီးတောင် ဈေးကြီးနေပါလားလို့ ... မေးတော့ဆိုင်ရှင်က ပြန်ပြောတယ် ...”

“အရုပ်လုပ်တဲ့နေရာမှာ မင်းသားရုပ်ကို လှလှပပလုပ်ရတာလွယ်တယ် ... ဘီလူးရုပ်လို ကြမ်းတမ်းတဲ့သရုပ်ပေါ်အောင်လုပ်ရတာက အများကြီးပိုခက်တယ်တဲ့လေ ...”

“ဘာလဲ ... မစိမ်းက ကိုယ့်ကို ဘီလူးရုပ်လို့ဆိုချင်တာလား”

“ဆိုချင်တာမဟုတ်ဘူး ... တည့်တည့်ကြီးကိုပြောနေတာကိုထွန်း ... မစိမ်းသာ မင်းသားရုပ်လှလှလေးတွေကို ရွေးမယ်ဆိုရင် ရွေးစရာလှလှပပမင်းသားတွေ အများကြီးပဲ ... အလှဆုံး မင်းသားကို မစိမ်း ယူနိုင်တယ် ... တကယ်ပြောတာနော် ... ကိုယ်ရည်သွေးပြောတာမထင်နဲ့ ...”

“ဟာ ... သိပ်သိတာပေါ့ ... မစိမ်းရဲ့ရုပ် ... မစိမ်းရဲ့ပညာနဲ့ မစိမ်းမှာ ရွှေမင်းသား ငွေမင်းသားတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာ ကိုယ်သိပ်သိတာပေါ့ ... ဒါကြောင့် ကိုယ့်ကိုပြန်ချစ်တဲ့မစိမ်းဟာ တကယ်မှဟုတ်ပါရဲ့လား ... ကိုယ်အိပ်မက်များ မက်နေသလားလို့တောင် ကိုယ့်ဟာကိုယ်ပြန်မေးမိတယ် ...”

www.burmeseclassic.com

www.burmeseclassic.com



စိမ်းပပသည် ကားမောင်းနေသော ချစ်သူနေမင်းထွန်း၏ လက်မောင်းကို ယုယုယယကိုင်တွယ်လိုက်သည်။

"နှလုံးသားထဲက သူ့အလိုလို ယိုစိမ့်ထွက်လာတဲ့ ချစ်ခြင်းမေတ္တာဆိုတာက အဆန်းသားလား ကိုထွန်းရယ် ... မစိမ်းရဲ့ ပင်ကိုယ်စိတ်ဓာတ်ကိုက ယောကျ်ားဆို ကျားကျားလျှားလျှားရှိမှ သဘောကျတယ် ... ကန့်ကလျတွေကို မစိမ်းသိပ်ကြည့်မရဘူး ... အဲဒီ မစိမ်းရဲ့ စိတ်ဓာတ်အရင်းခံကပဲ ကိုထွန်းကို ရင်ထဲနှလုံးထဲက ချစ်လာစေဖို့ ဖြစ်လာတာလား မသိဘူး ..."

နေမင်းထွန်း စက်ဘီးဝှက်ထားရာ နေရာသို့ ပြန်ရောက်လာပေပြီ။

ကားကို ရပ်လိုက်သည်။

"ကိုယ့်စက်ဘီး ဒီနားမှာ ဝှက်ထားတယ် ... ကိုယ်ပိုင်စက်ဘီးမဟုတ်ဘူး ... အလစ်ဆွဲလာတာ ... နောက်မှ စက်ဘီးပိုင်ရှင်နဲ့ ပြေလည်အောင် လုပ်ရမှာပဲ မစိမ်း ... ကဲ ... မစိမ်းကားကို မစိမ်းပဲ ဆက်မောင်းသွားပေတော့နော်"

စိမ်းပပ၏ ပါးပြင်လေးကို တစ်ချက်မွှေးမွှေးပေးရင်း နှုတ်ဆက်စကား နေမင်းထွန်းက ဆိုလိုက်သည်။

"ကိုထွန်း ... ဘယ်မှာသွားပြီး ခိုအောင်းနေမှာလဲဟင်"

"ပြောတတ်သေးဘူး မစိမ်း ... ဖြစ်လာပုံက ဖြုန်းစားကြီး မမျှော်လင့်ဘဲ ဗေဒါ ရေမြုပ်သွားတာဆိုတော့ ကိုယ် ဘယ်မှာသွားပြီး ခိုအောင်းရမယ်လို့တောင် မစဉ်းစားရသေးဘူး



ရုံးခန်းမှာ သွားနေလို့တော့ မဖြစ်ဘူး ... နောက်ပြီး ကိုယ်ဆောက်ထားတဲ့ တစ်ထပ်တိုက်အိမ်လေးမှာလည်း ကိုယ်သွားမနေရဲဘူး ... သူတို့က ကိုယ်ပိုင်ဆိုင်တဲ့ နေရာတွေက ကိုယ့်ကို ဆော်ဖို့ စောင့်နေချင် နေကြမှာ ... ကိုယ် သေပြီလို့ ယူဆရင်လည်း ကိုယ်ပိုင်ဆိုင်တဲ့ နေရာတွေမှာ ဝင်မွှေပြီး မှတ်တမ်းကြီးကို ရှာကြမှာ ... ကိုယ် ဘယ်သွားရမယ်မှန်း မသိသေးဘူး ... ဘာပဲဖြစ်ဖြစ် ကိုယ် ဘယ်မှာပဲနေနေ မစိမ်းကို ကိုယ် ဆက်သွယ်မှာပါ ..."

စိမ်းပပသည် နေမင်းထွန်း၏ စကားကို အဆုံးအထိ နားထောင်ပြီး သက်ပြင်းလေးချကာ ကားကို မောင်းသွားပေတော့သည်။

နေမင်းထွန်း ငေးကြည့်ကျန်ခဲ့သည်။

တကယ်တော့ စိမ်းပပအား မိမိ ဘယ်နေရာတွင် ခိုအောင်းရမည်မှန်း မသိသေးဟု ဆိုစေကာမူ နေမင်းထွန်းသည် ဦးမပင်ဆိပ်ရှိ သူ အယုံကြည်ရဆုံး မိတ်ဆွေကြီး ဦးဗညားထံတွင် ခိုအောင်းရန် ဆုံးဖြတ်ပြီးသား ဖြစ်ပါ၏။

ဒုစရိုက်မှတ်တမ်းကြီးကိုလည်း ဦးဗညားထံမှာပင် အပ်နှံထားသည် မဟုတ်လား။

စိမ်းပပကို နေမင်းထွန်း တကယ်ရင်ထဲ နှလုံးထဲက ချစ်ပါ၏။

စိမ်းပပက မိမိကို ပြန်ချစ်သည်ဆိုခြင်းကိုလည်း လက်ခံပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မည်သို့ဆိုစေ စိမ်းပပသည် ဖခင်ကို အ... ချစ်သော ဖတဆိုးသမီးလေး ဖြစ်နေသောကြောင့် အရာရာ... *စကားအကုန်မပြောဘဲ ထိမ်ချန်လျှို့ဝှက်သင့်သည်ကို လျှို့ဝှ...* သည်။

သူမ၏ဖေဖေသည် မြို့မြို့သစ်တွင် ဩဇာတ... ရှိနေသော အမတ်မင်း ဖြစ်နေသောကြောင့်ပါတည်း။

ooo ooo



( ၂၁ )

အဝေးမှ ဦးဗညား၏ အိမ်တွင် မီးရောင်လင်းနေသည်ကို တွေ့မြင်ရသော နေမင်းထွန်းစိတ်ထဲတွင် အံ့သြခြင်းနှင့် သံသယမကင်းခြင်းတို့ ပူးတွဲသွားသည်။

ဦးဗညား လူပျိုကြီးသည် ညနေစောင်း နေဝင်ချိန်တွင် အရက်ကို ဖိမ်ခံသောက်ပြီး ညစာ ထမင်းစားသည်။

ညစာ ထမင်းစားပြီးသည်နှင့် တစ်အောင့်တစ်ခဏနေကာ တစ်အိမ်လုံး မီးပိတ်ပြီး အိပ်ရာဝင်သောအလေ့ရှိသည်။

ယခုမှ ဦးဗညားအိမ်တွင် မိုးကြီးချုပ်သည်အထိ မီးရောင်လင်းနေသည်ကို လှမ်းမြင်ရသည်။

လက်ရှိအခြေအနေတွင် နေမင်းထွန်းအတွက် အသေးအဖွဲမှ စ၍ သတိထားနေရသည်။ ထို့ကြောင့် ဦးဗညားအိမ်၌အချိန်ကြီးအထိ မီးလင်းနေခြင်းမှာ သတိထားစရာဟု ယူမှတ်သည်။

မိမိအလာကို ဦးဗညား မီးထွန်းပြီး စောင့်သည်တော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တန်ရာ။ မိမိသည် အချိန်မတော်ကြီးကျမှ မြို့အစွန်ကျသော ဦးဗညားအိမ်သို့ လာလေ့လာထ မရှိ။

ဘာပဲဖြစ်ဖြစ် မိမိအဖို့ သံသယ ရှိလာလျှင် သတိထားရမည်သာ။

စက်ဘီးကို အပြင်ဘက် အဝေးမှာပင် ထားခဲ့ကာ ဦးဗညားအိမ်သို့ နေမင်းထွန်း ပုန်းလျှိုးကွယ်လျှိုး ချဉ်းကပ်လာခဲ့သည်။ တံခါးအားလုံး ပိတ်ထားပါ၏။

ခြေသံမကြားအောင် တံခါးဆီသို့ သွားကာ နားကပ်ပြီး နားထောင်သည်။ အထဲမှ လူတစ်ယောက်၏ ရယ်သံ ထွက်လာသည်ကို ကြားရသည်။

မီးရောင်တန်း ထွက်နေသော ပျဉ်ကာကြားမှ အထဲသို့ နေမင်းထွန်း ချောင်းကြည့်သည်။

တွေ့ရပါ၏။

ဦးဗညားကို ငုတ်တုတ်ကျောမှီ ကုလားထိုင်တစ်လုံးတွင် ကြိုးပတ်၍ တုပ်ထားသည်။

မနီးမဝေးတွင် ကိုဝေလွှင်၏တပည့် လူလှ ရပ်နေသည်ကို တွေ့ရသည်။

ဦးဗညားကြီး ရေရေလည်လည် ခံနေရပါ၏။ လူလှက အချိန်တော်တော် ကြာကတည်းက ဦးဗညားကို နှိပ်စက်ထားဟန်တူသည် ... ။ အလွန်ခံနိုင်ရည်ရှိပြီး သိပ်အကြမ်းခံနိုင်သော ဦးဗညားခမျာ ပျော့ခွေနေရှာပြီ ... ။ ကြိုးတုပ်ခံလျက်သားကြီးနှင့် ဦးခေါင်းငိုက်စိုက်ကျနေသည်။



လူလှသည် လေထိုး၊ ရေနံဆီဖို၏ ပြာလဲ့နေသော မီး၌ သံချောင်းတစ်ချောင်းကို မီးဖုတ်ထားသည်။ မီးဖုတ်ထားသော သံချောင်းထိပ်ပိုင်းမှာ နီရဲနေပေပြီ။

လူလှပြောသံကို နေမင်းထွန်း ကြားရသည်။

"ကဲ ... ဗညားဆိုတဲ့ ခင်ဗျားကြီး ... ခင်ဗျားကြီးကို ချော့မေးတာ ကြာသွားပြီ ... အခုတော့ ခပ်ကြမ်းကြမ်းပဲ လုပ်ရတော့မယ် ... ဒီတစ်ခါ မေးလို့မှ မဖြေရင် ဟောဒီသံချောင်း မီးဖုတ်နဲ့ ခင်ဗျား မျက်လုံးတွေထဲ ထိုးထည့်မယ် ... ကဲ မေးပြီ ... နေမင်းထွန်း ခင်ဗျားကို လာပေးတဲ့ မှတ်တမ်းကြီး ဘယ်မှာဝှက်ထားလဲပြော ... "

ဦးဗညားက ငိုက်ကျနေသော ဦးခေါင်းကို ထောင်ပြီး ထွီခနဲ တံတွေးနှင့် လူလှမျက်နှာကို ထွေးလိုက်သည်။

"ဟာ ... ဒီလူကြီး စုတ်ပဲ့တယ် ... "

လူလှက ဦးဗညား၏ ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပြီး မီးဖုတ်သံချောင်းကို လှမ်းယူသည်။

နေမင်းထွန်း စက္ကန့်ပိုင်းအတွင်း စဉ်းစားပါ၏။ သူ့တွင် ပါသောသေနတ်နှင့် လူလှကို အသေလှမ်းပစ်နိုင်သည်။ သို့သော် လူသတ်မိပါက နောက်ပိုင်း မိမိတွင် ဇယားရှုပ်မည်။

နောက်တစ်ချက်မှာ မိမိ ဗေဒါနှင့်အတူ သေပြီဟု ယူမှတ်ထားစေချင်သည်။ လူလှကို မသေရုံ လက်မောင်းတို့ ပေါင်တို့ကို ပစ်လျှင် မိမိအိမ်ထဲဝင်သည်နှင့် လူလှကို တွေ့မြင်သွားမည်။

စက္ကန့်ပိုင်းအတွင်းမှာပင် နေမင်းထွန်းက သေနတ်

www.burmeseclassic.com

www.burmeseclassic.com



ကို မိုးပေါ်ထောင်ကာ ဒိုင်းခနဲ အသံမြည်စေသည်။

သေနတ်သံ ကြားသည်နှင့် လူလှသည် သံချောင်းမီး ဖုတ်ထိုး ထားခဲ့ကာ တံခါးဆီသို့ ပြေးလာသည်။ တံခါးရွက်ဖွင့်ကာ ဦးခေါင်းသာ အပြင်ထုတ်ပြီး ခေါင်းပြူ၍ လိုက်ကြည့်သည်။

နေမင်းထွန်းက သေနတ်ကို လက်ဝါးတွင် အပြား လိုက်ကိုင်ကာ လူလှ၏ခေါင်းကို သေနတ်ပြားနှင့် ရိုက်ချလိုက်သည်။ အားခနဲအော်ရင်း လူလှ တစ်ကိုယ်လုံး ကုန်းကွကွကြီး ပုံစံဖြင့် မှောက်လျက်ကျအလာတွင် နေမင်းထွန်းက လူလှ၏ လည်ကုပ်ကို လက်ဝါးစောင်းပြင်းတစ်ချက် ခုတ်ချလိုက်သည်။

လူလှခမျာ သူ့ကို မည်သူက တီးလိုက်မှန်းမသိဘဲ မှောက်လျက်သားကြီးကျကာ ... ပြန်မထနိုင်တော့ သတိမေ့သွားတော့သည်။

နေမင်းထွန်း အိမ်ထဲဝင်ပြီး စားပွဲတွင် အသင့်တွေ့သောဓားဖြင့် ဦးဗညားကို ချည်ထားသော ကြိုးတွေကို ဖြတ်ပစ်သည်။ လူလှ သောက်၍ကျန်နေသော အရက်ပုလင်းကို ငိုက်စိုက်ကျနေသော ဦးဗညားပါးစပ်ထဲသို့ ဦးခေါင်းမော့စေပြီး အရက်တွေ လောင်းချသည်။ ချက်ချင်းပင် ... ဦးဗညား ခေါင်းထောင်လာတော့သည်။

"တော်သေးတာပေါ့ မောင်ထွန်းရာ ... ငါက ရတနာသုံးပါး နှလုံးသွင်းပြီး ကိုယ်ဟာကိုယ် သရဏဂုံတောင်တင်ထားပြီ၊ မင်း အချိန်မီရောက်လာလို့ ငါ မသေတာ ... ဒီကောင်တွေ ငါ့ကို မေးမရတဲ့အဆုံး အသေသတ်ကြမှာ သေချာတယ်"



"ဒီကောင်တွေ ဟုတ်လား ... ဒီပြင်ဘယ်ကောင်တွေ ပါသေးလို့လဲ ... အခု ကျွန်တော်တွေ့တာ လူလှတစ်ကောင်တည်းပဲဟာ ..."

"ဒီတစ်ကောင်တည်းဆိုရင် ငါ့ကို ဒီလိုကြိုးတုပ်လို့ ရမလား မောင်ထွန်းရာ ... ငါ့ဗလနဲ့ ငါဘယ်လောက် သန်မာတယ်ဆိုတာ မင်း သိသားနဲ့ ... သူတို့က နှစ်ယောက်ကွ ... နောက်တစ်ယောက်က ကျွဲပေါက်လောက်ရှိတဲ့ ဆောက်ကျိုးနဲ့ ကြီးမားပြီး သိပ်သန်တဲ့ကောင်ကြီး ... အဲဒီ ကျွဲလို ကောင်ကြီးက ငါ့ကို ချုပ်ထားပြီး ဒီကောင်က ငါ့ကို ကုလားထိုင်မှာ ကြိုးတုပ်တာ ..."

ကျွဲလောက်ရှိသည့်ကောင်ကြီးဟု ဦးဗညားပြောလိုက်သည်နှင့် ဝေလွှင်၏ တပည့်ကြီး ဆင်ပေါက်ဟုစိန်မှန်း နေမင်းထွန်း ချက်ချင်းသိလိုက်သည်။

ဆင်ပေါက်သည် ဦးဗညားအား ကြိုးတုပ်ပေးပြီးနောက် လူလှကို အပ်ခဲ့ကာ ဗေဒါအား မိုင်းဖောက်ခွဲဖို့ ဗေဒါဆီ ရောက်သွားခြင်း ဖြစ်မည်။

ယခုမှ ဆင်ပေါက်သည် တစ်စစီဖြစ်ကာ ဗေဒါနှင့်အတူ ချုပ်ငြိမ်းသွားလေပြီကော။

"ကဲ ဦးဗညား ... ထူထူထောင်ထောင် ပြန်ဖြစ်ပြီလား"

"အေး ဖြစ်ပြီ ... ငါက အလုပ်ကြမ်းသမားပဲ ... ခဏအတွင်း ငါ ပြန်ထောင်နိုင်ပါတယ်ကွာ ..."

"ဒါဆို လာဗျာ ... ကျွန်တော် တီးထားတဲ့အကောင်ကို

www.burmeseclassic.com

www.burmeseclassic.com



နေရာရွှေ့ထားရအောင် ... တခြားအဝေးတစ်နေရာရာမှာ သွားချထားလိုက်စို့ ... ဦးဗညားရဲ့ ချက်ဗလက်ကားကြီး ရော ... "

"ရှိတယ်လေ ... "

"အဲဒီ ချက်ဗလက်ကားကြီး မောင်းထုတ်ခဲ့ဗျာ ... "

ဦးဗညားက သူ၏ ချက်ဗလက်ကားကြီး မောင်းယူလာခဲ့သည်။ လုံးဝ သတိမေ့နေသော လူလှကို ချက်ဗလက်ကားကြီးပေါ် တင်ကြသည်။

"ဒီကောင်တွေက ဘယ်သူတွေလဲကွာ ... "

"ဝေလွှင်ရဲ့ တပည့်တွေလေ ... ကြေးစားလူမိုက်တွေပါ"

"ဒီကောင်တွေ မင်းရဲ့ မှတ်တမ်းကြီး ထည့်ထားတဲ့လက်ဆွဲသေတ္တာ ငါ့ဆီမှာ ရှိနေမှန်း ဘယ်လိုသိကြသလဲ ... "

"အင်း ... ကေသီစိုးဆီက သိမှာပေါ့ ... ဒီကောင်မလေးက ဝေလွှင်ရဲ့ သူလျှိုအဖြစ်နဲ့ ကျွန်တော့်ကို ပူးသတ်တာ ... ဒီမှတ်တမ်းသေတ္တာ ကျွန်တော် ရုံးခန်းက ထုတ်ယူသွားဒီမိန်းမ သိသွားပုံပဲ ... "

နေမင်းထွန်းသည် ဦးဗညားကို အဖော်မခေါ်တော့ဘဲ သတိမေ့နေသော လူလှကိုတင်ကာ ချက်ဗလက်ကားကြီး မောင်းလာခဲ့သည်။ မြို့ပြင်သစ်တောအုပ်ထူသောနေရာ အဝေးတွင် လူလှကို ချထားခဲ့ပြီး ပြန်မောင်းလာခဲ့တော့သည်။

ooo ◻ ooo



( ၂၂ )

ဦးဗညားက ... ကြက်ဥလေးလုံး ပြုတ်ထားသည်။ ကော်ဖီ အသင့်ဖျော်ထားသည်။

နေမင်းထွန်း၏ကိုယ်မှ စိုနေသော အဝတ်တို့ကို ချွတ်စေကာ သူ၏ စပို့ရှပ်သစ် ပုဆိုးသစ်တို့ဖြင့် လဲလှယ်စေ သည်။

နှစ်ယောက်သား ကြက်ဥပြုတ်စား ကော်ဖီ ◌ာက်ရင်း စကားပြောကြသည်။

"ကဲ ... မင်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါ့ကို ပြောလို့ရမလား မောင်ထွန်း ... "

"ဗေဒါ မရှိတော့ဘူး ဦးဗညား ... "

"ဟေ ... ဗေဒါ မရှိတော့ဘူး ဟုတ်လား ... ဘယ်လိုကြောင့် ဗေဒါ မရှိတော့တာလဲကွာ ... "

ဦးဗညားသည် ဗေဒါအပေါ်တွင် သံယောဇဉ်ရှိသူပီ အံ့သြစွာဖြင့် မေးသည်။

နေမင်းထွန်းက ဖြစ်ပျက်သမျှ အားလုံး ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် စိမ်းပပနှင့်တွေ့ပြီး တစ်ဦးကိုတစ်ဦး မေတ္တာရှိခဲ့ကြောင်းကိုတော့ မပြောဘဲ ထိမ်ချန်ထားလိုက်သည်။

"သိပ်ကို စော်ကားမိုက်ရိုင်းတဲ့ကောင်တွေ ... ဒါကို မင်းက ဒီအတိုင်း ခံနေမလား မောင်ထွန်း ..."

"ဘယ်ခံမလဲ ... ကျွန်တော့်မှာ တုံ့ပြန်ဖို့ အစီအစဉ်တွေ ရှိတယ် ... ဒါပေမဲ့ အရမ်းလုပ်လို့ မဖြစ်ဘူး ... မြို့ပြင်မြို့သစ် ပုလိပ်အဖွဲ့ကို သူတို့က ပိုင်နေတယ် ... ဒီမြို့ကပုလိပ်တွေနဲ့ ရှင်းလို့တော့ ပြဿနာ ပြေလည်မှာမဟုတ်ဘူး ... ဒီတော့ ကျွန်တော့်ကို ဦးဗညား ကူညီမယ်မဟုတ်လား ..."

"ဟကောင်ရာ ... မေးနေရသေးသလား ... ငါ ချမ်းသာသမျှ ပြုတ်သွားပါစေ ... ငါ့အသက်သေသွားပါစေ ... ငါ့ကို ဘယ်သူမှ ငဲ့စရာမရှိဘူး ... ငါက ဥတစ်လုံး တစ်ကောင်ကြွက်ပဲဆိုတာ မင်းသိသားနဲ့ ... နောက်ပြီး ဒီည ဒီကောင်တွေ ငါ့ကို ရေရေလည်လည် တီးတာ ငါ အခဲမကြေဘူး ... ကဲ ပြော ... ငါက ဘယ်လို ကူညီရမှာလဲ ..."

နေမင်းထွန်းသည် သူ၏ပစ္စတိုကို ထုတ်ယူပြီး အဝတ်ဆန်းဖြင့် ပစ္စတို အနှံ့အပြားနေရာကို အထပ်ထပ်ထုတ်ပစ်လိုက်သည်။ မိမိ၏ လက်ဗွေပုံစံတွေကို ဖျက်ခြင်းပါပေ။

ပစ္စတို၏ မဂ္ဂဇင်း ကျည်ကပ်အိမ်တွင် ကျည်ဆန် (၇)တောင့် ထည့်ပါ၏။ စောစောက လူလုကို လှန့်ချိပေးရာတွင် ကျည်ဆန်တစ်တောင့်ပစ်ထားသောကြောင့် သေနတ်ထဲတွင် ကျည်ဆန်ခြောက်တောင့်သာ ရှိတော့သည်။



ယင်းအဝတ်သန့်နှင့်ပင် ပစ္စတိုကို ရစ်ပတ်ထုပ်ပိုးလိုက်သည်။

"ကျွန်တော် ... အပြင်ကို ခဏသွားဦးမယ် ... ပြန်လာမှ ဦးဗညားနဲ့ ဆက်တိုင်ပင်မယ် ... ချက်ဗလက်ကား ... ကျွန်တော် ယူသွားမယ် ... ကျွန်တော့်ကို ဗေဒါနဲ့အတူ သေသွားပြီလို့ သူတို့ ယူဆထားချိန်မှာ ကျွန်တော့် လင်းရိုဗာကားကို သုံးလို့မဖြစ်ဘူး ... ထားနေကျ ဂိုထောင်ထဲမှာ ဒီအတိုင်း ထားထားတယ် ..."

"နေဦးကွ ... မင်း သေသွားပြီဆိုတော့ မင်းရဲ့လုပ်ငန်းတွေကို ဘယ်သူက ဆက်လုပ်မှာလဲ မောင်ထွန်း ..."

"အဲဒါတွေ ကျွန်တော် အစောကြီးထဲက စီစဉ်ထားပြီးပြီ ... ကျွန်တော့်မှာ အသက်အန္တရာယ် ရှိနေပြီဆိုကတည်းက ကျွန်တော် သေသွားရင် အကျိုးတော်ဆောင်ဝတ်လုံ ဦးမိုးဝင်း ဆက်လုပ်ပေးဖို့ ကျွန်တော် အားလုံး တရားဝင်လုပ်ထားတယ် ... ဦးမိုးဝင်း ဆက်လုပ်ပေးလိမ့်မယ် ..."

နေမင်းထွန်းသည် ဦးဗညား၏ ချက်ဗလက်ကားကြီးကို မောင်းထွက်လာခဲ့သည်။

ကိုဝေလွင်၏ အိမ်နှင့် မလှမ်းမကမ်း ဝေးရာသစ်ပင်ကြီးအောက်တွင် ကားကို ရပ်ထားခဲ့ကာ ပစ္စတိုအထုပ်ကို ယူခဲ့ရင်း ကိုဝေလွင်၏အိမ်သို့ လျှောက်လာခဲ့သည်။

ကိုဝေလွင်၏ ခြံကြီးထဲမှ အုတ်စည်းရိုးကိုကျော်ပြီး အပြင်ထွက်နေသည်။ သရက်ပင်ကိုင်းကို ကျွမ်းဘားဖြင့် ခုန်တက်

www.burmeseclassic.com

www.burmeseclassic.com



ကာ သရက်ကိုင်းမှတစ်ဆင့် ကိုဝေလွင်၏ ခြံထဲသို့ ခုန်ဆင်းလိုက်သည်။

ဆင်ပေါက်ဟူစိန်လည်း ဗေဒါ ဖုံးကွဲရာတွင် ပါသွားပြီး သေပြီ။

လှုလှုလည်း တောအုပ်ထဲတွင် သတိမေ့နေသည်။

မိမိကို ယှဉ်ပြိုင်တိုက်ခိုက်မည့်သူ မရှိတော့။

သို့သော် ခြံထဲသို့ ခုန်ဆင်းလိုက်သည်နှင့် အယ်ဖေးရှင်းခွေးကြီး အထီးအမစုံတွဲ မာန်ဖီပြီး နေမင်းထွန်းထံသို့ ရောက်လာသည်။

ဒါလည်း ကိစ္စမရှိ။

ဤခွေးကြီးစုံတွဲသည် ဂျက်ကီနှင့် မေရီ ဖြစ်သည်။ ခင်မိမိ ချစ်ခင်စွာ မွေးထားခဲ့သော ခွေးစုံတွဲဖြစ်သည်။

ခင်မိမိနှင့် မိမိ အချိန်ကြာညောင်းစွာ ချစ်သူဘဝကတည်းက ခင်မိမိ မွေးထားသော ဤခွေးစုံတွဲသည် မိမိနှင့် ခင်မင်ရင်းနှီးပြီးသား ဖြစ်သည်။

ယခင်က လုပ်နေကျအတိုင်း ... နေမင်းထွန်းသည် လက်ဖျစ်တီးကာ လေချွန်သံ ပေးလိုက်သည်နှင့် မာန်ဖီရာမှ နေမင်းထွန်းကို ချက်ချင်း မှတ်မိသွားပြီး အမြီးနှံ့ လျှာယက်များ ဖြစ်သွားတော့သည်။

နေမင်းထွန်းက ခြံထဲရှိ စံပယ်ရုံအောက်မြေကို ဓားမြှောင်ဖြင့် တွင်းတူးကာ သယ်ယူလာသော ပစ္စတိုကို အဝတ်ဖယ်ပြီး မြေကြီးထဲ မြှုပ်ထားလိုက်သည်။ ပြန်ပြီး ဖို့မြေကို တစ်သားတည်းကျအောင် လက်ဝါးနှင့်ပုတ် ဖိနပ်နှင့်နင်း ပြုလုပ်ပြီး တစ်သားတည်းကျစေသည်။



ဤပစ္စတိုသည် လိုင်စင်မဲ့ သေနတ်ဖြစ်သည်။ အမှုယ်အားဖြင့် ဒဿမသုံးနှစ်အရွယ် ဖြစ်သည်။

ခင်မိမိကို အသေပစ်သတ်ခဲ့သော သေနတ်ကျည်ဆန်သည်လည်း ဒဿမသုံးနှစ်ပစ္စတို ကျည်ဆန် ဖြစ်သည်ဟု တာဝန်ကျဆရာဝန်က မှတ်ချက်ပြုထားသည်။

ယခု သေနတ်တွင် ကျည်တစ်တောင့် လျော့နေခြင်းသည် ခင်မိမိကို ပစ်သော ကျည်ဆန်လျော့နေသည်ဟု ယူဆလေမည်လော။

ကိစ္စပြီးသည်နှင့် သရက်ပင်ကိုင်းမှပင် ပြန်တက် ပြန်ဆင်းကာ ချက်ဗလက်ကားကြီးကို ပြန်မောင်းပြီး ဦးဗညားဆီသို့ ပြန်လာခဲ့သည်။

ဦးဗညားက ထွက်ကြို့နေပါ၏။

အိမ်ထဲ ရောက်သည်နှင့် လက်ဆွဲသေတ္တာထဲမှ ဒုစရိုက်မှတ်တမ်းကြီးကို ထုတ်ယူလိုက်သည်။

"ဒါကြီးကို ကျွန်တော် အသုံးချတော့မယ် ဦးဗညား ... ဒီမှတ်တမ်းကြီးကို ဦးဗညား လုံလုံခြုံခြုံ ယူသွားပြီး ယူဘီအေ ကိုယ်စားလှယ် ကိုတိုးဆီကို သွားပါ ... ကျွန်တော် ပေးပို့နိုင်းတာလို့ ကိုတိုးကို ပြောပါ ... ဒီချက်ဗလက်ကားကြီးနဲ့ မသွားနဲ့ ... ဒီချက်ဗလက်ကားဟာ ဦးဗညားရဲ့ကားမှန်း သူတို့ သိပြီးသား ဖြစ်နေတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"စတ်ချ ... မနက်မိုးလင်းတာနဲ့ ငါတပည့် မောင်အေး ငါး ခြောက်တင် လော်ရီကားကြီး မောင်းလာမှာ ... အဲဒီ ငါး ခြောက်ကားနဲ့ ငါလိုက်သွားပြီး ယူဘီအေ ကိုတိုးဆီ ငါ ပို့ ပေးမယ် ... အဲဒီ ဒုစရိုက်မှတ်တမ်းကြီး ဘယ်လိုပို့ပေးရမယ် ဆိုတဲ့လိပ်စာ ပါတယ်မဟုတ်လား ..."

"ပါတယ် ... မှတ်တင်းကြီးပေါ်မှာ ရေးထားတဲ့ လိပ်စာ အတိုင်း ကိုတိုးက လေယာဉ်နဲ့ ပို့ပေးမှာ ..."

နေမင်းထွန်းသည် မပို့သေးမီ မှတ်တမ်းစာအုပ်ကြီး ကို ထုတ်ယူကာ နောက်ဆုံးစာမျက်နှာတွင် နေမင်းထွန်း ထပ်မံ ဖြည့်စွက်ရေးသားပြန်သည်။

ခင်မိမိကို သတ်သူမှာ ကိုဝေလွင်သာဖြစ်ကြောင်း ခင်မိမိက ကိုဝေလွင်ကို ပစ်ပြေးပြီး လွတ်ကင်းရာ နေရာရောက်မှ ကိုဝေလွင်တို့၏ ဒုစရိုက်လုပ်ငန်းကို ဖွင့်ပြောမည်စိုး၍ ခင်မိမိကို နောက်ကျောမှ အလစ်တွင် တွေ့ပြီးပစ်သတ်ကြောင်း ခင်မိမိကို ပစ်သတ်ခဲ့သော သေနတ်ကို ကိုဝေလွင်က ခြံထဲရှိ စံပယ်ရုံအောက် တွင် မြှုပ်နှံထားကြောင်းကို ဖြည့်စွက်ရေးသားလိုက်သည်။

မှတ်တမ်းစာအုပ်ကြီးကို လက်ဆွဲသေတ္တာထဲသို့ ပြန် ထည့်စဉ် ...

"နေဦး ... လူအများက မင်းကို ဗေဒါနဲ့အတူ သေသွားပြီလို့ မှတ်ယူသလို ... ယူဘီအေ ကိုတိုးကလည်း ယူမှတ်မှာပေါ့ ဒါဆို ... မင်း သေပြီဆိုပြီးမှ ဒီမှတ်တမ်းကြီး ဘာလို့ပို့နိုင် တာလဲလို့ ကိုတိုးက မေးရင်ကောကွာ ..."



"ဩော် ... ဦးဗညားကလည်း အ,လိုက်တာ ... ဒီမှတ်တမ်း ကြီးကို ကျွန်တော် မသေခင်ကတည်းက ကျွန်တော်သေရင် ပို့ပေးပါဆိုလို့ သေပြီးမှ ပို့ရတာပါလို့ ပြောပေါ့ဗျာ ..."

"အေး ... ဟုတ်သားပဲ ... ကဲ မောင်ထွန်း ... မင်း အနား ယူပြီး အိပ်တော့ ... မင်း သိပ်ပင်ပန်းနေပြီ ... စိတ်ချ ... မင်းခိုင်းတဲ့အတိုင်း ငါ တစ်သဝေမတိမ်း လုပ်ပေးမယ်"

"ကျေးဇူးပါပဲဗျာ ..."

နေမင်းထွန်း တကယ်လည်း ပင်ပန်းလှပြီမို့ ဖျာပေါ် မှာပင် လဲလျောင်းလိုက်ပေတော့သည်။

ooo ☐ ooo

www.burmeseclassic.com



## ( ၂၃ )

နံနက် (၁၀)နာရီထိုးပြီးမှ နေမင်းထွန်း အိပ်ရာမှနိုးသည်။ နိုးသည်နှင့် ဦးဗညားကို လှမ်းကြည့်သည်။

ဦးဗညားသည် ဧည့်ခန်းတွင် ထိုင်ကာ ဆေးတံခဲနေသည်။

မိမိ နိုင်းထားသည့်ကိစ္စ အစစအဆင်ပြေလာသည်ပဲ ဖြစ်သည့်ပုံစံမျိုး ရှိနေပါ၏။

ဒါဆိုလျှင် မိမိ ပို့လိုက်သော ဒုစရိုက်မှတ်တမ်းကြီးသည် ဘေးမသီ ရန်မခဘဲ မိမိ ပေးသည့်လိပ်စာအတိုင်း သက်ဆိုင်ရာသို့ ရောက်သွားမည်သာ။

နေမင်းထွန်းက ထိုင်သည်နှင့် ဦးဗညားက နေ့စဉ်သတင်းစာကို လှမ်းပေးသည်။

"မင်းရဲ့ ညကသတင်းပါတယ် ... ဖတ်ကြည့်လိုက်ဦး"

နေမင်းထွန်း ဖတ်ကြည့်သည်။

ညက ဗေဒါသည် မတော်တဆ ပေါက်ကွဲနစ်မြုပ်



သွားကြောင်း၊ ဗေဒါနှင့်အတူ အဆောက်အဦကန်ထရိုက်တာ ဦးနေမင်းထွန်း ပါရှိသွားကြောင်း ယခုအချိန်ထိ အလောင်းကို ပြန်မရသေးကြောင်း စသည်တို့ ဖော်ပြရေးသားထားသည်။

"အင်း ... အများကတော့ မင်း သေပြီလို့ ယူဆထားတဲ့အချိန်မှာ မင်းက ငါ့အိမ်မှာ တစ္ဆေလာဖြစ်နေတယ်ဆိုပါတော့ မောင်ထွန်း ... "

ပြောပြီး ဦးဗညား ရယ်သည်။ နေမင်းထွန်းလည်း ရယ်ပါ၏။

"ဒါထက် ... မင်းက လူသေတစ်ယောက် အနေနဲ့ ဘယ်လောက်ကြာအောင် ဓာတ်မြုပ်နေမှာလဲ မောင်ထွန်း"

"အခြေအနေနဲ့ အချိန်အခါအရပေါ့ ဦးဗညား ... ပြန်ပြီး ရှင်သင့်တဲ့အချိန်မှာ ဘွားခနဲ ကျွန်တော် ပြန်ရှင်လာမှာပေါ့"

"အေး ... ဒါကတော့ မင်းအခြေအနေနဲ့ မင်းရဲ့အချိန်အခါကို မင်း အသိဆုံးပဲ ... ဒါထက် မင်း တကယ်မသေဘူးဆိုတာ တခြား ဘယ်သူသိသေးလဲ ... "

"အမျိုးသမီးတစ်ယောက်ကတော့ သိတယ်ဆိုပါတော့"

ဦးဗညားက ခေါင်းယမ်းပြသည်။

"လျှို့ဝှက်ချက်တစ်ခု ဖြစ်လာရင် ... ဘယ်အမျိုးသမီးတစ်ယောက်ကိုမှ မသိစေသင့်ဘူး ... မိန်းမဆိုတာ နှုတ်မှာ တတ်တဲ့ အမျိုးပဲ ... ကဲ ... လာကွာ ... မနက်စာ ငါ အသင့်ပြင်ထားတယ် ... မင်း နိုးအလာကို ငါစောင့်နေတယ် ... လာ ... စားကြသောက်ကြစို့ ... "

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာဝိုင်းတွင် ဦးဗညားက သူကြားခဲ့သမျှ ပြန်ပြောပြသည်။

"ဗေဒါဟာ ... ရေအနက် ပေခြောက်ဆယ်အောက်ကို မြုပ်သွားတာတဲ့ ... အဲဒါ မြိုင်မြို့သစ်ရဲ့အဖွဲ့က ဗေဒါကို ပြန်ဆယ်ဖို့ စီစဉ်နေကြတယ်တဲ့ ... "

ဗေဒါနှင့်ပတ်သက်ပြီး နေမင်းထွန်း ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"နောက်တစ်ခုက မြိုင်မြို့သစ် ရဲအဖွဲ့က ခင်မိမိကို သတ်တဲ့ တရားခံကို သတင်းပေးနိုင်တဲ့သူကို ဆုငွေငါးသောင်းပေးမယ်လို့ ကြေညာထားတယ် ... "

"ဒါတွေက ဦးလှိုင်မင်းနဲ့ ကိုဝေလွင်တို့ ရဲအဖွဲ့နဲ့ ပူးပေါင်းပြီး ကြံတဲ့ဉာဏ်ပါ ရဲအဖွဲ့အနေနဲ့ အထက်က အမိန့်မရဘဲ ဘယ်က ငွေငါးသောင်းကြီးတောင် ပေးနိုင်မှာလဲ ... တကယ်တော့ တရားခံ ဘယ်လိုမှမပေါ်နိုင်တာမို့ တမင်ဖန်တီးတဲ့ လုပ်ဇာတ်ကြီးပါ ... သူခိုးက လူပြန်ဟစ်တာ ... ဝေလွင်က သူကိုယ်တိုင် ခင်မိမိကို သတ်လိုက်တာလို့ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးတာပါ ... ဒီလို ကြေညာခြင်းအားဖြင့် ဘယ်သူကမှ ဝေလွင့် သတ်တယ်လို့ မထင်စေဖို့ပေါ့ ... "

နံနက်စာ စားသောက်ပြီးနောက် နေမင်းထွန်းသည် ငါးမျှားတံယူကာ တံတားဖြူတွင် ငါးမျှားခြင်းဖြင့် အချိန်ဖြုန်းသည် ငါးမျိုးစုံ မျှား၍ရပါ၏။

သို့သော် ငါးမျှားခြင်းကို ယခင်ကလို နေမင်းထွန်း



မပျော်ပေ။

သို့ဖြင့် နေဝင်စပြုလာသည်။

ခုလောက်ဆိုလျှင် ဒုစရိုက်မှတ်တမ်းကြီးသည် နေမင်းထွန်း လိပ်စာမူထားသည့် သက်ဆိုင်ရာသို့ ရောက်လောက်ပေပြီ။

ငါးမျှားခြင်းကို လက်စသတ်ကာ ဦးဗညားအိမ်သို့ ပြန်လာပြီး စိမ်းပပထံ ဖုန်းဆက်သည်။ ဦးဗညားသည် သူ၏ ငါးပိငါးခြောက်လုပ်ငန်းအတွက် သူ့အိမ်တွင် တယ်လီဖုန်း သွယ်ထားပေသည်။

စိမ်းပပနှင့်ပင် တိုက်ရိုက်တိုးပါ၏။

နေမင်းထွန်းက မိမိ ခိုအောင်းရာနေရာ ဦးဗညားခြံနှင့် အိမ်ကိုပြောပြပြီး တွေ့ဆုံဖို့ ခေါ်ယူသည်။

စိမ်းပပက သူမ၏ကားဖြင့် လာခဲ့မည်ဖြစ်ကြောင်း ပြန်ပြောသည်။ နေမင်းထွန်းက စိမ်းပပနောက်မှ နောက်ယောင်ခံသူကို သေချာဂရုစိုက်ပြီးမှ လာရန် သတိပေးလိုက်သည်။

ဖုန်းပြန်အချတွင် ဦးဗညားက ဆေးတံခဲရင်း နေမင်းထွန်းကို ပြောသည်။

"မင်း ... အဲဒီအမျိုးသမီးနဲ့ အခုလို ဆက်သွယ်နေတာဟာ အခြေအနေအရ မှန်ကန်နိုင်ပါ့မလား မောင်ထွန်း ... "

"ကျွန်တော်ကတော့ မှန်တယ်လို့ ထင်တာပဲ ... မှားသွားရင်လည်း ကံပေါ့ဗျာ ... ဒုစရိုက်မှတ်တမ်းကြီးက သက်ဆိုင်ရာကို ရောက်သွားပြီပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ဦးဗညား ဘာမျှ ထပ်မပြောတော့။

တစ်နာရီအတွင်းမှာပင် စိမ်းပပသည် သူမ၏ ကားလေးဖြင့် ရောက်လာသည်။

နေမင်းထွန်းက စိမ်းပပနောက်မှ မည်သူမျှ နောက်ယောင်ခံသူ မပါမှန်း သေချာမှ ထွက်လာကာ စိမ်းပပ ကားပေါ်သို့ တက်ရောက်လိုက်သည်။

ဦးဗညားလည်း ရှောင်ထွက်သွားပါ၏။

တွေ့သည်နှင့် နေမင်းထွန်းသည် ချစ်စွာသော မစိမ်းကို ပွေ့ပိုက်ကာ နမ်းတော့သည်။

"ကဲလိုက်တာ ကိုထွန်းရယ် ... တကတည်း သူခိုးရှိရာ ဝန်ထုပ်နဲ့လာဆိုတာမျိုး ဖြစ်နေပြီ ..."

"ငါးကြော်တွေ့လို့မှ ကိုက်မစားရင် ကြောင်မိုက် ဖြစ်သွားမှာပေါ့ မစိမ်း ..."

စိမ်းပပက နေမင်းထွန်းရင်ဘတ်အား သူမ၏လက်သီးဆုပ်လေးနှင့် ထုရင်း ...

"နောက်မနေနဲ့ ကိုထွန်း ... ညက ကိုထွန်းရုံးခန်းက မီးခံသေတ္တာကို ဖောက်ခွဲလိုက်ပြန်ပြီ ... ကိုထွန်း ကြည့်ရတာ မသိသေးဘူးထင်တယ် ..."

"ဟုတ်လား ... အင်းပေါ့လေ ... လုပ်ချင်ပုံက ပြန်ပြီလို့ပဲ ပြောရမှာပဲ ..."

"ဘာလဲ ... ရုံးခန်း မီးခံသေတ္တာကို ဖောက်ခွဲတာလဲ ... ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ရဲ့ လက်ချက်ပဲလို့ ကိုထွန်း ပြောဦး



မှာပဲ မဟုတ်လား ..."

"ဒါပေါ့ ... ဒုစရိုက်မှတ်တမ်းကြီး မီးခံသေတ္တာထဲမှာ ရှိလို ရှိငြားဆိုပြီး ဖောက်ခွဲကြည့်တာ နေမှာပေါ့ ... ရတယ်လေ၊ တစ်နေ့မှာ သူတို့ ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်ပေါ့"

"မစိမ်းကတော့ သူတို့လုပ်ရပ်တွေကို သိလာလေ သူတို့ကို မလွန်ဆန်နိုင်တဲ့ ဖေဖေ့အတွက် ရှက်လေ စိုးရိမ်လေပဲ"

နှစ်ဦးသားပွေ့ပိုက်မြဲ ပွေ့ပိုက်ထားကြပါ၏။

"တွေးကြည့်ရင် ရယ်စရာပဲ ကိုထွန်း ..."

"ဘာတွေကိုတွေးပြီး ဘာတွေက ရယ်စရာလဲ မစိမ်း ..."

"ဪ ... မြို့မြို့သစ်ကလူတွေက ကိုထွန်းအပေါ် တစ်ဖက်သတ် ဖြစ်နေတဲ့ ... ကိုထွန်းငဲ အမျှလား ကေသီစိုးနဲ့ တစ်နေ့မှာ ကိုထွန်း လက်ထပ်မယ်လို့ ထင်နေကြတာ ... တကယ်ကမ်းကျတော့ သူတို့မထင်မှတ်တဲ့ မစိမ်း နဲ့ ကိုထွန်းတို့က ချစ်သူတွေ ဖြစ်လာတာ ရယ်စရာ ပါ ..."

"ကေသီစိုးက ကိုယ့်ကို တစ်ဖက်သတ် ချစ်နေတယ် ဆိုတာက လူတွေ မြင်အောင်ပြရပ်ပါ ... ကေသီစိုး တကယ်နှစ်နှစ်ကာကာ ချစ်တဲ့သူဟာ ကိုဝေလွင်ပါ ... ဒါကြောင့်လည်း ကိုဝေလွင်ရဲ့ စေခိုင်းချက်အရ ကေသီစိုးက ကိုယ့်ကို ပူးသက်ဖို့ ကိုယ့်ဆီမှာ ပီအေလာလုပ်တာပါ မစိမ်း ..."

"သေချာလို့လား ... ကိုဝေလွင်နဲ့ ကေသီစိုး ချစ်နေကြတယ် ဆိုတာ ..."

"သိပ်သေချာတာပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထွန်းက တစ်ညတွင် ကေသီစိုးတိုက်ခန်းသို့ ရောက်အသွား၌ တစ်အိမ်လုံး သံဘာဂျာတံခါး ပိတ်ထားပြီး ဖိုက်ဝဒ်မီးစိမ်းလေးထွန်းပြီး ကေသီစိုးကို ခေါ်မရပုံ၊ ကေသီစိုး၏ တိုက်ခန်းရှေ့ ဟိုဘက်တွင် ကိုဝေလွင်၏ ကားသစ်လေး ရပ်ထားသည်ကို တွေ့ခဲ့ပုံတွေ စိမ်းပပအား ပြန်ပြောပြလိုက်သည်။

"ဒါဆို ... ကိုထွန်း မှားနေပြီလို့ ပြောရမှာပဲ ... အဲဒီညက ခင်မိမိ အသတ်ခံရတယ်လေ ... ကိုဝေလွင်ဟာ ကေသီစိုးအိမ်မှာ တစ်ညလုံးရှိနေရင် ခင်မိမိကို ကိုဝေလွင် သတ်တယ်ဆိုတာ မဖြစ်နိုင်ဘူးပေါ့ ... "

"ဒါကတော့ ... ကိုဝေလွင် ညဉ့်နက်မှ ကေသီစိုးအိမ်က ပြန်ထွက်လာပြီး ခင်မိမိကို သတ်တာဖြစ်မှာပေါ့ ... အငယ်အနှောင်းထားတဲ့လူတွေဟာ များသောအားဖြင့် အငယ်အနှောင်းအိမ်မှာ ကျေနပ်အောင်နေပြီးရင် အချိန်တန် အိမ်ပြန်တတ်တာပဲ မစိမ်း ... "

စိမ်းပပက နေမင်းထွန်း ပွေ့ပိုက်ထားရာမှ ရုန်းထွက်ပြီး တည်ငြိမ်အေးဆေးစွာ လေးနက်သော စကားတစ်မျိုး ပြောပေသည်။

"မစိမ်း စဉ်းစားတယ် ... ကိုထွန်းဟာ ကိုဝေလွင်နဲ့ပတ်သက်ပြီး ဆိုက်ကိုဒီဖတ် စိတ်ပိုင်းဆိုင်ရာ အယူသီးစွဲလမ်းမှု ဖြစ်နေသလားလို့ ... "

"အဲ့ဒါကို မစိမ်းပဲ ရှင်းပြလေ ... "

"ကိုထွန်းဟာ ... ခင်မိမိနဲ့ စွဲစွဲလမ်းလမ်းကြီး ချစ်ခဲ့ဖူးကြ



တယ်နော် ... "

"ဘာလဲ ... မစိမ်းက ... ကိုယ့်ကို အပြစ်ရှာစကားမျိုး ပြောလာတာလား ... ဒီအရွယ်ရောက်မှတော့ ချစ်ဖူး ကြိုက်ဖူးသူ တစ်ယောက်တလေတော့ ရှိခဲ့ဖူးမှာပေါ့ ... ဒါပေမဲ့ မစိမ်းကို ကိုယ့်အရင်က ချစ်ခဲ့သူ ရှိခဲ့ဖူးလားလို့ ... ကိုယ် တစ်ခါမှ တစ်ခွန်းမှ မမေးခဲ့ဘူး ... မေးစရာလည်း မလိုဘူး၊ အတိတ်ဟာ အတိတ် ... ပစ္စုပ္ပန်ဟာ ပစ္စုပ္ပန်ပဲလို့ သဘောထားလိုက်တယ် ... "

"အဲ ... ခက်ပြီ ... မစိမ်းက ကိုထွန်းကို ချစ်ကတည်းက ခင်မိမိနဲ့ ချစ်ခဲ့ဖူးတာကို အလေးအနက်မထားလို့ ပြန်ချစ်တာပေါ့နော် ... အခု မစိမ်း ပြောနေတာက ကိုထွန်း ခင်မိမိနဲ့ ချစ်ခဲ့ဖူးတာကို အဓိကထား ပြောနေကာမဟုတ်ဘူး"

"ဒါဆို ... ဘာအဓိကလဲ ... "

"ကိုထွန်းနဲ့ ခင်မိမိတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြမှန်းသိလျက်သားနဲ့ ကိုဝေလွင်ဟာ ခင်မိမိကို အရယူလက်ထပ်တယ် ... ကိုထွန်းအနေနဲ့ နာကြည်းစရာ ဖြစ်သွားတယ် ... နောက်တစ်ချက်က ကိုထွန်းဟာ ကန်ထရိုက်လုပ်ငန်းနဲ့ ... ဒီမြို့မှာ သိပ်အောင်မြင်လာတဲ့ လုပ်ငန်းကို ကိုဝေလွင်က မရှုဆိတ်ပဲ ... ကိုထွန်းရဲ့ လုပ်ငန်းတွေမှာ အနှောင့်အယှက်ပေးခဲ့တယ် ... ကိုထွန်းရဲ့ လုပ်ငန်းကိုပါ သူက အပိုင်သိမ်းယူဖို့ ကြိုးစားတယ် ... ဒီတော့ ကိုထွန်း စိတ်ထဲမှာ ကိုဝေလွင်ကို သိပ်နာကြည်းပြီးရင်း ထပ်နာကြည်းတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတယ် ... ကိုဝေလွင်ကို ကိုထွန်း သိပ်မုန်းတယ်၊ ဒါကြောင့် ... ခင်မိမိကို အသေသတ်သူဟာ ကိုဝေလွင်ပဲလို့ ပြင်းပြင်းထန်ထန် စွပ်စွဲတာဟာ ဆိုက်ကိုဒီဖတ် စိတ်ရဲ့ အယူသီးစွဲလမ်းမှုမျိုးများ ဖြစ်နေသလားလို့"

နေမင်းထွန်းသည် သူ့ပေါင်နှစ်ဖက် သူ့လက်ဝါးဖြင့် ဖြန်းခနဲ ဖြန်းခနဲ ဒေါသကြီးစွာ ပုတ်လိုက်သည်။ ... မကျေမနပ် မချင့်မရဲ ဒေါသသံဖြင့် အော်ပြောလိုက်သည်။

"အခု မစိမ်းပြောတဲ့ စကားလုံးတွေ ပြောလိုက်တဲ့လေသံတွေဟာ ... ဒီကောင်နဲ့တွေ့ရင် ဒီလိုပြောလိုက်လို့ သင်ပေးတဲ့အတိုင်း မစိမ်း ပြောနေတာ မဟုတ်လား ... ရဲအရာရှိကြီး ဦးလှိုင်ကလည်း ဒီလေသံ စကားလုံးအတိုင်း ကိုယ့်ကို ပြောသွားဖူးတယ် ... ဘာပဲဖြစ်ဖြစ် ... ကိုယ့်အနေနဲ့ကတော့ ဝေလွင် ကျူးလွန်ခဲ့သမျှ အပြစ်တွေအားလုံး တရားရုံးနဲ့ တရားသူကြီးရှေ့ ရောက်ကိုရောက်စေရမယ် ... အဲဒါပေမဲ့ ဒီမြို့သာမြို့သစ်ရဲ့ တရားရုံးနဲ့ တရားသူကြီးဆီမှာတော့ မဟုတ်ဘူး ..."

"ဒီမယ် ကိုထွန်း ... ကိုဝေလွင်က ခင်မိမိကို သတ်လိုက်တယ်ဆိုတာ သက်သေအထောက်အထား ဥပဒေပိုင်းအရကြည့်ရင် မထင်ရှားဘူး ..."

"ဒါကတော့ ... အခုလောလောဆယ် အထောက်အထား သက်သေမတွေ့သေးလို့ ဖြစ်မှာပေါ့ ... ခင်မိမိကို ပစ်သတ်ခဲ့တဲ့ သေနတ်ကတော့ ကိုဝေလွင့်ဆီမှာ ရှိနေမှာပဲ ... အဲဒီ



သေနတ်ကို တွေ့အောင်ရှာကြပေါ့ ... အဲဒီသေနတ်ဟာ ကိုဝေလွင်က ခင်မိမိကို သတ်ပါတယ်ဆိုတဲ့ သက်သေပစ္စည်း အခိုင်အမာပဲ မဟုတ်လား ..."

"အဲဒါလည်း ကိုထွန်း စွတ်ပြောနေတာပဲ ... လက်ပူးလက်ကြပ် မျက်မြင်သက်သေ လုံးဝမရှိတဲ့ လူသတ်မှုတစ်ခုဖြစ်လာရင် ဥပဒေနဲ့ အထောက်အထား သဲလွန်စ ရှာရတာတွေက အများကြီး ရှိသေးတယ် ကိုထွန်း ... ဥပဒေသဘောအရ ပြောနေတာနော် ... နောက်ပြီး အဲဒီညက တစ်ညလုံး မိုးလင်းတဲ့အထိ ကိုဝေလွင်ဟာ သူမရဲ့တိုက်ခန်းမှာ သူမနဲ့ အတူရှိနေပါတယ်လို့ ကေသီစိုးက အလီဘိုင် သက်သေပေးလာရင် ဥပဒေသဘောအရ စဉ်းစားစရာတွေ အများကြီး ဖြစ်လာမယ် ကိုထွန်း ..."

"အံ့ဩစရာပါလား မစိမ်း ... ကိုဝေလွင်ဟာ ဒ... ဩစရာ ကောင်းလွန်းနေလို့ပါ ... ကိုဝေလွင်တစ်ယောက် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ဖြစ်နေတာကိုပဲ ကိုယ် အံ့ဩတာပါ ... ကေသီစိုးလည်း ကိုဝေလွင်အတွက်ဆိုရင် သူ့အရှက် သူ့သိက္ခာတွေ ဖျက်ချင်သလောက် ဖျက်ပါစေ ... ကိုဝေလွင် လွတ်မြောက်ရေးကို ကာကွယ်ပေးမယ်တဲ့လေ ... ဟဲ ဟဲ အခုလည်း မစိမ်းကလည်း ကိုဝေလွင်ကို အကာအကွယ်ပေးတဲ့စကားတွေချည်း ပြောလာတာ အံ့ဩစရာကြီးမှ အကြီးကြီး အံ့ဩစရာပဲ မစိမ်း ..."

စိမ်းပပ ဒေါပွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ … ကိုထွန်းက မစိမ်းကို ကိုဝေလွှင်နဲ့ စွပ်စွပ်စွဲစွဲ စကား ပြောတဲ့သဘောလား ကိုထွန်း … ဒီအရွယ်ရောက်မှ တော့ ချစ်ဖူးသူ ရှိမှာပဲဆိုတဲ့ သက်သာမကင်းတဲ့စကား … မစိမ်းမှာ ဟိုအရင်က ချစ်သူရှိခဲ့ဖူးလားလို့ တစ်ခွန်းမမေး ဘူးဆိုတဲ့စကားတွေဟာ ကိုထွန်းဟာ မစိမ်းကို မသက်သာ တဲ့စကားတွေပဲ … ဘာလဲ … ကိုထွန်းက မစိမ်းကို ချစ် တယ်လို့ တစ်ခွန်းပြောရုံနဲ့ မစိမ်းက ကိုထွန်းကို ချက်ချင်း ပြန်ချစ်တာကိုပဲ အညာလွယ်တယ်လို့ ထင်တာမျိုးလား … ဒီမှာ ကိုထွန်း မသေမချင်း မှတ်ထား … မစိမ်း အရွယ် ရောက်လာကတည်းက မစိမ်းရဲ့ နှလုံးသားနဲ့ ချစ်ရမဲ့သူရဲ့ ပုံရိပ် မစိမ်းနှလုံးသားထဲမှာ ထင်ဟပ်နေတယ် … အဲဒီ မစိမ်းရဲ့ နှလုံးသားထဲမှာ လာပြီးထင်ဟပ်နေတဲ့ ပုံရိပ်ဟာ ကိုထွန်းပဲ … ဒါကြောင့် ကိုထွန်းက ချစ်တယ်လို့ ဖွင့်ပြော တာနဲ့ စိမ်းကလည်း ပြန်ချစ်တယ်ဆိုတဲ့အဖြေ ချက်ချင်း ပေးတာ … နောက်တစ်ချက်က မစိမ်းဟာ တခြားအမျိုး သမီးတွေလို့ မူယာမာယာတွေ မလုပ်တတ်ဘူး … ချစ်ရင် ချစ်တယ်လို့ ဟောဟောဒိုင်းဒိုင်းပဲ … ဟွန်း … ကိုဝေလွှင် လိုလူမျိုးကို မစိမ်းက အဝေးကြီး အဝေးကြီးမှ တကယ့် အဝေးကြီးပါ ကိုထွန်း …"

"နို … ဘာလို့ မစိမ်းက ဒီလူဝေလွှင့်ဘက်က အကာအကွယ် ပေးစကားတွေ ပြောတာလဲ …"

"ဖေဖေ့ကြောင့်ပေါ့ … ဖေဖေဟာ ကိုဝေလွှင်နဲ့ မကင်းခဲ့



ဘူး … တကယ်လို့ တရားရုံးက ကိုဝေလွှင်ကို လူသတ်မှု နဲ့ အပြစ်ရှိတယ်လို့ ဆုံးဖြတ်လာရင် အဲဒီအဖြစ်ထဲမှာ ဖေဖေ တစ်နည်းနည်းနဲ့ ငြိပါမှာကို မစိမ်း အရမ်းအစိုးရိမ်ဆုံးပဲ"

"အန်ကယ် ဦးဘစိမ်းက အနေသာကြီးပါ မစိမ်း …"

"ခက်တယ် ကိုထွန်း … လူသတ်မှုတစ်ခု ဖြစ်လာပြီဆိုရင် ဥပဒေကိုက ငါးဖမ်းကွန်ပစ်သလို ကွန်ချက်ကို ဝေ့ဝိုက်ပြီး ဖြန့်ချလိုက်တယ် … အဲဒီကွန်ချက် ဖြန့်လိုက်တဲ့အထဲမှာ ဖေဖေ ပါသွားမှာ … မစိမ်း သိပ်ကြောက်တယ် … ကဲ ရှင်းပလား ကိုထွန်း …"

စိမ်းပပကို နေမင်းထွန်း သံသယလုံးဝရှင်းသွားပါ၏။ နားလည်သွားပါ၏။

"ကဲ … မစိမ်း ပြန်မယ် ကိုထွန်း … အိမ်မှာ ဖေဖေတစ် ယောက်တည်းရယ် …"

"အံမလေး … မစိမ်းဖေဖေကို ဘယ်အပျိုက တက်ဆွဲမှာ မို့လဲ …"

"မဟုတ်သေးဘူး ကိုထွန်း … အခုတလော နိုင်ငံရေးအခြေ အနေတွေက အရမ်းရှုပ်ထွေးနေတယ် … ဖေဖေက ပြော တယ် … နိုင်ငံရေးပါတီတွေ အစိတ်စိတ်အမွှာမွှာ ကွဲနိုင် တယ်တဲ့ … ဖေဖေတို့ အခုလက်ရှိ အာဏာရအဖွဲ့မှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတယ်တဲ့ … အခြေအနေ မကောင်းဘူးတဲ့ …"

ဟုတ်ပေမည် …။ နေမင်းထွန်းက နိုင်ငံရေး အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေကို သိပ်နားမလည်ပေမဲ့ ဟိုလူပြော ဒီလူပြောနှင့် နိုင်ငံရေး အခြေအနေတွေ ရှုပ်ထွေးနေမှန်း ကြားသည်။

နှုတ်ဆက်ထွက်သွားသော မစိမ်း၏ ကားနောက်မီး အနီလေးကို ငေးကြည့်ကျန်ခဲ့ပါ၏။

ooo 📖 ooo



( ၂၄ )

ဦးဗညားထံတွင် ပုန်းအောင်းနေရသည်မှာ ကြာတော့ ပျင်းလာသည်။ စိမ်းပပကိုလည်း နေမင်းထွန်း နောက်ထပ် မဆက်သွယ်ပေ။ စိမ်းပပတွင် အန္တရာယ်ရှိမည်စိုး၍ ဖြစ်သည်။

ဦးဗညားက နေ့စဉ် မနက်တစ်ခေါက် ညနေတစ်ခေါက် မြို့ထဲထွက်ပြီး သတင်းစကား နားထောင်သည်။

ယနေ့ ...

ဦးဗညား နံနက်ပိုင်းမှ ထွက်သွားရာ မွန်းလွဲပိုင်းကျမှ ပြန်လာသည်။

"လာဟေ့ မောင်ထွန်း ... သတင်းထူး ပါလာတယ် ... ငါးမျှားတံတွေနဲ့ ငါးတွေထားခဲ့ ... မင်း ကြားချင်တဲ့သတင်းပဲ ငါရလာတယ် ... "

နေမင်းထွန်းသည် ချက်ချင်း ဦးဗညားရှေ့သို့ ရောက်လာသည်။

"အခုမနက် ဆယ်နာရီမှာပဲ ကိုဝေလွင်ကို သက်ဆိုင်ရာတွ

www.burmeseclassic.com

www.burmeseclassic.com



က ခင်မိမိ အသတ်ခံရမှုနဲ့ ဖမ်းလိုက်ပြီကွ ... သူ့ခြံဝင်းစံပယ်ရုံအောက် မြေကြီးထဲမှာ မြှုပ်ထားတဲ့သေနတ်ကို ရှာတွေ့လို့တဲ့ ... အဲဒီသေနတ်ဟာ ခင်မိမိကို ပစ်သတ်ခဲ့တဲ့ သေနတ် ဖြစ်နိုင်လို့တဲ့ ... "

"နေပါဦး ... ဦးဗညားရဲ့ ... ဝေလွင့်ကို ဘယ်သူက ဖမ်းတာလာလဲ ... ဒီမြို့က ရဲအရာရှိကြီး ဦးလှိုင်က ဖမ်းလိုက်တာလား ... "

"ထပ်သရီး ... မင်း ဦးလှိုင် ပြာလောင်ခတ်နေတယ် ... အခု ဖမ်းတဲ့အဖွဲ့က ရန်ကုန်က အထူးစုံထောက်အဖွဲ့ကရန်ကုန်ဌာနချုပ်က ... အထူးစေလွှတ်လိုက်တဲ့ အထူးစုံထောက်အဖွဲ့တဲ့ ... မင်း ယူဘီအေ ကိုတိုးကတစ်ဆင့် ပို့လိုက်တဲ့ မှတ်တမ်းကြီးကြောင့် ဖြစ်မလားပဲ ... "

"သြော် ... ကျွန်တော့်မှတ်တမ်းကြီးက တကယ် အလုပ်လုပ်ပြီကိုး ... "

"ငါ အံ့ဩနေတယ်ကွ ... ဝေလွင်လို ဖျံကျအောင် သိပ်လည်တဲ့ကောင်က လူသတ်လက်နက် သေနတ်ကို သူ့ပိုင်ခြံထဲမှာ မြှုပ်ဝှက်မတဲ့လား ... မြစ်ထဲ ပစ်ချလိုက်ရင်တောင် ပြီးနေတာပဲဟာ ... "

"ဒါတော့ဗျာ ... မြင်းကောင်းခွာလိပ် ဆိုတာမျိုး ဖြစ်သွားမှာပေါ့ ... ဒါဆိုရင်တော့ ကျွန်တော် အသေကောင်ဘဝအရှင်ကောင်ဘဝကို ပြန်ကူးမပဲ ... "



"ဟာ ... ရှုပ်ကုန်မှာပေါ့ ... "

"ဦးဗညားကိုပဲ ကျွန်တော် မသေကြောင်း အနိုင်အမာ သက်သေထူရမှာပေါ့ဗျာ ... "

"ရတယ်လေ ... မင်းထွက်ဆိုနိုင်းတဲ့အတိုင်း ငါက ကျမ်းကိုင်ထွက်မှာပဲ ... ဒါထက် အဲဒီသေနတ်ကို မင်းပဲ ဝေလွင့်ခြံထဲမှာ သွားမြှုပ်ထားလိုက်တာလား မောင်ထွန်း ... "

ဦးဗညားကိုတော့ နေမင်းထွန်း မညာပေ။ ခေါင်းညိတ်ပြလိုက်သည်။

"အင်း ... ဒီတစ်ကွေ့မှာတော့ ဝေလွင် ခံသွားရတယ်ပေါ့ကွာ ... သူ့ခမျာ ခင်မိမိကို တကယ်မသတ် ... "

"ခင်မိမိကို ဝေလွင်သတ်တာပေါ့ ဦးဗညား ... ဝေလွင်ကလွဲလို့ ဘယ်သူရှိမှာလဲ ... ဒါကြောင့် တမင် ကျွန်တော် သေနတ်သွားမြှုပ်တာ ... "

နေမင်းထွန်း ထိုင်ရာမှ ထလိုက်သည်။

"ကဲ ... ခင်ဗျား ချက်ဗလက်ကားနဲ့ ကျွန်တော့်လင်းရိဗာထားတဲ့ ဂိုဒေါင်ကို လိုက်ပို့ဗျာ ... "

ဦးဗညားက နေမင်းထွန်း ပြောသမျှ လိုက်လုပ်ပေးပါ၏။ ဂိုဒေါင်မှ လင်းရိဗာ ထုတ်ယူပြီးမှ ဦးဗညား သူ့ ချက်ဗလက်ကြီးနှင့် ပြန်သွားသည်။

နေမင်းထွန်း ပြောင်ပြောင်ပင် မြို့ထဲသို့ [illegible] သည်။ ဗေဒါနှင့်အတူ သေသွားပြီဟု သိထားကြားထား[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝေလွှင်ကို ငေးကြည့်အံ့သြကြသည်။

နေ့ခင်းကြောင်တောင် မြို့လယ်ခေါင်တွင် တစ္ဆေတစ်ကောင် လင်းရှိဗာကားဖြင့် လမ်းသလား တစ္ဆေခြောက်နေသည်ဟု ထင်ကြလေသလားမသိ။

ရုံးခန်းသို့ပင် နေမင်းထွန်း မောင်းလာခဲ့သည်။ ရုံးခန်းမှာ ဖွင့်လျက်သား ရှိနေပါ၏။ ချိုတူးလေးထိုင်ကာ ရုံးစောင့်ဒရဝမ် လုပ်နေသည်။

နေမင်းထွန်းကို မြင်သည်နှင့် ချိုတူးလေး ပါးစပ်ပြဲသွားသည်။ မျက်လုံးပြူးသွားသည်။

"ဘုရား ... ဘုရား ... ဣတိပိသော ... "

"ငါ လူအစစ်ပါ ချိုတူးရ ... သရဲ မဟုတ်ပါဘူးကွ ... "

ချိုတူး၏ဦးခေါင်းကို ပွတ်သပ်ပြီး ရုံးခန်းထဲ ဝင်လာခဲ့သည်။ အလုပ်စားပွဲတွင် ဝတ်လုံတော်ရ ဦးမိုးဝင်း ထိုင်နေသည်ကို တွေ့ရပါ၏။

"လာ ... ထိုင် ကိုနေမင်းထွန်း ... ကျုပ်ကတော့ ချိုတူးလေးလို ဣတိပိသော မရွတ်ဘူး ... ဘာလို့လဲဆိုတော့ ခင်ဗျား မသေမှန်း ကျုပ်သိနေတာပဲ ... "

"ကျွန်တော် မသေမှန်း ... ဦးမိုးဝင်း ဘယ်လိုသိတာလဲဟင်"

"ဗေဒါ ဖုံးကွဲနစ်မြုပ်တဲ့ညက ခင်ဗျား ကျုပ်အိမ်ရှေ့က စက်ဘီး ဖြတ်စီးသွားတာ ကျုပ်အိမ်ဝရန်တာကနေပြီး လှမ်းမြင်လိုက်တယ် ... ကျုပ်အကျင့်က အိမ်ကမိန်းမနဲ့ ကလေးအိပ်



ပြီဆိုရင် နောက်တစ်နေ့တာ လုပ်စရာတွေရှိတယ်ဆိုတာ ဝရန်တာမှ ထွက်လေညင်းခံရင်း စဉ်းစားလေ့ရှိတယ် ... ဒါကြောင့် ခင်ဗျား စက်ဘီးစီးသွားတာကို မြင်လိုက်တာ၊ အဲဒီအချိန်က ဗေဒါ ဖုံးပေါက်ကွဲသွားပြီးပြီလေ ... ဒါကြောင့် ခင်ဗျား မသေမှန်း ကျုပ်သိနေတယ် ... ဒါပေမဲ့ အများက ခင်ဗျားကို သေပြီလို့ ပြောနေကြတာကို ကျုပ်က မြို့နေလိုက်တယ် ... အဲဒီနောက် ခင်ဗျားက တရားဝင်လွှဲအပ်ထားတဲ့ ဝတ်လုံတစ်ယောက်အနေနဲ့ ခင်ဗျားအလုပ်တွေကို ဆက်လုပ်ပေးနေတာပဲ ... "

"သိပ်ကျေးဇူးတင်ပါတယ် ဦးမိုးဝင်း ... "

"ရပါတယ် ... ကဲ ... ခင်ဗျား ဖြစ်ခဲ့တာတွေ ကျုပ်ကို ပြောပြဦး ... "

နေမင်းထွန်းက သူဖြစ်ပျက်ခဲ့သမျှအားလုံး ဦးမိုးဝင်းကို ပြောပြသည်။ ဦးဗညားအိမ်ခြံကြီးတွင် ကိုယ်ယောင်ဖျောက်နေကြောင်းကိုပါ ပြောပြသည်။

ပြောအပြီးတွင် ဦးမိုးဝင်းက လုပ်ငန်းအကြောင်း ဆက်၍ ပြောပြသည်။

"အင်ပီးရီးယား ဘဏ်ကိစ္စလည်း ပြီးသွားတယ်ဗျ ... သူ ကြွေးနှစ်သိန်း ကျုပ်ဆပ်လိုက်တယ် ... "

"တယ်ဟုတ်ပါလား ဦးမိုးဝင်း ... "

"ခင်ဗျား ဗေဒါနဲ့အတူ သေသွားပြီလို့ ယုံကြည်တဲ့အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အင်ပီးရီးယားဘဏ်က မစ္စတာရှားမားလည်း အပါအဝင်လေ ... အဲဒီတော့ ကာယကံရှင် သေပြီလို့ ကျုပ်က တရားဝင် သေသူရဲ့ အလုပ်တွေကို ဆက်လုပ်ရရင် တစ်ပတ်အတွင်း ချေးငွေနှစ်သိန်းဆပ်ပါဆိုတာကို မဆပ်နိုင်ဘူး ... သေသွားတဲ့လူကို ခင်ဗျား တရားစွဲချင်လည်း စွဲ ... ဒါမှမဟုတ် ကျုပ်ကို အချိန်ပေးရင် ချေးငွေတွေ ကျုပ်ပြန်ဆပ်ဖို့ လုပ်ပေးမယ်လို့ ပြတ်ပြတ်ပြောလိုက်တယ် ... ”

“အခြေအနေက ... ခင်ဗျား သေသွားပြီဆိုတော့ တစ်မျိုးပြောင်းသွားတာပေါ့ဗျာ ... မစ္စတာရှားမားကို ခင်ဗျား ရန်သူတွေ ပေးထားတဲ့ ပရက်ရှာဟာ အလိုလို လျော့သွားတဲ့ သဘောပဲ ... ကျုပ်တောင်းဆိုချက်ကို မစ္စတာရှားမားက လိုက်လျောတယ် ... ကျုပ် ခင်ဗျားကိုထောင်ထဲက ပစ္စည်းတစ်မျိုး ရောင်းပြီး ချေးငွေပြန်ဆပ်လိုက်တယ် ... အားလုံး ရှင်းသွားပြီ ... ”

“ထပ်ဆင့် ကျေးဇူးပါပဲ ဦးမိုးဝင်း ... ”

“အေး ... ကေသီစိုးကတော့ ခင်ဗျား သေသွားပြီဆိုပြီးတဲ့နောက် လုံးဝ အလုပ်မဆင်းတော့ဘူး ... နောက်တစ်ချက်က ခင်မိမိသတ်မှုနဲ့ ကိုဝေလွင်ကို ဖမ်းထားတယ် ... ”

နေမင်းထွန်းက ဘာမှမသိသလိုပြန်မေးလိုက်သည်။

“ဟုတ်လား ... မြို့မြို့သစ် ရဲအဖွဲ့ ရဲအရာရှိ ဦးလှိုင်က ကိုဝေလွင်ကို ဖမ်းလိုက်တာလား ... ”



“ဒီမြို့က အမှုကို ဒီမြို့က ရဲကပဲ ဖမ်းတာပေါ့ဗျာ ... ဒါပေမဲ့ ရန်ကုန်ဌာနချုပ်က အထူးစုံထောက်သုံးယောက် ရောက်လာပြီးတဲ့နောက် ကိုဝေလွင်ကို ဖမ်းလိုက်တာပဲ ... ဒါပေမဲ့ အမှုက မခိုင်မာသေးဘူးဗျ ... ကေသီစိုးက ခင်မိမိ အသတ်ခံရတဲ့ညက ကိုဝေလွင်ဟာ သူမရဲ့ တိုက်ခန်းမှာ အတူရှိနေပါတယ်ဆိုတဲ့ အလီဘိုင် ထွက်ဆိုချက်ပေးမယ်လို့ ကြားတာပဲ ... အဲဒါဆိုရင် အမှုမှာ မခိုင်မာတဲ့ သဘော သက်ဝင်သွားတယ် ... ”

နေမင်းထွန်းက ဦးမိုးဝင်းကိုတော့ အတိုက်အခံ ကား ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

“ဒါဆို ... ကျုပ် ခင်ဗျား မသေကြောင်း နေ့စဉ်သတင်းစာမှာ ထည့်လိုက်တော့မယ် ... ကျုပ် သွားမယ် ... ခင်ဗျား အလုပ် ခင်ဗျား ဆက်လုပ်ပေတော့ ... ”

နေမင်းထွန်းသည် ... ပွင့်ထွက်သွားသော သူ့မီးခံ သေတ္တာကို ကြည့်ပြီး အလုပ်စားပွဲတွင် ဝင်ထိုင်လိုက်သည်။

အဝင်စာခြင်းထဲတွင် ရှိနေသော စာအိတ်တွေကို ...ာက်ကြည့်သည်။

ပထမဆုံးစာမှာ ရှိန်းမောင်လက်မှ ထွက်ပြေးသွား ...သာ ဇာခြည်မြင့်ထံမှ စာဖြစ်ပေသည်။ စာထဲတွင် သူမသည် ရန် ...န်တွင် အဆိုတော် ဝင်ရောက်လုပ်ကိုင်ရာ အောင်မြင်ကြောင်း ...င် မိမိကို အရမ်းကျေးဇူးတင်ကြောင်းများ ပါရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထွန်း ရုံးခန်းထဲမှ ပြန်ထွက်လာပြီး ကားနှင့် ပြန်ထွက်လာကာ ဆံပင်ညှပ်သည်။ မိမိ အဝတ်အစားများ ဗေဒါနှင့် ပါသွားပြီမို့ အဝတ်သစ်များ ဝယ်ယူကာ တည်းခိုခန်းတွင် ရေချိုး အဝတ်သစ်များ လဲလှယ်လိုက်ပါ၏။

ooo ◻ ooo



## ( ၂၅ )

ဝတ်လုံတော်ရ စိမ်းပပက ... ဝေလွှင်ဘက်မှ အမှု လိုက်ပေးနေသည်ဆိုသည့်သတင်း ကြားသည်နှင့် နေမင်းထွန်း တရားရုံးဆီသို့ မောင်းလာခဲ့သည်။

စိမ်းပပကို တရားရုံး၏ အနားယူသောအခန်းတွင် ရှိနေသည်ကို တွေ့ရသည်။

"မစိမ်းနဲ့ ကိုယ် စကားပြောချင်တယ် ..."

နေမင်းထွန်း၏ တင်းမာနေသော မျက်နှာကို စိမ်းပပ အကဲခတ်မိသည်။

"ပြောချင်တာရှိ ပြောလေ ကိုထွန်း ..."

"ဒီမှာ မပြောချင်ဘူး ... အပြင်မှာ ပြောမယ် ..."

"မစိမ်းမှာ တာဝန်နဲ့ ကိုထွန်း ... အခု တရားသူကြီး အနား ယူနေလို့ ..."

"ဘာလဲ ... ဝေလွှင် အမှုအတွက် တရားသူကြီးဆီမှာ လျှောက်လဲချက်တင်ဖို့ မစိမ်း စောင့်နေတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ တွေ့ကရာမပြောနဲ့ ကိုထွန်း ... သတင်းစာလူတွေ ရှိနေတယ် ... သူတို့ကြားသွားရင် သတင်းတွေ ပွကုန်မယ်၊ ကဲ ... ကိုထွန်း ပြောချင်ရင် မစိမ်း အပြင်လိုက်ခဲ့မယ်"

အပြင်သို့ ထွက်လာကြသည်။

"မစိမ်း ဘာတွေလုပ်နေတာလဲ ..."

"လုပ်သင့်လုပ်ထိုက်တာ လုပ်နေတာပဲ ... ဦးလှိုင်မင်းက ဖေဖေ့ကို အကျပ်ကိုင်တယ် ... ကိုဝေလွှင်အမှုမှာ မစိမ်း လိုက်ပေးရမယ်တဲ့ ... ဖေဖေကလည်း လိုက်ပေးလိုက်လို့ ပြောတယ် ... ဖေဖေ စိတ်ချမ်းသာအောင် မစိမ်း လိုက်ပေးတာပဲ ..."

"ခက်တယ် ... မစိမ်းတို့သားအဖက ကိုယ့်ဟာကိုယ် နေသာသားနဲ့ ဒီကိစ္စထဲ ဝင်လာတယ် ... ဒီအမှုက နောက်ပိုင်း ဘယ်လောက်ရှုပ်ထွေးမယ်ဆိုတာ မစိမ်း ခန့်မှန်းနိုင်သားနဲ့ ..."

"နောက်ပိုင်းရှုပ်အောင် ကိုထွန်းပဲ လုပ်ခဲ့တာကိုး ... ကိုဝေလွှင့်ခြံထဲမှာ သေနတ်မိအောင်လေ ..."

နေမင်းထွန်း အံ့ဩသွားသည်။ မိမိသေနတ် မြှုပ်ခဲ့သောကိစ္စကို မစိမ်း သိနေသောကြောင့် ဖြစ်ပါ၏။

"ကိုထွန်း ... အဲဒီလို လုပ်လိုက်လို့ မြှုပ်ထားတဲ့သေနတ်ကို ရန်ကုန် အထူးစုံထောက်အဖွဲ့တွေ့ပြီး ကိုဝေလွှင်ကို ဖမ်းတာ ... ကိုဝေလွှင်ကိုဖမ်းပြီဆိုတော့ ဦးလှိုင်မင်းက ဖေဖေ့ကို အကျပ်ကိုင်လာတယ် ... ဖေဖေ့ကို ထိပါးလာရင် ဒီကိစ္စ



မှာ မစိမ်း ဝင်မပါဘဲ နေလို့မဖြစ်တော့ဘူး ..."

"ဘာပဲဖြစ်ဖြစ် ... မစိမ်းရဲ့ လုပ်ဆောင်ချက် ဝေလွှင့်ကို ထွက်လွှတ်ပေါက်ပေးနေတာ ..."

"ဥပဒေကြောင်းအရ ကိုဝေလွှင်ကို စွဲချက်တင်ဖို့ မနိုင်လုံဘူး ကိုထွန်း ... ကေသီစိုးက ခင်မိမိ အသတ်ခံရတဲ့ညက ကိုဝေလွှင်ဟာ တစ်ညလုံး သူ့ရဲ့ တိုက်ခန်းမှာ အတူရှိနေတယ်လို့ ထွက်ဆိုချက် အလီဘိုင်ပေးတယ် ..."

နေမင်းထွန်း ဆက်မပြောတော့ဘဲ လှည့်ထွက်ခဲ့သည်။

မစိမ်းသည် ... သူ့အဖေနှင့် ပတ်သက်လာလျှင် နောက်ဆုတ်မည်မဟုတ်မှန်း နေမင်းထွန်း သိသည်။

ဦးဗညားထံသို့ နေမင်းထွန်း မပြန်တော့ပေ။ ရုံးခန်းသို့ပင် ပြန်ကာ အရက်မူးအောင် သောက်ပစ်လိုက်သည်။ ရုံးခန်းမှာပင် ထိုညအဖို့ အိပ်လိုက်သည်။

မိုးလင်းပြီး နေမင်းထွန်း အလုပ်စားပွဲတွင် ထိုင်နေစဉ်မှာပင် ဖုန်းမြည်လာသည်မို့ ကောက်ကိုင်လိုက်သည်။

"ပြောပါ ... ကျွန်တော် နေမင်းထွန်းပါ ..."

"ကျွန်တော်က ရန်ကုန် စုံထောက်အဖွဲ့က ခေါင်းဆောင်ရဲမောင်ပါ ကျွန်တော်နဲ့အတူ အဖွဲ့ဝင်စုံထောက် ဦးငွေစိုးနဲ့ ဦးအောင်မြင့်လည်း ပါတယ် ... ကျွန်တော်တို့အဖွဲ့က ဦးဗညားကိုလည်း စစ်မေးသင့်တာတွေ မေးပြီးပါပြီ ... အခု ကိုနေမင်းထွန်း မြို့မြို့သစ် ရဲစခန်းကိုလာခဲ့ပါလား ..."

www.burmeseclassic.com



“ကျွန်တော့်ကို ဘာလို့ခေါ်တယ်ဆိုတာ ကျွန်တော် သိခွင့် ရှိမလား ဦးရဲမောင် ...”

“ရှိပါတယ် ... အသတ်ခံ သေဆုံးသွားတဲ့ ခင်မိမိဟာ ... တစ်ချိန်က ကိုနေမင်းထွန်းနဲ့ ခင်မင်ခဲ့ဖူးတယ်ဆိုတော့ ... အခု ကိုနေမင်းထွန်းနဲ့ ကျွန်တော် နည်းနည်းပါးပါး စကားပြောကြည့်ချင်လို့ပါ ...”

“ကျွန်တော်နဲ့ ခင်မိမိ ခင်မင်ခဲ့ဖူးတယ်လို့ ... ဦးရဲမောင်တို့အဖွဲ့ကို ဘယ်သူက ပြောတာတဲ့လဲဗျာ ...”

“ကိုဝေလွင်က ပြောတာပါ ...”

“ဒါဆို အခု ဦးရဲမောင်နဲ့အဖွဲ့က ကျွန်တော့်ကို ခေါ်တာဟာ၊ စစ်ဆေးမေးမြန်းဖို့နဲ့ ထွက်ဆိုချက်ရယူဖို့ ခေါ်တာလား”

“အဲဒီအဆင့်အထိ မရောက်သေးပါဘူး ... အခုခေါ်တာက ကိုနေမင်းထွန်းနဲ့ ကျွန်တော် ဆွေးနွေးကြည့်ချင်တဲ့သဘော လောက်ပါ ...”

“ကျွန်တော် အခုပဲ လာခဲ့ပါ့မယ် ...”

နေမင်းထွန်း ရဲစခန်းသို့ မောင်းလာခဲ့သည်။ ဦးရဲမောင်ကပင် နေမင်းထွန်းကို ဖော်ရွေစွာ နှုတ်ဆက်ပါ၏။

ဒုစရိုက်မှတ်တမ်းကြီး ပေးပို့သူမို့ ဖော်ရွေလေသလား မပြောတတ်။

“လာဗျာ ... ထိုင်ပါ ... ကိုနေမင်းထွန်း ...”

နေမင်းထွန်း ဝင်ထိုင်သည်နှင့် စုံထောက်အဖွဲ့ဝင်နှစ်ဦး ငွေစိုးနှင့် ဦးအောင်မြင့်က တခြားသို့ ရှောင်သွားသည်။



ဦးရဲမောင်က ဆက်ပြောပြသည်။

“မနေ့က မနက်ကပဲ ... ကျွန်တော်တို့ စုံထောက်အဖွဲ့က ဒေသခံ လူကြီးတွေကို သက်သေအဖြစ် ခေါ်ယူပြီး ... ကိုဝေလွင်ရဲခြံထဲမှာ သတင်းအရ ရှာဖွေတာ မြေမြှုပ်ဖုံးထားတဲ့ ပစ္စတိုတစ်လက်ကို တွေ့တယ် ... ဒါကြောင့် ခင်မိမိသတ်မှုနဲ့ အကျုံးဝင်နေတဲ့ ကိုဝေလွင်ကို ဖမ်းလိုက်တယ်”

“ဒါပေမဲ့ ... ကိုဝေလွင့်ကို အာမခံ ပြန်ပေးလိုက်တယ် မဟုတ်လား ဦးရဲမောင် ...”

“အင်း ... ဒေါ်စိမ်းပပရဲ့ တရားခံဘက်က တင်ပြချက်တွေ သိပ်ကောင်းပါတယ် ... ဒါပေမဲ့ ကျွန်တော်တို့ ကိုဝေလွင့်ကို အာမခံမပေးပါဘူး ... ကိုဝေလွင့်ကို ချုပ်မြဲချုပ်ထားပါတယ် ...”

နေမင်းထွန်း ... ဘာမျှပြန်မပြော စကားမျှ လျှင်အမှားပါမည်စိုး၍ နှုတ်ပိတ်ရေငုံ နေလိုက်သည်။

“ကျွန်တော် ကြားသလောက်ပေါ့လေ ... ဒေါ်ခင်မိမိ ... အသတ်ခံရတဲ့ အချိန်ကစပြီး ဒေါ်ခင်မိမိကို သတ်သူဟာ ကိုဝေလွင်ပဲ ဖြစ်ရမယ်လို့ ကိုနေမင်းထွန်း ပြင်းပြင်းထန်ထန် ပြောဆိုချက်တွေ ရှိနေတယ်ဆိုတာကော ... ဟုတ်သလားဗျာ ...”

“ဟုတ်ပါတယ် ...”

“ဘာလို့လဲ ...”

“ခင်မိမိ အသတ်မခံရသေးခင်လေးကပဲ ကျွန်တော့်ဆီ ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်တယ် ... "

"ဟုတ်လား ... ဒေါ်ခင်မိမိက အသတ်မခံရခင် ကိုနေမင်းထွန်းကို ဘာတွေ ဖုန်းဆက်ပြောခဲ့သလဲဗျာ ... "

"ပြောတာတော့ စုံနေတာပဲ ... သူ့ယောကျ်ား ကိုဝေလွှင်နဲ့ သူဟာ အဆင်မပြေတဲ့အကြောင်း ... ကိုဝေလွှင်ဟာ အငယ်အနှောင်းထားတဲ့အကြောင်းနဲ့ နောက်ဆုံးပြောတာကတော့ သူဟာ ကိုဝေလွှင်နဲ့ ကွာရှင်းမယ်ဆိုတဲ့အကြောင်းပဲ ... "

"ဟုတ်လား ... ကျွန်တော် ကြားသလောက်ထဲမှာတော့ ကိုဝေလွှင့်ကို ... ဒေါ်ခင်မိမိက ကွာရှင်းချင်တယ်ဆိုတဲ့အကြောင်း မကြားမိသေးဘူး ကိုနေမင်းထွန်း ... "

"ဒါတော့ မပြောတတ်ဘူး ... ခင်မိမိက ကျွန်တော်နဲ့မေတ္တာရှိဖူးခဲ့တော့ ကျွန်တော့်အပေါ် ဖိအားတွေ ပေးလွန်းတာကို မသင့်တော်ကြောင်း ပြောရာက သူ့ယောကျ်ား ကိုဝေလွှင်နဲ့ မသင့်မတင့်တာမျိုးလည်း ဖြစ်နိုင်တာပဲ ... နောက်ပြီး သူနဲ့ ကိုဝေလွှင် ကွာရှင်းခဲ့ရင် ကျွန်တော်က သူ့ကို ပြန်လက်ခံမလားဆိုတာလည်း ... အကဲခတ်ချင်လို့ ဖုန်းဆက်အကဲခတ်တဲ့သဘော ဖြစ်ချင်ဖြစ်မှာပေါ့ ... "

"အဲဒီတော့ ကိုနေမင်းထွန်းက ဘာပြန်ပြောခဲ့လဲ ... "

"လုံးဝမဖြစ်နိုင်တာဘဲ ဦးရဲမောင် ... နဂိုကမှ ကျွန်တော့်အပေါ် ပျက်စီးရာပျက်စီးကြောင်း လုပ်နေတဲ့ ဒု ဓဝလွှင်ဟာ သူ့ဇနီးကို ကျွန်တော် လက်ခံလိုက်ရင် ပြဿနာ အကြီး



အကျယ်တွေ ထပ်ဖြစ်လာမှာပေါ့ ... နောက်တစ်ချက်က ခင်မိမိနဲ့ ကျွန်တော် ရေစက်ကုန်ပြီလေဗျာ ... လုံးဝပြန်လက်ခံဖို့ ကျွန်တော့်စိတ်မှာ မရှိတော့ဘူး ... ဒါကြောင့် ခင်မိမိကို လုံးဝပဲ ငြင်းလိုက်တယ် ... "

"အင်း ... ကိုနေမင်းထွန်း ပြောပြချက်ဟာ သဘာဝကျပြီး လက်ခံနိုင်လောက်စရာပါပဲ ... အဲ ... ဒါပေမဲ့ ... ခင်မိမိ အသတ်ခံရတဲ့ညက ကိုဝေလွှင်ဟာ ဘယ်သူဘယ်ဝါနဲ့ အတူရှိနေပါတယ်ဆိုတဲ့ အလီဘိုင် သေချာရှိနေတယ်ဗျ ... "

"ကေသီစိုးက ... သူနဲ့အတူ တစ်ညလုံး ရှိနေပါတယ်ဆိုတဲ့ အလီဘိုင် ဖြစ်မှာပေါ့ ... "

"ဟုတ်ပါတယ် ... ကေသီစိုးက အဲဒီ အလီဘိုင်ထွက်ဆိုမယ်မှန်း ကိုနေမင်းထွန်းက ဘယ်လိုသိနေသလဲ ... "

"ခင်မိမိ အသတ်ခံရမဲ့ညက ... ကျွန်တော် ညဦးပိုင်းမှာ ကေသီစိုးတိုက်ခန်းကို ရောက်သွားတယ် ... ဒါပေမဲ့ ကေသီစိုးက ကျွန်တော့်ကို တံခါးမဖွင့်မပေးဘူး ... "

ထိုညက ကေသီစိုးထံ မိမိ ရောက်သွားပုံနှင့် တွေ့မြင်ခဲ့သမျှကို နေမင်းထွန်းက ပြောပြသည်။

"ကေသီစိုး တံခါးဖွင့်မပေးတော့ ကိုနေမင်းထွန်း ဘာဆက်လုပ်လဲ ... "

"ဗေဒါ ဆိုက်ထားရာကိုပဲ ပြန်လာခဲ့တာပေါ့ ... ဗေဒါဟာ ကျွန်တော့်ရဲ့ ညအိပ် အိမ်ရာပဲဟာ ... "

"ဒါနဲ့ ... ကိုနေမင်းထွန်းနဲ့ ကိုဝေလွှင်ဟာ တစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် တော်တော်ပဋိပက္ခကြီးကြတယ်ဆို ...”

“ကိုဝေလွင်နဲ့သာမကဘူး ... ဦးလှိုင်မင်းနဲ့လည်း ပဋိပက္ခပဲ ... သူတို့ရဲ့ ဒုစရိုက်လုပ်ငန်းတွေကို ကျွန်တော်က မှတ်တမ်းပြုစုထားတာကို သူတို့က လုံးဝမကျေနပ်ကြဘူးလေ”

ဦးရဲမောင်က စားပွဲအံဆွဲဖွင့်ကာ ပစ္စတိုတစ်လက်ထုတ်ပြသည်။

မြင်ရုံနှင့် ပစ္စတိုမှာ ကိုဝေလွင့်ခြံထဲ မိမိ မြှုပ်ထားခဲ့သော ပစ္စတိုမှန်း နေမင်းထွန်း သိပါ၏။

ဦးရဲမောင်က ပစ္စတိုထဲမှ ကျည်ကပ်ကိုထုတ်ယူပြီး ကျည်ဆန်တစ်တောင့်ချင်း ထုတ်ပြသည်။ ကျည်ဆန်ငါးတောင့် ထွက်လာသည်။

တကယ်ထွက်လာရမည်မှာ ... ကျည်ဆန်ခြောက်တောင့် ဖြစ်ရမည်မို့ နေမင်းထွန်း အံ့ဩသွားသည်။ ကျည်ကပ်တွင် ကျည်ဆန်အပြည့် ခုနစ်တောင့်သာ ထည့်နိုင်သည်။ နဂိုက ခုနစ်တောင့်လည်း အပြည့်ထည့်ထားသည်။ လူလုကို လှန့်ချိုပေးရင် တစ်တောင့်ပစ်ခဲ့သည်။

ဒါဆို ကျည်ကပ်တွင် ခြောက်တောင့် ကျန်ရမည်သာ။ ယခု ငါးတောင့်သာ ထွက်လာသည်။

ကျည်ဆန်တစ်တောင့်ဘယ်ရောက်သွားပေသနည်း။

ဦးရဲမောင်က ဆက်ရှင်းပြသည်။

“ဟောဒီပစ္စတိုဟာ ကိုဝေလွင့်ခြံထဲမှာ မြေမြှုပ်ဝှက်ထားတာကို ကျုပ် တွေ့ခဲ့တာပဲ ... ဒီသေနတ်ထဲက ကျည်ဆန်



တစ်တောင့်ရဲ့ ကျည်ဖူးဟာ ခင်မိမိခန္ဓာကိုယ်ထဲကရတဲ့ ကျည်ဖူးနဲ့ ထပ်တူထပ်မျှပဲ ဖြစ်နေတာကို ... ကျွန်တော် သေချာဓာတ်ပုံရိုက် ပုံကြီးချဲ့ စစ်ဆေးပြီးပြီ ... ကျွန်တော့် အဖွဲ့ဝင် စုံထောက် ဦးငွေစိုးက အင်းစိန်စီအိုင်ဒီက သေနတ်နဲ့ ပတ်သက်ရင် အိတ်စပတ်လေ ... ဦးငွေစိုးက ဒေါ်ခင်မိမိကို ပစ်ခဲ့တဲ့ သေနတ်ဟာ ဒီသေနတ်ပဲလို့ သေချာပြောတယ် ...”

ကြားရသည့်စကားကြောင့် နေမင်းထွန်း ဦးနှောက်ချာချာလည်သွားသည်။

ဤသေနတ်သည် မိမိ ရုံးခန်းစားပွဲ အံဆွဲတွင် အမြဲထားခဲ့သော သေနတ်ဖြစ်သည်။ ယခု ဤသေနတ်ပင်လျှင် ခင်မိမိကို တကယ်အမှန်ပစ်ခဲ့သော သေနတ်ဖြစ်နေသည်။ အဘယ်ကြောင့်နည်း။

စဉ်းစားရင်း ဖျတ်ခနဲ မိမိဦးနှောက်ထဲတွင် လင်းလက်သွားသည်။ မိမိ ရုံးခန်းစားပွဲအံဆွဲမှ တစ်ဦးတစ်ယောက်သည် ဤသေနတ်ကိုယူပြီး ခင်မိမိကို ပစ်သတ်ခဲ့ပြီး ဟန်မပျက် ပြန်လည်ထားခြင်းဖြစ်ရမည်။

ယင်းတစ်ဦးတစ်ယောက်သည် မည်သူဖြစ်နိုင်လေမည်နည်း။

“ကေသီစိုး ...”

ဟုတ်၏။ မိမိရုံးခန်းစားပွဲအံဆွဲတွင် ဤသေနတ်ထားရှိကြောင်း ကေသီစိုးသာ သိသည်။ ပြီး ... မိမိရုံးခန်းစားပွဲ

www.burmeseclassic.com

www.burmeseclassic.com



အံဆွဲကို ဖွင့်နိုင်ခွင့်ရှိသူမှာ မိမိ၏ပီအေ ကေသီစိုးသာလျှင် ရှိသည်။

ထိုသို့ စဉ်းစားနေမိစဉ်မှာပင် အကျိုးတော်ဆောင် စိမ်းပပသည် ဦးရဲမောင်ဆီသို့ တန်းတန်းမတ်မတ် ရောက်လာသည်။

"ကဲ ... ဒီလောက်ပါပဲ ကိုနေမင်းထွန်း ... ကျွန်တော်နဲ့ လာဆွေးနွေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ..."

နေမင်းထွန်း ထွက်လာခဲ့သည်။

သို့သော် တံခါးပေါက်အထွက်တွင် ကွယ်ပြီး စိမ်းပပကို စောင့်နေသည်။

"ကျွန်မရဲ့ အမှုသည် ကိုဝေလွင်နဲ့ ကျွန်မ တွေ့ချင်ပါတယ် ဦးရဲမောင် ..."

"ဆောရီးပဲ ဒေါ်စိမ်းပပ ... အခုလောလောဆယ် ကိုဝေလွင်ကို ကျွန်တော် စစ်ဆေးနေဆဲ ဖြစ်ပါတယ် ... ခွန်းလွဲနှစ်ချက်တီးပြီးလောက်မှ ဒေါ်စိမ်းပပ ပြန်လာခဲ့ပါ ..."

စိမ်းပပ ပြန်ထွက်လာသည်။

တံခါးအပြင်ဘက်တွင် နေမင်းထွန်းနှင့် ဆုံမိကြသည်။ အတူတူ ထွက်လာကြပါ၏။

"သေနတ်ကိစ္စ စဉ်းစားစရာ ဖြစ်နေပြီ မစိမ်း ... ဒီသေနတ်နဲ့ ကိုယ် ထောင်ချောက်ဆင့်ခဲ့တယ်ဆိုတာကို ကိုယ် ဝန်ခံပါတယ် ... ဒါပေမဲ့ သေနတ်ထဲမှာ တကယ်ရှိသင့်တဲ့ ကျည်ဆန်ဟာ ခြောက်တောင့်ပါ ... အခု ဦးရဲမောင်တို့ စစ်ဆေးတွေ့ရှိချက်ဟာ ငါးတောင့်ပဲ ဖြစ်နေတယ် ..."

"ဒီသေနတ်ကိစ္စ မစိမ်း မပြောချင်ဘူး ... ဘာလို့လဲဆိုတော့



ဒီသေနတ်နဲ့ ကိုဝေလွင်ကို ထောင်ခြောက်ဆင်တာဟာ ကိုထွန်း ယောကျ်ား မပီသဘူးလို့ ယူဆလို့ပဲ ..."

"ဒါကတော့ မစိမ်းရဲ့ သဘောပါ ... ဒါပေမဲ့ အခု ဦးရဲမောင်က အနိုင်အမာ ပြောတာဟာ ... ဒီသေနတ်ထဲက ကျည်ဆန်တစ်တောင့်ဟာ ခင်မိမိကို နောက်ကျောက ပစ်သတ်ခဲ့တဲ့ သေနတ်အမှန်အကန်လို့ အနိုင်အမာ ပြောတယ်"

"ဒါဆို ... ကိုထွန်းရဲ့ဆန္ဒ ပိုပြည့်သွားတာပေါ့ ... ဒီသေနတ်ကို ကိုဝေလွင်ရဲ့ ခြံထဲက တွေ့တယ် ... ဒီသေနတ်ဟာလည်း ခင်မိမိကို သတ်ခဲ့တဲ့သေနတ်ဖြစ်ကြောင်း ခိုင်မာသေချာတယ်ဆိုတော့ ... ကိုဝေလွင်က ခင်မိမိကို သတ်ကြောင်း ပိုပြီးခိုင်မာသွားတာပေါ့ ..."

"မစိမ်း ပြောစကားက ကိုယ့်ကိုခနဲ့တဲ့စကားပဲ ... မစိမ်းကိုယ်က ... ကိုဝေလွင်ကို သိပ်အကာအကွယ်ပေးချင်နေတော့ ..."

"လာပြန်ပြီ ... မစိမ်း ကိုထွန်းကို အတန်တန်ရှင်းပြပြီးပြီ၊ ဖေဖေ့အတွက် လုပ်ဆောင်နေရတာပါလို့ ... မစိမ်းအနေနဲ့ တကယ့်လူသတ်သမား အစစ်အမှန်ကို ဖော်ထုတ်နိုင်မှ ကိုဝေလွင် လွတ်မယ် ... ကိုဝေလွင် လွတ်မှ ဖေဖေ့အပေါ် သူ့ငဲ့ အနှောင့်အယှက်က လွတ်မယ် ..."

"တကယ့်လူသတ်သမား အစစ်လို့ မစိမ်း ပြောလိုက်တယ်နော် ... အခု လူသတ်သမားအစစ် ဖော်ထုတ်ဖို့ အခြေအနေကော ဘယ်လိုရှိနေလဲ မစိမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



"အမှုမှာ ... ကိုဝေလွှင်ရဲ့ ထွက်ဆိုချက်နဲ့ ကေသီစိုးရဲ့ ထွက်ဆိုချက်ဟာ မတူညီဘဲ ကွဲလွဲနေတယ် ... ကေသီစိုးက ကိုဝေလွှင်ဟာ တစ်ညလုံး မိုးလင်းအထိ ကိုဝေလွှင်ဟာ သူမနဲ့ အတူရှိနေပါတယ်တဲ့ ... ကိုဝေလွှင်ကတော့ ညဦးပိုင်းမှာ ကေသီစိုးနဲ့ အတူရှိနေပေမဲ့ သန်းခေါင်လောက်ကျတော့ ကေသီစိုးအိမ်က ပြန်ထွက် ကားမောင်းထွက်လာတယ်တဲ့ ... ထွက်ဆိုချက်မတူဘဲ ကွဲလွဲနေတယ်"

"ဒါဆို ... အခု မစိမ်း ဘာဆက်လုပ်မလဲ ..."

"ကေသီစိုးဆီ မစိမ်း သွားမလို့ ... ကိုဝေလွှင် ထွက်ဆိုချက် ဟုတ်မဟုတ် သေချာမေးချင်လို့ ..."

"ကိုယ် လိုက်ခဲ့မယ်လေ ..."

"လိုက်လို့ ဘယ်ဖြစ်မလဲ ... ကိုထွန်းပါလာရင် ကေသီစိုးက အမှန်စကား ဘယ်ပြောမလဲ ... ကဲ ... မစိမ်း သွားမယ်"

နေမင်းထွန်း သူ့ရုံးခန်းသို့ပင် ပြန်လာတော့သည်။

ooo ☐ ooo



## ( ၂၆ )

ရုံးခန်းစားပွဲတွင် နေမင်းထွန်း အထပ်ထပ်အခါခါ ပြန်စဉ်းစားပြန်သည်။

ဘယ်လိုပဲစဉ်းစားစား ခင်မိမိကို သတ်သူမှာ ကေသီစိုးသာ ဖြစ်ရမည်ဟုသာ အဖြေထွက်နေသည်။

ကေသီစိုးသည် ဝေလွှင့်ကို သိပ်ချစ်သည်။ ကိုဝေလွှင်နှင့် သူမတို့ နီးစပ်ရေးတွင် ခင်မိမိက အတားအဆီး ဖြစ်နေသည်။ ခင်မိမိ မရှိတော့လျှင် ဝေလွှင်က သူမ ကေသီစိုးကို လက်ထပ်ယူမည်မှာ သေချာသည်ဟု ကေသီစိုး ယူဆမည်။

ဒါကြောင့် ခင်မိမိကို နေမင်းထွန်း အလုပ်စားပွဲ အံဆွဲထဲမှ သေနတ်ယူပြီး ပစ်သတ်လိုက်သည်။ ပြီးမှ ဟန်မပျက် သေနတ်ကို နဂိုအတိုင်း ပြန်ထားခြင်း ဖြစ်ရမည်။

ဤကိစ္စကို ချက်ချင်း မစိမ်းကို ဖွင့်ပြဖို့လိုအပ်သည်။

ယခု မစိမ်း ဘယ်မှာနည်း။

မစိမ်းအိမ်ကို ဖုန်းဆက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မစိမ်း အိမ်သို့ပြန်မရောက်သေးကြောင်း အဖြေရသည်။ တစ်ဖန် ရဲစခန်းရှိ ဦးရဲမောင်သို့ မစိမ်း ထပ်မံရောက်လာသလားဟု ဖုန်းဆက်မေးပြန်သည်။

မစိမ်း ဦးရဲမောင်ထံ ပြန်မလာဟု အဖြေရပြန်သည်။

ဒါဆို မစိမ်း ဘယ်မှာနည်း။

မစိမ်းသည် နောက်ဆုံး မိမိနှင့် တွေ့စဉ်က ကေသီစိုး တိုက်ခန်းသို့ သွားမည်ဟု ပြောသွားသည်။

ကေသီစိုး တိုက်ခန်းသို့ မိမိ လိုက်သွားမည်ဟု ဆုံးဖြတ်ကာ လင်းရှိဗာကားဖြင့် ကေသီစိုးတိုက်ခန်းသို့ မောင်းလာခဲ့သည်။

ကေသီစိုး တိုက်ခန်းရှေ့တွင် မစိမ်း၏ ကားလေး ရပ်ထားသည်ကို တွေ့ရသည်။ သို့သော် ကေသီစိုး အိမ်တံခါးတွေ ပိတ်ထားသည်ကို တွေ့ရသည်။

မသင်္ကာစရာပင်။

နေမင်းထွန်း မှန်ပြတင်းပေါက်မှ အထဲသို့ ချောင်းကြည့်သည်။

ဧည့်ခန်းထဲတွင် မည်သူတစ်ယောက်မျှမရှိ။ နေမင်းထွန်း ရှာဖွေသော မျက်လုံးဖြင့် သေချာကြည့်ပြန်သည်။

ဧည့်ခန်းဆက်တီကုလားထိုင်နှစ်ခုကြားတွင် ဖိနပ်ကျွတ်နေသည့် ခြေဖဝါးဖြူဖြူဝင်းဝင်းကို တွေ့ရသည်။ အမျိုးသမီးတစ်ဦး ဆက်တီနှစ်ခုကြား ကြမ်းပြင်တွင် လဲကျနေသည့်သဏ္ဌာန်ဖြစ်နေသည်။



နေမင်းထွန်း ဘာမှမစဉ်းစားတော့ဘဲ လက်ကိုင်ပဝါပတ်ကာ လက်သီးဖြင့် မှန်တံခါးကို ထိုးခွဲသည်။ ကွဲသွားသောအပေါက်တွင် လက်လျှိုပြီး တံခါးကလန့်ဖြုတ်လိုက်မှ တံခါးပွင့်သွားသည်။ ထိုတံခါးမှ အိမ်ထဲသို့ နေမင်းထွန်း ဝင်ရောက်လိုက်သည်။

လဲကျနေသူမှာ မစိမ်း ဖြစ်နေသည်ကို တွေ့ရသည်။

"ဟင် ... မစိမ်း ... မစိမ်း ... မစိမ်း ..."

ပွေ့ချီသည်။ လှုပ်နှိုးသည်။ တစ်ခဏအတွင်း ငြီးသံနှင့်အတူ မစိမ်း သတိရမျက်လုံးပွင့်လာသည်။

"ကေသီစိုးပဲ ကိုထွန်း ... သူ ထွက်ပြေးသွားပြီ ... အချိန်မီ လိုက်နိုင်မှ ..."

"မပူနဲ့ မစိမ်း ... ဒီမြို့မှာ ဒီအချိန် ဘာအငှားကား အငှားမော်တော်မှ မရှိဘူး ... ကေသီစိုး အဝေးကို မပြေးနိုင်ပါဘူး ... မစိမ်း သက်သာအောင်နေပါ ..."

စိမ်းပပ ထထိုင်သည်။ လက်ပတ်နာရီကို ကြည့်သည်။

"ကေသီစိုး ထွက်သွားတာ ကြာသွားပြီ ... ဒါပေမဲ့ ကိုထွန်း သူ့နောက်ကို အရမ်းမလိုက်နဲ့ ... ကေသီစိုး သွေးစွန်းနေပြီ၊ ဦးရဲမောင်တို့ဆီသာ ဖုန်းဆက်အကြောင်းကြား ကိုထွန်း"

စိမ်းပပကို ခွဲထူကာ ဆက်တီကုလားထိုင်တွင် ထိုင်စေသည်။

မစိမ်းက ပြောပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ... ခင်မိမိ အသတ်ခံရတဲ့ညက ကိုဝေလွင်ဟာ တစ်ညလုံး မိုးလင်း သူနဲ့အတူ ရှိနေပါတယ်လို့ ကေသီစိုး ထွက်ဆိုချက်ဟာ ကိုဝေလွင်ကို ကာကွယ်ဖို့ထက် သူကိုယ်သူ ကာကွယ်ဖို့ ထွက်ဆိုတာ ကိုထွန်း ... တကယ်တော့ ခင်မိမိကို သတ်သူဟာ ကေသီစိုးပဲ ... ဒါကြောင့် သူ့အတွက် လွတ်ပေါက်ရအောင် အဲဒီညက ကိုဝေလွင်နဲ့ မိုးလင်း အတူရှိနေတယ်လို့ ထွက်ဆိုတာ ... ကိုဝေလွင်က အဲဒီညက သန်းခေါင်လောက် ကေသီစိုးအိမ်က ထွက်လာခဲ့တာရော ... ခင်မိမိကို သူသတ်တာ လုံးဝမဟုတ်တာရော ... ခင်မိမိဟာ ကိုထွန်းရဲ့ သေနတ်နဲ့ အပစ်ခံရပြီး သေဆုံးတာရော ... ဒီသေနတ်ကို ရယူနိုင်သူဟာ ကေသီစိုးသာ ဖြစ်နေတာရော ... အဲဒါတွေကို ဆက်စပ်ကြည့်ရင် ခင်မိမိကို ကေသီစိုးသတ်တာ ဖြစ်ရမယ်လို့ ပြောလိုက်တာနဲ့ မစိမ်းကို ကေသီစိုးက ပြူးတူးပြဲတဲကြည့်ပြီး သွေးရူးသွေးတန်း ဖြစ်သွားတာပဲ ကိုထွန်း ... "

နေမင်းထွန်းက စိမ်းပပ သက်သာစေရန် ယပ်ခပ်ပေးရင်း နားထောင်သည်။ စိမ်းပပက ဆက်ပြောပါ၏။

"ကေသီစိုးက သွေးရူးသွေးတန်းနဲ့ ပြောတယ် ... ခင်မိမိကို ကျွန်မ သတ်လိုက်တာအမှန်ပဲတဲ့ ... ကိုဝေလွင်ကို ကျွန်မ သိပ်ချစ်တယ် ... ကိုဝေလွင်နဲ့ ကျွန်မ တရားဝင် လက်ထပ်နိုင်ရင် ကျွန်မ တစ်သက်လုံးချမ်းသာမယ် ... ဒါပေမဲ့ ကိုဝေလွင်က ခင်မိမိကို သိပ်ချစ်လွန်းနေတယ် ...



အဲဒီညက မပြန်ပါနဲ့တော့လို့ တားတာတောင် မရဘူး ... ခင်မိမိကို ရှာရမယ်ဆိုပြီး ဇွတ်ပြန်ထွက်သွားတယ် ... ကျွန်မ ရင်ထဲမှာ အရမ်းခံစားရင်း ကျန်ခဲ့ရတယ် ... တကယ်လို့ ခင်မိမိသာ သေသွားရင် ကိုဝေလွင်က ကျွန်မကို လက်ထပ်မှာ ... အခု ခင်မိမိရှိနေလို့ ကျွန်မကို လက်မထပ်တာဆိုတဲ့အတွေးတွေ ဝင်လာတယ် ... ဒါကြောင့် ခင်မိမိကို သတ်မယ်လို့ ဆုံးဖြတ်ပြီး ကျွန်မ သတ်လိုက်တာပဲတဲ့ ကိုထွန်းရယ် ... "

"ရုပ်လေး သနားကမားနဲ့ ကေသီစိုးဟာ သိပ်ရက်စက်တာပဲနော် ... "

"ဒါပေမဲ့ ... ကေသီစိုး တွက်ကိန်းမကိုက်ဘူး ကိုထွန်း ... သေနတ်ကို ကိုထွန်းက ကမောက်ကမတွေ လုပ်လိုက်ပြီး ကိုဝေလွင်ခြံထဲမှာ သွားမြှုပ်လိုက်တော့ ကိုဝေလွင်အဖမ်းခံရတယ် ... အဲဒါကိုလည်း ကေသီစိုး မကျေနပ်ဘူး ... သေနတ်ကို မြေမြှုပ်တဲ့ ကိုထွန်းကိုလည်း သွားသတ်မယ်ဆိုပြီး အိမ်ကထွက်တယ် ... မစိမ်း ကိုထွန်းအတွက် အရမ်းစိတ်ပူသွားတယ် ... ကေသီစိုးဟာ သွေးစွန်းနေပြီ ... နောက်ပြီး ကိုထွန်းကို သူ ဖြောင့်မသတ်ဘူး ... ခင်မိမိကို သတ်သလို အယုံသွင်းပြီးမှ နောက်ကျောက ပစ်သတ်တဲ့နည်းအတိုင်း ကိုထွန်းကို သတ်မယ်တဲ့ ... မစိမ်း ကိုထွန်းအတွက် စိုးရိမ်ပြီး ကေသီစိုးကို အတင်းဆွဲထားတယ် ... ကေသီစိုး သိပ်သန်မာတယ် ကိုထွန်း ... နောက်ပြီး သိပ်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတယ် … မစိမ်း ဆွဲထားတာကို အတင်းရုန်းထွက်ပြီး စားပွဲပေါ်က ဆေးလိပ်ပြာခံခွက်ဖင်သားနဲ့ မစိမ်း ခေါင်းကို ထုတယ် … မစိမ်း မေ့လဲကျသွားတုန်း သူ ထွက်သွားတာ"

နေမင်းထွန်းသည် မိမိအတွက် စိုးရိမ်လွန်းရှာသော မစိမ်းအား ကြင်နာယုယစွာ ပခုံးကို ဖက်ပြီး တယ်လီဖုန်းရှိရာသို့ သွားသည်။

ဦးရဲမောင်ထံ အားလုံး အကျိုးအကြောင်းတွေ ပြောပြလိုက်တော့သည်။

"ဒါဆို … ကိုဝေလွင်ရဲ့ ခြံထဲ ခင်ဗျားသေနတ်ကို ဝင်ထားတာကို ခင်ဗျား ဝန်ခံတယ်ပေါ့ …ဟုတ်လား ကိုနေမင်းထွန်း …"

"ဝန်ခံပါတယ် ဦးရဲမောင် …"

"အဲဒီအတွက် ခင်ဗျား ထိုက်သင့်တဲ့ ဥပဒေရဲ့ အပြစ်ဒဏ်ကို ခံရမှာပဲ …"

"ရပါတယ် … ကိုယ်လုပ်တဲ့ အပြစ်ကို ကိုယ်ခံရမယ်ဆိုတာ ကျွန်တော် သဘောပေါက် နားလည်ထားပါတယ် … အဲ ကျွန်တော်ကလည်း ဦးရဲမောင်ကို ပြန်မေးပါရစေ … ကိုယ်လုပ်တာ ဥပဒေအရ ကိုယ်အပြစ်ခံရမယ်ဆိုရင် … ဒီမြို့မှာ ဦးလှိုင်မင်းနဲ့ ကိုဝေလွင် ကျူးလွန်ခဲ့တဲ့ ဒုစရိုက်အမှုတွေကိုရော … ဦးရဲမောင်တို့က ဥပဒေကြောင်းအရ အရေးယူမှာပဲလား … အခုဆိုရင် ကိုဝေလွင်က လူသတ်မှု ခင်မိမိ သတ်မှုက လွတ်သွားပြီလေ …"



"ဒါတွေက ကျွန်တော်တို့ အထူးစုံထောက်အဖွဲ့ရဲ့ တာဝန်တွေပဲဗျ … ကျွန်တော်တို့အဖွဲ့ကို ရန်ကုန်ဌာနချုပ်က လွှတ်လိုက်တာကိုက ခင်ဗျားရဲ့ ဒုစရိုက်မှတ်တမ်းကြီးအရ မြိုင်မြို့သစ်က ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကို စစ်ဆေးဖို့ပဲ ကိုနေမင်းထွန်း … သူတို့နှစ်ယောက်လုံး ကျူးလွန်တဲ့ ဒုစရိုက်မှုတွေ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိသလောက် ဥပဒေအရ သူတို့ကို ဆက်အရေးယူမှာပဲ … ခင်ဗျားရဲ့ ဒုစရိုက်မှတ်တမ်းကြီးကို အခြေခံထားပြီး သူတို့ကို စစ်မေးမှာပဲ ကိုနေမင်းထွန်း …"

"ဒါဆို ပြီးရောဗျာ … ကျုပ်အတွက်လည်း ကိုယ်ဖြစ် ကိုယ်ခံပေါ့ …"

နေမင်းထွန်းနှင့် စိမ်းပပသည် ကိုယ့်ကား ကိုယ်မောင်းကာ စိမ်းပပကားက ရှေ့၊ နေမင်းထွန်းကားက နောက်မှ လိုက်ပါလာသည်။

စိမ်းပပ သူတို့အိမ်ခြံထဲ ကားကွေ့ဝင်သွားမှ နေမင်းထွန်းက သူ့ရုံးခန်းဆီသို့ ပြန်မောင်းလာခဲ့သည်။

ooo ☐ ooo

www.burmeseclassic.com



## ( ၂၇ )

မိုးလင်းသည်နှင့် နေမင်းထွန်း ရုံးခန်းသို့ ဦးရဲမောင်တို့စုံထောက်အဖွဲ့ ရောက်လာသည်။

"ကေသီစိုးကို ကျုပ်တို့ ဖမ်းမိပြီ ... "

"ဟုတ်လား ... ဘယ်မှာသွားမိသလဲဗျာ ... "

"မြို့ကြီးသင်္ဘောဆိပ်မှာ မိတာ ... ဖမ်းမိတော့လည်း ... ကေသီစိုးက အားလုံးဖြောင့်ချက်ပေးပါတယ် ... ခင်ဗျား ဖုန်းနဲ့ပြောတဲ့အတိုင်း သူ ကျူးလွန်ခဲ့တာတွေ အားလုံး ဖြောင့်ဆိုချက်ပေးတယ် ... "

"ခင်မိမိကိုသတ်တဲ့ တရားခံမိပြီဆိုတော့ ကိုဝေလွင်က လွတ်သွားတာပေါ့ ဟုတ်လား ဦးရဲမောင် ... "

ဦးရဲမောင် ခေါင်းခါပြသည်။

"ကျုပ် ... ကေသီစိုးဆီက တရားဝင်ဖြောင့်ဆိုချက်ယူပြီးတာနဲ့ ရန်ကုန်ဌာနချုပ်ကို ဝါယာလက်သတင်းပို့တယ် ... တရားခံအစစ်မိပြီ ... ခင်မိမိ သတ်မှုနဲ့ ဖမ်းထားတဲ့ ကိုဝေ



လွင်ကို လွှတ်ပေးရမလားလို့ ... ကိုဝေလွင်တို့ရဲ့ ဒုစရိုက်လုပ်ငန်းတွေကိုတော့ မစစ်ဆေးရသေးဘူးဆိုတော့ ဌာနချုပ်က ကိုဝေလွင်ကို မလွှတ်နဲ့တဲ့ ... ဆက်ချုပ်ထားပြီး သူ့ဒုစရိုက်လုပ်ငန်းတွေကို ဆက်ပြီး စစ်ဆေးတဲ့အမိန့်ချတယ် ... နောက်ပြီး ဦးလှိုင်မင်းကိုလည်း ဖမ်းလိုက်တော့တဲ့ ... အချုပ်နဲ့ပဲ ဦးလှိုင်မင်းကို ဆက်စစ်တဲ့ ... "

"အမှုက အဖြူအမည်း မသဲကွဲသေးခင် အဲဒီလို ချုပ်ထားလို့ ရရဲ့လား ဦးရဲမောင် ... "

"အင်း ... ထုံးစံအတိုင်းဆိုရင်တော့ အမှုကိုစစ်ဆေးပြီး ထင်ရှားမှ ဖမ်းချုပ်တဲ့သဘောတော့ရှိတယ် ကိုနေမင်းထွန်း၊ ဒါပေမဲ့ ... လက်ရှိအခြေအနေက တစ်မျိုးဖြစ်နေလို့ သူတို့ ထွက်မပြေးအောင် အချုပ်ထဲမှာ ထည့်ထားပြီး စစ်မေးတဲ့သဘောပဲ ... "

"လက်ရှိအခြေအနေ ဆိုတာက ဘာလဲဗျာ ... "

"နိုင်ငံရေးအခြေအနေတွေလေ ... အရမ်းရှုပ်ထွေးနေတယ်၊ ဦးလှိုင်မင်းတို့ ကိုဝေလွင်တို့ ဒုစရိုက်မှုကြီးတွေ ကျူးလွန်တာကလည်း လက်ရှိနိုင်ငံရေးအစိုးရရဲ့ အရှိန်အဝါကိုယူပြီး လုပ်ဆောင်တာတွေလေ ... အခု နိုင်ငံရေးပါတီတွေ အဖွဲ့တွေ အစိတ်စိတ်ကွဲနေပြီး နောက်ထပ် အစိုးရသစ်တစ်ခု ဖြစ်ချင်ဖြစ်လာမယ် ... ဒါကြောင့် ဦးလှိုင်မင်းနဲ့ ကိုဝေလွင်တို့ကို အချုပ်ထဲမှာထားပြီး စစ်ဆေးလို့ အထက်က အမိန့်ချတာ ... ကျုပ်တို့အဖို့ကတော့ ဘယ်အစိုးရတက်တက်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဟာ ဝန်ထမ်းပဲမဟုတ်လား … ဒီတော့ လက်ရှိလုပ်နေဆဲအလုပ်တွေ ဆက်လုပ်ရမှာပဲ … ”

“နောက်ပြီး … အခု ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကို စစ်ဆေးရာမှာလည်း ခင်ဗျား ပေးပို့လိုက်တဲ့ ဒုစရိုက်မှတ်တမ်းကြီးကို လက်ကိုင်ထား စစ်ဆေးမှာ … မှတ်တမ်းကြီးထဲမှာ နေ့စွဲ နာရီ အချိန်ကအစ တိကျခိုင်မာချက်တွေ ရှိနေတယ်၊ အဲဒီမှတ်တမ်းကြီး ပေးပို့တဲ့ ကိုနေမင်းထွန်းဟာလည်း အလိုအလျောက် ဥပဒေသဘောအရ အစိုးရသက်သေ ဖြစ်လာတယ် … ကဲ … အဲဒါပဲ … အခု ကျုပ်တို့ ဦးလှိုင်မင်းဆီသွားဖို့ ကိုနေမင်းထွန်းကို လာခေါ်တာပဲ … ”

ဦးရဲမောင်တို့အဖွဲ့ ရဲကား အပြာကြီးနှင့်ပင် နေမင်းထွန်း လိုက်ပါသည်။

အိမ်တံခါးဝတွင် ခြံစောင့်တစ်ဦးနှင့် ဦးလှိုင်မင်း၏ တပည့် လူယုံတော် မောင်ဝင်းကို တွေ့ကြသည်။

“ဦးလှိုင်မင်းနဲ့ တွေ့ချင်လို့” ဟု ဦးရဲမောင်ကပင် ပြောလိုက်သည်။

“ဆရာဦးလှိုင်မင်း ညကတည်းက သူ့သီးသန့်အလုပ်ခန်းထဲ ဝင်သွားတယ် ခင်ဗျ … သူ မခေါ်ဘဲ ဘယ်သူမှမလာနဲ့ တံခါးမခေါက်နဲ့လို့ မှာထားတယ် … တစ်ညလုံး ကျွန်တော် အပြင်က စောင့်နေတာ … ခုချိန်ထိ ဆရာဦးလှိုင်မင်း … ကျွန်တော့်ကိုလည်း လှမ်းမခေါ် ဘာမှမခိုင်းဘူး … အပြင်လည်း ထွက်မလာဘူး … တံခါးမှာ နားကပ်ပြီး ထောင်



ကြည့်တော့လည်း အထဲက ဘာသံမှ မကြားဘူး … ”

လူယုံတပည့် မောင်ဝင်းက ပြောပြခြင်းဖြစ်သည်။

ဦးရဲမောင်၊ ဦးငွေစိုးနှင့် ဦးအောင်မြင့်တို့သုံးယောက်အဖွဲ့က တံခါးကို ခပ်ပြင်းပြင်းပုတ်ပြီး ဦးလှိုင်မင်းကို အကြိမ်ကြိမ်ခေါ်သည်။

အထဲမှ တုတ်တုတ်လှုပ်သံ မကြားရ။

ရပ်ကွက်လူကြီးတွေ ခေါ်ကာ တံခါးကိုဖျက်ပြီး ဝင်ရောက်သည်။

ooo 📖 ooo

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ( ၂၈ )

ဦးလှိုင်မင်း၏ သီးသန့်ခန်းသည် ခမ်းနားလှပေသည်။ အလုပ်စားပွဲကြီးကလည်း ခမ်းနားလှပါ၏။

အလုပ်စားပွဲနောက် ဆိုဖာသားရေနက်အုပ် ဆုံလည်ကုလားထိုင်ကြီးသည့် ပို၍ပင် ခမ်းနားသေးသည်။

သို့သော် ...

ဆုံလည်ကုလားထိုင်ကြီးပေါ်တွင် ငုတ်တုတ်ထိုင်နေသော ဦးလှိုင်မင်းကတော့ မခမ်းနား မလှပတော့ပေ။

ဦးလှိုင်မင်းသည် ဒီနေ့ ဒီရက် ဒီအချိန်မှစ၍ မည်သို့သော မကောင်းမှု ဒုစရိုက်လုပ်ငန်းကိုလည်း ဆက်၍လုပ်ဆောင်တော့မည် မဟုတ်ပေ။

စားပွဲကြီးပေါ်တွင် ခလုတ်မပိတ်သဖြင့် ဆိုနီရေဒီယိုအကောင်းစားမှာလည်း သတင်းသံ သီချင်းသံ ဘာမှမထွက်ဘဲ တဂျစ်ဂျစ် အသံသာ ထွက်နေပေသည်။



ဦးရဲမောင်က ရေဒီယိုခလုတ်ကို ပိတ်လိုက်မှ တဂျစ်ဂျစ်သံ ပျောက်သွားသည်။

ဦးရဲမောင်က သေချာအောင် ဦးလှိုင်မင်း၏ လက်ကောက်ဝတ်သွေးကြောကို စမ်းကြည့်သည်။

"လက်က သွေးကြော ခုန်နေသေးတယ် ... ဒီလူ မသေသေးဘူး ... ဝေလွင် အဖမ်းခံထားရတာကို အကြောက်လွန်ပြီး သူလည်း သက်ဆိုင်ရာက ဖမ်းမှာပဲ ... သူ ကျူးလွန်တဲ့ အပြစ်တွေ ဥပဒေအတိုင်း အရေးယူခံရတော့မှာပဲဆိုတာ တွေးတွေးပြီး အကြောက်လွန်လို့ ရှော့(ခ်)ဖြစ် သတိမေ့သွားတာ ... သူ့ကို ရဲအချုပ်နဲ့ပဲ ဆေးရုံကို ပို့လိုက်ပါ ... သတိပြန်ရလာရင် ထုံးစံအတိုင်း စစ်ဆေးရမယ် ... "

"သူ့ဇနီးနဲ့ အိမ်သားတွေကော ... "

"မြန်မာပြည်အနှံ့ ဘုရားဖူးသွားကြတယ် ခင်ဗျာ ... ခြောက်ရက်တောင် ရှိသွားပြီ ... "

"ကဲ ... ကိုနေမင်းထွန်း ... ခင်ဗျား သွားစရာနဲ့ လုပ်စရာရှိတာတွေ သွားလုပ်ပေတော့ ... ကျုပ်တို့အဖွဲ့ကတော့ ဒီမှာ လုပ်ဆောင်စရာတွေ ဆက်လုပ်ဖို့ ရှိနေတယ် ... "

နေမင်းထွန်း ထွက်လာခဲ့သည်။

နေမင်းထွန်း ခြေလျင်ပင် ထွက်လျှောက်လာခဲ့သည်။

ချစ်လှစွာသောစိမ်းပပတို့အိမ်သို့လာခဲ့ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသော တံခါးကို ခေါက်လိုက်သည်နှင့် စိမ်းပပ တံခါးလာဖွင့်ပေးသည်။

နေမင်းထွန်းက စိမ်းပပကို တွေ့သည်နှင့် သူ၏ခါး ကျဉ်ကျဉ်လေး ဖက်လိုက်သည်။

"အို ... ကိုထွန်းကလည်း ဧည့်ခန်းထဲမှာ ဖေဖေ ရှိနေတယ်"

နေမင်းထွန်း ချက်ချင်း ဖက်ထားသောလက်ကို ရုပ်သိမ်းလိုက်ပါ၏။

"အဲ ... ဟုတ်ပါရဲ့ ... အန်ကယ် ကန်တော့နော် ... ဆိုဖာ နောက်မှီမြင့်ကြီး ကွယ်နေလို့ ... အန်ကယ့်ကို ကျွန်တော် မတွေ့ဘူး ... ဝမ်းသာစရာ စကားလေးတွေ ပါလာလို့ ကျွန်တော် ဆန္ဒစောသွားမိလို့ပါ ... အခုအချိန်ကစပြီး မစိမ်းရော ... အန်ကယ်ရော ဦးလှိုင်မင်းနဲ့ ကိုဝေလွင်ကို ဘာမှ ကြောက်စရာမလိုတော့ဘူး ... ဦးလှိုင်မင်းကို ညကပဲ ရဲတပ်ဖွဲ့က ဖမ်းသွားတယ် ... ကိုဝေလွင်ကိုလည်း ချုပ်မြဲ ဆက်ချုပ်ထားတယ် ... ပြီး ... သူတို့ ဒုစရိုက်လုပ်ငန်းတွေအားလုံးကို ရန်ကုန် စုံထောက်အဖွဲ့က အခိုင်အမာ စစ်ဆေးနေတယ် ..."

"အဲဒီ စုံထောက်အဖွဲ့က အန်ကယ့်ကိုရော မစစ်ဆေးဘဲ နေမလား ... အန်ကယ်က မလွှဲမရှောင်သာ သူတို့နဲ့ ပတ်သက်မိခဲ့တယ်လေ မောင်နေမင်းထွန်း ..."

"စိတ်ချ အန်ကယ် ... ကိုရဲမောင်တို့အဖွဲ့က အန်ကယ့်ကို



လုံးဝမစစ်ဆေးဘူး ... ဘာလို့လဲဆိုတော့ သူတို့အဖွဲ့က ကျွန်တော့်ရဲ့ ဒုစရိုက်မှတ်တမ်းကြီးကို လက်ကိုင်ထား စစ်ဆေးတာကိုး ... ကျွန်တော့် ဒုစရိုက်မှတ်တမ်းမှာ အန်ကယ့် အကြောင်း တစ်လုံးမှ မပါဘူး ... စိတ်ချလက်ချသာ နေပါ အန်ကယ် ... အန်ကယ့်မှာ ဘာအန္တရာယ်မှ မရှိပါဘူး ..."

"အင်း ... အန်ကယ့်အတွက် မရှိတော့ဘူးဆိုတာကတော့ စိတ်ချမ်းသာစရာပေါ့ကွယ် ... အဲ ... ကိုလှိုင်မင်းနဲ့ ကိုဝေလွင်အတွက်တော့ အန်ကယ် စိတ်မကောင်းဘူး ... သူတို့ဟာ အန်ကယ့်အပေါ် ကောင်းသင့်သလောက် ကောင်းကြတယ် မောင်နေမင်းထွန်း ..."

"အို ... သူတို့က ဖေဖေ့အပေါ် ကောင်းခဲ့တယ်ဆိုတာကလည်း အပြန်အလှန် ... ဆေးပေးလို့ ဆန်ပြန်ပေးတဲ့ သဘောတွေပါ ... ဒါတွေ ထည့်တွက်စရာ ဖေဖေ့မှာ မလိုပါဘူး ဖေဖေ ..."

စိမ်းပပ၏ စကားအဆုံးတွင် အမတ်မင်း ဦးဘစိမ်းသည် ဦးခေါင်းတစ်ညိတ်ညိတ်နှင့် သူ့အိပ်ခန်းရှိရာအပေါ်ထပ်သို့ လှေကားထစ်များမှ တက်ရောက်သွားပေတော့သည်။

ဧည့်ခန်းထဲဝယ် ဘယ်သူမှမရှိတော့ဘဲ ကိုထွန်းနှင့် မစိမ်းတို့နှစ်ဦးတည်းသာ ရှိတော့သည်။

ကိုထွန်းသည် မစိမ်း ရပ်နေရာသို့ တိုးသွားပြီး မျက်နှာချင်းဆိုင်လိုက်သည်။

www.burmeseclassic.com



ယခုအချိန်ကစပြီး ကိုထွန်းသည် ဒုစရိုက်မှတ်တမ်း ပြုစုစရာမရှိတော့ဘဲ သူနှင့် မစိမ်းတို့၏ 'သုစရိုက်' မှတ်တမ်းကြီး ကို ဖွင့်ဆိုလိုက်ပြီ ဖြစ်ပါတော့သတည်း။

နားကြေပါခိုင်းရို့ . . ။

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com